ebook is created by www.ShanYoma.Org



ebook is created by ***www.ShanYoma.Org***



# ပလောင်ပုံပြင်များ

ebook is created by www.ShanYoma.Org

ပဌမနှိပ်ခြင်း

၁၉၆၅–ခု၊ ဇူလိုင်လ၊

ebook is created by www.ShanYoma.Org

ပုံနှိပ်သူ ဦးလှ၊

ကြီးပွားရေးပုံနှိပ်တိုက်၊ ဂ၄–လမ်း၊ လက်ဆည်ကန်၊ မန္တလေး။
မှတ်ပုံတင်အမှတ်(၀၀၀၃)တွင် ရိုက်နှိပ်၍
လူထုဦးလှ မှတ်ပုံတင်အမှတ် (၀၀၀၂)က
တာဝန်ခံ ထုတ်ဝေသည်။

# ပြည်ထောင်စုအမျိုးသားများ၏
# ပုံပြင်များ

အမှတ်စဉ် (၁၃)

ebook is created by www.ShanYoma.Org

ပန်းချီ

ကိုပေါ်ဦးသက်

★

ဘလောက်

လူထုဘလောက်ဆရာ ကိုထွန်းရွှေ

ebook is created by www.ShanYoma.Org

# မာတိကာ


| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေယုန်နှင့်ဝက်ဝံ(အပူမ်အာယိုင်ဂါရ်ကြွေ) | ၇ |
| ၂။ | သစ်တောက်ငှက်နှင့်ချိုး | ၉ |
| ၃။ | ကျောက်ခရု(ဟ္ဗိုင်ဆိုင်) | ၁၂ |
| ၄။ | သဇင်ပန်း(အပူမ်တိုင်ပိုဟ်ကိုန်ဟုည်) | ၁၇ |
| ၅။ | ဆမ်လောနှင့်နန်းဦးပိန် | ၁၉ |
| ၆။ | အရောင်ငါးမျိုးရှိသောပန်း(အပူမ်ပိုဟ်ငါးမျိုး) | ၂၆ |
| ၇။ | သစ်အယ်သီးနှင့်ဂုံးသီး(အပူပလေကျာ်တ်ဂါရ်ဂါယ်) | ၂၉ |
| ၈။ | ဖြူကောင်(အပူမ်အီအိုရ်) | ၃၁ |
| ၉။ | နတ်အိုးကလေးများ(အပူမ်တာအောင်) | ၃၃ |
| ၁၀။ | အိုးယိုတယ် | ၃၅ |
| ၁၁။ | သရက်သီးသုံးမျိုး | ၃၇ |
| ၁၂။ | နို့စို့ပြီးပြီအမေ(ဘူးယော့မာ) | ၃၉ |
| ၁၃။ | အဘလု | ၄၂ |
| ၁၄။ | ချဉ်စော်ကားသီး(အပူမ်ပလေမတ်ဖါဝ်) | ၄၄ |
| ၁၅။ | ယုံတမ်းစကား | ၄၆ |
| ၁၆။ | သူများလို လိုက်မလုပ်နဲ့(မာယ်ယိုင်ဘီ) | ၅၀ |
| ၁၇။ | မောင်ကောက်နှင့်မောင်ဖြောင့်(အကောက်ဂါရ်အဆိုဝ်) | ၅၃ |
| ၁၈။ | အညမ့်၏ပီယလက်ဖွဲ့(လဖွဲ့အငျမ်) | ၅၇ |
| ၁၉။ | တလုပ်စားဘူး သူ့ကျေးဇူး | ၅၉ |
| ၂၀။ | သေရွာသို့ | ၆၁ |
| ၂၁။ | ထင်းရှူးပင်(အပူမ်တိုင်ဂေဟော) | ၆၂ |
| ၂၂။ | အိုးကြီးလား အိုးငယ်လား | ၆၄ |
| ၂၃။ | နားနဲ့မနာ ဘဝါးနဲ့နာ(ကုပ်ကာယ်ဝါယ်ဟို) | ၆၆ |
| ၂၄။ | ကိုယ်ပျောက်ဆရာ(အပူမ်ဆရာ ကိုပျောင်) | ၆၉ |
| ၂၅။ | မောင်ယုံယန် | ၇၁ |
| ၂၆။ | မောင်ကျွဲနှင့်အီပျော(အကြာ့ဂါရ်အီပျော) | ၇၈ |
| ၂၇။ | မောင်းနှင့်လကွင်း(အပူမ်ဘွောင်မွောင်ချွင်) | ၈၇ |
| ၂၈။ | ကြောင်နှင့်ကြွက်(အပူမ်အာငါဝ်ဂါရ်ကတွေ့) | ၈၈ |
| ၂၉။ | ကျားနဖူးစာ | ၉၀ |


ebook is created by www.ShanYoma.Org

| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀။ | ယုန်နှင့်လူ | ၉၂ |
| ၃၁။ | ပီယဆေး(ဆန်းမ်အသျှို) | ၉၄ |
| ၃၂။ | မိဘစကားနားမထောင်၍ ဒုက္ခရောက်သူ | ၉၇ |
| ၃၃။ | သားမိုက်(ကွန်ကာ်းအိုတ်) | ၁၀၁ |
| ၃၄။ | ရွှေသမင်မျက်လုံး | ၁၀၃ |
| ၃၅။ | တာဆူမော့နှင့်ယာဆူမော့(တာဆူမော့ဂါရ်ယာဆူမော့) | ၁၀၅ |
| ၃၆။ | ဆားကုန်သည်များ(အပူမ်ကုန်ဆယ်လဲယ်ဆော့) | ၁၁၀ |
| ၃၇။ | အဘလုတ်(မောင်ဘရှတ်) | ၁၀၄ |
| ၃၈။ | မောင်လူန(အပူမ်ဘီကွင်) | ၁၁၈ |
| ၃၉။ | ရွှေယုန်နှင့်ရွှေကျား(အယူန်ဂါရ်ရဝါယ်) | ၁၂၂ |
| ၄၀။ | မုန်ညင်းခေါ် တူဂိုန် | ၁၂၃ |
| ၄၁။ | အလိမ်ကောင်း မင်းလောင်းဖြစ် | ၁၂၄ |
| ၄၂။ | ဖြူနှင့်မြွေ(အိကိုရ်ဂါရ်ဟိင်) | ၁၃၂ |
| ၄၃။ | ဘီလူးပြည်ပြန် မောင်ထိုက်စံ | ၁၃၄ |
| ၄၄။ | ကြက်နှင့်ငါး | ၁၃၆ |
| ၄၅။ | အာသျှော့ | ၁၃၈ |
| ၄၆။ | သူဌေးဆရာ မင်းဆရာ | ၁၄၁ |
| ၄၇။ | နေနတ်သားနှင့်နဂါးနတ်သမီး | ၁၄၆ |
| ၄၈။ | ဒိုးပိုင်ရှင် | ၁၅၀ |
| ၄၉။ | ဘိုးမြန်မာနှင့်ဘိုးပလောင် | ၁၅၄ |
| ၅၀။ | အီကရှုလေ့၏ ဖူးစာစစ် | ၁၅၆ |


ebook is created by www.ShanYoma.Org

# မိတ်ဆက်

ပြည်ထောင်စုအမျိုးသား ပုံပြင်အသစ်တစ်အုပ် ထုတ်နိုင်တိုင်း ကျွန်တော် အလွန်ဝမ်းသာမိပါသည်။ ဤပုံပြင်များ၏ အကျိုးသက်ရောက်မှုသည် ကျယ်ဝန်းလှသည့်အပြင် ကျွန်တော်တို့ပြည်တော်စုသားများအတွင်း၌ ထာဝစဉ် တည်နေလိမ့်မည်ဟု ယုံကြည်သောကြောင့်ပင် ဖြစ်သည်။

ကျွန်တော်ကဲ့သို့ ဝမ်းမြောက်ကြသော ပုဂ္ဂိုလ်အများပင် ရှိသည်ကိုလည်း သိရပါသည်။

ပလောင် အမျိုးသားပုံပြင်များကို တတိတိ ကျွန်တော် စုဆောင်းနေသည်မှာ ကြာပါပြီ။ ပလောင်အမျိုးသားများတွင် ပုံပြင်များ တော်တော်ကြွယ်ကြွယ်ဝဝ ရှိပါသည်။ သို့ရာတွင် စာတစ်အုပ်ဖြစ်လာသည်အထိ စုပြီးဆောင်းပြီး ဖြစ်လာဘို့မှာ မလွယ်လှပါ။ မြောက်ပိုင်းရှမ်းပြည်ဒေသမှ မိတ်ဆွေများက အပင်ပန်းခံပြီး ကူညီကြ၍သာ ဤသို့ပြည့်ပြည့်စုံစုံ လှလှပပဖြစ်လာနိုင်ခြင်း ဖြစ်ပါသည်။

ရှမ်းပြည်နယ်အနှံ့အပြားတွင် ပလောင်အမျိုးသားများကို တွေ့ကြရပါသည်။ မြောက်ပိုင်းရှမ်းပြည်“တောင်ပိုင်”နယ်မှာမူ ပလောင်အမျိုးသားများ အများဆုံးနေထိုင်သော ဒေသဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်မှ ပေလေးငါးထောင်မြင့်သော ဤတောင်ပိုင်နယ်သည် အရှေ့ဘက်တွင် သိန္နီနယ်၊ မြောက်ဖက်တွင် မိုးမိတ်နယ်၊ တောင်ဘက်နှင့်အနောက်ဖက်တွင် သီပေါနယ်ရှိသည်။ ကဆုန်နွေခေါင်းလျှင် ပလောင်အမျိုးသားများ နေထိုင်ကြသည့် တောင်ပိုင်နယ်၌ မိုးဖြိုင်ဖြိုင် ကျပေပြီ။ ရှေ့နောက်ဝဲယာတွင် တောင်စွယ်တောင်တန်းများ၊ တောင်ကျောများ ဝိုင်းရံထားသည်။ ပေ ၆,၀၀၀ ကျော်မြင့်သောတောင်များ၊ ပေ ၇,၀၀၀ ကျော်မြင့်သော တောင်ထွဋ်များလည်း ရှိပေသေးသည်။

မြေသော ရာသီဉတုကြောင့် သစ်ပင်ပန်းပင်များ စိမ်းလန်းစိုပြေသည်။ သစ်ရွက်များမှ ဆီးဆမ်းထားသကဲ့သို့ အရောင်လက်နေသည်။ ဟင်းသီးဟင်းရွက်များမှာလည်း လတ်ဆတ်၍ အချိုလေးသည်။ ပလောင်အမျိုးသားများ၏ အရပ်ဒေသကား အမြဲစိမ်းသောတောများဖြင့် ဖုံးလွှမ်းနေသည်။ မြေပြန့်မှာကဲ့သို့ ရွက်ကြွေမုတ်သုန်တောကို မမြင်ကြရ၊ ရွက်ကြွေပင်များရှိသော်လည်း ဆောင်းရွက်ကြွေပင်များသာ ဖြစ်လေသည်။ သုံးမျိုးခန့်ရှိသည့်ချယ်ရီမှာ ပြာသိုလတွင် ရွက်ကြွေတော့သည်။ ချယ်ရီသီးကလေးများကို ခလေးများ စားကြသည်၊ ထူးထူးဆန်းဆန်း ချယ်ရီအဖြူများပင် ရှိသည်။

သစ်တော့ချဉ်၊ သစ်တော့ချို၊ သစ်ကြား၊ သစ်အယ်၊ ဂုံးသီးပင်၊ နရွဲပင်၊ လိမ်မော်ပင် စသည်တို့ကလည်း တောင်ကျောတောင်ကုန်းများပေါ်တွင် ပေါက်နေကြပေသည်။ ရာသီအလိုက် သူ့အချိန်နှင့်သူ သီးကြ ပွင့်ကြသောကြောင့် ကလေးများတွင် သရေစာများ မပြတ်တော့

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ပေ။

ပါးအို့နီကလေးများဖြင့်ဖြစ်၍ ကလေးများမှာ ချစ်စရာအလွန်ကောင်းသည်။ ဆောင်းရာသီသို့ ရောက်လျှင် ကလေးလူကြီးမရွေး ပါးအို့များ နီလာကြတော့သည်။

တောင်စွယ်တောင်တန်း၊ တောင်ကမ်းပါးယံများတွင် ကားလက်ဖက်ခြံများကို တမျှော်တခေါ်ကြီး တွေ့ကြရပေသည်။ နေအိမ်များကိုလည်း မိမိတို့ လက်ဖက်ခြံများ၌ ဆွေမျိုးအစု လိုက်ဆောက်ပြီးနေကြသည်။ လက်ဖက်ခြံစိုက်ပျိုးသောလုပ်ငန်းသည် ရွှေပဒေသာပင်၊ ငွေပဒေသာပင်လုပ်ငန်း ဖြစ်သည်။ သို့ရာတွင် ဤလုပ်ငန်းကို ပလောင်အမျိုးသားများကဲ့သို့ အပင်ပန်းခံပြီး လုပ်နိုင်ကြမည့်သူများကား ရှာမှရှားပေမည်။

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လုံ့လဝိရိယအား အရင်းတည်၍ အလုပ်လုပ်နိုင်ဆုံး လူမျိုးများတွင် ပလောင်အမျိုးသားများသည် ထိပ်ဆုံးမှပါဝင်သည်ဟု ဆိုရပါလိမ့်မည်။ ထို့ကြောင့်ပင် ပုံပြင်များတွင် အပျင်းထူသူများ အ,သူ န,သူများကို သရော်လှော်ပြောင်ထားသည်များ၊ တော်တော်များများတွေ့ရပါသည်။

ပလောင်အမျိုးသားများက မိမိတို့သည် နတ်နဂါးမင်းသမီးနှင့်နေနတ်မင်းသားတို့မှ ပေါက်ဖွားသော အမျိုးအနွယ်ဖြစ်သည်ဟု ယူဆပြောဆိုလေ့ရှိကြသည်။ စာမျက်နှာ(၁၄၆)တွင် ဖော်ပြထားသည့်“နေနတ်သားနှင့်နဂါးနတ်သမီး”ဆိုသောပုံပြင်မှာ ထိုအယူအဆကို ဖော်ပြသော ရှေးစကား ဖြစ်ပေမည်။


ဇယန်းပလောင်၊ နမ့်ဆန်ပလောင်၊ မန်ဖန်ပလောင်၊ ဗန်ကောက်၊ ကွမ်ဟိုင်း၊ ကျောက်ဖြူ၊ တောမ၊ အုန်းမကျွံ၊ အုန်းမကော့၊ လောင်သောက်၊ လောင်ခေါင်၊ ကိုးထောင်နယ်ပလောင်၊ အနောက်ကင်ပလင်၊ ရှုမိုင်း၊ မူကျည်စသည်ဖြင့်အခေါ် အဝေါ် အမျိုးမျိုးဖြင့် ရှိကြသည်။ တစ်မျိုးနှင့်တစ်မျိုးမှာ အချို့စကားတူသော်လည်း ဓလေ့ထုံးစံ ကွဲပြားသည်။ အချို့ ဝတ်စားဆင်ယင်မှု ကွဲပြားသည်။ အချို့မှာ အချင်းချင်း တွေ့နည်းကြသောကြောင့် စကားပင် မပေါက်ကြတော့ပေ။ သို့ရာတွင် သူတို့အားလုံး နဂါးနေမျိုးနွယ်များဖြစ်ကြသည်ဟု ယုံကြည်ကြသည်။ ဤသို့လျှင် ဒေသလိုက်၍ နာမည်အခေါ် အဝေါ် အမျိုးမျိုးဖြစ်နေကြသည်များ၊ ဓလေ့ထုံးစံနှင့်စကားကွဲပြားနေသည်များကို အခြားပြည်ထောင်စုသား အမျိုးသားများတွင်လည်း တွေ့ကြရပေသည်။ သို့ရာတွင် အားလုံးမှာ အတူတူတစ်မျိုးသားတည်းသာ ဖြစ်ပေသည်။

ဤစာအုပ်တွင် ပါရှိသော ပလောင်ပုံပြင်များတွင် ပလောင်အမျိုးသားများ၏ ယဉ်ကျေးမှုဓလေ့ ထုံးစံတော်တော်များများကို တွေ့ကြရပါမည်။ ပုံပြင်တီထွင်ပြောဆိုကြသော ရှေးလူကြီးသူမများ၏ ရည်ရွယ်ချက်များ၊ ထိုပုဂ္ဂိုလ်များ၏ တီထွင်မှုဉာဏ် စသည်များကိုလည်း ကောင်းစွာ မြင်နိုင်ပါသည်။

ရှမ်းအမျိုးသားနှင့်ပလောင်အမျိုးသားများမှာ နီးနီးကပ်ကပ် နေထိုင်သူများ ဖြစ်သောကြောင့် ရှမ်းပုံပြင်နှင့်ပလောင်ပုံပြင် ရောနေသည်များကိုလည်း မကြာမကြာတွေ့ကြရ

သည်။ ထိုရောနှောနေမှုများကို ပလောင်စာပေတီထွင်သူ ဘာသာစကားလေးငါးမျိုး တတ်သည့်ဆရာကြီးဦးပေါ်စံ၏ အကူအညီဖြင့် ခွဲခြားကြရပါသည်။

ဤစာအုပ်ဖြစ်လာနိုင်အောင် အများဆုံးကူညီကြသည့်ဆရာကြီး ဦးပေါ်စံ၊ ဦးစံအေး၊ ကိုကျော်စိန်၊ ကိုကျော်ငွေးနှင့်အခြားပုဂ္ဂိုလ်များအား အထူးပင် ကျေးဇူးတင်ပါသည်။



၁၉၊၆၊၆၅

ebook is created by www.ShanYoma.Org

# လူထုဦးလှ

၏

## ထုတ်ဝေပြီး ပြည်ထောင်စုသား ပုံပြင်စာအုပ်များ

| | | |
|---|---|---|
| ၁။ ကရင်ပုံပြင်များ | – | (ပဌမတွဲ) |
| ၂။ ကရင်ပုံပြင်များ | – | (ဒုတိယတွဲ) |
| ၃။ ကရင်ပုံပြင်များ | – | (တတိယတွဲ) |
| ၄။ မွန်ပုံပြင်များ | – | (ပဌမတွဲ) |
| ၅။ မွန်ပုံပြင်များ | – | (ဒုတိယတွဲ) |
| ၆။ ရခိုင်ပုံပြင်များ | – | (ပဌမတွဲ) |
| ၇။ ရခိုင်ပုံပြင်များ | – | (ဒုတိယတွဲ) |
| ၈။ ကချင်ပုံပြင်များ | – | |
| ၉။ ရှမ်းပုံပြင်များ | – | |
| ၁၀။ အညာကျေးလက်ပုံပြင်များ | | |
| ၁၁။ ချင်းပုံပြင်များ | – | |
| ၁၂။ မြန်မာပုံပြင်များ | – | |
| ၁၃။ ပလောင်ပုံပြင်များ | – | |

ebook is created by www.ShanYoma.Org

ကျေးဇူးတင်ခြင်း နှင့် မေတ္တာရပ်ခံခြင်း


စေတနာရှေ့ထား၍ ကျွန်တော့်ကို ကူညီသောအားဖြင့် ပြည်ထောင်စုအမျိုးသားများ၏ ပုံပြင်များ၊ ဓလေ့ထုံးစံများ၊ တေးသီချင်းများကို ပေးပို့လျက်ရှိကြသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့အား အထူးပင် ကျေးဇူးတင်ပါသည်။ ထိုသို့ ဝိုင်းဝန်းကြသောကြောင့်သာလျှင် ကျွန်တော်၏ အစီအစဉ်များမှာ မျှော်မှန်းသည့်အတိုင်း အကောင်အထည် ပေါ်လာနိုင်ခြင်း ဖြစ်ပါသည်။

ဆက်လက်ဝိုင်းဝန်းကူညီကြပါရန်လည်း မေတ္တာရပ်ခံပါသည်။

သို့ရာတွင် ပြည်ထောင်စုအမျိုးသားများ၏ ပုံပြင်စစ်စစ်များကိုသာ ကျွန်တော်တို့ရယူကြဘို့ အရေးကြီးပါသည်။ နိုင်ငံခြားတိုင်းပြည်များမှ ဘာသာပြန်များ၊ နိပါတ်တော် ဇာတ်တော်များမှ ဝတ္ထုကောင်းများကို ကောင်းပင်ကောင်းသော်လည်း ဤနေရာတွင် ကျွန်တော်တို့ ရှောင်ကြရပါမည်။ ရောထွေး၍ မဖြစ်ပါ။

ပေးပို့ကူညီကြသော ပုဂ္ဂိုလ်များကလည်း ရှေးလူကြီးများက ပြောပြ၍ မှတ်သားသိရှိထားသည့်အတိုင်း စေတနာနှင့်ကျွန်တော့်ထံသို့ ပို့ပေးနေကြခြင်း ဖြစ်ကြောင်း ကျွန်တော်ကောင်းကောင်းကြီး သိပါသည်။ မိမိတို့ပေးပို့ကြသည့်အထဲက ဘာသာပြန်များ ပါနေသည်ကိုလည်း သိမည်မဟုတ်၊ ဇာတ်နိပါတ်များမှ ထုတ်နှုတ်ချက်များဟူ၍လည်း သိကြမည်မဟုတ်ပါ။ ကျွန်တော်တို့လည်း အားလုံးကို မသိနိုင်ပါ။ သိသမျှကို ဖယ်ထားသော်လည်း မသိသည်များကျန်ပြီး ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်များ၌ပင် ရော၍ ပါနေသည်များ ရှိကောင်းရှိနေပါဦးမည်။

လူထုသတင်းစာတွင်ငှင်း၊ စာအုပ်များတွင်ငှင်း ထိုသို့ပါနေသည်များကို တွေ့ရှိပါက ကျေးဇူးပြု၍ ကျွန်တော်တို့ထံသို့ အကြောင်းကြားပါရန် မေတ္တာရပ်ခံပါသည်ခင်ဗျား။



၁၉၊၆၊၆၅

ဦးလှ၊ လူထုသတင်းစာတိုက်၊ မန္တလေး။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



# ရွှေယုန်နှင့် ဝက်ဝံ
## (အပူမ်အာယိုင်ဂါရ်အကြွေ)

ရှေးအခါက တောအုပ်တစ်ခုအနီးတွင် မြက်ရိုင်းတောကြီးကို အမှီပြု၍ ရွှေယုန်တစ်ကောင် နေ၏။ ရွှေယုန်ကား အလွန်ဉာဏ်များ၏။ မည်သည့်တောတိရစ္ဆာန်များကိုမဆို သူလိမ်လည်လှည့်ဖြားနိုင်၏။

တစ်နေ့သောအခါ ရွှေယုန်သည် မည်သူ့အား လိမ်လည်လှည့်ဖြားရမည်ကို ကြံစည်စိတ်ကူးယင်း ချုံတစ်ခု၌ ပုန်းအောင်းနေလေ၏။

ထိုအခိုက် ဝက်ဝံတစ်ကောင် တောစပ်မှ ထွက်လာသည်ကို တွေ့၏။

ရွှေယုန်လည်း ဝက်ဝံအနားသို့ချဉ်းကပ်ပြီးလျှင် "အလို...ကိုဝက်ဝံကြီးပါလား၊ ဘယ်ကလာပါသလဲ၊ ကျွန်တော် တွေ့ဖူးသမျှသော ဝက်ဝံများမှာ ခင်ဗျားလောက် ကြီးလည်းမကြီး၊ လှလည်းမလှပါ၊ ခင်ဗျားသည် ကျွန်တော်တွေ့ခဲ့ရသောဝက်ဝံများတွင် အလှဆုံးနှင့်အကြီးဆုံးပါဘဲ"ဟု မြှောက်ပင့်၍ ပြောလိုက်လေ၏။

ရွှေကုန်၏စကားကို ကြားလျှင် ဝက်ဝံကြီးလည်း အလွန်သဘောကျ၏။ မိမိကိုယ်ကိုမိမိ အထင်ကြီးလာ၏။

ထိုအခိုက်တွင် လေပြေလေညှင်းလည်း တိုက်ခတ်လာ၍ ထင်းရှူးပင်ကို လေတိုက်ခတ်သောအသံသည် ရေတံခွန်မှ ရေကျသံကဲ့သို့ မြည်နေ၏။

ဝက်ဝံကြီးအား လှည့်ဖြားရန် ကြံစည်နေသော ရွှေယုန်က "နောင်ကြီး ဤအသံ ဘာသံလဲ သိပါသလား" ဟု မေးလိုက်လေ၏။

အ,သောဝက်ဝံကြီးက "ကျွန်တော်မသိပါ" ဟုပြန်ပြောလေလျှင် ရွှေယုန်က "ဤအသံဟာ ကျွန်တော်ရဲ့ အဘိုးလက်ထက်ကတည်းက ရွှေတံခွန်ကြီးအသံပေါ့" ဟု ရွှေယုန်က ပြောလေ၏။

ဝက်ဝံလည်း ရွှေယုန်ပြောသောစကားကို အဟုတ်ထင်ကာ "ခင်ဗျားအဘိုး ပေးထားခဲ့တဲ့အမွေအနှစ်တွေ တော်တော်များသလား"ဟု ပြန်မေး၏။

ထိုအခါ ရွှေယုန်လည်း အကြံတစ်ခုရလာပြီး ဟန်ပြင်လိုက်ခါ "ကျွန်တော့်အဘိုး ပေးခဲ့တဲ့ အမွေအနှစ်တွေဟာ ပြောလို့ဘယ်ကုန်နိုင်မတုံး" ဟုဆိုပြီး ထွက်သွားလေ၏။

အ,သော န,သော ဝက်ဝံကြီးလည်း ရွှေယုန်က မပြောဘဲ ထွက်သွားလေလျှင် "ပြောပါဦးဗျာ၊ ပြောပါဦးဗျာ" ဟုအတန်တန်လိုက်၍ တောင်းပန်ရှာ၏။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ထိုအခါ ရွှေယုန်က “ခင်ဗျားကို သက်သေပစ္စည်းတစ်ခုဘဲပြနိုင်မယ်၊ ကျွန်တော့်အဘိုး လက်ထက်ကတည်းက လူတကာ မမှီတဲ့နေရာမှာ မောင်းကြီးတစ်လုံး သိမ်းထားတယ်၊ ကြည့်ချင်ယင် လိုက်ခဲ့” ဟုဆိုပြီး ဝက်ဝံကြီးကို ခေါ်သွားလေ၏။

မကြာမီ သစ်ပင်ကြီးတစ်ပင်အောက်သို့ရောက်၍ သစ်ကိုင်းကြီးတစ်ကိုင်းတွင် စွဲနေသော ပျားအုံကြီးကို ညွှန်ပြလေ၏။

“အဲဒါဟာ ကျွန်တော့်အဘိုး ထားခဲ့တဲ့မောင်းကြီးဘဲ၊ ဒီမောင်းကြီးကို သုံးချက်တိတိ တီးနိုင်ယင် လိုတာရတယ်” ဟု ရွှေယုန်က ဝက်ဝံကြီးအား ပြောလေ၏။

ရွှေယုန်၏စကားကိုကြားလျှင် ဝက်ဝံကြီးလည်း လှည်းဘီးပမာဏခန့်ရှိသော ပျားအုံကြီးကို မော့ကြည့်၍ အဟုတ်ပင် မောင်းကြီးဟု ထင်မှတ်ပြီး “ကျွန်တော့်အား တီးခွင့်ပြုပါ”ဟု တောင်းပန်လေ၏။

ရွှေယုန်က “တီးခွင့်မပေးနိုင်”ဟုဆို၏။

ဝက်ဝံကြီးလည်း တီးခွင့်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ တီးမည်ဟုဆိုကာ သစ်ပင်ပေါ်သို့ အလျှင်အမြန် တက်၏။

ဝက်ဝံကြီး သစ်ပင်ကြီးပေါ် တက်သွားသည်ကို မြင်လျှင် ရွှေယုန်က ဝမ်းတွင်မှကျိတ်၍ သဘောကျပြီး၊ “ဗျို့… ကိုဝက်ဝံကြီး ကျွန်တော့်ဆီက ခွင့်မရဘဲ တီးယင် ခင်ဗျား ဘာမှအကျိုး မရှိဘူး၊ ကျွန်တော်က တီးပါလို့ ပြောတော့မှာ အားရပါးရတီးပါ၊ ဒါမှ ခဏနေပါဦး”ဟုပြောကာ ဝေးဝေး ချုံကွယ်တစ်ခုသို့ အမြန်ပြေးလေ၏။

စိတ်ချရသောနေရာသို့ရောက်လျှင် ရွှေယုန်လည်း တီးရန် အသံပြုလိုက်၏။ အ,သော ဝက်ဝံကြီးလည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးလျှင် ပျားအုံကြီးကို သုံးချက်တိတိ တအားထုလေရာ ပျားအုံကြီးသည် မြေပြင်သို့ ပြုတ်ကျသွားလေတော့၏။

ပျားကြီးများလည်း မိမိတို့ရန်သူဝက်ဝံကြီးအား သဲကြီးမဲကြီး ဝိုင်းအုံပြီး တုတ်ကြလေ၏။ အချို့ပျားများက ဝက်ဝံကြီး၏ နှာသီးဖျားကိုရွေးပြီး တုတ်ကြ၏။ ပျားများ၏ အဆိပ်များမှာ ပြင်းထန်လှသဖြင့် ဝက်ဝံကြီးလည်း မြေပြင်သို့ကျပြီး သေလေတော့သည်။

ပျားများ ငြိမ်သွားသောအခါမှ ရွှေယုန်သည် ချုံကွယ်မှထွက်လာပြီး ပျားရည်များကို သောက်လေသည်။

ebook is created by www.ShanYoma.Org

# သစ်တောက်ငှက်နှင့်ချိုး

ရှေးအခါက တောအုပ်တစ်ခုကို အမှီပြု၍နေသော သစ်တောက်ငှက်တစ်ကောင်နှင့် ချိုးတစ်ကောင် ရှိ၏။

ချိုးသည် သန်မာသော အတောင်ရှိ၍ ဝေးလှစွာသောခရီးကို တဟုန်တည်း ပျံသန်းနိုင်၏။ အလွန်မြင့်မားသည့်သစ်ပင်ကြီးပေါ်တွင် အသိုက်ပြုလုပ်ထားနိုင်သဖြင့်လည်း ရန်အပေါင်းမှ ကင်းဝေး၏။ သစ်တောက်ငှက်မူကား ဝေးလံသောအရပ်သို့လည်း တဟုန်တည်း မပျံနိုင်၊ လွန်စွာ နှေးကွေးလှသဖြင့် လူအပေါင်း၏ဖျက်ဆီးခြင်းကို ခံရပေသည်။

တစ်နေ့သ၌ သစ်တောက်ငှက်သည် သိကြားမင်းထံသို့ ဝင်ရောက်ခစားပြီး. . .

"ကျွန်တော်မျိုးသည် လူ့ပြည်၌ နေရသည်မှာ လွန်စွာမှ ရန်များလှပါသည်၊ ကျွန်တော်မျိုး၏သားသမီးများသည် မကြာခဏ ရန်သူများ အနှိပ်အစက်ကို ခံကြရပါသည်၊ သို့ဖြစ်၍ နောင်ဖြစ်လေရာ ဘဝများတွင် လူ့ပြည်၌ရှိသော ဘေးအန္တရာယ်အပေါင်းကို ရှောင်တိမ်းနိုင်ပြီး လူသားတို့ အသုံးပြုသည့်သစ်ပင်များအား အနှောင့်အရှက်ဖြစ်စေသည့်သစ်ပိုးတို့ကို ရှင်းလင်းနိုင်ရန် ကျွန်တော်မျိုးအား သံနှုတ်သီးပေးတော်မူပါ"ဟု လျှောက်တင်လေ၏။

သစ်တောက်ငှက်လည်း အသက်အတိုင်းနေပြီး သေလွန်လေလျှင် ဆုတောင်းသည့်အတိုင်းပြည့်ဝ၍ လူတို့အား အကျိုးပြုနိုင်လေသည်။

ချိုးသည်လည်း သစ်တောက်ငှက်၏ဆုတောင်းပြည့်ပုံကို ကြား၍ သိကြားမင်းထံဝင်ရောက်ခစားပြီး. . .

"ကျွန်တော်မျိုး၌ အလွန်သန်မာသော အတောင်ရှိ၍ ဝေးလှသောခရီးကိုလည်း ပျံနိုင်၏။ မြင့်မားသည့်သစ်ပင်ကြီးများအပေါ်၌ အသိုက်ပြုလုပ်နိုင်၍ ရန်သူအပေါင်းမှလည်း ကင်းဝေးပါသည်၊ သို့သော် ကျွန်တော်မျိုးသည် လူသားတို့ ဤဘဝမှ လွန်သည်ရှိသော် နောင်ဖြစ်လေရာ ဘဝတိုင်းတွင် လူသားတို့ စိုက်ပျိုးထားသော အသီးအနှံများကို ဖျက်ဆီးနိုင်၍ လူသားတို့၏ မျက်လုံးကို ဖေါက်ပြီး စားနိုင်ရန် သံနှုတ်သီး ပေးသနားတော်မူပါ" ဆုတောင်းလေသည်။

ebook is created by www.ShanYoma.Org

ထိုအခါ သိကြားမင်းက ''ဤငှက်သည် အလွန်မိုက်မဲ၏၊ ဤငှက်အား သံနှုတ်သီးပေးလျှင် လူသားတို့အား နှောင့်ရှက်သဖြင့် သာသနာပါ ပျက်စီးပေတော့မည်''ဟုဆိုပြီး ချိုးငှက်တောင်းသော သံကဲ့သို့မာသည့်နှုတ်သီးကို မပေးဘဲ ဖယောင်းကဲ့သို့သောနှုတ်သီးကိုသာ ပေးလိုက်လေသည်။ ထို့ကြောင့်ဖယောင်းကဲ့သို့သောနှုတ်သီးကိုသာ ရရှိသည့်ချိုးသည် နေပူသောအခါ၌ ဘာကိုမျှ မစားနိုင်ဘဲ သစ်ပင်ထက်သို့ တက်၍ တကူကူးကူး–တကူကူးကူး ဟူ၍သာ အော်မြည်နေရပေသည်။

သစ်တောက်ငှက်မူကား စိတ်ထားမွန်မြတ်လှ၍ ဘိုးတော်သိကြားက သံကဲ့သို့သောနှုတ်သီးပေးလိုက်သဖြင့် ယခုတိုင် လူသားများအား အကူအညီပေးနေသည်။ လူသားများကလည်း သူတို့ကို ချစ်ခင်ကြသည်။

ချိုးငှက်မူကား လူသားတို့၏သီးနှံများကို ဖျက်ဆီးသဖြင့် လူသားများက မုန်းတီးကြသည်။ ယခုတိုင်ပင် သူတို့သည် လူသားတို့ အဖျက်အဆီးကို ခံနေရဆဲ ဖြစ်ပေသည်။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ကျောက်ခရု
(ဟွိုင်ဆိုင်)

ရှေးလွန်လေပြီးသောအခါ တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါးစိုးစံ၏။ ထိုမင်းသည် မိဖုရားခုနစ်ပါးနှင့်ထီးနန်းစည်းစိမ် ခံစားကာ တိုင်းပြည်ကို တရားသဖြင့် အုပ်စိုးလေသည်။

သို့သော် ထိုမင်း၌ ထီးမွေနန်းမွေဆက်ခံမည့်သားသမီး မထွန်းကားချေ။

တစ်နေ့သ၌ မင်းကြီးသည် ထီးမွေနန်းမွေကို ဆက်ခံမည့်သားသမီး ရစိမ့်သောငှာ မိဖုရားခေါင်ကြီးနှင့်တကွ အခြားမိဖုရားများကိုပါခေါ်၍ ခုနစ်ရက်ပတ်လုံး ဥပုသ်စောင့်စေပြီးလျှင် သားဆုပန်စေ၏။ မိဖုရားများလည်း မင်းကြီး မိန့်တော်မူသည့်အတိုင်း ဥပုသ်ဆောက်တည်ကာ သားဆုတောင်းကြ၏။

ဥပုသ်ဆောက်တည်၍ ခုနစ်ရက်မြောက်သောနေ့သို့ရောက်လေလျှင် မိဖုရားခေါင်ကြီးသည် ထူးဆန်းသော အိမ်မက်ကို မြင်မက်၏။ လမ်းမကြီးသည် မိမိ၏ရင်ပတ်တွင်းသို့ ဝင်သွားသည်ဟု အိပ်မက်မြင်ခြင်း ဖြစ်၏။

မိဖုရားကြီးလည်း အိပ်မက်၏ထူးခြားပုံအကြောင်းစုံကို မင်းကြီးအား လျှောက်ကြား၏။ မင်းကြီးလည်း သင့်၌ သန္ဓေစွဲလျှင် ဘုန်းကြီးသော ယောကျာ်း မွေးဖွားလတ္တံ့ဟု နိမိတ်ဖတ်၍ပြော၏။

ထူးခြားသောအိပ်မက်အတိုင်းပင် မိဖုရားခေါင်ကြီး၌ ပဋိသန္ဓေ စွဲငြိလာ၏။ မင်းကြီးနှင့်မိဖုရားခေါင်ကြီးလည်း လွန်စွာ ဝမ်းမြောက်ရွှင်လန်းကြ၍ မွေးဖွားမည့်နေ့ရက်ကိုသာ လက်ချိုး ရေတွက်နေကြရလေသည်။

၉လ လွန်မြောက် ၁၀လသို့ ရောက်လေလျှင် သန္ဓေသားကို ဖွားလေတော့၏။ ဘုရင်မင်းမြတ်နှင့်တကွ နန်းတွင်းသူနန်းတွင်းသား၊ တိုင်းသူပြည်သားများပါမကျန် သားယောကျ်ားလော၊ သမီးမိန်းမလောဟု သိလိုကြ၏။ သို့သော် တစ်နန်းတော်လုံး အံ့အားသင့်ကြသည်မှာ မွေးဖွားလာသောသန္ဓေသားမှာ သားလည်း မဟုတ်၊ သမီးလည်း မဟုတ်မူဘဲ "ကျောက်ခရု" သာ ဖြစ်နေ၏။

မင်းကြီးလည်း ရှက်စနိုးတော်မူလှသဖြင့် သားငယ်အဖတ်မတင်ဟု သတင်းဖြန့်စေ၍ ကျောက်ခရုငယ်"ဟွိုင်ဆိုင်"ကို လူသူမသိစေဘဲ မြစ်တွင်မျှောစေ၏။ မျှောလိုက်သော ကျောက်ခရုငယ်လည်း မြစ်ကြောင်းအတိုင်း အစဉ်တစိုက် မျှော၍ပါသွားလေရာ နောက်ဆုံး မြစ်ကမ်းခြေ သောင်ယံတစ်ခု၌ တင်နေတော့၏။

ထိုအချိန်၌ အစာရှာရန်အလို့ငှာ ထွက်လာကြသော ဘီလူးမောင်နှံတို့သည် ကျောက်ခရုငယ်ကိုတွေ့၍ ကောက်ယူသွားကြသည်။

ဘီလူးများလည်း အိမ်သို့ရောက်လျှင် ကျောက်ခရုငယ်ကို ပြုတ်၍ အိုးတွင် ထည့်၏။ သို့သော် ထူးဆန်းလှသည်ကား အိုးမည်မျှပင် ကြီးသော်လည်း ကျောက်ခရုမှာ မဆံ့ချေ။ ထိုအခြင်းအရာကိုမြင်လျှင် ဘီလူးများလည်း အံ့သြပြီး ကျောက်ခရုငယ်ကို စဉ့်အိုးတစ်လုံးတွင် ထည့်၍ သိမ်းဆည်းထားလိုက်ကြလေသည်။

ဘီဘူးတို့လည်း ကျောက်ခရုငယ်ကို သတိမထားတော့ဘဲ အစာရှာရန်အလို့ငှာ နေ့စဉ်နေ့တိုင်း နံနက်မိုးသောက်လျှင် အိမ်မှ ထွက်ကြရလေ၏။

ဘီဘူးတို့ထွက်သွားလျှင် ကျောက်ခရုငယ်အတွင်းမှ ရုပ်ရည်ချောမောပြေပြစ်၍ တောင့်တင်းသန်မာသော လုလင်ငယ်သည် ထွက်ပေါ်လာ၍ နတ်သြဇာတမျှ ကောင်းမွန်သောထမင်းဟင်းများကို ချက်ပြုတ်၏။ ချက်ပြုတ်ပြီးသော် ကောင်းမွန်စွာ ခူးခပ်ပြင်ဆင်ထားပြီး ကျောက်ခရုတွင်းသို့ ပြန်ဝင်သွားလေ၏။

ဘီလူးများလည်း ညနေစောင်းသော် အစာရှာရာမှ အိမ်သို့ ပြန်လာကြ၏။ အိမ်သို့ရောက်လျှင် အဆင်သင့် ခူးခပ်ပြင်ဆင်ထားသော ထမင်းဟင်းများကို တွေ့၍ အံ့သြကြ၏။ မည်သူမည်ဝါ ချက်ပြုတ်ထားသည်ကိုလည်း သိလိုကြ၏။

ဘီလူးတို့လည်း ထမင်းဟင်းများကို မြည်းကြည့်ကြရာ အလွန်အရသာ တွေ့လှသဖြင့် ကုန်အောင် စားကြလေ၏။

ဤသို့ဖြင့် ဘီလူးတို့လည်း မည်သူမည်ဝါ ချက်မှန်းမသိသည့် အလွန်အရသာရှိသော ထမင်းဟင်းများကို စားသောက်ကြရသည်မှာ ခုနစ်ရက်မျှ ရှိပေပြီ။ မည်သူချက်ပြုတ်ပြင်ဆင်ထားသည်ကိုလည်း သိလိုလှပြီ။ ထို့ကြောင့် ဇနီးမောင်နှံတို့သည် အဝေးသို့ ခရီးသွားဟန်ဆောင်၍ ချောင်းပြီး ဖမ်းရန် တိုင်ပင်ကြလေ၏။

ဘီလူးကြီးကား အိမ်ခေါင်မိုး ရေသရောက်တွင် ပုန်းအိပ်၍ ချောင်း၏။ ဘီလူးမကြီးကား တံခါးခြားတွင် ပုန်း၍ ချောင်းလေ၏။ မွန်းတည့်ချိန်သို့ ရောက်လေသော် ကျောက်ခရုမင်းသားသည် ထမင်းဟင်းများ ချက်ပြုတ်ရန် ကျောက်ခရုတွင်းမှ ထွက်လာလေတော့၏။

ဘီလူးဇနီးမောင်နှံလည်း ကျောက်ခရုတွင်းမှ ထွက်လာသောမင်းသားကို တွေ့လျှင် ပြေး၍ ဖက်ကြပြီးလျှင် ဖက်ရမ်းနမ်းရှုံ့ကြ၏။ မိမိတို့မှာလည်း သားသမီးမရှိသဖြင့် ကျောက်ခရုမင်းသားအား သားအဖြစ် လွန်စွာချစ်ကြ၏။ ထို့နောက် ကျောက်ခရုမင်းသား ကျောက်ခရုတွင်းသို့ ပြန်မဝင်နိုင်ရန် ကျောက်ခရုခွံကို လွှင့်ပစ်လေလျှင် မင်းသားက ဤကျောက်ခရုမှာအရေးကြုံက အလွန်အသုံးဝင်ပါသည်၊ တစ်တိုင်းတစ်ပြည်လုံး ကျောက်ခရုခွံ အတွင်း၌ဝင်နေခြင်းဖြင့် ဘေးရန် ကင်းနိုင်ပါသည်ဟု ဘီလူးကြီးတို့အား ပြောပြသောကြောင့် ပြန်လည်ကောက်ယူထားကြလေ၏။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ကျောက်ခရုမင်းသားကား ဘီလူးကြီးတို့ကိုသာ မိဘများဟု မှတ်ထင်နေ၏။ ဘီလူးကြီးတို့ကလည်း ကျောက်ခရုမင်းသားအား သားရင်းပမာ အလွန်ချစ်ခင်ကြသဖြင့် ၎င်းတို့ အစာရှာထွက်ရာသို့ မလိုက်ပါစေဘဲ အိမ်မှာပင် နေရစ်စေ၏။ ကျောက်ခရုမင်းသားလည်း အိမ်မှာနေယင်း မိဘဘီလူးကြီးများအတွက် ထမင်းဟင်းများကို ချက်ပြုတ်၏။

ကျောက်ခရုမင်းသားကား မိမိဘီလူးတို့တိုင်းပြည်တွင် ရောက်ရှိနေသည်ကို မသိရှာ၊ မိဘ ထင်မှတ်နေသော ဘီလူးကြီးများကလည်း နံနက်ဝေလီဝေလင်းမှ မိုးချုပ်သည့်အချိန်အထိ တောင်ယာသို့ သွားရောက် လုပ်ကိုင်နေကြရသည်ဟု လိမ်လည်၍ ပြောထားကြလေသည်။

ကျောက်ခရု မင်းသားလည်း တစ်နေ့ပတ်လုံး အိမ်မှာပင် တစ်ယောက်တည်း နေရ၏။ တစ်ယောက်တည်း ဖြစ်၍ အလွန်ပျင်း၏။

တစ်နေ့သောအခါ ပျင်းလွန်လှသဖြင့် အိမ်ပတ်ပတ်လည်ကို လှည့်၍ကြည့်ရာ အိမ်အောက်တွင် ဘီလူးများ စားထားသော လူ့အရိုးများကို တွေ့ရှိလေ၏။

ထိုအခါမှ ကျောက်ခရုမင်းသားလည်း မိမိမိဘများမှာ လူမဟုတ်၊ ဘီလူးများဖြစ်သည်ကို သိရှိလေတော့၏။

ထို့နောက် အိမ်ခေါင်မိုးပေါ်သို့တစ်ဖန်တက်ရောက်ကြည့်လိုသောဆန္ဒဖြစ်ပေါ်လာပြန်၏။ ထို့ကြောင့် အိမ်ခေါင်မိုးပေါ်သို့ တက်ကြည့်ရာ၊ ဘိနပ်တစ်ရံနှင့်ဝတ်ရုံကြီးတစ်ထည် ကို တွေ့ရှိလေ၏။

ကျောက်ခရုမင်းသားလည်း ဘိနပ်ကို စီးကြည့်ရာ အလိုအလျောက် အိမ်အောက်သို့ ရောက်လေတော့သည်၊ ထို့ကြောင့် ဘိနပ်မှာ မိုးပျံဘိနပ် ဖြစ်ကြောင်းသိရှိလေ၏။ ဝတ်ရုံကြီးကို ဝတ်၍ ကြည့်ပြန်ရာ အလွန်ကြီးမားသော ဘီလူးကြီးအသွင်သို့ ပြောင်းသွားလေ၏။

ဘိနပ်နှင့်ဝတ်ရုံ၏ အကြောင်းစုံကို သိလေလျှင် ကျောက်ခရုမင်းသားလည်း နေသားတကျထား၍ ဘာမျှမသိဟန်ဆောင်ပြီး နေလေသည်။ သူ၏ အကြံကား ဘီလူးတိုင်းပြည်မှ ထွက်ပြေးရန်ပင် ဖြစ်သည်။

တစ်နေ့သောအခါ ဘီလူးကြီးတို့သည်ဝေးလံသောခရီးသို့အစာရှာရန် ထွက်ကြလေ၏။ ကျောက်ခရု မင်းသားလည်း အချိန်ကျပြီဟုစဉ်းစားပြီးသော် အိမ်ခေါင်မိုးပေါ်သို့တက်၍ ဝတ်ရုံကြီး ဝတ်ဆင်လိုက်လေ၏။ ဝတ်ရုံကြီးကို ဝတ်ဆင်လိုက်သည့်ခဏတွင်း၌ပင် အလွန်ကြီးမားအရုပ်ဆိုးသော ဘီလူးကြီးအသွင်သို့ ပြောင်းသွားလေ၏။ ထို့နောက် မိုးပျံဘိနပ်ကိုစီး၍ ကောင်းကင်ခရီးမှ အလျင်အမြန် ထွက်ပြေးလေတော့သည်။

ကျောက်ခရုမင်းသားလည်း ကြောက်အားလန့်အားဖြင့် ကောင်းကင်ခရီးမှ ပျံလာခဲ့ရာ တိုင်းပြည်တစ်ပြည်၌ ပရိသတ်စည်ကားစွာဖြင့် ပွဲသဘင် ဆင်ယင်ကျင်းပနေသည်ကို မြင်ရလေ၏။ သိလိုသောဇောဖြင့် ကျောက်ခရုမင်းသားလည်း ကောင်းကင်မှမြေပြင်သို့ သက်ခဲ့လေသည်။

မြေပြင်သို့ရောက်လျှင် လူထုပရိသတ်နှင့်မနီးမဝေးတွင် သွားရောက်ထိုင်နေလေ၏။

များမကြာမီ မျှော်စင်တစ်ခုပေါ်မှ မင်းသမီးတစ်ယောက်သည် ပန်းကုံးတခုကို ယူလာ၍ လူထုပရိသတ်အတွင်းသို့ ပစ်ချလိုက်လေသည်။ ပန်းကုံးလည်း ထူးဆန်းစွာပင် လူထုပရိသတ်ခေါင်းပေါ်၌ ဝဲပျံ၍ လှည့်လည်သွားနေ၏။ လူထုပရိသတ်ကား ပန်းကုံးကို အာရုံစူးစိုက်စွာလိုက်လံကြည့်ရှုကြ၏။

ပန်းကုံးလည်း လူထုပရိသတ်ကို ကျော်၍ ကျောက်ခရမင်းသားရှိရာသို့ ဝဲပျံပြီးလာ၏။ ကျောက်ခရမင်းသားလည်း ရှောင်တိမ်းဖယ်ရှားပစ်၏။ သို့ရာတွင် နောက်ဆုံး၌ ပန်းကုံးသည် ကျောက်ခရမင်းသားကို ဝင်စွပ်လေတော့သည်။လူထုပရိတ်သတ်ကား အလွန်အံ့သြ အံ့အားသင့်ကြ၏။ အလွန်ချောမောလှပပေသော သူတို့မင်းသမီးကလေးအတွက် အလွန်ဝမ်းနည်းကြ၏။ အလွန်ချောမောသော မင်းသမီးကလေးအတွက် အလွန်အရုပ်ဆိုးသောဘီလူးကြီးမှာ ဖူးစာရှင်ဖြစ်နေချေပြီ။ လူထုကြီးကား မင်းသမီးကလေးအတွက် စုပ်တသတ်သတ် ဖြစ်နေကြရှာသည်။

ဘုရင်မင်းကြီးလည်း သမီးတော်အား ခေါ်တော်မူ၍ မင်းတို့၌ရှိအပ်သောကတိအတိုင်း သမီးတော်အား ဘီလူးကြီးနှင့်ပေးစား၍ ဘီလူးကြီးခေါ်ဆောင်ရာသို့ လိုက်သွားရန် မိန့်ကြားလိုက်လေသည်။

သမီးတော်ကား ဝမ်းမနည်းပေ။ မိမိ၏ဖူးစာဘက်မှာ ဘီလူးဖြစ်၍သာ ဘီလူးနှင့်အကြောင်းဆုံရသည်ဟု နှလုံးပိုက်၍ ဘီလူးကြီးခေါ်ဆောင်ရာ မြို့ပြင်သို့ လိုက်သွားလေတော့သည်။ မြို့ပြင်အစွန်အဖျားသို့ရောက်သောအခါ တဲထိုး၍အင်ဖက်များကို အမိုးအကာပြုပြီးနေထိုင်ကြလေ၏။ မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့လည်း မင်းသမီးနှင့်ဘီလူးကြီးအားလျစ်လျူရှု၍ပစ်ထားကြလေသည်။

ကျောက်ခရမင်းသားနှင့်မင်းသမီးတို့လည်း ဆင်းရဲပင်ပန်းစွာဖြင့် တစ်နေ့လုပ်မှတစ်နေ့စားရရှာ၏။ မင်းသမီးကား ကျောက်ခရမင်းသား မငြိုငြင်ဘဲ မယားဝတ္တရားငါးပါးနှင့်အညီ ဝတ်ပြု၏။

အချိန်ကာလ အနည်းငယ်ကြာညောင်းလေသော် ကျောက်ခရမင်းသားသည်၊ ဝတ်ရုံကို ချွတ်၍ လူ၏အသွင်ဖြင့် မင်းသမီးထံသို့ ချဉ်းကပ်၏။ ''သမီးတော် ဖူးစာကံ မကောင်းလေတကား၊ ကျွန်ုပ်ကဲ့သို့ ရုပ်ရည်ချောမောတင့်တယ်၍ ဂုဏ်တူရည်တူကို ရွေးချယ်လျှင် မကောင်းပါလား၊ ဘီလူးအား အဘယ်ကြောင့် ပေါင်းသင်းနေပါသနည်း''ဟု မေတ္တာမျှရန် ချစ်ရေးဆို၏။

မင်းသမီးကလေး အကျင့်သီလ ပြည့်စုံသူဖြစ်၍ မိမိမှာ လွှပ်လပ်သူမဟုတ်၊ ကာမပိုင်လင်ယောကျာ်း ရှိပြီးသူဖြစ်၍ ဤသို့ မနှောင့်ရှက်ရန် ပြောဆိုနှင်ထုတ်လေ၏။ မင်းသမီး၏အကျင့်၊ သီလ၊ သစ္စာ၊ သမာဓိကို တွေ့ရလျှင် ကျောက်ခရမင်းသားလည်း အလွန်ဝမ်းမြောက်၏။

ကျောက်ခရမင်းသားသည် မင်းသမီးအား မိမိ၏လူရုပ်အသွင်ကို ပြလိုသဖြင့် တစ်နေ့သောအခါ မင်းသမီးကလေးရှေ့၌ ၎င်း၏ဝတ်ရုံကို ချွတ်လိုက်လေ၏။ ဝတ်ရုံကို ချွတ်လိုက်လေလျှင် ဘီလူးရုပ်ပျောက်၍ ယမန်နေ့က မိမိ၏အကျင့်သိက္ခာကို လာစမ်းသည့်ကျောက်ခရမင်း

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

သားကို တွေ့ရှိရလေတော့၏။ မင်းသမီးကလေးလည်း အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး ကျောက်ခရမင်းသားအား ဝတ်ရုံကြီးကို ပြန်လည် ဝတ်ခွင့်မပြုတော့ပေ။

ကျောက်ခရမင်းသားနှင့်မင်းသမီးကလေးတို့ကား နေနှင့်လ၊ ရွှေနှင့်မြပမာ အလွန်ကြည့်၍ တင့်တယ်လှရကား တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဘုရင်နားတော်သို့ ကြားရောက်လေတော့၏။

မင်းကြီးလည်း သမီးတော်နှင့်သမက်တော်ကို နန်းတော်သို့ခေါ်တော်မူ၍ အကြောင်းစုံကို မေးမြန်း၏။ ကျောက်ခရမင်းသားလည်း စုံလင်စွာ ပြန်လည် လျှောက်တင်၏။

မင်းကြီးလည်း မိုးပျံဘိနပ်နှင့်ဝတ်ရုံကို ဆောင်ယူခဲ့စေ၍၊ သားတော်မရှိသဖြင့် သမက်တော်အားအိမ်ရှေ့အရာပေး၏။ မင်းကြီး နတ်ရွာစံသောအခါ ကျောက်ခရမင်းသားမှာ ထီးနန်းကို ဆက်ခံ၍ မင်းသမီးမှာ မိဖုရားခေါင်ကြီး ဖြစ်လာလေတော့သတည်း။

## သဇင်ပန်း
(အပူမ်တိုင်ပိုဟ်ကိုနုဟုည်)

ဟိုအရင်တုန်းက တိုင်းပြည်တစ်ပြည်မှ ဘုရင်ကြီးတစ်ပါး၌ သားတော် ၄ ယောက်ရှိ၏။ ဘုရင်ကြီးသည် သားတော်များ အရွယ်ရောက်လာကြသောအခါ တက္ကသိုလ်ပြည်သို့ ပညာသင်လွှတ်လိုက်လေသည်။

မင်းသားများလည်း တက္ကသိုလ်ဆရာကြီးထံ၌ ပညာများသင်ယူ၍ သုံးနှစ်၊ သုံးလ၊ သုံးရက်မျှ ကြာသောအခါ ပညာများ ပြည့်စုံကြပြီဖြစ်၍ ဆရာကြီးကို ခွင့်ပန်ပြီး ဖခမည်းတော်တိုင်းပြည်သို့ပြန်ခဲ့ကြလေသည်။

တိုင်းပြည်သို့ ပြန်ရောက်ကြသောအခါ မင်းသားလေးယောက်သည် ခမည်းတော်ကို ခွင့်တောင်းပြီး တောလည် ထွက်ကြလေသည်။

မင်းသားညီနောင်လေးယောက်သည် သုံးရက်မျှ အတူတကွ တောလည်ပြီးကြသော် တစ်ယောက်တစ်လမ်းစီခွဲ၍ တောလည်ကြရန် တိုင်ပင်သဘောတူကြလေသည်။ နောင်တော်ကြီးသည် အရှေ့အရပ်သို့ ရှေးရှုရာလမ်းကို သွားလေ၏။ ဒုတိယမင်းသားကမူ အရှေ့မြောက်ဖက်ရှေ့ရှုရာလမ်းခရီးသို့ သွား၏။ တတိယနှင့်ညီအငယ်ဆုံးမင်းသားသည်ကား မြောက်ဖက်ရှေ့ရှုရာခရီးလမ်းသို့ သွားလေ၏။

မင်းသားလေးယောက်သည် ကိုယ့်လမ်းခရီးနှင့်ကိုယ် တောကြီးမျက်မဲထဲ၌ လှည့်လည်သွားလာနေကြရာ နောက်ဆုံးတွင် ပင်ပန်းနွမ်းနယ် အစာရိက္ခာပြတ်ပြီး အားလုံး သေကုန်ကြလေတော့သည်။

အရှေ့ဘက်ခရီးလမ်းသို့သွားသော နောင်တော်မင်းသားကြီးက သဇင်နီဖြစ်ပြီး၊ အရှေ့မြောက်ဖက်လမ်းခရီးသို့သွားသော မင်းသားက သဇင်နက်၊ မြောက်ဖက်သို့သွားကြသော မင်းသား ၂ ပါးတွင် တတိယမင်းသားက သဇင်ဝါ၊ မင်းသားအငယ်ဆုံးက သဇင်ဖြူဖြစ်လေသည်။

ထို့ကြောင့် လွယ်လ၊ ဝတို့နေရာမှာ သဇင်နက်ရှိသည်ဟုဆိုပြီး အရှေ့ဘက်ယမ်လံ၊ ဟူးကျိန်း၊ လားဟူးတို့ နေရာမှာ သဇင်နီ၊ မြောက်ပိုင်းရှမ်းပြည်၌ သဇင်ဝါနှင့် သဇင်ဖြူ ရှိကြသည်ဟု ဆိုလေသည်။

ရှေးလူကြီးသူမများကမူ ၎င်းသဇင်ပန်းလေးမျိုးကို စုပေါင်းထားနိုင်သူသည် လိုရာရနိုင်သော မနောမယပတ္တမြားကဲ့သို့ ဖြစ်သည်ဟု ပြောစမှတ် ရှိခဲ့ကြသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



ebook is created by www.ShanYoma.Org

# ဆမ်လောနှင့်နန်းဦးပိန်

ပတ်ဝန်းကျင်သို့ရှုမျှော်လိုက်လျှင်ကား တောတောင်တို့သည် စိမ်းစိုနေပေ၏။ တောင်ကမ်းပါးယံများတွင် လက်ဖက်ပင်များတမျှော်တခေါ်ကြီး စိုက်ပျိုးထားသည်။ ပလောင်လူမျိုးတို့ကား လုံ့လဝီရိယကို အရင်းတည်ကာ ရွှေပဒေသာပင် ငွေပဒေသာပင်များကို စိုက်ပျိုးကြသူတို့တည်း။

တပေါင်းတန်ခူး ရွက်သစ်ဖူးတတ်သည့် နွေဦးသို့ ရောက်လာလျှင် ပလောင်လုလင်ပျို၊ လုံမပျိုတို့ အလွန်ပျော်ရွှင်ကြသည်။ အဘိုးအို အဖွားအိုတို့ပါမကျန် ပျော်ကြရွှင်ကြသည်။

နွေဦးတွင် ရွှေဖီဦးပေါ်ပေပြီ။ ရွှေဖီဦးလက်ဖက်သည် လက်ဖက်အညွန့်ဖြစ်၍ အနံ့အရသာ အလေးဆုံး အမွှေးဆုံးဖြစ်သည်။ အညွန့်လှ၍ ဈေးရသည်။

တောရိပ်တောင်ရိပ်ကြောင့် အပူရှိန် မပြင်းလှ။ တစ်နေ့ပတ်လုံး တောင်ကမ်းပါး ယံများတွင် လက်ဖက်ခူးကြသည်။ သီချင်းဆို၍ ပျော်ကြသည်။

တောင်ကမ်းပါးယံတစ်ခုတွင် လက်ဖက်ခူးနေကြသော တစ်စုတစ်စုမှ အခြားတောင်ကမ်းပါးယံတွင် လက်ဖက်ခူးနေကြသောအစုသို့ တေးဆို၍ ချိတ်သည်။ တစ်စုမှအပျိုနှင့်အခြားအစုမှလူပျိုတို့ တစ်ကျော့စီ အပြန်အလှန် ချိတ်၍ဆိုကြသည်။ တစ်ယောက်နှင့်တစ်ယောက်စကားအကြွယ် ပြိုင်၍သီဆိုကြသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း မမြင်ကြရ။ တကျော့တစ်ပြန်စီ သီဆိုနေကြပုံမှာ နားထောင်၍ မငြီးနိုင်အောင် ရှိသည်။ သူတို့သီချင်းများမှာလည်း လက်တန်းစပ်၍ သီဆိုကြရသောသီချင်းများ ဖြစ်၏။

သီချင်းပြီးဆုံးလျှင်ကား အားလုံးဝိုင်း၍ ဆူညံစွာ ဩဘာပေးကြတော့သည်။ တစ်တောလုံး တစ်တောင်လုံးလည်း ပဲ့တင်သံလှိုင်းရိုက်၍ ဆူညံနေတော့သည်။

"အောင်လော၊ အောင်လော"ဟူသော ငှက်ငယ်၏တွန်ကျူးသံကို ကြားရလျှင်ကား ပလောင်လုလင်ပျို၊ လုံမပျိုတို့ရင်မှာ နွေး၍ ပူဆွေးမိကြသည်၊ အတိတ်ကို မှန်း၍ လွမ်းမိကြသည်။

အရှက်ဦး 'မိုးသောက်ကြယ်' (ပလာင်ဗရ်)ကို မြင်ရသောအခါ နန်းဦးပိန်နှင့်ဆမ်လောကို သတိရကြသည်။ လွမ်းဆွတ်ကြသည်။

ညဥ့်တွင်ကျက်စားသည့် 'ကြယ်ပြောင်ကြီး'(ပလာင်မေ့ရ်)ကို တွေ့မြင်ရလျှင်ကား နန်းဦးပိန်နှင့်ဆမ်လောအတွက် သူတို့ရင်မှာ နာကြည်းစွာ ခံစားရသည်။ နန်းဦးပိန်နှင့်ဆမ်လောအတွက် ယူကျုံးမရ ဖြစ်ရသည်။ မိုးသောက်ကြယ်ကြီး(ပလောင်ဗာရ်)၊ ညဥ့်ကြယ်ပြောင်ကြီး(ပလာင်မေ့ရ်)နှင့်အောင်လောငှက်ငယ်တို့မှာ ပလောင်လုလင်ပျို၊ လုံမပျိုတို့၏အသဲနှလုံးတွင်

ebook is created by www.ShanYoma.Org

ကိန်းအောင်းနေသော အရာများ ဖြစ်သည်။ လုလင်ပျို လုံမပျိုတို့သည် မိုးသောက်ကြယ်ပြောင်ကြီး(ပလာင်ဗာရ်)နှင့်ညဥ့်ကြယ်ကြီး(ပလာင်မှေရ်)များကို လွန်စွာ မြတ်နိုးကြသည်။ အလေးအမြတ်ပြုကြသည်။ အောင်လောင့်ကယ်အားလည်း ရင်မှာ ပိုက်ထွေးလိုသည်။ ၎င်းတို့၏ အတိတ်က အကြောင်းအရာများသည် ပလောင်လုလင်ပျို လုံမပျိုတို့နှင့်ခွဲခြားမရအောင် သက်ဆိုင်နေပေတော့သည်။

လုလင်ပျို ဆမ်လောမှာ မိခင်မုဆိုးမကြီးနှင့် အတူ လုပ်ကိုင်စားသောက်၏ ။ ဆင်းရဲပင်ပန်းလှ၏ ။ ဆမ်လောသည် ရုပ်ရည် ချောမောပြေပြစ်၏ ။ ကျန်းမာသန်စွမ်း၍ ရဲရင့်၏၊ သစ္စာရှိ၍ ရိုးသား၏ ။

ပလောင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအရ ရွှေဖီဖူးသည့်တန်ခူးလတွင် ဆမ်လောသည် မိခင်နှင့်အတူ ဟော်နန်းသို့သွား၍ လှူဘွယ်ဝတ္ထုများနှင့်တကွ ပေါ်ဦးပေါ် ဖျား လက် ဖက်ခြောက်ကိုယူ၍ ပလောင်လူမျိုးတို့၏ သခင် ဟော်နန်းရှင်အား သွားကန်တော့ကြသည်။

နန်းဦးပိန်ကား ဟော်နန်းရှင်ဘုရင်၏ ရုပ်ရည်အလွန်ချောမောလှပသည့်တစ်ဦးတည်းသောသမီး ဖြစ်လေသည်။

ဆမ်လောနှင့်နန်းဦးပိန်တို့သည် တစ်ဦးနှင့်တစ်ဦး တွေ့မြင်ကြလျှင် ရှေးအတိတ်ဘဝကရေစက်ကြောင့် ချစ်ကြိုးသွယ်မိကြလေတော့သည်။

နန်းဦးပိန်နှင့်ဆမ်လောတို့၏ အချစ်ကား တဖြည်းဖြည်း ရင့်သန်ကြီးထွားခဲ့သည်။

"ငါ့သားဆမ်လော မင်း. . .နန်းဦးပိန်ကို မယူနဲ့၊ သူတို့က တို့နဲ့အဆင့်အတန်း မတူဘူး။ နောက်ပြီးတော့ နန်းဦးပိန်ဟာ ရုပ်ရည်ချောမောလှပနုနယ်သူဖြစ်လို့ တို့ဆင်းရဲသားလို အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး၊ အလုပ်မလုပ်နိုင်ယင် ဘာအသုံးကျမှာလဲ၊ အဲဒီတော့ မင်းနန်းဦးပိန်ကို မယူစေချင်ဘူး၊ အမေ သဘောတူတာကတော့ တို့နှင့်အမျိုးလဲတော်တဲ့ နန်းဦးကိုယူပါလား၊ သူဟာ ရုပ်မချောပေမဲ့ သဘောလဲ ကောင်းတယ်၊ အလုပ်အကိုင်လဲ ကောင်းတယ်၊ ပြီးတော့ နန်းဦးက မင်းကို ချစ်နေတယ် မဟုတ်လား၊ နန်းဦးကို ယူလိုက်ပါ ငါ့သားရယ် . . ."

"အမေ ကျွန်တော် နန်းဦးပိန်ကိုသာ ချစ်တယ်အမေရယ်၊ နန်းဦးပိန်ကလဲ ကျွန်တော့်ကို အလွန်ချစ်ပါတယ်၊ ကျွန်တော်တို့ ကတိသစ္စာ ပြုပြီးကြပြီအမေ၊ ကျွန်တော် နန်းဦးပိန်ကိုမရယင် သေမှာဘဲထင်တယ် အမေရယ်"

"ငါ့သား အမေတော့ နန်းဦးပိန်နဲ့ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ အဲဒီတော့ မင်းစဉ်းစားပါဦးကွယ်၊ နန်းဦးကလေးကိုသာ မင်းယူယင် တို့မိသားစုဟာ ပျော်ရွှင်ကြရမှာဘဲ"

ဆမ်လောနှင့်နန်းဦးပိန်ကား ဤအခြေအနေများကြောင့် အချစ်သောကကြီးစွာ ဖြစ်နေကြရရှာ၏ ။

တစ်ဖက်သောမိဘမှာ ဟော်နန်းရှင်သခင်မျိုးဖြစ်၍ ဆမ်လောလို ဆင်းရဲသားနှင့်ဘယ်နည်းနှင့်မှ သဘောတူမည် မဟုတ်၊ တစ်ဖက်တွင်လည်း ဆမ်လော၏ မိခင်က ဆွေမျိုးတော်စပ်သူ

နန်းဦးနှင့်သာ အတင်းနားချနေတော့သည်။

မိဘနှစ်ပါးကြားတွင် ချစ်သူနှစ်ဦးမှာ များစွာ စိတ်ဒုက္ခရောက်နေကြတော့သည်။ အချစ်ရေးမှာလည်း နေမြင့်လေ အရှူးရင့်လေ ဖြစ်လာလေသည်။

အချစ်၏ နှိပ်စက်ညှဉ်းပန်းမှုကို မခံနိုင်တော့သည့်ချစ်သူနှစ်ဦးသည် တစ်နေ့တွင် အချိန်းအချက်ပြု၍ ထွက်ပြေးခဲ့ကြလေတော့သည်။ နန်းဦးပိန်အား ချစ်ခင်သနားကြသော အခြွေအရံအချို့လည်း နန်းဦးပိန်နှင့်အတူ လိုက်ပါလာခဲ့ကြသည်။

ချစ်သူနှစ်ဦးကား ပူဆွေးမှုကို အတိုးချပြီး ချစ်ပင်လယ်ကျောတွင် မျောနေကြသည်။ ဆမ်လောနှင့်နန်းဦးပိန်တို့ ထွက်ပြေးခဲ့ကြသည်မှာ ၇ ရက်မျှ ရှိပေပြီ၊ ထိမ်းမြားလက်ထပ်ခြင်းပြုဘို့က လိုသေးသည်၊ မိခင်အား ကန်တော့ရဦးမည်၊ အကြီးအမှူးများအား ကန်တော့ရပေဦးမည်ဟု ဆမ်လော စဉ်းစားသည်။

"အချစ်ရယ် ငါတို့ထွက်ပြေးလာကြတာလဲ ၇ ရက်ရှိပြီ၊ မိဘများနဲ့ အကြီးအမှူးများကို ကန်တော့ပြီး လက်ထပ်ထိမ်းမြားဘို့ အချိန်တော်ပြီ၊ ငါတို့သွားပြီး ကန်တော့ကြရအောင်"ဟု ဆမ်လောက ပြော၏။ နန်းဦးပိန်လည်း ချစ်လင်စကားကို သဘောတူ၏။ သို့ဖြင့် ဇနီးမောင်နှံတို့သည် အခြွေအရံများကို ခေါ်၍ ဆမ်လော၏ မိခင်ထံသို့ သွားကြလေသည်။

ဆမ်လော၏ မိခင်ကား သားနှင့်ချွေးမကို မြင်လိုက်ရလျှင်ပင် ရင်တွင်း၌ ဒေါသထောင်းကနဲ ထသွား၏။ သို့သော် ဟန်ဆောင်ပြီး ဒေါသကို ချုပ်တည်းထားလိုက်သည်။

"ငါ့သား မင်းလဲ အိမ်ထောင်ကျတာ ၇ ရက်ရှိပြီ၊ အဲဒီတော့ ခေါင်းလျှော် ရေချိုးပြီး သန့်သန့်ပြန့်ပြန့် လုပ်ဖို့လိုသေးတယ်"

"ကောင်းပါပြီအမေ ကျွန်တော် ခေါင်းလျှော် ရေချိုးပါမယ်"ဟုဆိုကာ ချောင်းသို့ထွက်ခဲ့လေသည်။

မိခင်မာဆမ်လောသည် ထိုအချိန်၌ အိမ်တွင် ရှိသော ခတက်ချဉ်အိုးကို အဆိပ်ခပ်ထား လိုက်သည်။

"ကဲ–ကဲ ငါ့သမီးလဲ အခြွေအရံအဖေါ်တွေကို ထမင်းဟင်း ချက်ကျွေးပါဦး၊ သူတို့ဆာနေတော့မယ်"

"ကောင်းပါပြီအမေ၊ ကျွန်မ သူတို့ကို ထမင်းချက်ကျွေးပါမယ်"

နန်းဦးပိန်လည်း ချွေးမကောင်းပီပီ မီးဖိုချောင်သို့ ဝင်၍ထမင်းဟင်းချက်တော့သည်။ ဟင်းမှာ ခတက်ချဉ်ဟင်းသာ ဖြစ်လေသည်။

ထမင်းဟင်းများ ကျက်သောအခါ၌ ခူးခပ်ပြီးလျှင် အခြွေအရံများအား ကျွေးမွေးသည်။

"အခြွေအရံတို့ရယ် ဖြေးဖြေး သုံးဆောင်ကြပါကွယ်၊ ဟင်းကတော့ ခတက်ချဉ်ဟင်းဘဲ ရှိတယ်ကွယ်" နန်းဦးပိန်၏ စကားကိုကြားလျှင် ဆမ်လော၏ မိခင်သည် ဒေါသဖြစ်၍ "နင်

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ဟာ ယခုမှ ရောက်ခါစ ရှိသေးတယ်၊ ငါ့ကို စော်ကားတယ်၊ အရှက်ခွဲတယ်”ဟုဆိုကာ နန်းဦးပိန် အား တအား တွန်းပစ်လိုက်လေတော့သည်။

ထမင်းစားတော့မည့်ဆဲဆဲ အခြွေအရံများလည်း မစားဖြစ်တော့ မစားနိုင်ကြတော့ ချေ။

နန်းဦးပိန်၏လက်သန်းကလေးကား ထရံကြားတွင် ညှပ်မိ၍ ပြတ်တော့မည်ကဲ့သို့ ဖြစ်နေတော့သည်။ သွေးများလည်း ဒဏ်ရာမှဖြာ၍ ဆင်းနေလေပြီး၊ အိမ်အောက်တွင်ရှိသော ကြက်ဖအဖြူကြီးမှာ အနီရောင်ဖြစ်သွားတော့သည်။

သွေးထွက်လွန်း၍ နန်းဦးပိန်မှာ မေ့မြောသွားတော့၏။

အခြွေအရံများလည်း နန်းဦးပိန် သေဆုံးတော့မည်ကို သိ၍ ဟော်နန်းသို့ အမြန်ယူ ဆောင်ခဲ့ကြတော့သည်။ လက်သန်းကလေး ပြတ်သွားလေရာ သစ်ပင်အငုတ်တစ်ခုပေါ်တွင် တင်ထားခဲ့ကြလေသည်။

ဆမ်လောလည်း ရေချိုး၊ ခေါင်းလျှော်၍ ဆံကို ရှင်းပြီးလျှင် အိမ်သို့ပြန်လာခဲ့သည်။ အိမ်သို့ရောက်လျှင် ချစ်သူနန်းဦးပိန်နှင့်အခြွေအရံများကို မတွေ့ရတော့ချေ။ သူတွေ့ရသည်မှာ သွေးများသာ ဖြစ်လေသည်။

“အမေ ကျွန်တော့်မိန်းမ ဘယ်ကိုသွားသလဲ အမေ၊ အခြွေအရံတွေလဲ မတွေ့ပါလား”

“အို . . .ငါ့သား မင်းမိန်းမကို ထမင်းလဲ ကျွေးလိုက်ပြီ၊ ဒီမှာမနေနိုင်တော့ဘူးဆိုပြီး ပြန်သွားပြီ”

“အို့ . .အမေ ဒီကြက်ကြီးဟာ အဖြူရောင်က အခု အနီရောင်ဖြစ်နေပါသလားအမေ ရယ်”

“အို့ . .အိုငါ့သား အမေလုံချည်လျှော်လို့ကြက်ပေါ်မှာ လုံချည်က အနီရေတွေ ပေကုန် တာပါ”

ဆမ်လောကား သူ့အမေ၏ စကားကိုမယုံ။ နန်းဦးပိန်အတွက် စိုးရိမ်ပူပန်လာသည်၊ မဆိုင်းမတွပင် မြင်းကိုပြင်၍ လိုက်လေတော့သည်။

တောတောင်များကို ကျော်ဖြတ်ခဲ့၏။ သစ်ငုတ်တိုပေါ်တွင် လက်သန်းပြတ်ကလေးကို တွေ့လေပြီ။ နန်းဦးပိန် လက်သန်းဖြစ်ကြောင်း ဆမ်လော ချက်ချင်းသိ၏။

တစ်ချိန်တည်းတွင်“အောင်လော၊ အောင်လော”ဟူသောအသံကို ကြားရလေပြီ။ ဘယ်ဆီက ခေါ်လေသည် မသိ။ (အောင်လောဆိုသည်မှာ ဆမ်လော၏နာမည် အတိုကောက် ဖြစ်၏) သူ့ဇနီး၏ခေါ်သံဖြစ်၏။

ဆမ်လောကား သူ့မိန်းမသေပြီဟု တွေးထင်လိုက်မိ၏။ သူ၏စိတ်တို့သည် လှုပ်ရှား နေ၏။ မျက်လုံးတို့သည် ပြာဝေနေ၏။ ပတ်ဝန်းကျင်ကား ယိမ်းထိုးနေသည်ဟုထင်မိ၏။

မြင်းကို ကြိမ်တို့၍ ဒုန်းစိုင်းနှင်ခဲ့လေပြီ။

ဟော်နန်းပတ်ဝန်းကျင်ကား လူအုပ်ကြီးဖြင့် ပြည့်ကျပ်နေ၏၊ အလုပ်ရှုပ်နေကြ၏။

"အိုး . . .နောင်ကြီးတို့ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲဗျာ"

"အိုး . . .ဟော်နန်းရှင်ရဲ့သမီး နန်းဦးပိန်သေဆုံးပြီလေ"

ဆမ်လော၏ဦးခေါင်းကား မီးတောက်သွားတော့သည်။

"ဒီလိုဆိုယင် နောင်ကြီးတို့ရယ် ကျွန်တော် သွားပါရစေ၊ လမ်းဖယ်ပေးကြပါ"

လူအုပ်ကြီးကား ဆမ်လော မဝင်နိုင်အောင် လမ်းပိတ်ထားကြ၏။ ဆမ်လော ဝင်သွား၍ နန်းဦးပိန်၏အလောင်းကို တွေ့လျှင် သူပါသေဆုံးသွားမည်ကို စိုးရိမ်သောကြောင့် ပိတ်ဆို့ထားကြခြင်းဖြစ်လေသည်။

ဆမ်လောလည်း လူအုပ်ကြီးက ဖယ်မပေးသောအခါ ငွေဒင်္ဂါးတစ်ထုပ်ကို ကြဲလိုက်၏၊ လူအုပ်ကြီးက ငွေများကို လိုက်လံကောက်ကြပြန်သောအချိန်တွင် ရှေ့သို့တိုးသွား၏။ လူအုပ်ကြီးလည်း တစ်ဖန် ပိတ်ဆို့ထားပြန်၏။ ဆမ်လောလည်း နောက်ထပ်၍ ငွေတစ်ထုပ်ကို ကြဲလိုက်ပြန်၏။ လူအုပ်ကြီးလည်းငွေများကို လိုက်လံကောက်ကြပြန်၏၊ ဆမ်လောလည်း ရှေ့သို့တိုးသွား ပြန်၏။

ဤနည်းဖြင့် ငွေဒင်္ဂါးထုပ်များကို ကြဲ၍ ကြဲ၍ သွားရာ နောက်ဆုံးတွင် နန်းဦးပိန်အလောင်းပြင်ဆင်ထားရာသို့ ရောက်လေတော့သည်။

ဆမ်လောသည် ချစ်သူနန်းဦးပိန်၏ အလောင်းထားရာခေါင်းကို ဖွင့်၍ကြည့်လိုက်၏။

ချစ်ဇနီး၏သနားစဖွယ်မျက်နှာကို မြင်ရလျှင်ပင် ရင်တွင်း၌ ဗလောင်ဆူပွက်လာတော့၏။ ဆမ်လောသည် နန်းဦးပိန်အား ကြည့်၍ မဝသောကြည့်ခြင်းဖြင့် စိုက်၍ကြည့်၏။ ထို့နောက် ခါးမှဓါးမြှောင်ကို ထုတ်ပြီးလျှင် မိမိရင်ကို မိမိထိုးလိုက်တော့သည်။

ချစ်သူနှစ်ဦးကား သေဆုံးလေပြီး။ ၎င်းတို့၏ခေါင်း ၂ လုံးကိုလည်း ယှဉ်တွဲ၍ပြင်ထားကြသည်။

လူထုကြီးကား ချစ်သူ ၂ ဦးအတွက် မျက်ရည်မဆည်နိုင်ဖြစ်နေကြလေသည်။

ဆမ်လော၏မိခင်ကား သားအတွက် ပူဆွေးဝမ်းနည်းသော်လည်း ချွေးမကိုကား ပို၍ဒေါသဖြစ်နေဆဲဖြစ်၏။ သူ၏သားသည် နန်းဦးပိန်ကြောင့် သေဆုံးရသည်ဟုသာ ယူဆနေလေသည်။

နန်းဦးပိန်နှင့်ဆမ်လောတို့ကို သင်္ဂြိုဟ်သောအခါ၌ ခေါင်းနှစ်လုံးကို ယှဉ်၍ထား၏ ခေါင်းနှစ်လုံးကြားတွင်း ဝါးလုံးတစ်လုံးကို အလျားလိုက်ထားသည်ကိုပင် မကြေနပ်၍ ဝါးလုံးကို ကန့်လန့်ထားကာ ခေါင်နှစ်လုံးကို ဝေးအောင်ခွဲပစ်၏။

သို့သော်လည်း မီးသင်္ဂြိုဟ်သောအခါ၌ မီးခိုးနှစ်ခုကား ကောင်းကင်တွင် လိမ်ယှက်ပြီးတွေ့ဆုံနေကြလေသည်။

ဆမ်လော၏မိခင်သည် မီးခိုးတန်းကြီးနှစ်ခု လိမ်ယှက်နေသည်ကို တွေ့မြင်ရသောအ

ebook is created by www.ShanYoma.Org

ခါ ဒေါသထွက်၍ ဝါးလုံးကို ယူပြီးလျှင် မီးခိုးချင်း မယှက်အောင် ရိုက်ပစ်လိုက်၏။

ချစ်ဇနီးမောင်နှံတို့ကား ကြယ်တာယာနတ်သား၊ နတ်သမီးများအဖြစ် ကောင်းကင်၌ ဆုံတွေ့ကြလေပြီ။

"ချစ်ဇနီး နန်းဦးပိန် မင်းက မိန်းမဖြစ်တဲ့အတွက် နံနက်စောစော ထွက်ပြီး စောစော အလုပ်လုပ်ကြရတဲ့လုံမပျိုများကို အလင်းရောင်ပေးခြင်းဖြင့် ကူညီပါကွယ်၊ ငါကတော့ ယောကျာ်းဖြစ်တဲ့အတွက် အလုပ်အားလို့ ညချမ်းအချိန်မှ လူပျိုလှည့်ကြရတဲ့ကာလသားလူပျိုတွေကို အလင်းရောင်ပေးမယ်။

"ပြီးတော့ ချစ်ဇနီးနန်းဦးပိန် မင်းနဲ့ငါ တစ်နှစ်တစ်ခါ ဆုံတွေ့ရအောင်ကွယ်"

ဆမ်လော၏မိခင်ကား နန်းဦးပိန်နှင့်ဆမ်လောတို့၏ တစ်နှစ်တစ်ကြိမ် တွေ့ဆုံရန်ချိန်းဆိုသည့်စကားကိုကြားလျှင် အလွန်ဒေါသဖြစ်လျက် "နင်တို့ တစ်နှစ်တစ်ခါ မတွေ့ရဘူး၊ သုံးနှစ်မှ တစ်ခါသာ တွေ့ရမယ်"ဟု ကျိန်စာဆိုလိုက်လေသည်။

ထို့ကြောင့် ယခုထက်တိုင်ပင် နံနက်စောစောထွက်သောကြယ်ကြီးကို ပလောင်အမျိုးသားအမျိုးသမီးတို့သည် နန်းဦးပိန် ဝင်စားသည်ဟု ယူဆ၍ ညချမ်းအချိန်တွင် တစ်ညလုံးထွက်နေသော ကြယ်ပြောင်ကြီးကို ဆမ်လော ဝင်စားသည်ဟု ယူဆကြ၏။ အထူးသဖြင့် ပလောင်မပျို လုလင်ပျိုတို့သည် နံနက်စောစော မိုးသောက်ကြယ်ကြီးနှင့်ညဥ့်ကြယ်ပြောင်ကြီးများကို တွေ့ရသောအခါ၌ ဤကြယ်ကြီးနှစ်လုံးသည် နန်းဦးပိန်နှင့် ဆမ်လောဖြစ်၍ သူတို့လုံမပျို လုလင်ပျိုတို့ကို စောင့်ရှောက်နေသည်ဟု ယူဆကြသည်။ ထိုကြယ်ကြီးများကို မြတ်နိုးချစ်ခင်ကြသည်၊ ကြယ်ကြီးများကို တွေ့ရလျှင် ဟိုရှေးရှေးတုန်းက သူတို့အဘိုးအဖွားများ တစ်ဆင့်တစ်ဆင့် ပြောကြား၍ သိသော နန်းဦးပိန်နှင့်ဆမ်လောတို့အတွက် ဝမ်းနည်းကြေကွဲမိကြသည်။

အောင်လောငှက်ငယ်၏အသံကို ကြားလျှင် နန်းဦးပိန်၏လက်သန်းကလေး ဝင်စားသည်ဟု ယူဆကြပြီး နန်းဦးပိန်အတွက် ဝမ်းနည်းကြသည်။ နန်းဦးပိန်ကို မြင်ယောင်လာကြရသည်။

ဆမ်လောမိခင်၏ကျိန်စာကြောင့်ပင် နန်းဦးပိန် မိုးသောက်ကြယ်(ပလာင်ဗာရ်)နှင့် ဆမ်လော ညဥ့်ကြယ်ပြောင်(ပလာင်မေ့ရ်)တို့သည် သုံးနှစ်မှတစ်ကြိမ် ဆုံတွေ့ကြရသည်ဟု ပြောကြသည်။

သုံးနှစ်တစ်ကြိမ် သူတို့တွေ့ဆုံသောအခါ၌ ကြယ်နှစ်လုံးမှာ အလွန်ထွန်းတောက်၍ ကြယ်ချင်း ခွပ်နေသလို ဖြစ်သည်ဟုပြောစမှတ်ပြုကြလေသည်။

သူတို့ကြယ်ကြီးနှစ်လုံး တွေ့ဆုံသောနှစ်၌ လူပျိုအပျိုများ အိမ်ထောင်အများကြီးကျသည်ဟုလည်း ယူဆကြသည်။

လူပျိုများမှာ အပျိုလှည့်သွားသောအချိန်၌ နန်းဦးပိန်နှင့်ဆမ်လောကို သက်သေတည်၍ သီချင်းဆိုကြသည်။ ဆမ်လောနှင့်နန်းဦးပိန်တို့ကို အချစ်သက်သေ ထူလေ့ရှိကြသည်။

ebook is created by www.ShanYoma.Org

သူတို့သီချင်းတွင်ကား . . . .
"မိကောင်အုမ်ဩ––မိုင်ယော––ညာခေနန်း
ဥပိင်ဂါရ်ဆမ်လော––ယမ်ဒေဒဗို့မိ ဆော"

အဓိပ္ပါယ်မှာ . . . .

"တကယ်ချစ်ကြိုက်မယ်ဆိုယင် ဘာများ ကြောက်စရာရှိသလဲကွယ်၊ ကြည့်စမ်း . . . . . နန်းဦးပိန်နဲ့ ဆမ်လောဟာ အချစ်အတွက် အသက်ကို စွန့်လွှတ်သွားပြီ မဟုတ်ပါလားကွယ်"ဟူ၍ ဖြစ်သည်။

ဆမ်လော၏မိခင် မာဆန်လောကား အသက်အတိုင်းနေ၍ သေဆုံးသောအချိန်၌ ငရဲသို့ ကျတော့သည်ဟု ပြောကြလေသည်။

ဤပုံဝတ္ထုကို ပြောသောအခါတိုင်း မာဆန်လော ကျနေသော ငရဲအိုးသည် ပွတ်ပွတ်ထနေသည်ဟု ရှေးလူကြီး အဘိုးအဖွားများက ပြောလေ့ရှိကြလေသည်။

(ဤပုံပြင်ကို ရှမ်းအမျိုးသားများကလည်း ပြောသည်။ ပလောင်အမျိုးသားများကလည်း မိမိတို့၏ရှေးစကားအဖြစ် ပြောကြသည်။)

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အရောင်ငါးမျိုးရှိသောပန်း
## (အပူမ်ပိုဟ် ငါးမျိုး)

ရှေးအခါက အလွန်လှပချောမောသော ညီအစ်မငါးယောက် ရှိလေ၏။ ညီအစ်မငါးဖော်တို့မှာ တစ်ယောက်နှင့်တစ်ယောက်လည်း အလွန်ချစ်ခင်ကြ၏။ တစ်နေ့သောအခါ ရှင်ဘုရင်သည် အရပ်ရပ်အရွာရွာရှိ အပျိုချောတို့အား မိမိထံ လာရောက်အလုပ်ပြုကြရမည်ဟု အမိန့်တစ်ရပ် ချမှတ်လိုက်လေသည်။ ဘုရင့်အမိန့်ကို မလွန်ဆန်နိုင်ရကား ရပ်ရွာလူကြီးတို့သည် ရွာတွင်ရှိသော အပျိုချောတို့ကို ရွေးချယ်ကြရတော့သည်။

ညီအစ်မငါးယောက်တို့မှာ ဘုရင့်ထံသို့ မသွားလိုကြသော်လည်း အများသဘောတူ ရွေးချယ်ပြီးပြီဖြစ်၍ မိဘများကို ကန်တော့ပြီးလျှင် ဘုရင့်ထံ အခစား ဝင်ရောက်ကြရလေတော့သည်။ ထိုအခါ အစ်မဖြစ်သူက စိုးရိမ်သောကြောင့် "ဘုရင်ရှေ့တော်သို့ ရောက်သောအခါ ဘုရင်ကြီးက သဘောတော်ကျပြီး တို့ကိုပြန်မလွှတ်ပါက အစ်မကြီး စီစဉ်သည့်အတိုင်း ပြုလုပ်ကြရမည်"ဟုပြောလေ၏။ ညီမအားလုံးလည်း အစ်မကြီးစကားကို နားထောင်မည့်အကြောင်း ဝန်ခံကြ၏။

ဘုရင့်ရှေ့မှောက်သို့ ရောက်သောအခါ ဘုရင်သည် အလွန်ချောမောလှပသော ညီအစ်မငါးဖေါ်၏အလှကို ရွှေသဘောတော်ကျပြီး ပြန်မလွှတ်တော့ပေ။ အပျိုတော်များအဖြစ် ခေတ္တထား၍ မိဖုရားများ မြှောက်မည်ဟုလည်း မိန့်ကြားလေသည်။

ဘုရင်မင်းကြီး၏အမိန့်ကို ကြားရသောအခါ အစ်မကြီးသည် မိမိတို့ မည်ကဲ့သို့ပင်ကြံစည်ကြသည်ဖြစ်စေ၊ မိမိတို့ရပ်ရွာသို့ ပြန်နိုင်တော့မည် မဟုတ်၊ မိမိတို့၏အသက်ကြီးပြီဖြစ်သော မိဘများကိုလည်း ပြုစုလုပ်ကျွေးနိုင်တော့မည် မဟုတ်။ ထို့ကြောင့် မိမိပေးသောအကြံကို သဘောတူ လိုက်နာကြမည်လားဟု မေးလေသည်။

ညီမငယ်များလည်း အစ်မကြီး၏အကြံအတိုင်း လိုက်နာလုပ်ဆောင်ရန် သဘောတူကြ၏။

ထိုအခါ အစ်မကြီးက "သဘောတူရုံနှင့်မပြီး၊ သစ္စာရေသောက်ပြီး ဆုတောင်းကြရမည်"ဟု ပြော၏။

ညီမငယ်များလည်း အစ်မကြီးပြောသည့်အတိုင်းပင် ဘုရားကို ဝတ်ပြုပြီးလျှင် "ဤဘဝမှလွန်သော် ပန်းဘဝရောက်ပြီးလျှင် အနီရောင်၊ အဖြူရောင်၊ အဝါ၊ အညို၊ ပန်းရောင် ဖြစ်ကြပြီး အစ်မကြီးနှင့်အတူ နေရပါစေသား" ဟုဆုတောင်းကြကာ သစ္စာရေခေါ် အဆိပ်ရေကို အတူတကွ သောက်လိုက်ကြလေ၏။

မင်းကြီးလည်း သေဆုံးသွားသော အလွန်လှပသည့် ညီအစ်မငါးဖေါ်ကို အလွန်နှမြောပြီး၊ ဝမ်းနည်းလှသည်နှင့် မိမိဥယျာဉ်တွင် မြှုပ်နှံစေ၏။ မကြာမီ ညီအစ်မငါးဖေါ်မြှုပ်နှံ

ရာမှပန်းပင် တစ်ပင်စီပေါက်လာကြပြီး အပွင့်များ ပွင့်လာကြ၏။ အရောင်မှာလည်း အနီ၊ အဝါ၊ အညို၊ အဖြူ၊ ပန်းရောင်ဖြစ်၏။

အရောင်ငါးမျိုးရှိသောပန်း"အပူမ်ပိုဟ်ငါးမျိုး"(ဒေလီယာပန်းကဲ့သို့သော ပန်းမျိုး) သည် အလှန်လှပသော ညီအစ်မငါးဖော်မှ ဖြစ်လာသည်ဟု ပလောင်အမျိုးသားများ ပြောဆိုလေ့ရှိကြလေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



# သစ်အယ်သီးနှင့်ဂုံးသီး

(အပူပလေကျံုတ်ဂါ်ရ်ဂါယ်)

ရှေးအခါက လူ့ပြည်၌'တာခွန်ခါဝ်'ခေါ် ဆန်နတ်မင်းဟူ၍ ရှိ၏။ ဆန်နတ်မင်း တာခွန်ခါဝ်သည် လူသားတို့ စားသုံးရန်အတွက် ကျောက်ဖရုံသီးပမာဏခန့်ရှိသော ဆန်စေ့များကို ဖြစ်စေ၍ လူတို့အား အကျိုးပြုပေ၏။

တစ်နေ့သောအခါ ဆန်နတ်မင်းနှင့်သိကြားမင်း တွေ့ဆုံကြ၏။ သိကြားမင်းက "ဤလောက၌ လူသားတို့အား အကျိုးပြုသည်မှာ ငါသိကြားသာ ဖြစ်တော့သည်၊ ထို့ကြောင့် လူအပေါင်းတို့သည် ငါ့အား ရှိသေရမည်"ဟုဆိုလေ၏။

သိကြားမင်း၏ စကားကို ဆန်နတ်မင်း တာခွန်ခါဝ်ကြားလျှင် "ဤလောက၌ လူသားတို့၏ အကျိုးကို ပြုသူကား အသင်သိကြားမင်း မဟုတ်၊ ကျွန်ုပ် ဆန်နတ်မင်းသာ ဖြစ်သည်၊ ထို့ကြောင့် လောကသူလောကသားမှန်သမျှသည် ကျွန်ုပ်ဆန်နတ်မင်းအား ရှိသေကြရမည်"ဟုဆိုလေ၏။

ဤသို့ဖြင့် ဤလောက၌ လူသားတို့၏ အကျိုးစီးပွားကို သူဆောင်ရွက်သည်၊ ငါ ဆောင်ရွက်သည်ဟု အငြင်းပွားကြလေ၏။

နောက်ဆုံး၌ ဆန်နတ်မင်းတာခွန်ခါဝ်သည် အလွန်စိတ်ဆိုးသဖြင့် "အသင်သိကြားမင်း တန်ခိုးကြီးလျှင် လူ့ပြည်တွင် နေရစ်လေတော့"ဟုပြောဆိုပြီးလျှင် နတ်ပြည်သို့ပြန်သွားလေ၏။

ဆန်နတ်မင်း နတ်ပြည်သို့ပြန်သွားလေလျှင် လူ့ပြည်၌ ဆန်ရေစပါးရှားပါး၍ လူသားတို့သည် ငတ်မွတ် ခေါင်းပါးကြကုန်၏။ ငတ်မွတ်၍ သေကျေကြကုန်၏။

ထိုအခါ သိကြားမင်းသည် ကြံရာမရဖြစ်ပြီးလျှင် လူ့ပြည်၌ရှိသော ကောက်ပဲသီးနှံတို့ကို စောင့်သည့်နတ်တို့ကို စုရုံးစေ၏။

သိကြားမင်းလည်း နတ်တို့အား "လူတို့၏ ပဓာနသီးနှံအဖြစ် မည်သူဆောင်ရွက်နိုင်မည်နည်း" ဟု မေးမြန်းလေ၏။

ရှိရှိသမျှသောအသီးအနှံတို့ကား လူသားတို့၏ သရည်စာနှင့်ဟင်းအဖြစ်သာ တာဝန်ယူနိုင်ကြ၏၊ လူတို့၏ ပဓာနအာဟာရအဖြစ် မည်သူမျှ တာဝန်မယူနိုင်ကြပေ။

ထိုအခါ သစ်အယ်ပင်စောင့်နတ်က "လူသားတို့၏ ပဓာနအစားအစာအတွက် မည်သူမှ တာဝန်မယူနိုင်လျှင် ကျွန်ုပ်သစ်အယ်သီးက လူသားတို့အတွက် တာဝန်ယူပါမည်၊ လူသားတို့အား ကျွေးနိုင်အောင် ကျွန်ုပ်တာဝန် ထမ်းဆောင်ပါမည်" ဟု ခပ်ကြွားကြွားပြောလိုက်ပါသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

သစ်အယ်ပင်စောင့်နတ်၏ စကားကို ဂုံသီးပင်စောင့်နတ်ကြားလေလျှင် "သင်ကား အကျွန်ုပ်ထက် အသီးလည်းသေး၏ အရွက်လည်းငယ်၏၊ အပင်လည်းငယ်၏၊ အကျွန်ုပ်ပင်လျှင် လူသားတို့၏ အဓိကပဓာနအာဟာရအတွက် မစွမ်းဆောင်နိုင်ပါဘဲလျက် သင်သစ်အယ်သီးက မည်သို့များ ဆောင်ရွက်နိုင်ပါမည်လဲ" ဟုပြောဆိုကာ ဒေါသဖြစ်ဖြစ်နှင့် သစ်အယ်ပင်စောင့်နတ်ကို ခြေဖြင့် တအားကန်လိုက်လေ၏။

ထိုအချိန်မှစ၍ သစ်အယ်ပင်များမှာ အသားမာသော်လည်း အပင်များမှာ ခပ်ကိုင်းကိုင်း၊ ခပ်စောင်းစောင်းသာ ပေါက်လာကြပေတော့သည်။

ထိုသို့သီးနှံစောင့်နတ်တို့က လူသားတို့၏ ပဓာနအာဟာရအတွက်တာဝန်မထမ်းဆောင်နိုင်ကြောင်း သိကြားမင်း သိရလေလျှင် သိကြားမင်းလည်း မိမိဂုဏ်သိက္ခာကို မငဲ့ကွက်နိုင် ပဓာနအာဟာရအတွက် တာဝန်ဆက်လက် ထမ်းဆောင်ပါရန် တောင်းပန်ရလေ၏။

ဆန်နတ်မင်းလည်း သိကြားမင်း တောင်းပန်သောကြောင့် စပါးမျိုးစေ့ တစ်ရာ့တစ်မျိုး ပေးလိုက်လေ၏။ "ထိုမျိုးစေ့များကို လူ့ပြည်တွင် စိုက်ပျိုးလျှင် တစ်စေ့တစ်စေ့သော အစေ့များသည် ပရွက်ဆိတ်ညိုဥခန့်သာ ရှိစေသား" ဟူ၍လည်း မိန့်ကြားလိုက်လေ၏။

ထို့ကြောင့် ယခင်က ကျောက်ဖရုံသီးပမာဏခန့်ရှိသောဆန်၊ ပြောင်း၊ ဂျုံစသည်တို့သည် ထိုအချိန်မှစ၍ ပရွက်ဆိတ်ညိုဥခန့်မျှသာ ရှိလေတော့သည်ဟုပြောဆိုကြလေသည်။

# ဖြူကောင်
## (အပူမ်အီကိုရ်)

ရှေးအခါက ဖြူသတ္တဝါများ၌ နူးညံ့သောအမွေးများသာရှိ၏။ ယခုအခါကဲ့သို့ ကြမ်းတမ်းသောဆူးများ မရှိပေ။

ဖြူကောင်သည် အမွေးနုသဖြင့် မည်ကဲ့သို့သော ရန်သူများကိုမှ ခုခံကာကွယ်နိုင်စွမ်းမရှိသောကြောင့် အလွန်ရန်များ၏။ သို့ဖြင့် ယင်းဖြူကောင်ဦးရေမှာ တစတစ နည်းပါးလာလေသည်။

တစ်နေ့သောအခါ ဘိုးတော်သိကြားမင်းသည် လူ့ပြည်သို့ ဆင်းပြီး လူနှင့်သတ္တဝါအပေါင်းတို့ ကိုယ်ကျင့်တရား ကောင်းမွန်ကြရန်နှင့်အချင်းချင်း ငဲ့ညှာကြရန် တရားဟော ဆုံးမလေသည်။

ထိုအခါ ဖြူကောင်များက "အို. . .ဘိုးတော်သိကြားမင်း၊ ဘိုးတော်သိကြားမင်း ဟောပြောဆုံးမသည့်အတိုင်း ကျွန်တော်တို့ လိုက်နာနေထိုင်ပါမည်၊ သို့သော် ဘိုးတော်သိကြား၊ ဟောပြောဆုံးမသည့်အတိုင်း မလိုက်နာကြသည့်သတ္တဝါများလည်း ရှိကြသေးသဖြင့် ကျွန်တော်တို့မှာ ရန်များလှပါသည်၊ နေ့စဉ်နေ့တိုင်းကဲ့သို့ အခြားသတ္တဝါတို့၏ နှိပ်စက်ညှဉ်းဆဲခြင်းကို ခံနေရပါသည်။ အမွေးများကလည်း နူးညံ့ပျော့ပျောင်းနေသဖြင့် ရန်သူများကို ကာကွယ် ခုခံနိုင်စွမ်းမရှိကြပါ၊ သို့ပါ၍ ရန်သူများကို ကာကွယ်ခုခံနိုင်သည့်အမွေးများနှင့်သစ်သီးသစ်နှံများကို ခူးဆွတ်စားနိုင်သည့်လက်နက်များကို ပေးသနားစေလိုပါသည်" ဟုဘိုးတော်သိကြားမင်းအား ပြောကြားတောင်းဆိုကြလေသည်။

ဘိုးတော်သိကြားလည်း ဖြူကောင်ကလေးများ၏ အကြောင်းစုံကို ကြားသိရသောအခါ မျှားစွာသနားသည်နှင့် "ကောင်းပြီ အသင်ဖြူကလေးများ၊ သင်တို့တောင်းဆိုသည်များကို ပေးသနားပါမည်။ ယနေ့မှစ၍ ရန်အပေါင်းကို ကာကွယ်နိုင်ငံ့သည့်အမွေးများနှင့်သစ်သီးသစ်နှံများကို ခူးဆွတ်စားနိုင်သည့်လက်နက်များကိုရကြစေ၊ သင်တို့ သွားသောအခါ၌ အခြားသတ္တဝါများ ပြေးသွားကြစေရန် အသံတစ်ခုကိုလည်း ရကြစေ"ဟု အမိန့်ချမှတ်ပေးလိုက်လေသည်။

ထိုနေ့မှ အစပြု၍ ဖြူကောင်များ၏ ကိုယ်တွင် အခြားသတ္တဝါများက ရန်မမူနိုင်ရန်ဆူးများ ဖြစ်ပေါ် လာသည်။ ၎င်းဆူးများဖြင့်ပင် အသီးအနှံများကို ပစ်ခတ်စားနိုင်ကြ၏။ လမ်းသွားရန်၌လည်း ယခုတိုင် စအိုမှ အသံတစ်ခု ထွက်လေ့ရှိလေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



ebook is created by www.ShanYoma.Org

# နတ်အိုးကလေးများ

(အပူမ်တာအောင်)

ရှေးလွန်လေပြီးသောအခါ ရွာတစ်ရွာတွင် ပလောင်အဘိုးအိုတစ်ယောက်ရှိ၏။ ထို အဘိုးအိုကြီးတွင် ထိုရွာ၌ ဖြစ်တတ်သော လည်ပင်းကြီးရောဂါ ရှိနေလေသည်။ အဘိုးအို၏ လည်ပင်းတွင် အလုံးကလေးသုံးလုံး ဖြစ်ပေါ်နေလေသည်။

ထိုလည်ပင်းကြီးရောဂါဖြစ်သည့်နေ့မှစ၍ ရင်ကျပ်ခြင်း၊ သလိပ်ထခြင်း၊ အသက်ရှူရန် ခက်ခဲခြင်းစသော ဝေဒနာများကို အဘိုးအိုသည် နေ့စဉ်နှင့်အမျှ ခံစားနေရလေတော့သည်။

တစ်နေ့သ၌ အဘိုးအိုလည်း ရောဂါဝေဒနာအတွက် စိတ်ညစ်လှသဖြင့် တောထဲသို့ သွားလေတော့သည်။ မိုးချုပ်လျှင် မျက်စိသီဝေပြီဖြစ်သော အဘိုးအိုလည်း အိမ်လမ်းကို မမှန်း တတ်တော့သဖြင့် တောတွင်းတစ်နေရာညောင်ပင်အောက်၌ပင် အိပ်ရလေတော့၏။

သန်းခေါင်ကျော်လေလျှင် ရုက္ခစိုးနတ်၏ ကလေးငယ် သုံးလေးယောက်သည် ညောင် ပင်ပေါ်မှ ဆင်းသက်လာကြ၏။

ကလေးငယ်များလည်း အဘိုးအိုအနီးသို့ ချဉ်းကပ်၍ "အဘိုး အဘိုး လည်ပင်းမှ အိုးပုတ်ကလေးများကို ကျွန်တော်တို့ ကစားဘို့ ခဏပေးပါ"ဟုတောင်းကြကာ အဘိုးအို၏ လည် ပင်းမှ အသီးကလေးများကို ဖြုတ်ယူသွားကြလေ၏။ အဘိုးအိုကား အိပ်မက်မက်သလော၊ တစ် ကယ်အဖြစ်အပျက်လောဟု မဝေခွဲနိုင်ပေ။ သို့သော်အဘိုးအို၏ လည်ပင်းကြီးရောဂါမှာပျောက် သွားပြီး အသီးကလေးများလည်း ပျောက်သွားတော့သည်။

အရုဏ်တက်အချိန်သို့ ရောက်လျှင် အဘိုးအိုလည်း ဝမ်းမြောက်ဝမ်းသာဖြင့် အိမ်သို့ ပြန်၍ ရွာသူရွာသားများအား မိမိ၏ လည်ပင်းကိုပြကာ အကျိုးအကြောင်း ပြောပြလေ၏။

အဘိုးအို၏ စကားကို လည်ပင်းကြီးရောဂါရှိသော အိမ်နီးချင်း အခြားအဘိုးအိုတစ် ယောက် ကြားလေသော် အလွန်ပျောက်လိုလှသဖြင့် မိမိအား ထိုညောင်ပင်ကို ပြပါရန် တောင်း ပန်လေ၏။

ရောဂါပျောက်ခဲ့ပြီဖြစ်သော ပဌမအဘိုးအိုလည်း စိတ်ကောင်းစေတနာမွန်ဖြင့် မိမိ အိပ်ခဲ့သော ညောင်ပင်ကို ပြခဲ့ပြီး အိမ်သို့ပြန်လာခဲ့လေ၏။

ebook is created by www.ShanYoma.Org

ဒုတိယအဘိုးအိုလည်း ယခင်အဘိုးအိုကဲ့သို့ပင် ညောင်ပင်အောက်တွင် အိပ်လေ၏။ ညဥ့်နက်သန်းခေါင်ကျော်လေသော် ရုက္ခစိုးနတ်၏ကလေးငယ်များသည် ညောင်ပင်ရင်းသို့ ကစားရန် ဆင်းလာကြပြီး "အဘိုး အဘိုး၊ အဘိုးဆီမှငှားထားသော အိုးကလေးများကို မနေ့က ပြန်မပေးလိုက်ရသည်ကို ခွင့်လွှတ်ပါ။ ယခုပြန်ယူပါတော့ခင်ဗျာ။

"ရော့မီ–ရော့မီ ကျေးဇူးတင်ပါသည် ကျေးဇူးတင်ပါတယ်"ဟုဆိုပြီးလျှင် ကွယ်ပျောက်သွားကြလေတော့၏။

နံနက်မိုးသောက် အလင်းဘက်သို့ရောက်လေသော် ညက အိပ်မက်သလို အဖြစ်အပျက်ကို ပြန်၍ ဆင်ခြင်ကြည့်၏။ အဘိုးအိုသည် မိမိလည်ပင်းကို စမ်းသပ်၍ ကြည့်ရာ မိမိ၌ မူလကရှိနေသော အလုံး ၃ လုံးအပြင် နောက်ထပ်၃လုံး ထပ်၍ တိုးနေသည်ကို တွေ့ရှိရလေတော့၏။

ဒုတိယအဘိုးအိုလည်း စိတ်ပျက်စွာနှင့် အိမ်သို့ ပြန်ခဲ့လေတော့သည်။

ebook is created by www.ShanYoma.Org

# အိုးယိုတယ်

ရှေးအခါက ပလောင်စကားမတတ်သော မြန်မာကုန်သည်တစ်ယောက်နှင့်မြန်မာစကားမတတ်သော ဟူးမိုင်းပလောင်ကုန်သည်တစ်ယောက်သည် အတူတကွ ပူးပေါင်း၍ ခြေဟန်လက်ဟန်ဖြင့် ပြပြီး ပလောင်ကျေးရွာများသို့ ကုန်ရောင်းသွားကြလေသည်။

ထိုကဲ့သို့ သွားကြယင်း လမ်းခရီး၌ သားရဲတိရစ္ဆာန်ပေါများသော စခန်းတစ်ခုသို့ ရောက်သွားကြရာ ခရီးဆက်ရန် အချိန်လည်းမရှိသဖြင့် ခြေဟန်လက်ဟန်ဖြင့် ပြောဆိုကြပြီး နှစ်ဦးသဘောတူ နားကြလေသည်။

ချက်ပြုတ်ရေး၌တာဝန်ကိုတစ်ဦးစီခွဲယူ၏။ ဟူးမိုင်းပလောင်ရေခပ်သွားသည်ဆိုလျှင် မြန်မာက မီးမွှေးလေသည်။ ဟူးမိုင်းပလောင်က ဆန်ဆေး၍ မြန်မာက ထမင်းအိုးကို တည်လေသည်။

ထမင်းအိုး မီးဖိုပေါ် သို့ တည်လိုက်သောအခါ အိုးက အပေါက်ဖြစ်နေ၍ ရေများယိုကျကုန်သည်။ မီးမှာလည်းငြိမ်းသွားလေသည်။ ထိုအခါ မြန်မာက ဟူးမိုင်းပလောင်အမျိုးသားအား "အိုးယိုတယ်"ဟုပြောလေသည်။ အိုးယိုတယ် ဆိုသည်မှာ မြန်မာစကားအားဖြင့် အိုးမှာအပေါက်ရှိ၍ ယိုသည်ဟု အဓိပ္ပါယ်ရသော်လည်း ဟူးမိုင်းပလောင်စကားဖြင့်ဆိုလျှင် "ငါကြောက်တယ်"ဟု အဓိပ္ပါယ်ရလေသည်။

ဤကဲ့သို့ မြန်မာက "အိုးယိုတယ်"ဟု ပြောသောအခါ ဟူးမိုင်းပလောင်မှာ"ငါကြောက်တယ်"ဟု ပြောသည် ထင်ပြီး မျက်လုံးပြူးမျက်ဆန်ပြူးနှင့်တောပတ်ဝန်းကျင်ကို ကြည့်နေလေရာ မြန်မာက စိတ်တိုလာပြီး "အိုးယိုတယ်"ဟု ထပ်အော်ပြောပြန်လေသည်။

ထိုအခါ ဟူးမိုင်းပလောင်အမျိုးသားသည် ပို၍ကြောက်လာပြီး ဟူးမိုင်းပလောင်စကားဖြင့် "အိုးမယို၊ မိုင်မယို၊ အိုင်ဒေါင်" (ကျွန်တော်လဲ ကြောက်၊ ခင်ဗျားလဲ ကြောက်၊ တို့နှစ်ယောက် ပြေးရအောင်) ဟုပြောပြီး ခြေဦးတည်ရာသို့ ပြေးလေတော့သည်။

ဟူးမိုင်းပလောင်ပြေးသောအခါ မြန်မာလည်း သားရဲတိရစ္ဆာန်များလာ၍ ဟူးမိုင်းပလောင်ပြေးသည်ဟု ယူဆပြီးအိုးခွက်ပန်းကန်များနှင့်ကုန်များကိုပင် မယူနိုင်တော့ဘဲ ဟူးမိုင်းပလောင်ပြေးရာနောက်သို့ လိုက်ပြေးလေတော့သတည်း။

ebook is created by www.ShanYoma.Org



# သရက်သီးသုံးမျိုး

ရှေးအခါက တိုင်းပြည်တစ်ပြည်၏ ဘုရင်ကြီးတွင် သားတော် ၇ ပါး ထွန်းကားခဲ့ရာ အဂ္ဂမဟေသီမိဖုရားခေါင်ကြီး၏ သားကို အိမ်ရှေ့အရာပေးပြီး တရားသဖြင့် မင်းလုပ်အုပ်ချုပ်သဖြင့် တိုင်းသူပြည်သားတို့၏ ကြည်ညိုလေးစားခြင်းကို ခံယူရရှိလေ၏။

ဘုရင်ကြီး၏ ကျန်သားတော် ခြောက်ပါးမှာ အခြားသောမိဖုရားတစ်ဦးစီမှ အသီးသီး မွေးဖွားကြသောသားများ ဖြစ်ကြသည်။ ၎င်းတို့သည် အိမ်ရှေ့မင်းသား နောင်တော်ကြီးကို မနာလိုဝန်တိုစိတ်ထားကြပြီး ပျက်စီးကြောင်းကိုသာ အခါမလပ် ကြံစည်နေကြလေ၏။ သို့သော် နောင်တော်အိမ်ရှေ့မင်းသားကြီးကမူ ညီတော်များ၏ အကြံကို အရိပ်မိရှာဘဲ ယခင်ကအတိုင်း ပင် ချစ်ခင်ယုံကြည်စွာ ဆက်ဆံနေလေသည်။

တစ်နေ့တွင် မင်းသားငယ် ခြောက်ပါးတို့က နောင်တော်ကြီးအား ၎င်းတို့နှင့်အတူ တော လည်ထွက်ပါရန် ဘိတ်ကြားရာ အိမ်ရှေ့မင်းသားက သဘောရိုးနှင့်ခေါ်သည် အောက်မေ့၍ လိုက်ပါသွားလေ၏။ ညီနောင် ၇ ဦးသည် တစ်နံနက်ခင်းလုံး ပျော်ရွှင်စွာ တောကစားကြပြီးနောက် မွန်းလွဲပိုင်းအချိန်တွင် ရေပတ်လည်ဝန်းရံလျက်ရှိသည့် ကျွန်းတစ်ကျွန်းသို့လှေဖြင့် ကူးခတ်သွား ကြလေ၏။ ကျွန်းပေါ်သို့ ရောက်သောအခါ နောင်တော်ကြီးလည်း ခရီးပန်းသဖြင့် ခေတ္တမျှ လဲလျောင်းလိုက်ရာ အိပ်ပျော်သွားလေ၏။ ဤတွင် ညီငယ် ၆ ဦးတို့က အခွင့်ကောင်းယူ၍ လှေကို အမြန်လှော်ခတ် ထွက်ပြေးကြလေသည်။ အိမ်ရှေ့မင်း အိပ်ရာမှ နိုးလတ်သော် မည်သူတဦးတစ်ယောက်ကိုမျှ မတွေ့ရသဖြင့် ညီတော်များ မိမိအပေါ် မကောင်းကြံကြကြောင်း သိပြီး များစွာစိုးရိမ်ပူပန်ခြင်း ဖြစ်မိသည်။

ကျွန်းပေါ်တွင် သုံးရက်ကြမျှ နေလတ်သော် သိကြားမင်းလည်း မနေသာတော့ဘဲ ကိုယ်တိုင် ဝက်ဝံကြီးအသွင် ဖန်ဆင်းလျက် အိမ်ရှေ့မင်းသားရှိရာ ကျွန်းသို့ ဆင်းလာခဲ့လေ၏။ မင်းသားလည်း ယခုကဲ့သို့ ဆင်းရဲငတ်ပြတ်စွာ အသက်ရှင်နေရသည်ထက် ဝက်ဝံကြီး ကိုက်သတ်၍ သေသွားရလျှင် ကောင်းပေစွဟု တွေးတော စောင့်ကြည့်နေစဉ် ဝင်းမှည့်နေသော သရက်သီး တစ်လုံး ကောင်းကင်မှ ကြွေကျလာလေ၏။ ထိုသရက်သီးကို ဝက်ဝံကြီးက ကောက်စား၍ အစေ့ကို ရေထဲပစ်ချလိုက်ရာ ချက်ချင်းပင်အစေ့မှအပင်ပေါက်လာပြီး အပင်မှာလည်း မျက်စိအောက် တွင်ပင် တဖြည်းဖြည်း ကြီးထွားလာလေ၏။ ထို့နောက် ချက်ချင်းပင် အပွင့်များ၊ အသီးများ ပေါ်လာ၏။ အသီးများမှာ အကိုင်း ၃ ကိုင်းပေါ်တွင် ရွှေဝါရောင်တစ်ကိုင်း၊ အပြာရောင်တစ်ကိုင်း၊ အစိမ်းရောင်တစ်ကိုင်း သီးနေသည်ကို အံ့သြဘွယ်ရာတွေ့ရလေ၏။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

အိမ်ရှေ့မင်းသားကြည့်နေစဉ် ဝက်ဝံကြီးက ပဌမအဝါသီးများကို စားလိုက်ရာ နတ်ဝတ်တန်ဆာဖြင့် ချောမောလှပသော နတ်သားကလေးဖြစ်သွားလေ၏။ တဖန် အပြာသီးကို စားလိုက်ရာ မျောက်အိုကြီးအသွင် ကူးပြောင်းသွားပြန်လေ၏။ နောက်ဆုံးကျန်သော အစိမ်းသီးများကို စားလိုက်သောအခါတွင်မူကား ကြက်တူရွေးအစိမ်းကလေးဖြစ်ကာ ပျံသွားလေ၏။ ထိုအခြင်းအရာကို မြင်ရသောအခါ အိမ်ရှေ့မင်းသားသည် မိမိအား လွတ်မြောက်ရန် ညွှန်ပြခြင်းပင်ဖြစ်မည်ဟုသိ၍ အဝါရောင်သရက်သီး အနည်းငယ်၊ အပြာရောင်သရက်သီးအများအပြားနှင့်အစိမ်းရောင်သရက်သီးတစ်လုံး ခူးယူလိုက်လေ၏။ အစိမ်းရောင်သရက်သီးကို စားလိုက်သောအခါ ချက်ချင်းပင် ကြက်တူရွေးဖြစ်သွားပြီး နန်းတော်သို့ပြန်ခဲ့လေသည်။ လူအဖြစ် ပြန်ပြောင်း၍ နန်းတွင်းသို့ ဝင်လတ်သော် အကောက်ကြံကြသော မင်းသားများလည်း ဝိုင်းဝန်းတောင်းပန်ကြလေ၏။ မင်းသားကြီးကလည်း "မတော်တဆ ဖြစ်သည်မို့ မိမိအနေနှင့်ခွင့်လွှတ်ပါသည်"ဟု ရယ်မောကာ ပြန်ပြောလေ၏။

တနေ့တွင် မင်းသားကြီးက ပါလာသော သရက်သီးများကို ခွဲစိတ်၍ ၎င်းအပေါ် အကောက်ကြံသူများမှန်လျှင် အပြာရောင်အသီးများကို စားမိစေ၊ မကြံသူမှန်လျှင် အဝါရောင်သီးများကို စားမိစေ'ဟု အဓိဋ္ဌာန်ပြုလျက် ကျွေးလေ၏။ မင်းသား ၆ ဦး အပါအဝင် မင်းသားကြီးအပေါ် မကောင်းကြံမိသူများမှာ အပြာရောင်အသီးများကို စားမိကြသဖြင့် မျောက်ထီးမျောက်မများ ဖြစ်ကုန်ကြလေ၏။ စိတ်ကောင်းရှိသူများမှာမူ အဝါသီးကို စားမိသဖြင့် နတ်သမီး နတ်သားတမျှ လှပချောမောသည့်အသွင် ကူးပြောင်းကုန်ကြလေ၏။ ခမည်းတော် ကွယ်လွန်သောအခါ မင်းသားကြီးလည်း ထီးနန်းကို သိမ်းပိုက်ပြီး တရားနှင့်အညီ တိုင်းပြည်ကို အုပ်စိုးလေသတည်း။

# နို့စို့ပြီးပြီအမေ

(ဘူးယော့မာ)

လွန်လေပြီးသောအခါ ပလောင်ရွာတစ်ရွာ၌ အမျိုးသမီးတစ်ယောက်ရှိ၏။ ထိုအမျိုးသ မီး၏ အမည်မှာ 'အီတောင်း'ဖြစ်၏။ အီတောင်း၌ လှပဝဖြိုးသော နို့စို့အရွယ် သားယောကျ်ားကလေးတစ်ယောက်ရှိ၍ မိခင်အီတောင်းသည် သာအား ချစ်၍ မဝနိုင်ပေ။

တစ်နေ့သောအခါ အီတောင်း၏သားငယ်သည် ရုတ်တရက် ဖျားနာပြီး သေဆုံးသွားလေ၏။ မိခင်အီတောင်းမှာ ချစ်မဝနိုင်သော သားငယ်၏စိတ်ဖြင့် သောကမီး တောက်လောင်ရလေတော့သည်။ နေ့စဉ်နှင့်အမျှ ငိုယို၍ သားငယ်၏ အလောင်းမြှုပ်နှံရာ သုသာန်သို့သွားပြီးလျှင် သားငယ်အား ရည်မှန်း၍ နို့ရည်များကို ပန်းကန်တွင် ညှစ်ပြီးထားခဲ့လေ၏။

အီတောင်းလည်း သားငယ်အား ချစ်သည့်ဇောဖြင့် နေ့စဉ်နေ့တိုင်း သုသာန်သို့သွား၏။ အားရအောင် ငို၏။ ငို၍ အားရသော် ပန်းကန်ငယ်တွင် နို့ရည်ညှစ်၍ ထားခဲ့လေ၏။

တစ်နေ့သောအခါ အားရအောင် ငိုယိုပြီး၍ ပန်းကန်ငယ်တွင် နို့ရည်ညှစ်နေခိုက် စော်ဘွားစားရှက် ချုံတစ်ခုမှ ပိုးကောင်ကြီးတစ်ကောင်သည် ချုံအတွင်းမှ ရုတ်တရက်ခုန်ထွက်လာပြီးလျှင် အီတောင်း၏ အသားမြတ်ကို တအားငုံပြီး စို့လေတော့၏။ ခါ၍ချသော်လည်း စော်ဘွားစားရှက်ပိုးကောင်ကြီးသည် မြဲမြံစွာ ငုံခဲ၍ထားပြီးလျှင် အီတောင်း၏ နို့ကိုစို့နေလေတော့သည်။

ပိုးကောင်ကြီးမှာ နေ့စဉ်နှင့်အမျှ အီတောင်း၏ နို့ကိုစို့၍ ဝဖြိုးလာရာ ခေါင်းအုံးပမာဏခန့် ကြီးမားဝဖြိုးလာပေပြီ။ အီတောင်းခမျာမှုကား တဖြည်းဖြည်း သွေးသားကုန်ခန်း၍ရင်း၊ ပိုးကောင်ကြီး တွယ်ကပ်နေသဖြင့် စိတ်ဒုက္ခခံစားရသဖြင့် ၎င်း ၂လ ၃လမျှကြာသော် များစွာပိန်ချုံးလာလေတော့သည်။

ထိုသို့နို့ရည်ကုန်ခန်းပြီး စိတ်ညစ်နေသော အီတောင်းလည်း ခေါင်းအုံးပမာဏမျှကြီးသော ပိုးကောင်ကြီးကို ပိုက်၍ ချောင်းတစ်ခု၏ဘေးတွင် ထိုင်ပြီး ငေးမောနေမိ၏။ ထိုအခိုက် ရုတ်တရက် ပိုးကောင်ကြီးသည် ပါးစပ်ဟာပြီးလျှင် "ဘူးလော့မာ"ဟု စကားပြောလိုက်၏။ အီတောင်းလည်း လန့်ပြီးလျှင် ပိုးကောင်ကြီးကို လက်ဖြင့် ပုတ်ချလိုက်ရာ ပိုးကောင်ကြီးသည် ချောင်းထဲသို့ ကျသွားလေတော့၏။ ယခုအခါ ကာလ ရွေ့လျောသဖြင့် "ဘူးလော့မာ"ဟုပြောဆိုလာကြလေသည်။

"ဘူး"မှာ ပလောင်ဘာသာစကားအားဖြင့် နို့၊ "ယော့" မှာပြီးပြီ။ "မာ" မှာအမေဖြစ်

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

၏ ။

“ဘူးယော့မာ” ဆိုသော ပိုးကောင်ကြီး ပြောသွားသည့်စကားမှာ “နို့စို့ပြီးပြီအမေ”ဟူ၍ ဖြစ်ပါသတည်း။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အဘလု

ရှေးအခါက မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသော လင်မယား ၂ဦး တွင် 'အဘလု'အမည်ရှိသားတစ်ဦးရှိလေသည်။ အဘလုသည် နေ့စဉ်နှင့်အမျှ ဖခင် တောလိုက်ရာသို့ လိုက်ပါ၍ ကူညီလုပ်ကိုင်ပေးဖေါ်ရသည်။ သို့သော် အဘလုသည် အလွန်အသော သူငယ်ဖြစ်သဖြင့် သူ ကူညီသမျှမှာ အရာမရောက်ပေ။

တစ်နေ့တွင် သားအဖ ၂ ဦး တောပစ်သွားစဉ် ပစ်ခတ်ရမိသော သားကောင်ကို ဖျက်ရန် ဓားပါမလာသဖြင့် အိမ်သို့ ပြန်ယူခိုင်းလိုက်သည်။ အဘလုသည် ဓားကိုပင် အမည် မမှတ်နိုင်သဖြင့် အိမ်အပြန် တစ်လမ်းလုံး "ဘုတ်၊ ဘုတ်"(ပလောင်ဘာသာအားဖြင့် ဓားကို ဘုတ်ဟုခေါ်သည်)ဟုရေရွတ်လာသည်။ လမ်းတွင် သစ်ပင်ထက်မှ ကျီးများက "အား–အား"ဟု အော်သံကို ကြားသောအခါ ထိုအသံကို စိတ်ဝင်စားသွားပြီး အဘလုသည် "အား–အား"ဟုရွတ်ဆို၍ အိမ်သို့ပြန်လာလေ၏။ အိမ်တွင် မိခင်အားဖခင်က "အား–အား" အယူခိုင်းလိုက်သည်ဟုပြောရာ မိခင်က နားမလည်၍ တစ်ခေါက် ပြန်မေးခိုင်းလိုက်လေ၏။ ဤတစ်ခေါက်တွင်လည်း လမ်းမှ ချိုးကူသံကို ကြားပြီး"ဘုတ်၊ ဘုတ်" ဟူသောအခေါ် အဝေါ်ကို မေ့သွားကာ "ကူကူ"ဟု ရွတ်ဆို၍ ပြန်လာသဖြင့် မိခင်မှာ ဘာကိုပေးလိုက်ရမှန်းမသိဘဲ တစ်ခေါက်ပြန်လွှတ်လိုက်ရပြန်လေသည်။ ဤတွင် ဖခင်ဖြစ်သူမှာ စိတ်မရှည်နိုင်တော့ဘဲ အဘလုအား ရရှိထားသောသားကောင်ကို သူများမယူရန် စောင့်ရှောက်နေရစ်ရန်နှင့် ဆူညံခြင်းမပြုဘဲ တိတ်တိတ်နေရန် မှာထားခဲ့ပြီး ဓါးယူရန် ကိုယ်တိုင် အိမ်ပြန်သွားလေ၏။

ဖခင်ပြန်သွားလျှင် အဘလုသည် ခဏတာမျှ တိတ်ဆိတ်စွာနေသည်။ ပတ်ဝန်းကျင်မှ ကျေးငှက်များ မြည်တွန်သံကို ကြားလျှင် "သင်တို့ ဆူမနေကြပါနဲ့၊ ကျွန်ုပ်တို့ရဲ့သားကောင်ကို သူများတွေ လာယူကုန်ပါလိမ့်မယ်"ဟု အော်ဟစ်ငေါက်ငန်းနေလေသည်။ အဘလု၏အသံကို အနီးအနားရှိ အခြားမုဆိုးများကြားသွားသောအခါ အဘလုမှန်း သိ၍ သားကောင်ကို ဖျက်ပြီး ဝေယူသွားကြလေ၏။ ဖခင်ပြန်လာသောအခါ သားကောင်ကို မတွေ့ရဘဲ အရိုးနှင့်ဝမ်းတွင်း သားများသာ ကျန်တော့သည်ကို မြင်ရ၍ အဘလုအား မြည်တွန်တောက်တီးယင်း အိမ်သို့ ပြန်လာခဲ့ကြရလေသည်။

နောက်ရက် သားအဖ ၂ယောက် သားကောင်ကြီးတစ်ကောင်ရပြန်သောအခါ ဖခင်က အဘလုအား သားကောင်ကို မစောင့်စေဘဲ အိမ်သို့ နိုင်သမျှ ပို့နှင့်စေလေ၏။ ပို့စေရာတွင် ဖခင်ဖြစ်သူက အဘလုအား "သူများတွေ တောင်းရမ်းလျှင် နည်းနည်းပါးပါးသာပေး" ဟုမှာကြားလိုက်၏။ လမ်းတွင် ဆူးနှင့်ငြိသောအခါ အဘလုသည် အသားတောင်းသည် ထင်၍ ဖခင်မှာ

သည့်အတိုင်း အသားအနည်းငယ် ဖြတ်ပေးလိုက်လေ၏။ ခြံစည်းရိုး၊ သစ်ကိုင်းစသည်တို့နှင့် ထိမိတိုင်း ဖြတ်ဖြတ်ပေးခဲ့ရာ အိမ်သို့ရောက်သောအခါ ယူလာသောအသားအနည်းငယ်ပင် မကျန်တော့ပေ။

အဘလု၏မိုက်မဲခြင်းကို ဖခင်ဖြစ်သူသည် သည်းသည်းမခံနိုင်တော့သဖြင့် အိမ်မှနှင်ချလိုက်လေ၏။ စဉ်းစားဆင်ခြင်ဉာဏ်နည်းသော အဘလုလည်း တောထဲသို့ရောက်သောအခါ ဟိုဟိုဒီဒီ ရှာမစားတတ်သဖြင့် တောထဲ၌ပင် အစာပြတ်ပြီး သေဆုံးသွားလေသတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ချဉ်စော်ကားသီး
(အပူမ်ပလေမတ်ဖါဝ်)

ပုဂံဘုရင်များရှိစဉ်အခါက တောင်ပိုင်ပလောင်အမျိုးသားတို့သည် နှစ်စဉ်နှစ်တိုင်း ပုဂံပြည်သို့ ဘုရားဖူးသွားကြယင်း လက်ဆောင်များနှင့် နန်းတော်သို့လည်း ဝင်လေ့ရှိကြသည်။

တစ်နေ့သောအခါ တောင်ပိုင်နမ့်ဆမ်မှ တာတိုင်းစိန်းခေါင်းဆောင်သော ဘုရားဖူးအဖွဲ့တစ်ဖွဲ့သည် မိမိတို့နယ်မှထွက်သော အသီးအနှံနှင့်ပန်းမာလ်ပေါက်ပေါက်တို့ကို စုဆောင်းသယ်ယူကြကာ ပုဂံပြည်သို့ ဘုရားဖူး သွားကြလေသည်။

တာတိုင်းစိန်းတို့ ပုဂံပြည်သို့ရောက်သောအချိန်မှာ ဂန္ဓာလရာဇ် တရုတ်ပြည် ဥတည်မင်း၏ တရုတ်ပညာရှိ ၃ ဦး ပုဂံပြည်သို့ရောက်ရှိနေခိုက်ဖြစ်သည်။ တရုတ်ပညာရှိတို့သည် ပုဂံမင်းအား "တစ်ဖက်က အစားအသောက်ကောင်းများ စားပြသည့်အခါ တစ်ဖက်က တံတွေးမမျိုစတမ်း ပြိုင်လိုပါသည်"ဟု ကမ်းလှမ်းထားကြလေသည်။ ပုဂံမင်းလည်း မငြင်းသာသဖြင့် ပြိုင်ယှဉ်ရန် သဘောတူပြီးလျှင် ၇ ရက် ခွါပြီး ချိန်းဆိုလိုက်လေသည်။

ချိန်းဆိုသည့်ရက်မတိုင်မီ ဂန္ဓာလရာဇ်တိုင်းနှင့်အစားပြိုင်ရာမှာ တံတွေးမမျိုစတမ်း (သွားရည်မယိုစတမ်း) မည်သူပြိုင်နိုင်မည်ကို အရှေ့၊ အနောက် ၊ တောင်၊ မြောက် လေးပြင်လေးမျက်နှာ၌ မောင်းလှည့်လည်ခတ်လေသည်။ တာတိုင်းစိန်တို့အဖွဲ့လည်း မောင်းခတ်သောကိစ္စကို ကြားသိရပြီး နောက်တစ်နေ့တွင် နန်းတွင်းသို့ အခစားဝင်ကြကာ တောင်ပိုင်မှ ပါလာသော သစ်သီးဝလံ ပန်းမာလ်တို့ကို မင်းကြီးထံ ဆက်သကြလေသည်။ ထိုအခါ မင်းတရားကြီးက ပလောင်အမျိုးသား အစားအစာများတွင် တစ်ဦးက စားနေကာမျှနှင့် အခြားတဦးက တံတွေးမမျိုဘဲမနေနိုင်လောက်အောင် အရသာထူးသည့် အစာများ ရှိပါသလားဟုမေးတော်မူလေသည်။ ထိုအခါ တာတိုင်းစိန်းက "ရှိကြောင်းပါ ဘုရင်မင်းမြတ် ဤအသီးကို မတ်ဖါဝ်ဟုခေါ်ပါသည်၊ (ရှမ်းအခေါ် 'မတ်'သည် အသီး ဝါ ပလောင်အခေါ်တွင် ရဲရင့်ခြင်းကို ဆိုလိုပါသည်) ဤအသီးကို သူတစ်ဦးက စားလျှင် အခြားသူများက သွားကျိန်းလောက်အောင်ဖြစ်ပြီး တံတွေးကို ထိန်းမရဘဲ မျိုချရကြောင်းပါဘုရား" စသည်ဖြင့် သံတော်ဦးတင်လေသည်။

ထိုအခါ ပုဂံဘုရင်သည် ပလောင်အမျိုးသားများ တင်ဆက်သော သစ်သီးများအထဲမှ မတ်ဖါဝ်အမည်ရှိသည့်အသီးကို ချက်ချင်းဆက်ရန်အမိန့်ရှိလေသည်။ မှူးမတ်တို့က မင်းကြီးကို ဆက်ကြသည်။ မင်းကြီးကိုယ်တိုင် ကိုင်တွယ်ရှုစားပြီး အလုပ်အကျွေးများကို ဆားနှင့်ပန်းကန်ယူခိုင်းကာ မိမိ၏ အနီးတွင် ခွဲစေလေတော့သည်။ ယင်းအသီးကို ခွဲနေချိန်တွင်ပင် မင်းတရားကြီးကိုယ်တော်တိုင်သည် မခံမရပ်နိုင်လောက်အောင် သွားများ ကျိန်းခြင်း၊ တံတွေးများ မျိုချခြင်း အဖြစ်သို့ရောက်ရလေသည်။ ကိုယ်တော်တိုင် ကောက်ယူ၍ ဆားနှင့်တို့ပြီး မြည်းကြည့်သောအခါ၌ကား ညီလာခံရောက်လာသမျှ မင်းပရိသတ်တို့မှာ မခံရပ်နိုင်လောက်အောင်ဖြစ်ပြီး တံတွေးများ မျိုချကြရကုန်တော့သည်။ ထိုအခါ မင်းတရားကြီးသည် ဤသို့ မိန့်တော်မူလိုက်၏။ ဤအသီးကို ရှမ်းပလောင်တို့က 'မတ်ဖါဝ်'ဟုခေါ်ကြသည်။ ချဉ်လည်း ချဉ်၊ မည်သူမှ မခံမရပ်နိုင်အောင်လည်း ဖြစ်သည်။ ထို့ကြောင့်'ချဉ်စော်ကားသီး' ဟု တွင်စေဟူ၍ အမိန့်ရှိလေသည်။

ဂန္ဓာလရာဇ်တိုင်းသားများနှင့်အစားပြိုင်ရန် ရက်ချိန်းစေသောနေ့တွင်ကား ဂန္ဓာလရာဇ် တိုင်းသားတို့သည် စားဘွယ်သောက်ဘွယ်အမျိုးမျိုးကို ယူလာကြပြီး စားသောက်ပြကြရာ မြန်မာတို့ဘက်မှအမတ်ပညာရှိတို့သည် တံတွေးမမျိုဘဲ အိန္ဒြေရစွာ နေနိုင်ကြလေသည်။ မြန်မာအမတ်သို့အလှည့်ကျရောက်သောအခါ ပလောင်အမျိုးသားများ တင်ဆက်လာသောချဉ်စော်ကားသီးကို တစ်ယောက်တစ်ကိုက်စာခွဲပြီး စားပြကြသဖြင့် ဂန္ဓာလရာဇ်တိုင်းပညာရှိတို့သည် မည်သို့မျှ အောင့်ထား၍မရ၊ သွားရည်များယိုကျ၊ တံတွေးများ မျိုမိကြကာ အရှုံးပေးကြရ လေတော့သည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ယုံတမ်းစကား



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## ယုံတမ်းစကား

ရှေးအခါက ရွာတစ်ရွာတွင် အလွန်အပြောကြွယ်သော'အိုက်ဆန်'ဆိုသည့် ပလောင်အမျိုးသား လူလည်တစ်ယောက်ရှိ၍ အခြားရွာတစ်ရွာတွင်လည်း အလွန်ပင် အကြွားသန်သည့် 'အိုက်မတ်' ဆိုသော ပလောင်အမျိုးသား လူလည်တစ်ယောက်ရှိလေသည်။

အိုက်ဆန် နေသောရွာမှ ရွာသားများသည် မိမိတို့ရွာမှအိုက်ဆန်သည် စကားအရာ၌ အလွန်ပင် အပြောကြွယ်သည်ဟုအသားယူ၍ ပြောကြလေသည်။ ထို့အတူ အိုက်မတ်၏ရွာသူရွာသားများကလည်း မိမိတို့ရွာမှ အိုက်မတ်သည် အလွန်ပင် အကြွားသန်ကြောင်း ပြောကြလေသည်။

သို့ဖြင့် ရွာသူရွာသားများသည် သူ့ရွာသားက သာသည်၊ ငါ့ရွာသားက သာသည်ဟု အငြင်းအခုံ ဖြစ်ကြတော့သည်။ ဤသည်ကို အိုက်ဆန်နှင့်အိုက်မတ်တို့ သိကြလေရာ "ယုံတမ်းစကားပြိုင်ပြောမည်၊ မယုံသောသူက ကျွန်ခံတမ်း"ဟု နှစ်ဦးသဘောတူ ပြောဆိုဆုံးဖြတ်ပြီး ရက်ချိန်းလိုက်ကြလေသည်။

၎င်းတို့ ချိန်းဆိုထားသော ရက်သို့ ရောက်ကြသောအခါ စကားအရာ၌ အလွန်အပြောကြွယ်သော အိုက်ဆန်က. . .

"ငါဟာ ဆောင်းရာသီရဲ့သာယာတဲ့နေ့တစ်နေ့မှာ အဖော်များနဲ့ ထင်းခုတ်သွားရာ ပျင်းတာနဲ့ လွယ်အိတ်ထဲမှ ပုလွေကို ထုတ်ပြီး မှုတ်လိုက်တယ်၊ အဲဒီအခါ အသံများဟာ အေးလွန်းတာနဲ့ ခဲပြီး အပြင်သို့ ထွက်မလာဘူး၊ ဒီလိုအသံများ ထွက်မလာတာနဲ့ တစ်နေ့ ထွက်လာနိုး ထွက်လာနိုးနှင့် စောင့်နေတာ နွေရာသီ ရွှေဖီလက်ဖက်ခူးချိန်ရောက်မှ ပုလွေထဲက အသံများ အရည်ပျော်ပြီး သာယာစွာ ထွက်လာတယ်၊ အဲတာကို ယုံရဲ့လား" ဟုအိုက်မတ်အား မေးလေသည်။ အိုက်မတ်ကလည်း မယုံပါဟုပြောလျှင် ကျွန်ခံရမည်စိုး၍ ယုံပါသည်ဟုပင်ပြောလိုက်လေသည်။

အိုက်ဆန်ပြောပြီး အိုက်မတ်အလှည့်သို့ရောက်သောအခါ အလွန်အကြွားသန်သော

အိုက်မတ်က . . .

“တစ်နေ့သောအခါမှာ ပျင်းပျင်းရှိတာနဲ့ ငါဟာ ငါ့အဖေရဲ့လေးနဲ့မြားများကို ယူပြီး တောလိုက်ထွက်ခဲ့တယ်၊ တောထဲတစ်နေရာရောက်တဲ့အခါမှာ သစ်ပင်တစ်ပင်ပေါ်တက်ပြီး သားကောင်များကို ချောင်းနေတယ်၊ ခဏကြာတော့ ငါတက်ချောင်းနေတဲ့ သစ်ပင်ရဲ့ရှေ့တည့်တည့်မှာ ကျားကြီးတစ်ကောင်ကို တွေ့ရတယ်၊ သစ်ပင်ရဲ့နောက်မှာလဲ ချေ(ဂျီ)တစ်ကောင်ကိုတွေ့ရတယ်၊ ဒါနဲ့ငါလဲဘယ်အကောင်ကိုပစ်ရမှန်းမသိဘဲစဉ်းစားနေတုန်းငါတက်နေတဲ့သစ်ပင်ပေါ်က ပျားအုံထဲက ပျားတစ်ကောင် ထွက်လာပြီး ငါ့ရဲ့လက်ကို လာတုတ်လို့လန့်ပြီး လေးတင်ထားတဲ့ခလုတ်ကို ဆွဲမိလိုက်တာ အဲဒီမြားတစ်စင်းထဲဟာ ပြင်းပြင်းထန်ထန်ထွက်သွားပြီး ကျားရော ကျားနှင့်တော်တော်ဝေးသေးတဲ့ ချေ(ဂျီ)ကိုပါထိပြီး ဖုံးဖုံးလဲ သေစေတယ်၊ အဖေ့ဒူးလေးရဲ့ နောက်ကန်အားကြောင့် ငါလဲသစ်ပင်ပေါ်ကလှန်ကျသွားတာ တောကြက်ဥတွေအပေါ်မှာ ပလက်ဖြစ်နေတယ်၊ နောက်ပြီး ပါးစပ်အဟောင်းသားနဲ့သစ်ပင်ပေါ်ကိုကြည့်လိုက်တော့ ပျားရည်တွေဟာ ငါရဲ့ပါးစပ်ထဲကို တတောက်တောက်နဲ့ ကျလာတယ်၊ အဲဒါမင်းယုံရဲ့လား”ဟု အိုက်ဆန်အားမေးရာ မယုံပါဟုပြောလျှင် ကျွန်ခံရမည်စိုး၍ အိုက်ဆန်လည်း ယုံပါတယ်ဟု ပြောလိုက်လေသည်။

ဤကဲ့သို့ သူတို့နှစ်ယောက် ယုံတမ်းစကား ပြောနေရာသို့ အလွန်ကြီးသော ပလိုင်းကြီးကိုလွယ်ထားသည့် လူစိမ်းတစ်ယောက် ရောက်လာသည်။ ထိုလူကြီးက “မင်းတို့လိုဘဲ ငါလဲ ယုံတမ်းစကား ပြောချင်တယ်”ဟု ဆိုသောကြောင့် အိုက်ဆန်နှင့်အိုက်မတ်လည်း ပြောပါဟု ခေါင်းညိတ်လိုက်လေသည်။ အိုက်ဆန်နှင့်အိုက်မတ်၏ ခွင့်ပြုချက်အရ ထိုလူစိမ်းက . . . .

“ငါဟာ နှစ်စဉ်နှစ်တိုင်း ငါ့ရဲ့ယာတောမှာ ဖရုံသီးများကို စိုက်တယ်၊ ဒီနှစ်မှာ ထူးထူးခြားခြား ဖရုံသီးကြီးတစ်လုံးသီးလာပြီး အဲဒီဖရုံသီးထဲက လူနှစ်ယောက် ထွက်လာတယ်၊ အဲဒီလူနှစ်ယောက်ကို ငါရဲ့အိမ်မှာ အခိုင်းအစေအဖြစ်နဲ့ထားရာမှ ထွက်ပြေးလို့ ငါလိုက်ရှာနေတယ်၊ ဒီနေ့မှ အဲဒီလူနှစ်ယောက်ကို တွေ့ရတယ်၊ အဲဒီ လူနှစ်ယောက်ဟာ မင်းတို့ဘဲဖြစ်တယ်။ ယုံကြရဲ့လား” ဟု အိုက်ဆန်နှင့် အိုက်မတ်အား မေးလိုက်သည်။ အိုက်ဆန်နှင့်အိုက်မတ်သည် ယုံပါသည်ဆိုလျှင်လည်း ၎င်း၏အခိုင်းအစေအဖြစ် လိုက်သွားရမည်၊ မယုံပါဘူးဟု ပြောလျှင်လည်း ၎င်းလူစိမ်း၏ကျွန်ဖြစ်ရပေမည်၊ မည်ကဲ့သို့မှ အဖြေမပေးတတ်ဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်၊ ဤတွင် လူစိမ်းသည် ၎င်းတို့နှစ်ယောက်ကို ပလိုင်းကြီးထဲ ထည့်ပြီး အိမ်တွင် ခိုင်းစေရန် ခေါ်သွားလေသတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# သူများလိုလိုက်မလုပ်နဲ့

(မာယ်ယှိုင်ဘီ)

ရှေးအခါက ပလောင်ရွာတစ်ရွာတွင် အလွန်ဆင်းရဲသော လူတစ်ယောက်ရှိလေသည်။ ထိုလူဆင်းရဲလည်း ဆင်းရဲခြင်းမှလွတ်ကင်းရန် အမျိုးမျိုး ကြံစည်စိတ်ကူးတော့သည်။

ထိုရွာနှင့် အတန်ငယ်ဝေးသော တောအုပ်၌ ပညောင်ပင်ကြီးတစ်ပင်ရှိလေသည်။ ထိုပညောင်ပင်ကြီးကို အမှီပြု၍ မျောက်အုပ်ကြီးတစ်အုပ် နေထိုင်လေသည်။

တောတွင်းသို့ လှည့်လည်သွားလာကြသူများသည် ဤပညာင်ပင်ကြီးအနီးသို့ မသွားရဲကြ၊ ဤပညာင်ပင်ကြီးအနီးဖြတ်သွားလျှင် မျောက်များသည် ဝိုင်းဝန်းကိုက်သတ်လေ့ရှိသောကြောင့်ဖြစ်သည်။

သို့ရာတွင် ဤမျောက်အုပ်ကြီး၌ ရွှေအိုးငွေအိုးများ ရှိသည်။ ဤအကြောင်းကို သိသော လူဆင်းရဲလည်း သေချင်လျှင် သေပစေဟု ဆုံးဖြတ်ပြီး မျောက်များအိပ်သော ညအချိန်၌ တိတ်တဆိတ်သွားကာ ညောင်ပင်ရင်းသို့ ဝင်လေသည်။ သူ့တစ်ကိုယ်လုံး ပျားရည်၊ ထောပတ်များ လိမ်းကျံပြီးလျှင် သေချင်ဟန်ဆောင်နေလိုက်သည်။

နံနက်မိုးသောက် အလင်းသို့ရောက်လျှင် ပျားရည်နှင့်ထောပတ်အနံ့ရသော မျောက်တို့လည်း အောက်သို့ ဆင်းလာကြလေသည်။ အကြီးဆုံးမျောက်အိုကြီးက ရွှေအိုးနှင့်ငွေအိုးကို အောက်သို့ချလာခဲ့သည်။

ရွှေအိုးနှင့်ငွေအိုး မြေပြင်သို့ ရောက်လေလျှင် လူဆင်းရဲလည်း သေချင်ဟန်ဆောင်နေရာမှ မျောက်များအား ရုတ်တရက် ချောက်လှန့်၍ ရွှေအိုးနှင့်ငွေအိုးကို ကောက်ယူပြီးလျှင် တဟုန်တည်း ပြေးလေတော့၏။ မျောက်များမှာ ရုတ်တရက် အံ့အားသင့်နေပြီးမှ လိုက်ကြရသည်ဖြစ်၍ လူဆင်းရဲကို မမီလိုက်ကြတော့ချေ။ ဤသို့ဖြင့် လူဆင်းရဲမှာ ချမ်းသာလာလေတော့၏။

ဤသို့ နေ့ချင်းညချင်း ချမ်းသာလာသည်ကို မြင်ရသော အခြားအိမ်နီးချင်းတစ်ဦးမှာ အလွန်အံ့သြ၍ မည်သို့ချမ်းသာလာကြောင်း မေးလေ၏။ လူဆင်းရဲလည်း မိမိ မည်သို့လုပ်ကိုင်၍ ရွှေအိုးငွေအိုးကို ရလာကြောင်း ပြောပြလေ၏။

ဤစကားကိုကြားလျှင် ထိုအိမ်နီးချင်း ရွာသားလည်း တောအုပ်တွင်းသို့ သွား၍ ကိုယ်ကို ပျားရည်၊ထောပတ်များ လူးပြီးလျှင် နေ့အချိန်တွင်ပင် ပညောင်ပင်ကြီးအနီးသို့ ချဉ်းကပ်လေတော့၏။

ရွှေအိုးနှင့်ငွေအိုး ပါသွား၍ ဒေါသဖြစ်နေသော မျောက်အုပ်ကြီးလည်း ထိုသူကိုမြင်လျှင် ယမန်နေ့က ငါတို့ ရွှေအိုးနှင့်ငွေအိုး ယူသွားသူဖြစ်သည်ဟုထင်၍ သစ်ပင်ပေါ်မှ ရုတ်တရက် ဆင်းလာကြပြီးလျှင် ဝိုင်းဝန်း၍ ကိုက်သတ်ကြလေတော့သည်။ ထို့ကြောင့် သူများ လုပ်တိုင်း သူများလို လိုက်မလုပ်နှင့် (မာယ်ယိုင်ဘီ)ဟုပြောဆိုဆုံးမကြလေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



# မောင်ကောက်နှင့် မောင်ဖြောင့်
(အကောက်ဂါရ်အဆိုဝ်)

ရှေးလွန်လေပြီးသောအခါ ရွာတစ်ရွာတွင် မောင်ကောက်ဆိုသူနှင့်မောင်ဖြောင့် ဆိုသူတို့ ရှိကြ၏။ တစ်နေ့သောအခါ မောင်ကောက်သည် မောင်ဖြောင့်ထံသို့ သွား၍ မိမိကဲ့သို့ ကောက်ကွေ့ရန် သင်ပေး၏။ မောင်ဖြောင့်မှာ မောင်ကောက်၏စကားကို မနာယူဘဲ ဖြောင့်မြဲပင် ဖြောင့်နေ ၏။

တစ်နေ့သောအခါ မောင်ကောက်သည် မောင်ဖြောင့်ကို ခေါ်၍ တောင်ယာသမားများအသုံးပြုသော ပစ္စည်းများကို ပြ၏။ မောင်ကောက်သည် မောင်ဖြောင့်အား မားကောက်၊ ပေါက်ပြား၊ တံဇင်တို့ကိုပြ၍ "ဤအရာများကို ကြည့်ပါ မောင်ဖြောင့် လူဆိုတာ ဖြောင့်နေလို့ မရဘူး။ ကောက်မှ စားရတယ်၊ မားကောက်၊ ပေါက်ပြား၊ တံဇင်တို့ကို ကြည့်ပါလား၊ ကောက်မှ အလုပ်, လုပ်လို့ရတယ်" ဟုပြော၏။ မောင်ဖြောင့်မှာကား ဖြောင့်မြဲ ဖြောင့်နေ၏။

မားကောက်၊ ပေါက်ပြား၊ တံဇင်တို့ကိုပြ၍ မောင်ဖြောင့်အား နားချ၍ မရလေလျှင် လယ်သမားများ အသုံးပြုသော ထွန်လက်ကိုင်ကောက်၊ ထွန်သွားတပ်ရာ ထွန်းတုံးကောက်၊ ထမ်းပိုးကောက်တို့ကို ပြပြန်၏ "ငါ့လူ ဤအရာတို့ကို ကြည့်ပါလား၊ မကောက်လျှင် အလုပ်,လုပ်ကိုင် စားသောက်၍မရ" ဟုဆိုပြန်၏။ မောင်ဖြောင့်မှုကား ဖြောင့်မြဲ ဖြောင့်နေ၏။

သို့ဖြင့် တစ်နေ့သောအခါ မောင်ကောက်နှင့်မောင်ဖြောင့်တို့သည် တစ်ရပ်တစ်ပါးသို့ လက်ဖက်ရောင်းရန် သွားကြ၏။

လက်ဖက်များရောင်း၍ အရပ်သို့ပြန်ကြလေသော် လမ်းခရီး၌ မောင်ကောက်သည် မောင်ဖြောင့်အပေါ် အကောက်ကြံလေတော့၏။

မောင်ကောက်က ယခု မိမိတို့ရွာသို့ ရောက်အောင် သွားကြရမည်မှာ နှစ်ရက်ခရီးမျှ လိုသေးသည်။ ယခုအခါ မောင်ဖြောင့်ကို အကောက်ကြံ၍ 'မောင်ဖြောင့်တွင် ပါသော ငွေနှင့် ပစ္စည်းများကို ယူရချေသော် ငါ့မှာ နှစ်ဆမျှ ချမ်းသာတော့မည်'ဟု ကြံစည်တွေးတော၏။

ညချမ်းအချိန်သို့ ရောက်သောအခါ မောင်ကောက်က မောင်ဖြောင့်အား သတိပေးစကား ပြော၏။ ဤနေရာ ဤအရပ်၌ လူဆိုးသူဆိုး အလွန်ပေါသည်၊ ထို့ကြောင့် သတိဝီရိယနှင့် နေကြရမည်ဟု မောင်ဖြောင့်အား ပြော၏။

မိုးချုပ်လေလျှင် ခရီးလမ်းမတွင်ပင် စခန်းချရန် ရပ်နားကြ၏။ မောင်ဖြောင့်သည် မောင်ကောက်၏သတိပေးစကားကြောင့် စိုးရိမ်ပူပန်မိလေသည်နှင့် သတိကြီးစွာ ထား၍ အိပ်လေ၏။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

မောင်ဖြောင့် အိပ်ပျော်လေလျှင် အကြံသမားမောင်ကောက်လည်း အကြံအစည်ပြုတော့၏။ မောင်ဖြောင့်၏မျက်လုံးအစုံကို တပြိုင်တည်း ထိုးနိုင်ရန် မောင်ဖြင့်၏မျက်လုံးများနှင့် အံကိုက်ဂွင်ကျသည့် သစ်ကိုင်းဂွတစ်ခုကို ယူ၍ အချွန်ပြု၏၊ ထို့နောက်မောင်ဖြောင့်၏မျက်လုံးနှစ်လုံးကို ချိန်ရွယ်၍ ထိုးစိုက်လိုက်လေတော့သည်။

မျက်စိနှစ်လုံးပေါက်၍ အလွန် နာကျင်လှသော မောင်ဖြောင့်လည်း လူးလိမ့်နေရသည့်ကြားမှပင် သူငယ်ချင်းဖြစ်သူ မောင်ကောက်အတွက် စိုးရိမ်ပူပန်ရှာ၏။ ထိုကြောင့် "သူငယ်ချင်းမားပြဟော့–မားပြ၊ လွတ်အောင် ပြေးပေတော့" ဟုအော်ပြောရှာ၏။

မောင်ကောက်မှာကား မောင်ဖြောင့်၏ ငွေနှင့်ပစ္စည်းကို ယူ၍ ပြေးလေတော့သည်။

ရွာသို့ရောက်သောအခါ မောင်ကောက်လည်း လမ်းတွင် လူဆိုးများကိုတွေ့၍ ပြေးခဲ့ရကြောင်း၊ မောင်ဖြောင့်မှာ မည်သို့ဖြစ်နေခဲ့သည်ကို မသိတော့ကြောင်း မောင်ဖြောင့်၏ သားမယားနှင့်ဆွေမျိုးသားချင်းတို့ကိုပါ ပြောလေတော့သည်။

မျက်စိနှစ်လုံးကွယ်ပြီဖြစ်သော မောင်ဖြောင့်လည်း ခြေဦးတည့်ရာသွားလေရာ ညောင်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သွားလေ၏။ ပင်ပန်းနွမ်းနယ်၍ ဒဏ်ရာကလည်း နာကျင်လှသဖြင့် ညောင်ပင်အောက်တွင်ပင် အိပ်ပျော်သွားလေတော့သည်။

နံနက်မိုးသောက် အလင်းသို့ရောက်သော် ညောင်စောင့်နတ်လည်း ထူးဆန်းသောယောကျ်ားကို တွေ့လေသည်။ သို့သော် ဤယောကျ်ားကား သူတော်ကောင်းလော၊ သူယုတ်မာလောဟု ခွဲခြားနိုင်ရန် အိပ်ပျော်နေသော မောင်ဖြောင့်၏ နှာခေါင်းတွင် မြက်ပင်များ ထည့်၍စမ်းသပ်၏။

နှာခေါင်းထဲသို့ မြက်ပင်ဝင်လေလျှင် မောင်ဖြောင့်မှာ ဘုရားကို တ၏၊ မျက်စိဒဏ်ရာမှ နာကျင်လျှင်လည်း မည်သူ့ကိုမျှ စိတ်မနာဘဲ ရှေးဘဝဝဋ်ကြွေးကြောင့်သာ ခံရသည်ဟုမြည်တမ်း၏။

ညောင်ပင်စောင့်နတ်က စမ်းသပ်တိုင်းပင်လျှင် သူတော်ကောင်းတရား ပြည့်ဝပြီးဖြစ်သော မောင်ဖြောင့်သည် ဘုရားကိုသာ အာရုံပြု ၍ တမ်းတ၏။ ခုနစ်ကြိမ်မျှ စမ်းသပ်ကြည့်သော်လည်း ဒေါသမရှိသောအဖြစ်ကို သိမြင်၍ ညောင်စောင့်နတ်သည် မျက်စိအလင်းပြန်ရရန် ဆေးကုသပေးလေသည်။ ထို့နောက် ရွှေတုံးကြီးရှစ်တုံးကိုလည်း ပေးသနားလိုက်လေသည်။

မောင်ဖြောင့်လည်း မျက်စိနှစ်ကွင်း အလင်းရလျှင် အိမ်သို့ပြန်ခဲ့လေ၏။ မောင်ကောက်လည်း မောင်ဖြောင့် ပြန်ရောက်လာသည်ကို မြင်လျှင် ဝမ်းသာအားရဟန်ပြု၍ မည်သို့မည်ပုံဖြစ်ပျက်သည့်အကြောင်းစုံကို မသိဟန်ပြု၍ မေးလေ၏။

မောင်ဖြောင့်လည်း စိတ်သဘောဖြူစင်စွာနှင့်ပင် ညောင်စောင့်နတ်က ကယ်မ၍ မျက်စိ အလင်းရပုံ၊ ရွှေတုံးကြီးရှစ်တုံး ပေးလိုက်ပုံကိုပါ မကွယ်မထောင့်ဘဲ ပြောပြလေ၏။

မောင်ကောက်သည် မောင်ဖြောင့်၏စကားကို ကြားလေလျှင် လောဘစိတ်ဖြင့် မောင်

ဖြောင့်ကဲ့သို့ပင် ရွှေများ ရလို၏ ။

ထို့ကြောင့် ၎င်း၏ မျက်စိများကို ကန်းအောင် ပြု၍ ညောင်ပင်အောက်သို့ ပို့ဆောင်ပေးရန် မောင်ဖြောင့်အား ပူဆာလေ၏ ။

မောင်ဖြောင့်က မိမိတွင် ပါသော ရွှေတုံးများအနက်မှ တစ်ဝက်ကို ယူရန်၊ ဤကဲ့သို့ သောနည်းလမ်းကို မပြုလုပ်ရန် တောင်းပန်၏ ။

လောဘကြီးလှသော မောင်ကောက်လည်း မောင်ဖြောင့်အား ''မင်း ငါခိုင်းသလို လုပ်မလား–မလုပ်ဘူးလား၊ မင်းလုပ်မပေးလျှင် မင်းတို့တစ်အိမ်လုံးသတ်မည်'' ဟုကြုံးဝါးလေတော့ ၏ ။

မောင်ဖြောင့်လည်း ပြော၍မရသော သူငယ်ချင်းမိုက်ကို ညောင်ပင်ဆီသို့ ပို့ရလေတော့ သည်။ သို့သော် သူငယ်ချင်း၏ မျက်လုံးများကိုကား မဖေါက်ရက်ပေ။

မောင်ကောက်လည်း ၎င်း၏ မျက်လုံးများကို စူးငှပြင့် ဖေါက်ရန် မောင်ဖြောင့်အား ပြော၏ ။ သို့သော် မောင်ဖြောင့်က ငြင်းဆန်၏ ။ နောက်ဆုံး၌ စိတ်မရှည်တော့ပြီဖြစ်သော မောင်ကောက်လည်း စူးငှဖြင့် မိမိမျက်လုံးများကို မိမိကိုယ်တိုင် ထိုးဖေါက်လိုက်လေတော့သည်။

မောင်ဖြောင့်ကား စိုးရိမ်ကြောက်ရွံ့စွာဖြင့် အိမ်သို့ပြန်ပြေးလေတော့၏ ။

နံနက် မိုးသောက် အလင်းသို့ရောက်သောအခါ ညောင်ပင်စောင့်နတ်သည် ညောင်ပင် ရင်းသို့သက်ဆင်း၍ ယမန်နေ့ကနည်းတူ လူသားတစ်ဦး ညည်းညူနေသည်ကိုတွေ့ရ၏ ။

ညောင်စောင့်နတ်လည်း သူကောင်းနှင့် သူယုတ်ခွဲခြားလို၍ မောင်ဖြောင့်ရောက်လာစဉ် ကကဲ့သို့ပင် စမ်းသပ်လေရာ နှာခေါင်းထဲသို့ မြက်ပင်ဝင်လျှင်ပင် စရိုက်အတိုင်း ဆဲရေးလေတော့ သည်။

ညောင်စောင့်နတ်လည်း ဆင်း၍ ကြည့်လေလျှင် ယမန်နေ့က သူတော်ကောင်းအား ပြစ်မှားသူဖြစ်သည်ကို သိ၏ ။ သို့သော် မိဘဆွေမျိုးများ ဆိုဆုံးမမှု မရှိ၍သာ ဤသို့မိုက်မဲရသည် ဟု စဉ်းစားမိပြီး မျက်စိနှစ်ကွင်း အလင်းရအောင် ကုသပေးလိုက်လေ၏ ။

ထို့နောက် မျက်စိအလင်းရလာသော မောင်ကောက်အား ညောင်စောင့်နတ်က ''သင် တစ်ဦးတည်းချမ်းသာလိုသလော၊ ဆွေမျိုးသားချင်းအားလုံးပါ ချမ်းသာလိုသလော'' ဟုမေး၏ ။ မောင်ကောက်လည်း ''နတ်မင်း ကျွန်ုပ်နှင့်တကွ ဆွေမျိုးသားချင်း အားလုံးတို့ပါချမ်းသာလိုပါ သည်'' ဟုပြန်ဖြေ၏ ။

''ဤသို့ဆိုလျှင် ကောင်းပြီ၊ အကျွန်ုပ်သည် သင့်အား ရွှေများကိုပေးအံ့၊ သို့သော်လည်း သင်သည် ဆွေမျိုးသားချင်းအားလုံးမစုံလင်မီ ဤတောင်းကို မဖွင့်ပါနှင့်၊ ဤတောင်းသည် သင့် အား ရွှေများလိုသလောက် ရနိုင်ပေလိမ့်မည်၊ သင်တစ်ခုသတိထားရမည်မှာ သင်နှင့်ဆွေမျိုး မ တော်စပ်သူ မှန်သမျှဤတောင်းကို ဖွင့်မကြည့်စေရ'' ဟုညောင်စောင့်နတ်က မှာကြား၏ ။

မောင်ကောက်ကား ညောင်စောင့်နတ်၏ စကားကို ကြားလေလျှင် အလွန်ဝမ်းမြောက်

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ရှင်လန်းနေ၏။ ရွာသို့ အပြန်ပြန်ပြီးလျှင် ၎င်း၏ဆွေမျိုးသားချင်းတို့အား အိမ်သို့ခေါ်၍ စုရုံးစေ၏။ ဆွေမျိုးမတော်စပ်သူများကား အိမ်နားသို့ပင် မသီရပေ။

ဆွေမျိုးသားချင်းများ စုံလေလျှင် မောင်ကောက်လည်း ရွှေတောင်းကြီးကို ဖွင့်လေတော့သည်။ တောင်းထဲတွင်ကား ရွှေတုံးရွှေခဲကြီးများကို မြင်တွေ့ရ၍ မောင်ကောက်နှင့်တကွ ဆွေမျိုးသားချင်းတို့သည် အလွန်ဝမ်းမြောက် ရွှင်မြူးကြ၏။ သို့သော် မကြာမီပင် ရွှေတုံးရွှေခဲကြီးများသည် မြွေကြီးများအဖြစ်သို့ ပြောင်း၍ မောင်ကောက်နှင့်တကွ မောင်ကောက်ကို ငယ်စဉ်က ဆုံးမပဲ့ပြင်မှု မရှိခဲ့သော ဆွေမျိုးသားချင်းများကိုပါ ကိုက်သတ်ကြလေတော့သတည်း။

ebook is created by www.ShanYoma.Org

# အညမ့်၏ ပီယလက်ဖွဲ့

(လဖွဲ့အငြမ်)

ရှေးအခါက အညမ့်ခေါ် ရှမိုင်းရွာသားတစ်ယောက်ရှိ၏။ သူသည် လှိုင်နှောရွာတွင် နေ၏။ အညမ့်တို့ရွာ၌ လက်ဖက်ခင်း မရှိ၊ တောင်ယာကိုသာ လုပ်ကိုင်စားသောက်ကြရ၏။ အညမ့်လည်း သူများနည်းတူ တောင်ယာကို ခုတ်ထွင်ပြီး လုပ်ကိုင်စားသောက်ရသူ ဖြစ်သောကြောင့် ဘယ်အခါမှ ပိုပိုလျှံလျှံ မရှိ၊ ဆင်းရဲလေသည်။

ရွှေဖီပေါ်ချိန်သို့ ရောက်လျှင် အညမ့်သည် လက်ဖက်တောင်သို့ နှစ်စဉ်နှစ်တိုင်း ရောက်လာတတ်ပြီး လက်ဖက်ခူးသည်။ မိုးဖြိုင်ဖြိုင်ကျလျှင် လှိုင်နှောရွာသို့ပြန်ပြီး တောင်ယာကို ဆက်လုပ်လေသည်။

တစ်နှစ်တွင် အညမ့်သည် ရွှေဖီပေါ်ချိန်၌ သူ၏ဇနီးကိုပါ ခေါ်ခဲ့လေသည်။ သို့သော် အတူမနေဘဲ ဇနီးဖြစ်သူကို တစ်ခြားအဖော်များနှင့် စရပ်တွင် ထားလေသည်။

လက်ဖက်ခင်းသို့ရောက်လျှင် အညမ့်လည်း ကာလသားများအား မိမိမှာ ပီယလက်ဖွဲ့များပါသည်၊ လှိုင်နှောရွာ ဆရာဘုန်းကြီးဆီမှ တောင်းယူခဲ့သည်များ ဖြစ်သည်ဟုဆိုပြီး မိမိလုပ်ယူလာသော ပီယလက်ဖွဲ့များကို ပြလေသည်။ အညမ့်မှာ အပြောကောင်းသူဖြစ်သည်။ မိမိ၏ လက်ဖွဲ့များမှာ အလွန်အစွမ်းထက်သည်၊ ယနေ့ညပင် လက်တွေ့ပြမည်ဟု ကာလသားများအား ပြောလေသည်။

ကာလသားများလည်း အလွန်သဘောကျနေကြလေသည်။ ညအချိန်သို့ရောက်လျှင် အညမ့်သည်စရပ်သို့သွား၍ အမျိုးသမီးတစ်ဦး(သူ၏ဇနီး)နှင့်နီးနီးကပ်ကပ်ထိုင်ကာစကားပြောလေတော့သည်။ သန်းခေါင်အချိန်အထိ စကားပြောကြသည်။ ထို့နောက် အမျိုးသမီးမှာ အညမ့်နောက်သို့ လိုက်သွားသည်ကို ကာလသားများ တွေ့လိုက်ရသည်။ ကာလသားများကား အလွန်အံ့သြအားရနေကြသည်။ မိုးလင်း၍ အညမ့်ပြန်လာသောအခါ အညမ့်၏ပီယလက်ဖွဲ့ကို အလွန်အထင်ကြီးကြသောကြောင့် အလုအယက် ဝယ်ယူကြတော့သည်။ လက်ဖွဲ့များ ရောင်း၍ ကောင်းလှသဖြင့် အညမ့်သည် ငွေကြေးအများကြီး ရရှိသွားလေသတည်း။

ebook is created by www.ShanYoma.Org



# တလုပ်စားဘူးသူ့ကျေးဇူး

ရှေးရှေးအခါတစ်ပါးက ရွာတရွာသွင် အလွန်ဆင်းရဲသော လင်မယားနှစ်ယောက်ရှိကြ၏။ ၎င်းတို့တွင် ငယ်ရွယ်သော သားယောကျ်ားကလေးနှစ်ယောက်ရှိ၏။ကလေးနှစ်ဦးမှာ ငယ်ရွယ်လွန်းလှသေးသည်ဖြစ်၍ ဘာမှအကူအညီမရကြသေးပေ။ မိဘများသည် စားရမဲ့သောက်ရမဲ့ ဖြစ်လွန်းလှလေရာ မိမိတို့ရင်သွေးကလေး နှစ်ယောက်ကို ကျွေးမွေးရသောတာဝန်ကို မထမ်းနိုင်ကြတော့ဟုဆိုကာ ကလေးများကို စွန့်ပစ်ရန် ကြိုးစားကြလေသည်။ တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ် ပြုလုပ်နေကြသောအခါ ကလေးများ ရိပ်မိသိရှိသွားကြသည်။ ကလေးများက ဤမျှရက်စက်သော မိဘများနှင့်ဖြင့် အတူမနေလို၊ ဖြစ်သလို ရှာဖွေ တောင်းရမ်းစားသောက်မည်ဟု ဆုံးဖြတ်ကြလျက် တောထဲသို့ ဝင်သွားကြလေသည်။ ညီအစ်ကိုနှစ်ဦး ကလေးတို့ဘာဝအတိုင်း တောထဲ၌ ကစားနေကြစဉ် မြွေကြီးနှစ်ကောင် သတ်တမ်းကစားနေသည်ကိုတွေ့ရလေ၏။ မြွေ နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် တို့ဆိတ်ကိုက်ကစားယင်း တစ်ကောင်နှင့်တစ်ကောင် အသေကိုက်မိသွားလေ၏။ အသက်ရှင်သောအကောင် ထွက်သွားသည့်နောက်သို့ ကလေးနှစ်ဦး လိုက်ကြည့်ကြ၍ ထိုမြွေသည် အရွက်၊ ပင်စည်မှစ၍ အမြစ်အထိ ဖြူဖွေးနေသော အပင်၏အမြစ်ကို ကိုက်ဖြတ်ယူငင်၍ သေနေသောမြွေ၏ပါးစပ်ထဲသို့ ဆေးမြစ်ကို ဝါးထည့်လိုက်ရာ သေနေသောမြွေ အသက်ပြန်ရှင်လာပြီး နှစ်ကောင်အတူ ထွက်သွားသည်ကို တွေ့ရလေလျှင် ကလေးနှစ်ဦးက ဤအပင်သည် သေသူကို ရှင်စေနိုင်သည့်အပင် ဖြစ်မည်ဟု သိရှိ၍ ထိုဆေးမြစ်များကို အိတ်ထောင်ထဲတွင် ထည့်ပြီး ယူလာခဲ့ကြလေ၏။

ညီအစ်ကိုနှစ်ဦး လမ်းလျှောက်ထွက်လာကြရာ ကြောက်မက်ဘွယ်ကောင်းသည့်ဘီလူးကြီးတစ်ဦးနှင့်ရင်ဆိုင်တွေ့ကြတော့၏။ ဘီလူးကြီးသည် ကလေးနှစ်ယောက်ကို အသာပင် ဖမ်းယူ၍ နားပေါက်ထဲတွင် ထည့်ကာ ဟင်းလျာအလို့ငှာ ဘီလူးပြည်သို့ ဖမ်းယူသွားလေ၏။ ဘီလူးပြည်သို့ရောက်လျှင် ကလေးနှစ်ဦးအား ဟင်းလျာအဖြစ် မသုံးသေးဘဲ လွတ်လပ်စွာ လွှတ်ထားလိုက်လေ၏။ ကလေးငယ်နှစ်ဦးမှာမူ ငယ်လွန်းသေးသဖြင့် ကြောက်ရကောင်းမှန်း မသိသေးဘဲ ပျော်ရွှင်မြူးတူးစွာ ပြေးလွှားကစားနေကြလေ၏။ တစ်နေ့တွင် ဘီလူးများမြို့၌ မရှိခိုက် ကလေးနှစ်ယောက်သည် ပြာသာဒ်နှင့်စင်မြင့်တစ်ခုပေါ် သို့ တက်ကြည့်ကြလေ၏။ စင်မြင့်ပေါ်တွင်အလွန်ကြီးသောခေါင်းကြီးတစ်ခုရှိ၍ထိုခေါင်းတွင်း၌ပုပ်ပွနေသောဘီလူးမကြီးအလောင်းကို တွေ့ကြရလေ၏။ ကလေးငယ်နှစ်ဦးသည် ၎င်းတို့တွင် ပါလာသောဆေးမြစ်ကို သတိရပြီး ဆေးမြစ်များကို ထုထောင်း၍ ဘီလူးမကြီးကိုယ်ပေါ် ပက်ဖြန်းလိုက်ရာ၊ ချက်ချင်းပင် ပုပ်ပွနေသော ကိုယ်လုံးကြီးမှာ အကောင်းပကတိ ပြောင်းလဲသွားသည်။ ၎င်းနောက် ပါးစပ်ထဲသို့ ဆေးမြစ်များ ဝါးထည့်လိုက်ပြန်ရာ ဘီလူးမကြီးချက်ခြင်း အသက်ပြန်ဝင်လာသည်ကိုတွေ့ရလေ၏။ ဘီလူးမကြီးသည် ပတ်ဝန်းကျင်ကို အံ့ဩစွာ လှည့်ကြည့်သောအခါ ၎င်းအား သေဆုံးပြီဟူ၍



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

သဂြိုဟ်ရန် ပြင်ဆင်ထားမှန်း သိသဖြင့် ကလေးနှစ်ယောက်အား အကြောင်းစုံ မေးကြည့်လေ၏။ ကလေးနှစ်ယောက်က အဖြစ်စုံကို ပြန်ပြောသောအခါ ဘီလူးမကြီးသည် ဝမ်းသာအားရဖြစ်ကာ ကလေးနှစ်ယောက်ကို ကျေးဇူးတင်မဆုံးဖြစ်နေလေ၏။

ဘီလူးမကြီးမှာ ဘီလူးပြည်၏ဘုရင်မကြီးဖြစ်၏၊ ဘီလူးမကြီးသည် ၎င်း၏အသက် သခင်ကလေးငယ် နှစ်ယောက်ကို ချစ်ခင်ယုယစွာ ကျွေးမွေးထား၏။ ညီအစ်ကိုနှစ်ဦး အရွယ် ရောက်လတ်သော် ဘီလူးဘုရင်မကြီးက သင်တို့သည် လူသားကလေးများ ဖြစ်ကြ၍ လူ့ပြည်၌ နေမှသာ သင့်လျော်သည်ဟု ပြောပြပြီးလျှင် ညီအစ်ကိုနှစ်ဦးကို ကောင်းကင်ခရီးဖြင့် လူ့ပြည်သို့ သယ်ဆောင်သွားလေ၏။ ဘီလူးမကြီးက မင်းမဲ့တိုင်းပြည်နှစ်ပြည်တွင် ညီအစ်ကိုနှစ်ဦးအား တစ်ဦးတစ်မြို့စီချပေးကာ မင်းလုပ်အုပ်ချုပ်စေလေပြီး မိမိကမူ ဘီလူးနိုင်ငံသို့ ပြန်ခဲ့လေ၏။

ညီနောင်နှစ်ဦး မင်း၏စည်းစိမ်ကို ရရှိကြသောအခါ ငယ်စဉ်ဘဝကို ပြန်လည်သတိရ ကြ၍ မိမိတို့အိမ်မှ ထွက်ခွာလာရစဉ်က ကျွေးမွေး ကြည့်ရှုကြသော ရွာသူရွာသားများ၏ ကျေးဇူးများကို ဆပ်ရန် စဉ်းစားမိကြလေ၏။ ညီနောင်နှစ်ဦးသည် ဝါးနှစ်ဆစ်ပါသော ကျည်တောက် တွင် ရွှေနှင့်ငွေတဖက်စီထည့်၍ သင်္ဘောတစ်စင်းတွင် အပြည့်တင်ပြီး စစ်သည်ဗိုလ်ပါ အခြွေအ ရံများနှင့်အတူ ဇာတိရပ်ရွာသို့ လာခဲ့ကြလေ၏။ ရွာရောက်လျှင် အိမ်ပေါက်စေ့ဝါးကျည်တောက် များချထားပေးလေ၏။

မိဘများ၏ အိမ်သို့ရောက်သောအခါ မိဘနှစ်ဦးမှာ ဆင်းရဲစွာ လုပ်ကိုင်စားသောက်နေ ထိုင်ကြရသည်ဟုသိရှိရ၏။ မိမိတို့အပေါ် ရက်စက်ခဲ့သည်ဖြစ်လင့်ကစား အမိအဘဖြစ်သည့် အလျောက် အိမ်ပေါက်တွင် ဝါးကျည်တောက် ၇ ခုချထားပေးခဲ့ပြီး တိုင်းပြည်သို့ သင်္ဘောလွှင့် ပြီး ပြန်သွားကြလေ၏။ မိဘနှစ်ဦးတို့ လယ်တောမှ ပြန်လာကြလျှင် ရွာသူရွာသားများက ဆီး၍ ဝါးကျည်တောက် ၇ ခုပေးခဲ့ပုံနှင့်တကွ အစအဆုံးပြောပြကြလေ၏။ အဘိုးကြီး အဖွားကြီးလည်း နောင်တကြီးစွာ ရလျက် သင်္ဘောဆိပ်သို့ အမြန်သွားရောက်ကြသော်လည်း သင်္ဘောထွက် သွားပြီးဖြစ်သဖြင့် ဝမ်းနည်းပက်လက် အိမ်သို့ ပြန်ခဲ့ကြရလေတော့၏။

# သေရွာသို့

တစ်ခါက ရွာတစ်ရွာတွင် ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသော အဘိုးအိုနှင့်အဖွားအို လင်မယားနှစ်ဦး ရှိသည်။ ၎င်းတို့တွင် အမွေအနှစ်ခံယူမည့် သားချောသားလှတစ်ဦးရှိရာ ထိုကလေးကို အရိပ်တကြည့်ကြည့်နှင့် အလွန်ချစ်ကြလေ၏။ ထိုသို့ ဂရုစိုက်နေကြသည့်အကြားမှ သားအသက်နှစ်ဆယ် ပြည့်သောအခါ ရုတ်တရက် နာမကျန်းဖြစ်ကာ ကွယ်လွန်သွားလေ၏။

အဘိုးအိုနှင့်အဖွားအိုတို့မှာ တစ်ဦးတည်းသောသား ယခုကဲ့သို့ ရုတ်တရက် ကွယ်လွန်သွားသဖြင့် များစွာ ပူဆွေးဒုက္ခဖြစ်လျက် သားကို ပြန်ရှင်စေချင်နေကြလေ၏။ နောက်ဆုံးတွင် လင်မယားနှစ်ယောက် သား၏ဝိညာဉ်ကို တွေ့အောင်ရှာမည်ဟု စိတ်ဆုံးဖြတ်လျက် တွေ့ရာလူကို သေရွာသို့သွားရန် လမ်းမေးကြလေ၏။ တစ်နေ့တွင် အဘိုးအိုတစ်ယောက်က သေရွာသို့ သွားရန် လမ်းညွှန်လိုက်သဖြင့် မသိုးထမင်း မသိုးဟင်းများ ချက်ကာ မဆိုင်းမတွ သေရွာသို့ လိုက်ကြလေသည်။

တစ်နေ့လုံး ခရီးသွားကြ၍ ညနေပိုင်းလောက်အရောက်တွင် သေသောသူများ၏ ဝိညာဉ်များ နေထိုင်ကြသော သေရွာသို့ရောက်ရှိကြလေတော့သည်။ ရွာသို့ရောက်သောအခါ သူကြီးအိမ်ဟု သိရှိရသော အိမ်မြင့်ကြီးတစ်ဆောင်တွင်းသို့ ဝင်သွားကြရာ အိမ်ရှင်သူကြီး လင်မယားက ပျူငှာစွာ နေရာထိုင်ခင်းပေးလေ၏။ သူကြီးက အဘိုးအိုလင်မယား လာကြသည့်အကြောင်းရင်းကို မေးရာ၊ ၎င်းတို့၏ သားနောက်သို့ လိုက်လာကြခြင်းဖြစ်ပါသည်ဟု ပြောပြကြလေ၏။ ရွာသူကြီးက အဘိုးအိုတို့၏ သား ယခုဈေးသွားနေခိုက်ဖြစ်သဖြင့် ခေတ္တမျှစောင့်ရန်ပြောရာ အဘိုးအို လင်မယားလည်း သားကို တွေ့ရတော့မည်ဟူသောအသိဖြင့် ဝမ်းမြောက်ဝမ်းသာစောင့်နေကြလေ၏။ မကြာမီပင် လှေကားပေါ်မှ တက်လာသော ခြေသံကြားသဖြင့် နားစွင့်နေရာ တဖက်ခန်းသို့ ဝင်သွားသံ ကြားလိုက်ရ၏။ အိမ်ရှင်သူကြီးက တဖက်ခန်းသို့ ကူးသွားပြီး ၎င်းတို့၏ သားအား မိဘများက လွမ်းဆွတ်လှ၍ လိုက်လာကြောင်း ပြောလေလျှင် သားလုပ်သူက စိတ်ဆိုးစွာဖြင့် "ဟာ. . .ဒီအဖိုးကြီး အဖွားကြီးကလဲ အခုသူတို့ဘယ်မှာလဲ၊ ဒီကဖြင့် သူတို့ဆီက အကြွေးနှစ်ထောင် ရစရာရှိလို့ သူတို့နဲ့ မတွေ့ချင်ပါဘူး၊ ကြာကြာ နေယင်သူတို့ကို ဝါးစားပစ်လိုက်မိလိမ့်မယ်"ဟု ကြိမ်းမောင်းပြောဆိုလေရာ အဘိုးအိုလင်မယားလည်း တုန်လှုပ်ချောက်ချားသွားကြလေ၏။ ထို့ပြင် သားဖြစ်သူက အကြွေးကျေအောင် လာယူခြင်းဖြစ်သည်ဟု ပြောကြားသွားသည်ကိုလည်း သံဝေဂရလျက် ရွာတွင် တစ်ညမျှသာ တည်းခို၍ နောက်တစ်နေ့ နံနက်တွင်ပင် လူ့ရွာသို့ ပြန်ပြေးကြလေ၏။

(သားသေခြင်း၊ မယားသေခြင်း စသည့် သေခြင်းတရားဆိုသည်မှာ မည်သူမျှမရှောင်ကွင်းနိုင်သော ဓမ္မတာဖြစ်ရိုးဖြစ်စဉ်တစ်ရပ်ဖြစ်သဖြင့် တရားနှင့်သာ ဖြေရာသည်၊ ယခုကဲ့သို့ သေရွာသို့ လိုက်သွားရန် စိတ်မကူးအပ်ပေ။)

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ထင်းရှူးပင်
(အပူမ်တိုင်ဂေဟေ)

ရှေးရှေးတုန်းက သစ်ပင်စောင့်နတ်များသည် အမွှေးအနံ့ ထုံသင်းပြီး အလှအပဆုံးဖြစ်သော သစ်ပင်ကို ရွေးချယ်ကြရန် ညီလာခံလုပ်ကြလေသည်။ ထိုညီလာခံသို့ ထင်းရှူးပင်စောင့်နတ်လည်း တက်သည်။

ဤတွင် ထင်းရှူးပင်က မိမိကိုယ်ကိုမိမိ ကိုယ်ရည်သွေး အမွှမ်းတင်ပြီး "ကျွန်တော်၏ အရွက်များသည် အမြဲစိမ်းစိုနေပါသည်၊ အပ်ဖျားကဲ့သို့ အဖျားများကလည်း ချွန်နေပါသည်၊ အပင်မှထွက်သော အဆီများကလည်း လူသားတို့အား အကျိုးအမျိုးမျိုးပြုပါသည်၊ သို့ပါ၍ ကျွန်တော်သာ အလှဆုံးသစ်ပင်ဖြစ်ထိုက်ပါသည်"ဟု ဝင့်ဝါမောက်ကြွားစွာနှင့် ပြောလေ၏။

ထင်းရှူးပင်ပြောသည်ကိုကြားလေလျှင် ကရမက်၊ နံ့သာနီ၊ နံ့သာဖြူ၊ အကျော်၊ စကားတို့က "ဤမျှလောက် ကိုယ်ရည်သွေးပြီးပြောသူသည် ကျွန်ုပ်တို့နှင့်အတူနေရန် မသင့်၊ ထို့ကြောင့် ကျွန်ုပ်တို့ မပေါက်လို မနေလိုသည့်အအေးပိုင်းအရပ်ဒေသသို့ သင်သွားနေပေတော့" ဟုဆိုကာ ထင်းရှူးပင်ကို ဝိုင်းပယ်နှင်ထုတ်လိုက်ကြလေသည်။

ထိုအချိန်မှစ၍ ထင်းရှူးပင်သည် အအေးပိုင်း တောင်ကုန်းတောင်တန်းထူထပ်ရာ အရပ်ဒေသများ၌သာ သွားရောက်ပေါက်ရလေတော့သည်။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အိုးကြီးလား အိုးငယ်လား

ရှေးအခါက ရွာတစ်ရွာတွင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော အဖိုးအိုနှင့်အမယ်အို လင်မယားနှစ်ယောက် ရှိကြ၏။ ၎င်းတို့သည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း သား ထောက်သမီးခံဟူ၍ တစ်ယောက်မျှ မရှိသည့်အပြင် ကပ်စေးနဲသောကြောင့် ဆေးပေးမီးယူဟူ၍ လည်း တစ်ယောက်တစ်လေမျှ မထားကြပေ။

အဘိုးအိုသည် လောဘကြီးရကား မိမိတို့ပိုင်သောလယ်ကို စာရင်းငှားမထားဘဲ မိမိ တစ်ဦးတည်း ထွန်ယက် လုပ်ကိုင်လေသည်။ အဖွားအိုက အိမ်မှုကိစ္စအဝဝကို စီမံဆောင်ရွက် သည်။

ဤကဲ့သို့ လောဘကြီးသည်နှင့်အမျှ အဘိုးအိုနှင့်အဖွားအိုသည် ရွှေငွေများကို အိုး ကြီးအိုးငယ်ဖြင့် မြှုပ်နှံထားရှိ၍ မိမိတို့အတွက် မသုံးလျှင် မဖြစ်သောကိစ္စများရှိမှသာ အနည်း ငယ်စီ ထုတ်ယူသုံးစွဲလေသည်။

၎င်းတို့ နေထိုင်ကြသောရွာနှင့် မနီးမဝေး ရွာတစ်ရွာတွင်ကား လိမ်လည်သည်ဘက် ၌ အထူးကျွမ်းကျင်၍ နာမည်ကြီးသော လူလိမ်တစ်ယောက် ရှိလေသည်။ ထိုလူလိမ်သည် အဘိုးအိုနှင့် အဖွားအိုတို့ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကြောင်း တစ်ယောက်စကားတစ် ယောက်နားနှင့် ကြားသိရသောအခါ အတိုင်းနှင့်အဖွားအိုထံသို့ သွားရောက်၍ အဖွားအိုထံသို့ သွားရောက်၍ လိမ်လည်ရန် မိမိရွာမှ ထွက်ခဲ့လေသည်။

အဘိုးအို၏ လယ်တောသို့ ရောက်သောအခါ လူလိမ်က မိမိသည် မျက်စိလည် လမ်းမှား ပြီး ဤနေရာသို့ ရောက်လာကြောင်း၊ ထမင်းဆာသောကြောင့် မိမိအား ထမင်းကျွေးပါရန်အ ကြောင်း အဘိုးအိုအား ပြောလေသည်။ အဘိုးအိုသည်လည်း ကပ်စေးနဲသောကြောင့် မိမိ သည် တစ်ယောက်စားလောက်ရုံမျှသာ အိုးငယ်တစ်လုံးနှင့် ချက်၍ စားသောက်ကြောင်း၊ အိမ် မှ အိုးအပို ယူမလာကြောင်း၊ ထမင်းစားချင်လျှင် ချက်ပြုတ်ရန် မိမိဇနီးအဖွားအိုရှိရာအိမ်သို့ အိုးသွားယူစေလိုကြောင်း ညွှန်သည် စိတ်ပျက်သွားအောင် ပြောလိုက်လေသည်။

လူလိမ်သည် ဤကဲ့သို့ လိမ်လည်ရန် အကွက်ကောင်းကို စောင့်နေသူဖြစ်ရကား အဖိုး အို၏ စကားကို ကြားလျှင် ကောင်းပါပြီဟုပြော၍ ဝမ်းသာစွာနှင့် အဖွားအိုရှိရာ လယ်တောနှင့် မနီးမဝေးအိမ်သို့ အိုးယူရန် ထွက်ခွါသွားလေသည်။

အိမ်သို့ရောက်လျှင် လူလိမ်သည် အဖွားအိုအား

"အဖွား အဖွား လယ်တောမှအဘိုးက ငွေအိုးတစ်လုံးအယူခိုင်းလိုက်၍ ယခုလာယူရပါသည်"ဟုပြောလေသည်။

ထိုအခါ အဖွားအိုသည် လူလိမ်၏အပေါ်တွင် မယုံသင်္ကာရှိသည်နှင့် ငွေအိုးကို မပေးသေးဘဲ အိမ်ရှေ့သို့ထွက်၍ အဘိုးအိုရှိရာ လယ်တောဘက်သို့ မျက်နှာမူပြီး စိတ်တိုစွာနှင့် "အိုးကြီးလား၊ အိုးငယ်လား" ဟုအော်၍ အဘိုးအိုအား လှမ်းမေးလိုက်သည်။

အဘိုးအိုသည် အဖွားအို၏အသံကို ကြားရသောအခါ မိမိယူခိုင်းလိုက်သော ထမင်းအိုးကို မေးသည်ထင်ပြီး စိတ်မရှည်စွာနှင့်ပင် "အိုးကြီးဟေ့ အိုးကြီး အိုးကြီး"ဟုအော်၍ပြောလေသည်။

ထိုအခါမှပင် အဖွားအိုသည် ကျေနပ်နှစ်သိမ့်၍ မိမိ၏အဘိုးကြီးက ဤလူအား ငွေအိုးကို တကယ်ယူခိုင်းသည်ဟု ထင်ပြီး မိမိတို့အိမ်ထဲတွင် မြှုပ်ထားသော ငွေအိုးကြီးတစ်လုံးကို ဖေါ်ယူ၍ လူလိမ်အား ပေးလိုက်လေသည်။ လူလိမ်သည် ငွေအိုးကြီးကိုရသောအခါ အဘိုးအိုဆီသို့ သွားဟန်ပြုပြီး မိမိရွာသို့ တချိုးတည်း ပြန်ပြေးလေတော့သတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# နားနဲ့မနာဘဝါးနဲ့နာ

(ကုပ်ကာယ်ဝါယ်ဟို)

ရှေးအခါက ပလောင်စော်ဘွားကြီးတစ်ယောက် ရှိလေသည်။ ထိုစော်ဘွားကြီး၌ အလွန်ချောမောလှပသော သမီးတစ်ယောက်လည်း ရှိ၏။

ထိုစော်ဘွားကြီးထံသို့ လာရောက် ခစားလေ့ရှိသော ပုဂ္ဂိုလ်ကား တောသူဌေးကြီး ဝူးဟိန်း ဖြစ်လေသည်။

သူဌေးကြီးဝူးဟိန်း၏ နေရပ်မှာ ဟော်နန်းနှင့်အလွန်ဝေးကွာလှ၏။ သူဌေးကြီးဝူးဟိန်းမှာ စော်ဘွားအနွယ်ပင် ဖြစ်သော်လည်း တောအရပ်တွင် အနေကြာ၍ တောပလောင်ဖြစ်နေလေသည်။

နှစ်စဉ်နှစ်တိုင်း မိမိအုပ်ချုပ်ရသောဒေသမှ အခွန်ဘဏ္ဍာများကို ကောက်ခံ၍ ဟော်နန်းသို့ လာရောက်ပြီး ဆက်သရလေသည်။

ဤသို့ဖြင့် ကာလကြာလေသော် စော်ဘွားကြီးနှင့်သူဌေးကြီးတို့မှာ လွန်စွာခင်မင် ရင်းနှီးကြလေတော့သည်။ ထိုသူဌေးကြီး၌လည်း သားတစ်ယောက်ရှိလေသည်။

တစ်နေ့သ၌ စော်ဘွားကြီးနှင့်သူဌေးကြီးတို့စကားလက်ဆုံကျနေစဉ် စော်ဘွားကြီးမှာ စကားကျွံလေတော့သည်။

သူဌေးကြီးအား စော်ဘွားကြီးပြောလိုက်သောစကားမှာ မင်း တကယ်ချမ်းသာလျှင် မင်းနေသောအရပ်မှ ငါ၏ ဟော်နန်းသို့ ငွေလမ်းပေါက်အောင် ခင်း၍ လာနိုင်လျှင် မင်း၏ သားနှင့်ငါ၏ သမီးတော်ကို ထိမ်းမြားလက်ထပ်ပေးမည်”ဟူ၍ ဆိုလိုက်ခြင်းဖြစ်လေသည်။

အမှန်အားဖြင့်လည်း စော်ဘွားကြီးမှာ သူဌေးကြီးသည် ဤမျှလောက်ချမ်းသာလိမ့်မည်ဟုမထင်၍ ဤသို့ ပြောလိုက်ခြင်း ဖြစ်သည်။

သူဌေးကြီးကား စော်ဘွားကြီး၏ စကားကို ကြားနာလိုက်ရလျှင် လွန်စွာမှ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ မိမိ၏ သားအား စော်ဘွားကြီး၏ သမီးတော်နှင့် လက်ထပ်ထိမ်းမြားနိုင်မည့်လမ်း ပွင့်လာသောကြောင့် ဝမ်းသာခြင်း ဖြစ်လေသည်။

ထို့ကြောင့် သူဌေးကြီးလည်း “ကောင်းပါပြီ”ဟု လျှောက်ကာ မိမိဒေသသို့ တောတောင် အထပ်ထပ်ကို ဖြတ်ကျော်ပြီး ပြန်ခဲ့လေတော့၏။

အတော်ပင် ရက်လကြာညောင်းခဲ့လေပြီ။ စော်ဘွားကြီးကား မိမိ အမှတ်မထင် ပြောခဲ့သောစကားကို သတိပင် မရတော့ချေ။

သူဌေးကြီး ဝူးဟိန်းကား အိမ်သို့ပြန်ရောက်လျှင်ပင် နေညမဆိုင်းတော့ဘဲ မြေတွင် မြှုပ်နှံထားသော ငွေအိုးများကို ဖေါ်စေ၍ ဟော်နန်းဆီသို့ ငွေလမ်းခင်းလေတော့သည်။ တောတောင်အထပ်ထပ်ကို ကျော်ဖြတ်၍ နေ့ညမဆိုင်း လမ်းခင်းလေတော့သည်။ သို့ဖြင့် ကာလကြာလေသော် သူဌေးကြီး၏ငွေလမ်းသည် ဟော်နန်းသို့ပင် တဖြည်းဖြည်း နီးကပ်လာလေတော့သည်။ တစ်ယောက်စကားတစ်ယောက်နားမှတစ်ဆင့် စော်ဘွားကြီး၏ နားသို့ရောက်လာသည်။ စော်ဘွားကြီးလည်း မိမိ၏စကားကို ဤအချိန်မှပင် ပြန်လည်သတိရလေတော့သည်။

မဖြစ်နိုင်ဟုယူဆ၍သာ ပြောခဲ့မိသည်။ အမှန်အားဖြင့် စော်ဘွားကြီးကား ၎င်း၏ သမီးတော်ကို သူဌေးသားနှင့် မပေးစားလိုပေ။

သို့သော် မင်းတို့၏စကားမည်သည် မြဲရတည်ရမည်ဖြစ်၍ သူဌေးကြီးဝူးဟိန်း၏ငွေလမ်းဟော်နန်းသို့ ဆိုက်ရောက်လာလျှင်ကား သမီးတော်နှင့်သူဌေးကြီး၏ သား ပေးစားမည်ဟု ဆုံးဖြတ်ထားလိုက်လေသည်။

ငွေလမ်းကြီး ဟော်နန်းသို့ တဖြည်းဖြည်းနီးကပ်လာသောအခါ၌ အလွန်စိတ်ပူပန်နေသူများကား မဟာဒေဝီနှင့်သမီးတော်ပင် ဖြစ်လေသည်။

မဟာဒေဝီမှာ ၎င်း၏သမီးတော်အား အလွန်ဝေးလှသည့် တောတောင်အရပ်နေ တောပလောင်နှင့်မပေးစားလိုပေ။ ထို့ပြင် သမီးတော်အား အလွန်ဝေးလှသော တောတောင်အရပ်သို့ မထည့်လိုက်နိုင်ပေ။

ဤအချိန်တွင် သမီးတော်ကား အနွယ်တော်ထဲမှ ရွှေပလောင်လုလင်ပျိုတဦးနှင့် ချစ်ကြိုးသွယ်မိကြပြီး ဖြစ်နေလေသည်။

ငွေလမ်းကြီး ဟော်နန်းသို့ ဆိုက်ရောက်လျှင် ချစ်သူချင်း ကွေကွင်းရတော့မည်ကိုလည်း သမီးတော်များစွာ စိုးရိမ်ပူပန်လျက် ရှိလေသည်။ မည်သို့ ကြံစည်ရမည်ကိုလည်း မသိ၊ မိမိတို့၏ချစ်ခြင်းကိုလည်း ယခုအချိန်၌ ဘခမည်းတော်အား ဖွင့်မပြောရဲ။ ပြောလျှင်လည်း ရနိုင်တော့မည်မဟုတ်သည်ကိုသိပြီးဖြစ်၏။ ဘခမည်းတော်သည် ထားရှိသောကတိသစ္စာကို ဖျက်မည့်သူ မဟုတ်။

ဖေါက်လာသော ငွေလမ်းကြီးလည်း ဟော်နန်းသို့နီးကပ်လာလေပြီ။ နောက်ဆုံးတွင် ချစ်သူနှစ်ဦးတို့လည်း ဖြစ်လိုရာဖြစ်စေတော့ဟူ၍ ဆုံးဖြတ်ကြပြီးလျှင် ထွက်ပြေးကြလေတော့သည်။

သမီးတော်တို့ ထွက်ပြေးကြပြီကို သိလျှင် စော်ဘွားကြီးလည်း အလွန်စိတ်ဆိုး၏။ စော်ဘွားကြီးအား မည်သူမှလည်း စကားမပြောရဲတော့ပေ။

သမီးတော် မရှိပြီကိုသိလျှင် သူဌေးကြီးဝူးဟိန်းလည်း ငွေလမ်းကို ဆက်လက် မခင်း

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

တော့ဘဲ တောအရပ်တို့ ပြန်လေတော့သည်။

ရက်လ ကြာညောင်းလေသော် စော်ဘွားကြီးသည် အနည်းငယ် စိတ်ပြေလာ၏။ စော်ဘွားကြီး၏ အရိပ်အခြေကို စောင့်၍ အကဲခတ်ကြည့်နေကြသော အမတ်ပညာရှိများလည်း အချိန်တန်ပြီဟု သဘောပိုက်၍ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းသင့်ကြောင်း''နားနဲ့မနာ ဘဝါးနဲ့နာ'' (ကုပ်ကာယ်ဝါယ်ဟို)အစချီသည့် သာယာနာပျော်ဘွယ်သော စကားများဖြင့် တန်ဆာဆင်၍ လျှောက်ထားကြလေ၏။

ဤအခါမှ စော်ဘွားကြီးလည်း စိတ်ပြေပျောက်၍ သမီးတော်နှင့်သမက်တော်အား သိမ်းဆည်းပြီးလျှင် ထိမ်းမြားမင်္ဂလာ ဆောင်နှင်းပေးလေသည်။

ဤအချိန်မှ အစပြု၍ ယခုထက်တိုင်ပင် ရွှေပလောင်တို့ထိမ်းမြား လက်ထပ်သောအခါ၌ သတို့သားဘက်မှ အကြီးအမှူးတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးသောပုဂ္ဂိုလ်သည် သတို့သမီး၏ မိဘဆွေမျိုးအကြီးအမှူးများအား ၎င်းတို့သမီးအတွက် အစစရာရာ စိတ်ချပါရန် ''နားနဲ့မနာ ဘဝါးနဲ့နာ'' (ကုပ်ကာယ်ဓါယ်ဟို) အစချီ၍ ကတိကဝတ်ပြုသော သာယာနာပျော်ဘွယ်စကားများကို ပြောဆိုလေ့ရှိကြပေသည်။

# ကိုယ်ပျောက်ဆရာ

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



# ကိုယ်ပျောက်ဆရာ
## (အပူမ်ဆရာကိုပျောင်)

ရှေးလွန်လေပြီးသောအခါ ရွာတစ်ရွာ၌ ဆေးဝါးအမျိုးမျိုးကို ဝါသနာကြီးသော လူတစ်ယောက်ရှိလေ၏ ။ ထိုဆရာ၌ အလွန်မြှောက်ပင့်ပြောဆိုတတ်သောတပည့်တစ်ယောက်လည်း ရှိ လေသည်။

ထိုဆရာကား မိမိကြားဘူးနားဝရှိသမျှ ဆေးဝါးတို့ကို စုဆောင်း၏ ။ အင်း၊ အိုင်၊ ခလှဲ၊ လက်ဖွဲ့၊ မန္တန်တို့ကိုလည်း စုဆောင်း၏ ။ သို့သော် စာပေပညာကား နကန်းတစ်လုံးမျှပင် မတတ်ပေ။ မတတ်သည်နှင့်အမျှ အမြှောက်ကြိုက်သူဖြစ်၏ ။

ရွာသူရွာသားတို့လည်း သူ၏ဝါသနာကိုသိ၍ အလိုက်သိစွာပင် ဆရာဟုခေါ်ကြ၏ ။ သို့သော် မည်သူမျှ ဆေးကုရန်အသုံးမပြုကြချေ။

တစ်နေ့သောအခါ ဆရာတပည့်နှစ်ယောက်တို့သည် ဆေးမြစ်များ ရှာဖွေရန် တောထဲသို့သွားကြလေ၏ ။ ချိုးသိုက်တစ်ခုကိုတွေ့လေသော် တပည့်ဖြစ်သူအား ''ဟေ့ အာကီး၊ ဟိုချိုးနှစ်ကောင်ဟာ ဒီသစ်ပင်က ပျံသွားကြတောဘဲ၊ မင်းသစ်ပင်ပေါ် က ချိုးသိုက်ကို တက်ပြီးကြည့်ချေစမ်း၊ ချိုးသိုက်ထဲမှာ ဥဘယ်နှစ်လုံးရှိသလဲ ရှာစမ်း'' ဟုအမိန့်ပေးလေ၏ ။

တပည့်ဖြစ်သူ အာကီးလည်း ဆရာ့အမိန့်ကို မလွန်ဆန်နိုင်သဖြင့် သစ်ပင်ထိပ်ဖျားတွင်ရှိသော အသိုက်ထိတက်ပြီး ကြည့်၏ ။ သို့သော်ချိုးသိုက်မှာ လုပ်ခါစဖြစ်၍ ချိုးဥမရှိပေ။

ထိုနေ့မှစ၍ အာကီးအဖို့ အလုပ်တစ်ခု အပိုရလာလေ၏ ။ ရွာနှင့်အတော်လှမ်းသောတောသို့ နေ့စဉ်နေ့တိုင်း သွား၍ ချိုးဥ ရှိ မရှိ ကြည့်ရလေသည်။

နေ့စဉ်နေ့တိုင်း အာကီး သစ်ပင်ပေါ်တက်၍ ချိုးသိုက်ကိုကြည့်သဖြင့် ချိုးသည် ၎င်းသစ်ပင်တွင် မနေတော့ဘဲ အသိုက်ပြောင်းလေတော့သည်။

ထိုအကြောင်းကို ဆရာအား ပြောပြလျှင် အဆူအဆဲခံရမည် စိုးသဖြင့် အာကီးလည်း ဆရာ့ကို လိမ်ရလေတော့သည်။

''ဆရာ ယနေ့ ချိုးသိုက်ထဲမှာ ဥတစ်လုံးတွေ့ပြီ ဆရာ'' ဟုဆို၏ ။

ဆရာကလည်း''အေး...ကောင်းပြီ၊ ဥသုံးလုံးရလျှင် ငါတို့ဆေးကောင်းကောင်း ဖေါ်ရပေတာပ'' ဟုဆိုလေ၏ ။

နောက်တစ်နေ့ တောသို့သွားရပြန်၏ ၊ ယနေ့ မဥကြောင်း ဆရာကို ပြောရပြန်၏ ။

၎င်းသို့ နေ့စဉ်ရက်ဆက် သွားရဖန်များလေသော် အားကီးလည်း စိတ်ညစ်လာ၏ ။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

'ငါ အလွန်ပင်ပန်းလှလေပြီ၊ ဤဆရာအား ငါမလိမ်လျှင် မဖြစ်တော့'ဟုမြင်၍ အာကီး အကြံအစည်တစ်ခုပြုလေ၏။

နောက်တစ်နေ့ တောသို့သွားသောအခါ လမ်းခရီး၌ ချိုးဥပမာဏခန့်ရှိ အလွန်ဝိုင်းနေလုံးနေသော ကျောက်ခဲတစ်လုံးကို ကောက်ယူခဲ့လေ၏။

အာကီးလည်း တောမှပြန်၍ အိမ်သို့ရောက်သော် ချိုးဥနှစ်လုံးနှင့် ဤအလွန်မာသော အလုံးကို ချိုးသိုက်ထဲမှာ တွေ့ရကြောင်း သူ့ဆရာအား ပြောလေ၏။

အခြားချိုးဥနှစ်လုံးကိုမူ မိမိစားပစ်လိုက်ပြီဖြစ်၍ ဤတစ်လုံးသာ ကျန်တော့ကြောင်း ဆရာ့အား ပြော၍ မိမိလမ်းမှ ကောက်ယူခဲ့သော ကျောက်ခဲလုံးကို ပေးလေ၏။

ဆရာလုပ်သူလည်း အာကီးပေးသော ကျောက်ခဲလုံးကို သေချာစွာကြည့်၍ "ကျောက်ခဲတော့ ကျောက်ခဲပါဘဲကွာ၊ ဒါပေမဲ့ မင်းက ချိုးသိုက်ထဲက ရတယ်ဆိုတော့ တခုခုတော့ ထူးခြားမှာဘဲ"ဟု ပြောလေ၏။

ဆရာလည်း ကျောက်ခဲကို ကောင်းစွာ ပွတ်တိုက်၏။ မိမိတတ်သမျှ ပွဲပြင်ပြီးလျှင် ကျောက်ခဲကို သိဒ္ဓိတင်လေတော့သည်။ တပည့်ဖြစ်သူ အာကီးကား အလိမ်ပေါ်မည်စိုးသဖြင့် ဆရာလုပ်ပုံကို ရယ်ချင်သော်လည်း ဟန်လုပ်ပြီး ခိုင်းသမျှ လုပ်နေရလေ၏။ ဆရာကိုလည်း မြှောက်ပင့်ပြောဆို၍သာနေ၏။

ထိုအခါ ဆရာက "ဟေ့–အာကီး ငါ့လက်ကို မြင်ရဲ့လား" ဟုမေးလိုက်၏။

အာကီးလည်း "မြင်တယ်"ဟု ပြောလျှင် ဆရာစိတ်ဆိုးမည်စိုး၍ "နေပါဦးဆရာ၊ ကျွန်တော် သေသေချာချာကြည့်ပါရစေဦး" ဟုဆို၍ "ဆရာ့လက်တော့ မမြင်ဘူးဆရာ၊ ကိုယ်တော့ မြင်တယ်" ဟုလိမ်၍ ပြောလိုက်၏။

ဆရာလုပ်သူလည်း အာကီး၏စကားကို ကြားလျှင် စိတ်အိုက်၍သွား၏။ ဘယ့်နှယ်လဲ 'လက်တော့ မမြင်ဘူး၊ ကိုယ်တော့မြင်တယ်'ဟု စဉ်းစားနေတော့၏။

တစ်နေ့သောအခါ တပည့်အာကီးသည် မိမိဆရာအား အကြံကောင်းတစ်ခုပေး၏။ ထိုအကြံမှာ ဆရာကိုယ်တိုင် သစ်ပင်ပေါ် တက်၍ ချိုးဥအမတေ(အမြုတေ)ကို ငုံထားရန်ဖြစ်၏။ ထိုသို့ပြုလုပ်လျှင် ဆရာကိုယ်ပျောက် မပျောက် သိနိုင်မည်ဆိုသော အကြံဖြစ်၏။

တပည့်အာကီး အကြံဉာဏ်ပေးသည့်အတိုင်း ဆရာလည်း သစ်ပင်ပေါ်သို့ တက်၍ ကျောက်ခဲလုံးကို ငုံလေ၏။

အာကီးလည်း အလွန်ရယ်ချင်လှပေပြီ။ သို့သော် ဆရာရိပ်မိမည်စိုး၍ စိတ်ကို ချုပ်တည်းထားရ၏။

ဆရာလည်း "ငါ့ကိုမြင်သေးရဲ့လား" ဟု မေးလိုက်၏။ အာကီးလည်း မည်သို့ပြောရမည်ကို စဉ်းစားယင်း "ဆရာ ကိုယ်အထက်ပိုင်းကိုတော့ မမြင်ရတော့ဘူးဆရာ၊ အောက်ပိုင်းကိုတော့ မြင်ရသေးတယ်" ဟုဖြေလိုက်လေသည်။

အာကီး၏ စကားကိုကြားလေလျှင် ဆရာလည်း မိမိခြေကို ကိုင်၍ ကြည့်ရန် သစ်ကိုင်းကို လွှတ်လိုက်သောကြောင့် သစ်ပင်ပေါ်မှ ကျပြီး ခြေကျိုးလေတော့၏။

ထိုနေ့မှစ၍ ကိုယ်လက်အင်္ဂါကောင်းသည့်ဘဝမှ အရှူးထသဖြင့် ခြေကျိုးသည့်ဘဝ ရောက်ရလေတော့သည်

ထိုအချိန်မှစ၍ တပည့်အာကီးက "ကိုယ်ပျောက်ဆရာကြီး၊ ကိုယ်ပျောက်ဆရာကြီး" ဟုခေါ် လေလျှင် ကိုယ်ပျောက်ဆရာကြီးလည်း အလွန်ဒေါသထွက်လေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# မောင်ယုံယန်

အူဟေး . . .အူဟေး ဟိုရှေးလွန်လေပြီးသောအခါဝယ် ပလောင်ရွာတစ်ရွာ၌ သူဌေး လင်မယားနှစ်ယောက် ရှိလေသည်။ ထိုသူဌေးလင်မယား၌ ရုပ်ရည်အားဖြင့် အလွန်ချောမော တင့်တယ်သော သမီးတစ်ယောက်လည်း ရှိသည်။ ထိုသူဌေးအိမ်၌ ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှစ၍ သူရင်းငှားအဖြစ် လုပ်ကိုင်နေရသူကား 'မောင်ယုံယန်'ပင် ဖြစ်ပေသည်။ (မောင်ယုံယန်ဟူသော စကားမှာ မောင်ပေပွဟူသော အဓိပ္ပါယ်ရပါသည်။)

မြေရှင်သူဌေးကြီးကား လယ်များပေါများသူဖြစ်၍ နှစ်စဉ် စပါးများစွာရရှိသည်။ သူဌေးကြီးသည် ထိုစပါးများစွာကို စပါးကျီများတွင် သိုလှောင်ထားပြီး ကြိုက်ဈေးရမှ ရောင်းချလေသည်။

တစ်နှစ်သောကောက်သိမ်းချိန်၌ သူဌေးသည် မိမိလယ်များမှထွက်သော စပါးများကို နေလှန်းပြီး ကျီများတွင် အပြည့်ထည့်ထားလိုက်လေသည်။ ထိုအချိန်၌ ကြွက်မင်းနှင့်ကြွက်အပေါင်းတို့သည် တောမှတက်လာကြပြီး သူဌေး၏စပါးကျီကြီးများသို့ဝင်ကာ နေ့စဉ်နေ့တိုင်း စပါးများကို စားကြလေသည်။ ကြွက်အုပ်ကြီးက စားလွန်းလှလေရာ ကျီတွင်းမှစပါးများသည် တစ်နေ့တခြား လျော့လျော့သွားတော့သည်။ ထိုအခြေအနေကိုသိသော သူဌေးလည်း မောင်ယုံယန်ကိုခေါ်၍ ကြွက်အပေါင်းကို နှိမ်နင်းရန် အမိန့်ပေးလေသည်။

သူဌေး အမိန့်ပေးသည့် အတိုင်းပင် မောင်ယုံယန်လည်း ကြွက်များလာချိန်ကို စောင့်ကြည့်ရလေသည်။

အချိန်သို့ ရောက်သော် ကြွက်မင်းလည်း ကြွက်အပေါင်းခြံရံ၍ သူဌေး၏စပါးကျီသို့ ဝင်လေသည်။

ကြွက်များအားလုံး စပါးကျီအတွင်းသို့ ရောက်လေသော် မောင်ယုံယန်သည် ပုန်းအောင်းနေရာမှ လျှင်မြန်စွာခုန်ထွက်၍ ကြွက်များဝင်သည့် အပေါက်ကို ပိတ်ဆို့လိုက်လေသည်။

ကြွက်များလည်း အလွန်ကြောက်ရွံ့လှသဖြင့် ဟိုမှဒီမှပြေး၍ ထွက်ပေါက်ကိုရှာကြ၏။ ကြွက်မင်းသည် မိမိတို့ အားလုံးစပါးကျီအတွင်း၌ ပိတ်မိနေပြီကိုသိသောအခါ အသက်မှ ချမ်းသာပေးရန် မောင်ယုံယန်အား တောင်းပန်လေသည်။

မောင်ယုံယန်လည်း ကြွက်မင်း၏တောင်းပန်စကားကိုကြားလျှင် "ကောင်းပြီ အသင်တို့အားလုံး၏အသက်ကို ချမ်းသာပေးပါမည်၊ သို့သော် သင်တို့သည် အကျွန်ုပ်ခိုင်းစေသည်ကို ပြုလုပ်ပေးမည်ဟု ဝန်ခံကြရမည်" ဟုဆိုလေသည်။

ကြွက်မင်းနှင့်ကြွက်အပေါင်းလည်း အရှင် ခိုင်းစေသည်ကို အကျွန်ုပ်တို့ တတ်စွမ်းသမျှ ဆောင်ရွက်ပါမည်ဟု ဝန်ခံကြသည်။

ကြွက်အပေါင်း၏ ဝန်ခံစကားကို ရလေလျှင် မောင်ယုံယန်ကား အူမြူးနေတော့သည်၊ မောင်ယုံယန်သည် သူရင်းငှားလုပ်နေရသူဖြစ်သော်လည်း အကြံအစည် စိတ်ကူးစိတ်သန်းဘက်တွင် ညံ့သူ မဟုတ်ပေ။

သဘာဝအတိုင်း သူဋ္ဌေးကြီး၏ တစ်ဦးတည်းသော သမီးချောကို အတွင်းကျိတ်ချစ်ခင်နေသူလည်း ဖြစ်သည်။

သို့သော် သူဋ္ဌေးသမီးနှင့်ဆင်းရဲသား ဘဝချင်းခြားနားနေသဖြင့် ချစ်ရေးမဆိုဝံ့ဘဲ အတွင်းဆွေး ဆွေးနေရယူ ဖြစ်လေသည်။

ယခုသော်သူ၏ အကြံမြောက်ပေတော့မည်။ မောင်ယုံယန်သည် များစွာပျော်နေသည်။

ထို့ကြောင့် ကြွက်မင်းနှင့်ကြွက်အပေါင်းအား "အသင်တို့ ဤစပါးကျီမှ သူဋ္ဌေးလင်မယား နေ့စဉ် ဆွမ်းကပ်သွားသည့်မြတ်စွာဘုရား၏ ရုပ်ပွားတော်အနီးသို့ ရောက်အောင် ဥမင်လိုဏ်ခေါင်းဖေါက်ပေးရမည်" ဟုဆိုသည်။

ကြွက်မင်းနှင့်ကြွက်အပေါင်းလည်း ဤကိစ္စအတွက် တာဝန်ယူကတိပြုကြ၏။ ထိုနေ့မှစ၍ ကြွက်မင်းနှင့်ကြွက်အပေါင်းတို့လည်း မောင်ယုံယန် စေခိုင်းသည့်အတိုင်းပင် ဥမင်လိုဏ်ကို စ၍ ဖေါက်ကြလေရာ ရက်များမကြာမီပင် ဥမင်လိုဏ်ခေါင်းပေါက်လေတော့သည်။

ကြွက်မင်းနှင့်ကြွက်အပေါင်းသည် စေခိုက်သည့်လုပ်ငန်းပြီးကြောင်း မောင်ယုံယန်အား အကြောင်းကြားပြီးသော် တောသို့ပြန်ကြလေ၏။

အကြံသမားမောင်ယုံယန်လည်း သူဋ္ဌေးကတော် ဆွမ်းကပ်မည့်အချိန်ကို ငံ့လင့်၏။ ထိုနောက် အချိန်ကို ချင့်၍ ကြွက်များဖေါက်ပေးသော ဥမင်လမ်းအတိုင်း သွား၍ မြတ်စွာဘုရားအနီး၌ ပုန်းအောင်းနေလေတော့သည်။

သူဋ္ဌေးကတော်လည်း ပြုမြဲဝတ်အတိုင်းပင် နံနက်စောစောထ၍ ဆွမ်းချက်ပြီးလျှင် ဘုရားသို့သွား၏။ ဆွမ်း၊ ပန်းများကိုပြင်၍ ကပ်လှူ၏။ ဆုမွန်ကောင်း တောင်း၏။

ထိုအခါ မြတ်စွာဘုရား ရုပ်ပွားတော်အနီး၌ ပုန်းအောင်းနေသော မောင်ယုံယန်လည်း "ဒါယကာမ အသင်တို့အိမ်တွင် သူရင်းငှားလုပ်နေသော မောင်ယုံယန်သည် သနားစဖွယ်ဖြစ်၏၊ လုံ့လဝီရိယနှင့်လည်း ပြည့်စုံ၏၊ ယောကျ်ားကောင်း ပီသ၏၊ အသင်တို့သမီးအား ထိုသူနှင့်ပေးစားပါလေ၊ သို့မှသာ သင့်၏ ဆုတောင်းလည်း ပြည့်လိမ့်မည်" ဟုမြတ်စွာဘုရားကို ကြည်ညိုနေသည့်နတ်က ပြောလေဟန်ပြုလေ၏။

သူဋ္ဌေးကတော်ကား လွန်စွာအံ့သြ၍ ဦးချပြီးလျှင် အိမ်သို့အလျင်အမြန် ပြန်လေတော့သည်။ အိမ်သို့ ရောက်လေလျှင် သူဋ္ဌေးကတော်လည်း အကြောင်းစုံကို သူဋ္ဌေးကြီးအား ပြောကြားလေ၏။ သူဋ္ဌေးကြီးကား သူဋ္ဌေးကတော်၏ စကားကို မယုံကြည်ပေ။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ဤသို့ဖြင့် သူဌေးကတော်လည်း ဘုရားသို့သွား၍ နေ့စဉ်ဆွမ်းကပ်မြဲကပ်၏။ မောင်ယုံယန်လည်း စပါးကျီစောင့်နေရာမှ အချိန်ကိုချင့်၍ ဥမင်လမ်းဖြင့် သွားပြီးလျှင် ယမန်နေ့က အတိုင်း ဆိုပြန်၏။ သူဌေးကတော်လည်း အကြောင်းကို သူဌေးကြီးအား ပြောပြပြန်၏။ သူဌေးကြီးကား မယုံကြည်သေးပေ။

ဤသို့ဖြင့် ၄ ရက်မြောက်လေသော် သူဌေးကြီးလည်း "ကောင်းပြီ၊ ယနေ့ ဘုရားသို့ ငါ သွားမည်"ဟု ပြောလေ၏။ မောင်ယုံယန်လည်း အချိန်ကိုမှန်း၍ သွားစောင့်နေ၏။

သူဌေးကြီး ဆွမ်းကပ်ပြီးသောအခါ မောင်ယုံယန်လည်း သခင်သဘောအတိုင်းပင် ပြောလေ၏။

သူဌေးကြီးလည်း လွန်စွာအံ့ဩသောကြောင့် မြန်မြန်ဦးချပြီးလျှင် အိမ်သို့ပြန်လာကာ သူဌေးကတော်အား ဟုတ်မှန်ကြောင်းဝန်ခံ၍ ၎င်းတို့၏တစ်ဦးတည်းသော သမီးချောအား မောင်ယုံယန်နှင့် လက်ထပ်ထိမ်းမြားပေးလိုက်လေတော့သည်။

မောင်ယုံယန်ကား အကြံအစည်အောင်မြင်ပြီဖြစ်၍ လွန်စွာ ပျော်မြူးနေတော့သည်။ သို့နှင့် ထိမ်းမြား လက်ထပ်ပြီးစအချိန်တွင် တောတောင်များကို လည်ပတ်သွားလာရန် သူဌေးသမီးအား ပြော၏။ ဇနီးဖြစ်သူ သူဌေးသမီးကလည်း သဘောတူ၏။ သို့ဖြင့် မောင်ယုံယန်တို့ ဇနီးမောင်နှံလည်း တောတွင်း၌ ပျော်မြူးစွာ လှည့်လည်သွားလာကြလေသည်။

ထိုသို့သွားလာ၍ ၁၅ ရက်မျှရသောအခါ မောင်ယုံယန်သည် တောတွင်း၌ ဆင်ဖြူတစ်ကောင် သေနေသည်ကို တွေ့ရလေ၏။ ဆင်အသေကို မြင်လေလျှင် အကြံကောင်းသော မောင်ယုံယန်လည်း အကြံအစည်တစ်ခုကို ချက်ချင်း စဉ်းစားမိလေ၏။ သို့ဖြင့် ဆင်နှင့်မနီးမဝေးတွင် ပုန်းအောင်း၍ တိတ်ဆိတ်စွာ နေလေတော့သည်။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ ကျီးဖိုနှင့်ကျီးမ လင်မယားလည်း ဆင်အသေကို စားသောက်ရန် ရောက်လာကြ၏။ ကျီးဖိုနှင့်ကျီးမလည်း ယမန်နေ့က ဖေါက်ထားခဲ့သော အပေါက်အတိုင်း အူ၊ အသည်း၊ နှလုံးများကို စားသုံးရန် ဆင်အသေ၏ ဝမ်းပိုက်အတွင်းသို့ ဝင်ကြ၏။

ကျီးဖိုနှင့်ကျီးမ ဆင်၏ဝမ်းဗိုက်အတွင်းသို့ ရောက်လေလျှင် ပုန်းအောင်းနေသော မောင်ယုံယန်လည်း လျင်မြန်စွာ ပြေးလာပြီးလျှင် အပေါက်ဝကို ပိတ်လိုက်လေ၏။

အပေါက်ပိတ်လေပြီကို သိလျှင် ကျီးဖိုနှင့်ကျီးမတို့လည်း လွန်စွာ ထိတ်လန့် ကြောက်ရွံ့ကြ၏။ "အရှင် အကျွန်ုပ်တို့ကို လွှတ်ပါ၊ အရှင်စေခိုင်းသည်ကို ကျွန်ုပ်တို့ ဆောင်ရွက်ပေးပါမည်" ဟုတောင်းပန်ကြလေ၏။

မောင်ယုံယန်လည်း ကျီးဖိုနှင့်ကျီးမတို့ ပြောစကားကို ကြားရလေလျှင် "ကောင်းပြီ၊ သင်တို့သည် ငါ၏အလိုကိုလိုက်၍ ဆောင်ရွက်ပေးလျှင် အသင်တို့အား အသက်ချမ်းသာပေးမည်၊ ယခုငါအလိုရှိသည့်ကား သီတာရေပင်ဖြစ်သည်၊ သီတာရေကို သင်တို့တစ်ဦးဦးသည် ၇ရက်

အတွင်း အရောက်ယူဆောင်ပေးရမည်၊ သင်တို့ ၂ဦး အနက် တစ်ဦးသည် အာမခံအဖြစ် နေခဲ့ရမည်’’ ဟုဆို၏။

ကျီးဖိုနှင့်ကျီးမလည်း အရှင့်အလိုအတိုင်း ဆောင်ရွက်ပါမည်ဟုဆို၍ ကျီးမအား အာမခံအဖြစ် ထားခဲ့ပြီးလျှင် ကျီးဖိုလည်း သီတာရေအတွက် ပျံသွားလေတော့၏။

၇ ရက်မစေ့မီ ၅ ရက်မြောက်သောနေ့၌ သီတာရေ ယူဆောင်၍ ကျီးဖိုပြန်လာခဲ့၏။ မောင်ယုံယန်လည်း ကျီးဖိုနှင့်ကျီးမတို့အား ကျေးဇူးတင်စကား ပြော၍ ပြန်လွှတ်လိုက်လေ၏။

မောင်ယုံယန်သည် ဆင်ဖြူအသေကို သီတာရေဖြင့် ဖျန်း၏။ သီတာရေဖျန်းလိုက်လျှင် ဖျန်းလိုက်ချင်းပင် ဆင်လည်း ပကတိအတိုင်း အသက်ပြန်ရှင်၍ ရပ်လေ၏။

မောင်ယုံယန်လည်း ဇနီးသည် သူဌေးသမီးနှင့် အတူဆင်ကိုစီး၍ ရွာသို့ပြန်လေသော် လမ်းခရီး၌ မြို့ကြီးတစ်မြို့သို့ရောက်ခရီးပန်းပြီဖြစ်၍ မောင်ယုံယန်လည်း ထိုမြို့တွင် ခေတ္တစခန်းချလေ၏။

ထိုအချိန်၌ ထိုမြို့တော်တွင် အုပ်စိုးနေသော ဘုရင်မှာ ရုတ်တရက် နတ်ရွာစံသွား၍ မှူးမတ်တို့လည်း နတ်ရွာစံဘုရင်ကြီးအား အသက်ပြန်ရှင်အောင် ဆေးဝါးကုသပေးနိုင်သူအား သမီးတော်နှင့်ထိမ်းမြား၍ အိမ်ရှေ့အရာ ပေးမည်ဟု မောင်းကြေးနင်းခတ်၍ ကျေညာနေကြ၏။

ထိုသတင်းကို မောင်ယုံယန်ကြားလေလျှင် ဆင်ဖြူကို စီး၍ နန်းတော်သို့ဝင်ပြီးလျှင် မိမိအား ဆေးကုခွင့်ပြုရန် ပန်ကြားလေ၏။

မောင်ယုံယန်လည်း မှူးမတ်သေနာပတိအပေါင်းတို့၏ခွင့်ပြုချက်ရလေလျှင် နတ်ရွာစံဘုရင်ကြီးအား သီတာရေဖြင့် ပက်ဖျန်းလိုက်လေရာ ဘုရင်ကြီးသည် ပကတိအတိုင်း အသက်ပြန်ရှင်လာလေသည်။

ဘုရင်သည် မောင်ယုံယန်အား များစွာ ကျေးဇူးတင်၍ ထားရှိသော ကတိအတိုင်း သမီးတော်နှင့်ထိမ်းမြားပြီးလျှင် အိမ်ရှေ့အရာ ပေးလိုက်သည်။

မောင်ယုံယန်၏ သတင်းကား ပျံ့နှံ့၍ ကျော်ကြားလေပြီ။ ဤသို့ဖြင့်မြို့တွင်းရှိ သူဌေး သူကြွယ်များသာမက ဆင်းရဲသား သေဆုံးသူများကိုပါ သီတာရေဖြင့် ကုသပေးရာ အသက်ချမ်းသာရာ ရကြလေသည်။

ဤသို့ဆေးဝါးကုသပေးသောကြောင့် မောင်ယုံယန်သည် မူလရှိရင်း သူဌေးသမီးနှင့် ဘုရင့်သမီးများပါ အချောအလှအလိမ်အမာ မယား ၇ ယောက်အထိ ရရှိပြီဖြစ်၏။ ဘုရင်သည် လူ ချစ်လူခင်များသော မောင်ယုံယန်အား ခေါ်တော်မူပြီးလျှင် ရွှေထီးရွှေနန်းကို အပ်နှင်းကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေရာ တရားနှင့်အညီ ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်လေသတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## မောင်ကျွဲနှင့် အီပျော
## (အကြော့ဂါရ်အီပျော)



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# မောင်ကျွဲနှင့် အီပျော
## (အကြွ့ဂါရ်အီပျော)

ရှေးအခါက ပလောင်ရွာတစ်ရွာ၌ သူဌေးနှစ်ယောက်ရှိ၏။ သူဌေးတစ်ယောက်မှာ တောင်ထိပ်တွင်နေ၍ သူဌေးတစ်ယောက်မှာ တောင်ခြေတွင် နေလေသည်။ ထိုသူဌေးနှစ်ဦးစလုံး၌ သားသမီး မထွန်းကားချေ။

တစ်နေ့သ၌ သူဌေးနှစ်ယောက်တို့သည် သားသမီး ရရှိရန် တိုင်ပင်၍ ညောင်ပင်တစ်ပင်သို့ သွားကြလေသည်။ တောင်ပေါ်သူဌေးနှင့်တောင်အောက်သူဌေးလင်မယားတို့လည်း ညောင်ပင်အောက်၌ ၇–ရက် ၇–လီ ဥပုသ်စောင့်၍ သားဆုတောင်းကြလေ၏။

တစ်နေ့သော်တောင်ပေါ် သူဌေးကတော်၏ ဝမ်း၌ နေမင်းကျရောက်သည်ဟု အိမ်မက်မြင်မက်၏။ တောင်အောက်သူဌေးကတော်၏ ဝမ်း၌လည်း လမင်းကျရောက်သည်ဟုအိမ်မက်မြင်မက်သည်။

တောင်ပေါ်သူဌေးနှင့်တောင်အောက်သူဌေးလင်မယားတို့လည်း ထူးခြားသော အိမ်မက်၏ အကြောင်းကို ထင်ထင်ရှားရှား သိနိုင်ရန် ဆရာတော်ဘုရားထံသို့ သွားရောက်လျှောက်ထား မေးမြန်းကြ၏။ ဆရာတော်လည်း အိမ်မက်နှစ်ခုကို ဆင်ခြင်၍ တောင်ပေါ်သူဌေးကတော်၏ ဝမ်း၌ မုချကေန် သားယောကျ်ားကိန်းအောင်းမည်။ တောင်အောက်သူဌေးကတော်၏ ဝမ်းတွင် သမီးမိန်းကလေး ကိန်းအောင်းလိမ့်မည်ဟု မိန့်ကြားလိုက်လေသည်။

တောင်ပေါ်သူဌေးကတော်နှင့်တောင်အောက်သူဌေးကတော်တို့ဝမ်း၌ ဆုတောင်းခဲ့ကြသည့်အတိုင်း သန္ဓေဆောင်ကြလေ၏။ အချိန်သို့ကျရောက်လေသော် ဆရာတော် မိန့်ကြားလိုက်သည့်အတိုင်း တောင်ပေါ်သူဌေးကတော်သည် သားယောကျ်ားလေးကို ဖွားမြင်၍ တောင်အောက်သူဌေးကတော်မှာ သမီးမိန်းကလေးကို မွေးဖွားလေသည်။

တောင်ပေါ်သူဌေး၏ သားကို အရုပ်ဆိုးအကျည်းတန်သဖြင့် 'အကြွ့'(မောင်ကျွဲ)ဟူ၍ အမည်မှည့်ကြ၏။ သူသည် ထူ၏၊ နုံ၏၊ အ၏။

တောင်အောက် သူဌေးမသမီးကိုကား လိမ်မာရေးခြားရှိ၍ ရုပ်ရည်အားဖြင့်လည်း ချောမောလှပတင့်တယ် ရှုချင်စဖွယ်ဖြစ်၍ 'အီပျော'ဟုအမည်မှည့်ကြ၏၊

တောင်ပေါ်သူဌေးနှင့် တောင်အောက်သူဌေး နှစ်ဦးတို့တွင် ကတိကဝတ်တစ်ခုရှိခဲ့၏။ ထိုကတိမှာ သားသမီးများ ထွန်းကားလာ၍ အချိန်တန်အရွယ်ရောက်သော် ထိမ်းမြားလက်ထပ်ပေးစားကြရန်ဖြစ်လေသည်။

အကြာ့(မောင်ကျွဲ)နှင့်အီပျောတို့လည်း တဖြည်းဖြည်းနှင့် အပျိုလူပျိုအရွယ်သို့ရောက်လာကြလေတော့၏။

အကြာ့မှာ ထူမြဲ၊ အ,မြဲ၊ နုံမြဲပင် ဖြစ်၍၊ အီပျောမှာ တမူထူးခြား၍ လှပယဉ်ကျေး၏။

အကြာ့နှင့်အီပျောအကြောင်းကို သိသော သူငယ်ချင်းများက အီပျောအား စောင်းချိတ်၍ မထိတထိနှင့် သီချင်းဆိုကြ၏။

"ပျာခေည် အီပျောဂါရ်အကြာ့၊
အယ်ဘုည်ဟာဒ်ရောတ်ဟာလ။
ပျာခေည်အကြာ့ ဂါရ်အီပျော
အယ်ဘုည်ဟာဒ်ယိုဝ်အယ်ဂေါ့"

အဓိပ္ပါယ်...

"အီပျောနဲ့အကြာ့လို၊
အကြာ့ဟာ လူကထူပေမယ်လို့ ကောင်းတဲ့နေရာကိုရောက်ရတယ်။
အကြာ့နှင့်အီပျောလို၊ အကြာ့ဟာ ထူပေမယ်လို့
အဖော်(အမျိုး)တော့ရသားဘဲ"

အီပျောမှာ ဤသို့ငယ်ရွယ်သူများက နောက်ပြောင်သည်ကို သည်းမခံနိုင်။ ထို့ကြောင့် မိခင်အား မိမိနှင့်စေ့စပ်ထားသော အကြာ့အား မချစ်ကြိုက်ကြောင်း ပြောလေတော့သည်။

မိခင်လည်း မိမိလင်ယောကျ်ား သူဌေးအား သမီး၏အကြောင်းကို ပြောပြ၏။ သို့သော် သူဌေးကြီးက မင်းမှာသစ္စာ လူမှာကတိရှိမည့်အကြောင်း ပြောပြဆုံးမ၍ နားချလေသည်။

သို့သော်လည်း နောက်ဆုံးတွင် ဇနီးနှင့်သမီးလိုသို့လိုက်၍ မိမိတို့ရွာမှ အခြားသူဌေးတစ်ယောက်၏သားနှင့်ထိမ်းမြားလက်ထပ်ရန် လက်ခံလိုက်လေသည်။ ထိုသူဌေးသားမှာ ရုပ်ရည်တင့်တယ်၍ လိမ်မာရေးခြားရှိသူဖြစ်သည်။

စေ့စပ်ကြောင်းလမ်းသည့်မင်္ဂလာပွဲ ပြုလုပ်သောအခါ လူအ,အကြာ့မှာ ဘာမျှနားမလည်၊ ပျော်ရွှင်လျက်သာရှိ၏။ စေ့စပ်ကြောင်းလမ်းပွဲသို့သွား၍ စားသောက်ပြီး ပျော်ပါးခဲ့သေး၏။ အင်္ကျီအိတ်များတွင် မုံ့များထည့်၍လည်း ယူခဲ့သေး၏။

အိမ်သို့ပြန်ရောက်သောအခါ အကြာ့လည်း မိခင်အား တောင်အောက်က သူဌေးသမီးစေ့စပ်ကြောင်းလမ်းပွဲပြုလုပ်နေကြောင်း၊ ထိုပွဲတွင် မိမိစားသောက်ပျော်ရွှင်လာခဲ့ကြောင်း၊ ယခုပင် မိမိအိတ်များ၌ မုံ့များပါလာခဲ့သေးကြောင်း ပျော်ရွှင်အားရစွာ ပြောပြနေလေသည်။

မိခင်က"အဲဒါ မင်းနဲ့ မမွေးခင်ကတည်းက စေ့စပ်ထားတဲ့အပျိုဖြစ်တယ်၊ မင်းအ,လို့၊ န,လို့ မင်းကို မလိုချင်လို့အခြားလူကို သူတို့လက်ခံလိုက်ခြင်း ဖြစ်တယ်" ဟု အကြာ့အား ပြောပြလိုက်၏။

မိခင်၏စကားကိုကြားလျှင် အကြာ့က "မအ, မနဘို့မှာ တက္ကသိုလ်ပြည်သို့ ပညာသင်

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

သွားမှ ပညာတတ်မည်၊ ထို့ကြောင့် တက္ကသိုလ်ပြည်သို့ ပညာသင်သွားပါမည်၊ ငွေအသပြာသုံးရာ သာပေးပါ" ဟုပူဆာလေတော့သည်။

အကြွာမှာ တက္ကသိုလ်ပြည်သို့ ပညာသင်သွားမည်ဆိုသော်လည်း တက္ကသိုလ်ပြည်မှာ ဘယ်နေရာတွင် ရှိလေသည်ကို သူမသိချေ။

မိဘများလည်း အကြွာပူဆာလှသဖြင့် အသပြာငွေသုံးရာ ပေးလိုက်ကြလေသည်။

အကြွာလည်း သူမသိသောတက္ကသိုလ်ပြည်သို့ ခြေဦးနှင့်ဒူးတည့်ရာ သွားလေတော့ သည်။

ဤသို့သွားယင်းဖြင့် လမ်းတွင် လူတစ်ယောက်စကားပြောသည်ကို ကြားရ၏။ ထိုကြားလိုက်ရသော စကားစုကို အကြွာမှာ အလွန်နှစ်သက်၏။ သို့သော် စကား၏ အဓိပ္ပါယ်ကို အကြွာ ဘာမျှနားမလည်ချေ။

အလွန်သဘောကျလှသဖြင့် ထိုစကားစုကို ထပ်မံ၍ ပြောပြရန် ခရီးသွားယောကျ်ား အား တောင်းပန်၏။ ၎င်းနောက် အလွတ်ရရှိရန်အတွက် ခုနစ်ရက်မျှသင်ကြားပေးရန် တောင်း ပန်ပြန်၏။

ခရီးသွားယောကျ်ားလည်း အကြွာအား အလွတ်ရသည်အထိခုနစ်ရက်မျှသင်ကြားပေး ၏။ အကြွာမှာ အလွတ်တော့ရပါ၏၊ အဓိပ္ပါယ်တော့နားမလည်ချေ။

"အိုမ်ဘုည်လီငြ်ဆေခြာ။

အိုမ်ဘုည်လီငြ်ယိုဝ်ကာ်။

အိုမ်လီငြ်ကူအောကာ်းဒါ။

ကာ်းမိုဟ် စိအောငဲစ္ဓာ"

အဓိပ္ပါယ်မှာ

"ရေဟာနက်သော်လဲ အသုံးမကျတာရှိတယ်၊

ငါးမရှိတဲ့ရေနက်ဟာအသုံးမကျဘူး၊

ဒီလိုရေနက်ကို ငါအသုံးမပြုဘူး၊

ငါကြွားပြောတာလဲ မဟုတ်ဘူး"

ထိုစကားကို အရသင်ယူပြီးသောအခါ အကြွာသည် မိမိအား သင်ပေးသူအား အလွန် ကျေးဇူးတင်လှသဖြင့် အသပြာငွေတရာကို ဥာဏ်ပူဇော်ခအဖြစ် ပေးလိုက်လေသည်။

ထို့နောက် ကျန်သေးသော အသပြာနှစ်ရာကို ပိုက်၍ ခရီးဆက်ပြန်လေသည်။ တက္က သိုလ်ကား ဘယ်ဆီတွင် ရှိလေသည်မသိ။

ဤသို့ခရီးသွားယင်း ဒုတိယမြောက်ခရီးသည်နှင့် တွေ့ပြန်သည်။ ထိုခရီးသည်ထံမှ စကားတစ်ခွန်းကို ကြားရပြန်၏။ အကြွာလည်း ထိုကြားရသောစကားကို အလွန်နှစ်ခြိုက်လှ တော့သည်။ အဓိပ္ပါယ်ကိုကား သူ ဘာမျှနားမလည်ပေ။

ထို့ကြောင့် ဒုတိယမြောက်ခရီးသည်ထံမှလည်း ၇ ရက်မျှနှင့် အလွတ်ရအောင် သင်ယူလိုက်ပြန်၏ ။

၎င်းသင်ယူလိုက်သောစကားမှာ . . .

"ကံန်,ယိူဝ်ကံရ်ပုအ္လူပ္ဍိ။

ဘီအာရ်ကူကာ်းဘိုန်ခ။

ဘီကာ်းဇော်းကံရ်ပုပိုတ်။

ပိူင်ဒီန်မိူဟ်ငဲရဒိုတ်"

အဓိပ္ပါယ်မှာ

"ပျဉ်တစ်ချောင်းထဲ ခင်းထားတဲ့တံတားကို လူနှစ်ယောက်ဆိုင်ပြီး မသွားကောင်းဘူး၊ ဘာပြုလို့လဲဆိုတော့ လူတွေယင်လဲ ရေထဲကျမယ်၊ ဒါမှမဟုတ်ယင်လဲ တံတားကျိုးသွားမယ်။ အဲဒါဟာ အမှန်ဆုံးစကားဘဲ"

အကြော့လည်း ဒုတိယစကားအတွက် ဥာဏ်ပူဇော်ခ အသပြာ ငွေတစ်ရာပေးလိုက်ပြန် ၏ ။ သို့သော် ထိုစကား၏ အဓိပ္ပါယ်ကိုလည်း ဘာမျှနားမလည်ချေ။

အကြော့လည်း ကျန်အသပြာငွေတစ်ရာကိုပိုက်၍ တက္ကသိုလ်သို့ခရီးဆက်ပြန်လေသည်။ တက္ကသိုလ်ကား ဘယ်ဆီတွင် ရှိလေသည်မသိ။

ခရီးဆက်ယင်းပင် တတိယလူနှင့်ဆုံတွေ့မိပြန်လေသည်။ ထိုသူထံမှလည်း စကားကြီး တစ်ခွန်း ကြားနာလိုက်ရပြန်၏ ။ ထိုစကားကိုလည်း အကြော့ အလွန်နှစ်ခြိုက်သည်။ ထိုကြောင့် ခုနစ်ရက် သင်ကြားပေးရန် တောင်းပန်ပြန်၏ ။

ထိုစကားမှာ

"အနှ္ပ်ကံန်ရောတ်ပ္လါင်ဟာ။

အနှ္ပ်ဆေအာယ်လိုပ္လော။

အာယ်ကံန်,ကာ်းရောတ်တဟော။

ကူအာယ်ဘံပ်ပေါတလူမ်"

အဓိပ္ပါယ်မှာ

"နက်ဖြန် ဝေလီဝေလင်းအချိန် ရောက်တဲ့အခါမှာ ငါတို့ ဘာလုပ်ရမလဲ၊ ငါတို့နှစ်ယောက် နန်းတော်ကို ရောက်ယင်ရောက်၊ နန်းတော် မရောက်ယင်လဲ ငါတို့ နှစ်ယောက်ဟာ ရှုံးပြင်ကန္တာရရောက်ရမယ်"

ထိုစကား၏ တန်ဘိုးအတွက်လည်း အသပြာငွေတစ်ရာ ပေးလိုက်ပြန်လေပြီ။

ယခုသော် အာကြော့တွင် ငွေလည်း ကုန်ပေပြီ။ တက္ကသိုလ်ကား ဘယ်ဆီတွင်ရှိလေသည် မသိ၊ ငွေလည်း ကုန်ပြီဖြစ်၍ အိမ်သို့ လှည့်ပြန်ရန်သာ ရှိပေတော့သည်။

သို့ဖြစ်၍ လာလမ်းကို မှတ်ပြီး အိမ်သို့ပြန်ခဲ့လေတော့သည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ရွာသို့ရောက်လျှင် ၎င်း၏အမူအရာကား ထူးခြားနေတော့၏။ အကြာ့၏စကားများ မှာလည်း ထူးဆန်းနေတော့၏။

အကြာ့လည်း အပျိုအီပျော၏အိမ်သို့သွား၍ လူပျိုလှည့်တော့သည်၊ အပျိုနှင့်အတူ ထိုင်၍ လူပျိုစကားပြောတော့သည်။

အီပျော၏မိဘများလည်း သွင်မူဟန်ထူးခြားလာသည့်အကြာ့ ဘာတွေပြောမည်ကို သိလိုလှ၍ ချောင်းမြောင်းပြီး နားထောင်ကြ၏။

အကြာ့လည်း ၎င်းအသပြာတစ်ရာပေး၍ ပဌမဦးဆုံးသင်ယူလာသော ၎င်းနားမလည်သည့်စကားကို အပျိုအီပျောအား ပြောလိုက်၏။

"အိုမ်ဘှည်လီဂ်ဆေခြာ။

အိုမ်ဘှည်လီဂ်ယိုဝ်ကာ်။

အိုမ်လီဂ်ကူအောကာ်းဒါ။

ကာ်းမိုဟ် စိအောင်စွာ"

အဓိပ္ပါယ်

"ရေဟာ နက်သော်လဲ အသုံးမကျတာရှိတယ်၊ ငါမရှိတဲ့ရေနက်ဟာ အသုံးမကျဘူး၊ ဒီလို ရေနက်ကို ငါအသုံးမပြုဘူး၊ ငါကြွားပြောတာလဲ မဟုတ်ဘူး"

အကြာ့၏စကားကိုကြားလျှင် ချောင်း၍ နားထောင်နေကြသော အီပျော၏မိဘနှစ်ပါးမှာ မျက်လုံးပြူးသွားကြ၏။ အကြာ့၏စကားကို စဉ်းစားကြ၏။

ဟုတ်သည်၊ သူပြောသည်မှာ မှန်သည်ဟူ၍ ကောက်ချက်ချလိုက်ကြ၏။ အကြာ့ကိုလည်း အထင်ကြီးလာကြပေပြီ။

အကြာ့၏စကားမှာ သူတို့ကို ရည်ရွယ်၍ သွယ်ဝိုက်ပြီး ဆိုလိုက်ခြင်းဖြစ်သည်ဟုလည်း ထင်မြင်ယူဆကြ၏။

သူတို့စဉ်းစားသည်မှာ သူဌေးဖြစ်သော်လည်း ကတိမရှိလျှင် ရေနက်သော်လည်း ငါးမရှိက အသုံးမကြသည်နှင့် တူသည်ဟူ၍ ဖြစ်သည်။

အကြာ့မှာ ဟန်နှင့်ပန်နှင့် ပြောလိုက်ရသော်လည်း မိမိစကား၏အဓိပ္ပါယ်ကို ဘာမျှ နားမလည်ချေ။

အီပျော၏မိများလည်း အကြာ့ ဘာပြောမည်ကို ဆက်လက် နားစွင့်နေကြပြန်၏။

အကြာ့လည်း အပျိုအီပျောအား မိမိအသပြာတစ်ရာပေး၍ သင်ယူခဲ့ရသော ဒုတိယ စကားကြီးတစ်ခွန်းကို ဆက်လက်ပြောလိုက်ပြန်၏။

"ကံန်,ယိုဝ်ကံရ်ပုအှ္လွါ့။

ဘီအာဂ်ရ်ကူကာ်းဘိုန်ဓ။

ဘီကာ်းဇော်းကံရ်ပုပိုတ်။

ပိုင်ဒီန်မိုဟ်ငဲရဒိုတ်”

အခိပ္ပါယ်

“ပျဉ်တချောင်းထဲခင်းထားတဲ့ တံတားကို လူနှစ်ယောက်ဆိုင်ပြီး မသွားကောင်းဘူး၊ ဘာပြုလို့လဲဆိုတော့ လူတွေယင်လဲ ရေထဲကျမယ်၊ ဒါမှမဟုတ်ယင်လဲ တံတားကျိုးသွားမယ်၊ အဲဒါဟာ အမှန်ဆုံးစကားဘဲ”

အကြွ၏စကားကို ချောင်း၍ နားထောင်နေကြသော အီပျော၏မိဘများကြားလျှင် မျက်လုံးပြူးသွားကြ၏။

အကြွပြောသော စကားမှာ မှန်သည်ဟု ယူဆကြ၏။ အကြွစကားကို သူတို့အဓိပ္ပါယ် ကောက်ယူကြသည်မှာ . . . .

သမီးတစ်ယောက်ကို လူနှစ်ယောက်နှင့်ပေးစားရန် စေ့စပ်လျှင် ထုံးစံမဟုတ်၊ သမီးတစ် ယောက်ကို လူနှစ်ယောက်နှင့်ပေးစားမည်ဆိုလျှင် ဒီလူနှစ်ယောက်သော်၎င်း၊ သမီးသော်၎င်း ဒုက္ခရောက်ကြရမည်ဟု အဓိပ္ပါယ်ကောက်ယူလိုက်ကြပြန်သည်။

အကြွမူကား မိမိပြောသောစကားမှာ ဘယ်အဓိပ္ပါယ် ရောက်သည်ကို ဘာမျှမစဉ်းစား မိပေ။

ထို့နောက် အီပျော၏မိဘများလည်း အကြွ ဘာများပြောဦးမည်ကို ဆက်လက်နား ထောင်ကြပြန်၏။

အကြွလည်း အီပျောအား မိမိအသပြာတစ်ရာ ဉာဏ်ပူဇော်ခပေး၍ သင်ယူခဲ့သော တတိယစကားကြီးကို မှင်သေသေနှင့် ဆက်လက်ပြောလိုက်ပြန်၏။

“အနှပ်ကံန်ရောတ်ပ္လါင်ဟာ။

အနှပ်ဆေအာယ်လိုပျော။

အာယ်ကံန်,ကာ်းရောတ်တယော။

ကူအာယ်ဘံပ်ပေါတလူမ်”

အဓိပ္ပါယ်မှာ

“နက်ဖြန် ဝေလီဝေလင်းအချိန် ရောက်တဲ့အခါမှာ ငါတို့ဘာလုပ်ရမလဲ၊ ငါတို့နှစ် ယောက် နန်းတော်ကိုရောက်ယင်ရောက်ယင်ရောက် မရောက်ယင်လဲ ငါတို့နှစ်ယောက်ဟာ ရုံး ပြင်ကန္တားရောက်ရမယ်”

အီပျော၏မိဘများလည်း အကြွ၏စကားကိုကြားလျှင်အကြွ၏စကားမှာ အလွန် မှန်ပေသည်။ မိမိတို့ကတိသစ္စာပျက်သူများဖြစ်၍ အပြစ်ရှိနေပြီ။ နက်ဖြန်ဆိုလျှင် နန်းတော် သို့မဟုတ် ရုံးသို့ ရောက်ရတော့မည်ဟု စဉ်းစားမိကြ၏။

အကြွလည်း မိမိဘာမျှနားမလည်သော စကားကြီးသုံးခွန်းကို အပျိုအီပျောအား ခပ်တည်တည်ပြောပြီးလျှင် မိမိအိမ်သို့ ပြန်ခဲ့လေတော့သည်။



ebook is created by www.ShanYoma.Org

အလွန်ကြောက်နေပြီဖြစ်သော အီပျော၏မိဘများလည်း မနက်ဖြန် နန်းတော်သို့လည်း မရောက်လို၊ ရုံးသို့လည်း မရောက်လို၊ မိမိတို့ကတိသစ္စာ ပျက်နေသည်ကိုလည်း ပြန် လည်သတိရကြသောကြောင့် ကြာရှည်စွာ ဆိုင်းငံ့မနေနိုင်တော့ဘဲ သမီးအီပျောအား အကြာ့ထံသို့ အရောက် ပို့ရလေတော့သတည်း။

(ရှမ်းအမျိုးသားပုံပြင်များတွင်လည်း ဤပလောင်ပုံပြင်နှင့် အသွားချင်းဆင်သော ပုံပြင်တစ်ပုဒ်ရှိသည်။ သို့ရာတွင် အချို့နေရာတွင် ခြားနား၍ ပြောပုံချင်းလည်း ကွာခြားသည်။)

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## မောင်း နှင့် လကွင်း
( အပူမ်ဘွောင်မွောင်ချွဲင် )

ရှေးအခါက တူရိယာတည်ဦးစအချိန်၌ မင်းတစ်ပါးသည် မောင်း၊ လင်းကွင်း(လကွင်း) တို့ကို တီထွင်ရန် ပန်းတဉ်းအလုပ်သမားပေါင်း တစ်ထောင်ကို ဆင့်ခေါ်၍ ကြံစည်စေ၏ ။

ပန်းတဉ်းအလုပ်သမားတို့လည်း ဘုရင်မင်းမြတ်အမိန့်တော်အတိုင်း မောင်းနှင့်လကွင်းကို တီထွင်လုပ်ဆောင်ကြ၏ ။ ရှေးဦးစွာ လုပ်ဆောင်သည့်မောင်းနှင့်လကွင်းတို့မှာ ‘ဘု’ ခေါ် ဘုမရှိချေ။ လကွင်းပြောင်နှင့်မောင်းပြောင်ကိုသာ တီထွင်လုပ်ကိုင် တီးခတ်ကြ၏ ။

လကွင်းပြောင် မောင်းပြောင်တို့၏ အသံမှာ မသာယာလှပေ။ ထို့ကြောင့် ထို့ထက် အသံ သာယာလာစေရန် စဉ်းစားကြပြန်၏ ။

တစ်နေ့သောအခါ ပန်းတဉ်းဆရာတစ်ယောက်သည် မိမိ၏ သားငယ် နို့စို့နေသည်ကို ကြည့်၍ စဉ်းစား၏ ။ ထိုအခါ သားငယ်သည် ဖခင်နှင့်မိခင်ကို ကြည့်၍ နို့စို့၏ ။ လက်တဖက်ကလည်း လက်သီးဆုပ်ပြီးလျှင် မိခင်၏ နို့ကို ထု၍ ရယ်ပြနေလေ၏ ။

ထိုအခါ ပန်းတဉ်းဆရာလည်း သားငယ်၏ အပြုအမူကို ကြည့်ပြီးလျှင် အကြံရသလိုလိုနှင့် ရယ်ပြီးလျှင် ရှေးဦးစွာ အလယ်တွင်( နို့ပုံ )ဘုပါသော မောင်းကို တီထွင်လုပ်လေတော့သည်။

ဤသို့အလယ်တွင် ဘုပါသော မောင်းမှာ မောင်းပြောင်ထက် အသံသာသည်ကိုတွေ့ရလေသည်။

မောင်းကို တီထွင်၍ အောင်မြင်လျှင် ဘုနှစ်လုံးပါသောမောင်းကို ပန်းတဉ်းဆရာသည် စမ်းသပ်၏ ။ ထိုဘုနှစ်လုံးပါသော မောင်းမှာလည်း အသံမသာယာပေ။

ပန်းတဉ်းဆရာလည်း မောင်းကို ဖျက်ဆီးလိုက်သောအခါ မောင်းသည် အလိုအလျောက် နှစ်ခြမ်းကွဲသွားလေတော့သည်။ ၎င်းနှစ်ခြမ်းကိုယူ ဟပ်၍တီးခတ်ကြည့်သောအခါသာယာသော အသံထွက်လာ၏ ။ ထိုအခါမှစ၍ ‘ဘု ’ ကိုအလယ်မှအပေါက်ဖောက်၍ ကြိုးတပ်ပြီးလျှင် တီးကြလေတော့သည်ဟု ဆိုလေသည်။

ebook is created by www.ShanYoma.Org

# ကြောင် နှင့် ကြွက်

( အပူမ် အာငါဝ် ဂါရ်ကတော့ )

မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်အခါ၌ မာရ်နတ်သည် အမြဲလိုက်၍ ဖျက်ဆီး လေ့ရှိ၏ ။

တစ်နေ့သောအခါ မြတ်စွာဘုရား သီတင်းသုံးတော်မူရာသို့ မာရ်နတ်သည် လာရောက် ၍ လှံနှင့်ပစ်၏ ။ လှံသည် မြတ်စွာဘုရားရှေ့သို့ ကျရောက်သည့်အခါ ကြက်လျှာဖြစ်၍ သွားလေတော့သည်။ ဓားချွန်များနှင့်ပစ်သောအခါ ပန်းပေါက်ပေါက်များ ဖြစ်ကုန်၏ ။ မြားနှင့် ပစ်သောအခါ တံခွန်ကုက္ကားများ ဖြစ်ကုန်၏ ။

ထို့နောက်မာရ်နတ်သည် ကြံရာမရ၍ မိမိတန်ခိုးနှင့်ကြွက်များကို ဖန်ဆင်း၍ မြတ်စွာ ဘုရား၏ အသုံးအဆောင်တို့ကို ဖျက်ဆီးစေ၏ ။ မာရ်နတ်၏ ကြွက်များလည်း မာရ်နတ် ခိုင်းစေ သည့်အတိုင်း မြတ်စွာဘုရား၏ အသုံးအဆောင်တို့ကို ဖျက်ဆီးကြလေသည်။

ထိုအခါ မြတ်စွာဘုရား၏ ချွေးပေါက်တို့သည် အလိုအလျောက်'အငါဝ်'ခေါ် ကြောင် များဖြစ်ပေါ်လာပြီးလျှင် ကြွက်များကို လိုက်လံ သုတ်သင်ရှင်းလင်းကြလေတော့သည်။

ရှေးလူကြီးများ ပြောခဲ့ကြသည့် ဤပုံပြင်ကလေးကို အကြောင်းပြု၍ ယခုတိုင် ပလောင်အမျိုးသားအချို့သည် ကြွက်များကို မာရ်နတ်ဖန်ဆင်းထားသော သတ္တဝါများဟု အယူ ရှိ၍ ကြောင်များကို မြတ်စွာဘုရား၏ ချွေးတော်မှ ဖြစ်လာသောသတ္တဝါဟု ယုံကြည်ကြကာ ကြောင်များကို ချစ်ခင်ယုယစွာ မွေးမြူကြလေသည်။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## ကျားနဖူးစာ

ရှေးလွန်လေပြီးသောအခါ ပလောင်ရွာတစ်ရွာ၌ အဘိုးအိုနှင့်အဖွားအို လင်မယား နှစ်ယောက်ရှိ၏။ ထိုအဘိုးအိုနှင့်အဖွားအိုတို့တွင် ရုပ်ရည် အလွန်ချောမောလှပသည့်'အီဆာ ဆိုသော သမီးတစ်ယောက်ရှိလေသည်။

အချိန်တန် အရွယ်ရောက်သော် လူငယ်တို့ဘာဝ အီဆာသည် 'အကုမ်း'ဆိုသောလူငယ် တစ်ယောက်နှင့်မေတ္တာမျှ၏။ နှစ်ဦးသဘောတူ လက်ဆက်ရန် ကြံရွယ်ထားကြသော်လည်း အီ ဆာ၏မိဘများက မိမိတို့သမီးကို အကုမ်းနှင့်သဘောမတူကြ။ ထို့ကြောင့် အီဆာ၏မိဘများ သည် အီဆာကို အမျိုးမျိုးသောနည်းလမ်းများဖြင့် ချုပ်ချယ်ကြလေသည်။

တစ်နေ့သောအခါ ရွာ၌ အိုးစည်ဝိုင်းပွဲကျင်းပမည်ကို သိရှိသဖြင့် အဘိုးအိုနှင့် အဖွား အိုတို့သည် အီဆာကို အိုးစည်ဝိုင်းပွဲသို့ မသွားစေလို၍ တောင်ယာတဲသို့ ခေါ်ဆောင် သွားကြ လေသည်။ အိုးစည်ဝိုင်းပွဲသို့ အီဆာသွားလျှင် အကုမ်းနှင့်တွေ့မည်ကို မကြိုက်သောကြောင့်ဖြစ် သည်။

ပွဲနေ့သို့ရောက်သောအခါ အီဆာ၏မိဘများလည်း အီဆာကို တောင်ယာတဲတွင် ထား ခဲ့ပြီး ပွဲသို့သွားလေ၏။ အီဆာလည်း အိမ်မှုကိစ္စများကို လုပ်ကိုင်ယင်း နေရစ်ခဲ့ရလေသည်။

မိုးချုပ်စပြုလျှင် အီဆာသည် တဲတံခါးကိုပိတ်၍ ချည်ခင်ကို ကျစ်လေတော့၏။ တစ် ချက်တစ်ချက် ချည်လုံးသည် ကြမ်းကြားမှ ကျ၍သွားသဖြင့် ချည်လုံးမှာ ဆွဲတင်လိုက်၊ ပြန်ကျ လိုက်ဖြစ်လေ၏။

ထိုအချိန်တွင် အိမ်အောက်သို့ ရောက်နေသော ကျားကြီးတစ်ကောင်သည် ကျလိုက် တက်လိုက် ဖြစ်နေသော ချည်လုံးကို ဖမ်းယူကစားလေတော့သည်။

ချည်လုံးကို ဆွဲထားသည်ကို သိရလျှင် အီဆာကား ကျားဟုမထင်၊ မိမိချစ်သူ အကုမ်း ရောက်လာ၍ မိမိကို ကျီစယ်သည်ထင်သဖြင့် အိမ်ပေါ်သို့ တက်လာရန် ဘိတ်ခေါ်လိုက်ကာ တံ ခါး ဖွင့်ပေးလိုက်လေသည်။

အီဆာတံခါးဖွင့်ပေးခိုက် ကျားကြီးသည် ချက်ချင်းရောက်လာပြီး အီဆာကို ခုန်အုပ်၍ စားလေတော့၏။

အီဆာ၏မိဘများမှာ ပွဲသို့ရောက်နေကြလေပြီ။ အကုမ်းလည်း အီဆာ၏မိဘများကို သာတွေ့၍ အီဆာပါမလာကြောင်းသိရလျှင် အီဆာမှာ တောင်ယာတဲတွင် ရှိမည်ကို အတပ်သိ၍ ဝါးပုလွေကို အဖော်ပြုပြီးလျှင် ပွဲမှထွက်လာတော့သည်။

အီဆာ၏တဲသို့ရောက်လျှင် တဲပေါ်မှ တကျွတ်ကျွတ်ဝါးနေသော အသံကိုကြား၍ ရုတ် တရက် တဲပေါ်သို့ မတက်သေးဘဲ အကဲခတ်၏။ မကြာမီ သွေးစက်များကျနေသည်ကို တွေ့ရ

၏။ အကုမ်းလည်း ဓားအိမ်မှဓားကိုထုတ်၍ ကျစ်ကျစ်ပါအောင် ဆုပ်ပြီးလျှင် တဲပေါ်သို့ သတိကြီးစွာဖြင့် တက်သွားလေသည်။

ကျားကား လောဘတကြီးနှင့် အီဆာကို ကိုက်ဝါး၍ စားနေလေပြီ။ အကုမ်းလည်း ကျားကို တစ်ချက်တည်း ဝင်ပိုင်းလိုက်ရာ ကျားသည် အစာစားနေခိုက်ဖြစ်၍ မခုခံနိုင်တော့ဘဲ ထိုနေရာတွင်ပင် သေဆုံးလေတော့၏။

အကုမ်းလည်း ပွဲထဲရှိအီဆာ၏မိဘများအား ၎င်းတို့၏သမီး ကျားကိုက်၍ သေဆုံးကြောင်း သိစေလိုသဖြင့် အီဆာ၏ ဆံပင်နှင့် ကျားမြီးကိုဖြတ်၍ယူခဲ့၏။

အိုးစည်ဝိုင်းသို့ရောက်လျှင် အကုမ်းလည်း အီဆာ၏ ဆံပင်နှင့် ကျားမြီးကိုပူး၍ ခါးတွင်ညှပ်ပြီးလျှင်ဝင်၍ကလေတော့၏။

အဘိုးအိုနှင့်အဖွားအိုလည်း အကုမ်း၏ခါးတွင် မိမိတို့၏သမီးဆံပင်နှင့် ကျားမြီးကို မြင်လျှင် သမီးကျားကိုက်လေပြီကို အတပ်သိ၍ ပွဲကို ဆက်မကြည့်တော့ဘဲ တောင်ယာတဲသို့ပြေးကြလေတော့သည်။

တောင်ယာတဲသို့ရောက်လျှင် သမီးနှင့်ကျား သေဆုံးနေသည်ကို တွေ့၍ များစွာပူဆွေး ငိုကြွေးမြည်တမ်းကြလေသည်။

အဘိုးအိုနှင့်အဖွားအိုကား ယခုမှနောင်တရကြသည်။ သမီးကို ဤမျှ ချုပ်ချယ်ထားမိသဖြင့် သေဆုံးရခြင်းဖြစ်သည်ဟုဆိုကာ ငိုကြွေးကြသည်။

၎င်းရွာရှိ ယောကျ်ားများသည် ယနေ့တိုင် လက်ထပ်ထိမ်းမြားပွဲများ၌ သတို့သမီးများကို ကျီစားခိုးယူသောဓလေ့ ရှိ၏။ ၎င်းဓလေ့အရ ကျီစားခိုးယူကြသောအခါ မိန်းကလေးက "ကျွန်မကို ကျားကိုက်ပြီ" ဟု သုံးကြိမ် အော်ရသည်ဟု ဆိုလေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ယုန်နှင့်လူ

တောတစ်တောတွင် အလွန် အပြောကောင်းပြီး အလွန်လည်း လိမ်လည်လှည့်စားတတ်သော ယုန်ငယ်တစ်ကောင်ရှိ၏။ ယုန်ငယ်သည် တောတိရစ္ဆာန်အချင်းချင်းကို လိမ်လည်သည်သာမက လူသားများကိုပင် လိမ်လည်တတ်လေသည်။

တစ်နေ့သော် ယုန်သည်လူသားများကိုမည်သို့လိမ်လည်ရပါမည်နည်းဟုကြံစည်စဉ်စားပြီး လူများ ခရီးသွားကြသည့်လမ်းမဘက်သို့ထွက်ကာ လူများလာသည်ကို ထိုင်စောင့်နေလေသည်။ သူ၏ နားရွက်များကို စွင့်နေအောင် ထောင်ထားပြီး နှုတ်ခမ်းမွေးများကိုလည်း သ,ထားသည်။

အတန်ငယ်ကြာသောအခါ လူတစ်ယောက်သည်ငှက်ပျောသီးတောင်းများကိုထမ်းကာ ယုန်ထိုင်စောင့်နေရာသို့ ရောက်လာလေသည်။ ဤတွင် ယုန်က "အသင်လူသား အသင်လူသားတို့လောက် သဘောကောင်းသူ၊ အလုပ်တွင် ဝီရိယရှိသူ ဒီကမ္ဘာလောက၌ ဘယ်သူမျှ မရှိပါ၊ မိမိတို့ ဉာဏ်ပညာလုံ့လနဲ့ ကိုယ့်ဝမ်းစာကိုယ်ရှာစားတတ်ကြလို့ ကျွန်ုပ်ဟာလူသားများကိုသဘောအကျဆုံးဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်ုပ်အား အသင်လူသားနဲ့အတူ နေခွင့်ပေးစေလိုပါတယ်" ဟုဆီးပြောလေသည်။

လူလည်း ယုန်၏ ချိုသာသောစကား၊ မြှောက်ပင့်ဖြားယောင်း ပြောသော စကားကို သဘောကျပြီး"အသင်ယုန် အသင်က ကျွန်ုပ်ထမ်းလာတဲ့ တောင်းထဲတွင် ဝင်ထိုင်ပြီး လိုက်ခဲ့ပါ" ဟုဆိုကာ ယုန်ကို ငှက်ပျောသီးတောင်းထဲ ဝင်ထိုင်စေပြီး ထမ်းခေါ်လာခဲ့သည်။

'ငါ့မှာ ကံကောင်းလှသဖြင့် ဤမျှ လှပလိမ်မာ ယဉ်ကျေးသည့် ယုန်ကလေးကို တွေ့ရသည်၊ ငါ့မယားနှင့်ငါ့သားသမီးများ ဤယုန်ကလေးကို တွေ့ရလျှင် အလွန်ပင် ဝမ်းသာကြလိမ့်မည်'ဟု ခရီးကို ဆက်လာခဲ့ယင်း စဉ်းစား တွေးတောလာသောသည်။

ယုန်ကမူ ငှက်ပျောသီးများကို တစ်လုံးပြီးတစ်လုံး တိတ်တဆိတ် ညှစ်ညှစ်စားပြီး မစင်များပါ၍ ငှက်ပျောသီးထဲ အခြေပျက်ထည့်ထည့်ထားလိုက်သည်။ ပဌမတောင်းမှ ငှက်ပျောသီးများ ကုန်လေလျှင် အခြားဒုတိယတောင်းထဲရှိ ငှက်ပျောသီးများကို စားလိုပြန်သဖြင့် "အို့ . . . လူသား ကျွန်ုပ် အခင်းကြီးအခင်းလေး စွန့်လိုပါတယ်၊ ခေတ္တခဏမျှ ချပေးပါ၊ အောက်ဆင်းပါရစေ" ဟု ပြောလေသည်။

လူလည်း ယုန်ပြောသောစကားကို ယုံကြည်သဖြင့် တောင်းထဲမှ အောက်ချပေးလိုက်သည်။ ဤတွင် ယုန်သည် အခင်းကြီးအခင်းလေးသွားဟန်ဆောင်ပြီး အခြားငှက်ပျောသီးတောင်းထဲသို့ တက်လေသည်။ ထို့နောက် လူသည် သူ့ငှက်ပျောသီးတောင်းများကို ထမ်းကာ

ရှေ့သို့ခရီးဆက်ပြန်လေသည်။

ယုန်သည် ပဋ္ဌမတောင်းမှာကဲ့သို့ပင် အခြားတောင်းထဲမှငှက်ပျောသီးများကိုလည်း တစ်လုံးပြီးတစ်လုံး အားလုံးမကျန်ရအောင် ညှစ်ညှစ်စားပြီး မစင်များပါ၍ ထည့်ထည့်ထား လိုက်ပြန်သည်။ အိမ်ရောက်လိုဇောနှင့် ခရီးပြင်းနှင်နေသောလူသည်ကား ယုန် ဤသို့လုပ်သည် ကို မသိပေ။

ရွာအနီးသို့ရောက်သောအခါ ယုန်သည် လူမသိအောင် ငှက်ပျောသီးတောင်းထဲမှ ခုန် ချပြီးတောထဲသို့ ပြေးဝင်နေရစ်လေသည်။

ထိုလူသည် အိမ်ရောက်လျှင်ရောက်ချင်း သူ၏မယား သားသမီးများအား ယုန်က လေးကို ပြမည်ဆိုပြီး တောင်းကို ချပြီးကြည့်လေရာ ငှက်ပျောသီးတောင်းထဲတွင် ယုန်ကိုမတွေ့ ရတော့ပေ။ ငှက်ပျောသီးများကို တောင်းထဲမှယူပြီး ကြည့်လိုက်သောအခါတွင်လည်း အထဲမှ ယုန်မစင်များကိုသာ တွေ့ရလေတော့သည်။ ထိုအခါမှ ယုန်၏လှည့်စားခြင်းကို ငါခံရသည် ဆို ကာ မကျေမနပ်ဖြစ်နေလေတော့သတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ပီယဆေး

(ဆန်မ်အသျှို)

ရှေးအခါက ပလောင်ရွာတစ်ရွာတွင် လူငယ်တစ်ယောက်ရှိ၏။ သူ၏အမည်မှာ 'အထန်း'(မောင်ထန်း)ဖြစ်သည်။

အထန်းသည် အလွန်သဘောကောင်း၍ အပေါင်းအသင်းများသူ ဖြစ်လေသည်။ အမြဲသဖြင့် အပေါင်းအသင်းများ၏ အလိုကို လိုက်တတ်သူလည်း ဖြစ်သည်။ အပေါင်းအသင်းများအတွက်ဆိုလျှင် အိမ်ကိုပင် မေ့နေတတ်သည်။

အချိန်အရွယ်သို့ရောက်သော် အထန်းလည်း အိမ်ထောင်ပြုသည်။ အိမ်ထောင်သည်ဘဝရောက်သော်လည်း အထန်းမှာ လူပျိုဘဝကအတိုင်းပင် ဘာမှမပြောင်းပေ။ သူငယ်ချင်းအပေါင်းအဖေါ်များနှင့်လေလွင့်ပြီး အိမ်ကသားမယားများကိုပင် မေ့လေတော့သည်။ အိမ်အလုပ်များကိုလည်း သတိမရတော့ချေ။

အထန်းသည် သူငယ်ချင်း အပေါင်းအဖေါ်များ၏အလိုသို့လိုက်ပြီး အိမ်မှုကိစ္စများလစ်ဟင်းလှသောကြောင့် အထန်း၏မိန်းမကား စိတ်မချမ်းသာပေ။

သို့ဖြစ်ရာ သူငယ်ချင်းအပေါင်းအဖေါ်များနှင့်လည်ပတ်ရာမှပြန်လာလျှင် အထန်းသည် အိမ်၌မိန်းမနှင့်စကားများရသည်။ အိမ်တွင်ကား စားစရာမရှိ ဝတ်စရာမရှိ။ သို့သော် အထန်းမှာ ငယ်မူငယ်ကျင့် မဖျောက်ပေ။

နောက်ဆုံး၌ အိမ်ထောင်ရေး မသာယာတော့သဖြင့် အထန်း၏မိန်းမလည်း လူကြီးဆုံရာရှေ့တွင် အထန်းနှင့်ကွာရှင်းလိုက်လေတော့သည်။

ယခုသော် အထန်းသည် တစ်ကိုယ်တည်းဖြစ်၍ အပေါင်းအသင်းများနှင့်ပျော်နိုင်ပြန်လေသည်။ သို့ရာတွင် များမကြာမီ နောက်အိမ်ထောင်ပြုလိုပြန်သည်။

သို့ဖြင့် အိမ်ထောင်ဘက်များကိုရှာရာ အထန်းအား မည်သည့်အပျိုကမှ လက်မခံကြပေ။ အပျိုများမှာ အထန်း၏အကြောင်းကို သိပြီးဖြစ်ကြသောကြောင့် လူလေလူလွင့် လူပေါ်ကျော့ဖြစ်၍ သူနှင့်အိမ်ထောင်ပြုလျှင် သူတို့ဒုက္ခရောက်မည်ကို သိပြီး အထန်းကို ရှောင်ကြကွင်းကြခြင်း ဖြစ်သည်။

အထန်းမှာ အိမ်ထောင်ဘက်ရှာ၍ မရသဖြင့် စိတ်ညစ်သည်။ သို့သော် အားမလျှော့သေးဘဲ ပီယဆေး လိုက်၍ ရှာတော့သည်။

ဤသို့ ပီယဆေးလိုက်ရှာယင်း တစ်နေ့တွင် အထန်းသည် အဘိုးအိုကြီးတစ်ယောက်နှင့် တွေ့လေတော့သည်။ အထန်းသည် အဘိုးအိုထံ၌ ပီယဆေးတောင်းသည်။ အဘိုးအိုက "ကောင်းပြီ၊ ပီယဆေးပေးမည်၊ သို့သော် ခုနစ်ရက် တပည့်ခံရမည်၊ ခိုင်းတာ လုပ်ရမည်"ဟု ပြောလေသည်။ အထန်းလည်း အဘိုးအိုခိုင်းသမျှ လုပ်ပါမည်ဟု ဝန်ခံသည်။

အဘိုးအိုလည်း ထိုနေ့မှစ၍ ရရှိသောအသီးများ၏ အသားကို စား၍ အခွံများကို အထန်းအား ကျွေးလေသည်။

ဤနည်းအတိုင်းပင် အသီးမျိုးစုံ၏ အသားကို အဘိုးအိုက စား၍ အထန်းက အခွံသာ စားရသည်။ ဤသို့အခွံများကို စား၍ လာခဲ့ရာ ခုနစ်ရက်ခန့်ရှိလာသောအခါ အထန်းသဘော ပေါက်လာလေတော့သည်။

ခုနစ်ရက်ပြည့်မြောက်သောနေ့တွင် အထန်းသည် အဘိုးအိုအား ရှိသေစွာကန်တော့၍ အိမ်သို့ပြန်လေတော့သည်။ အရသာကင်းမဲ့၍ အခွံနှင့်တူသော အပေါင်းအသင်းများကို လျှော့၍ အိမ်အလုပ်ကိုသာ ကြိုးစားအားထုတ်ပြီး လုပ်ကိုင်လေတော့သည်။ တဖြည်းဖြည်း အထန်း၏ ဂုဏ်သတင်းလည်း မွှေးလာလေတော့ရာ နောက်ဆုံး၌ အထန်းမှာ ကြိုက်ရာအမျိုးသမီးတစ်ယောက်ကို ဇနီးအဖြစ် ရယူနိုင်လေတော့သည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



ebook is created by www.ShanYoma.Org

# မိဘစကားနားမထောင်၍ ဒုက္ခရောက်သူ

ရွာတစ်ရွာတွင်အဘိုးအိုနှင့်အမယ်အို လင်မယားနှစ်ယောက် ရှိလေသည်။ ထိုအဘိုးအို အမယ်အိုလင်မယား၌ သားတစ်ယောက်ရှိ၏။

ထိုရွာနှင့်မနီးမဝေးသော ရွာတွင် ရုပ်ရည်အလွန် ချောမောလှပ၍ သတင်းကျော်စော သော မိန်းကလေးတစ်ယောက်ရှိ၏။ အဘိုးအိုအမယ်အိုတို့ သားလည်း ထိုမိန်းကလေးနှင့်ချစ် ကျွမ်းဝင်လျက်ရှိလေသည်။

တစ်နေ့သောအခါ အဘိုးအို၊ အမယ်တို့ သားသည် အရပ်တစ်ပါးသို့ ကုန်ပစ္စည်းများ လှည့် လည်ရောင်းချရန် နွားဝန်တင်များကို ပြင်ဆင်၏။

ခရီးမထွက်မီ ချစ်သူရည်းစားရှိရာရွာသို့ နှုတ်ဆက်မှာကြားရန် ထွက်ခဲ့လေသည်။

လုလင်ပျိုလည်း ချစ်သူကို တွေ့လျှင် မိမိမှာ အရပ်တစ်ပါးသို့ ဥစ္စာစီးပွားရှာရန် ကုန် ရောင်းသွားရမည့်အကြောင်းကို ပြောပြ၏။ မိမိတို့ချစ်သူနှစ်ဦးအမြန်ဆုံးနီးစပ်၍ အတူတကွ နေထိုင်ရန်အတွက် ကုန်ပစ္စည်းရောင်းချရာတွင် အမြတ်အစွန်းရရန်၊ ကျန်းမာ၍ချမ်းသာစေ ကြောင်း ပန်းသပြေနှင့် ညောင်ရေလောင်း၍ ဆုတောင်းနေရန် မှာကြားခဲ့၏။ မိမိသည် မည် သည့်အရပ်သို့မျှ ခွဲခွာ၍ မသွားလိုသော်လည်း ချစ်သူနှင့်လက်ထပ်နိုင်ရန် ဥစ္စာစီးပွား ရှာဖွေဘို့ သွားရခြင်းဖြစ်ကြောင်း၊ ချစ်သူတို့ဘာဝ ချစ်ခင်ဖွယ်သောစကားများကို ပြောဆိုမှာကြားခဲ့လေ ၏။

လုလင်ငယ်လည်း လပေါင်းများစွာ တောတောင်အရပ်ရပ်တွင်ရှိသော ရွာများသို့ ကုန် များလှည့်လည်ရောင်းချရလေ၏။ ကျန်ခဲ့သော ချစ်သူရည်းစားလည်း ရပ်ဝေးသို့ ကုန်ရောင်း သွားနေသူအား မျှော်ယင်း လွမ်းယင်းနှင့်ပင် မမာမကျန်းဖြစ်၍သေဆုံးလေတော့သည်။

မိန်းကလေးကား ချစ်သူရည်းစားကို စွဲလမ်းပြီး သေဆုံးခြင်း ဖြစ်သောကြောင့် ၎င်း အား သင်္ဂြိုဟ်မည့်ရက်တွင် ခေါင်းကို မသောအခါ ခေါင်းမှာ ကြမ်းပြင်မှ ခွာမရဘဲ ကြမ်းပြင်နှင့် ကပ်နေသည်ကို ထူးဆန်းစွာတွေ့ရလေ၏။

ထိုအခြင်းအရာကို မြင်လျှင် ရွာသူရွာသား များကလည်း ထိတ်လန့် ကြောက်ရွံ့ကြလေ သည်။

ရွာသူရွာသားတို့သည် မိမိတို့စွဲလမ်း ယုံကြည်ချက်အရ သေဆုံးသူမိန်းကလေးမှာ အ ဝေးရောက်ချစ်သူ ပြန်မရောက်သေး၍ နာနာဘာဝ ဖြစ်နေသည်။ သူ၏ချစ်သူအား စောင့်နေ၍ သာလျှင် သင်္ဂြိုဟ်ရန် ခေါင်းကို မ၍မရခြင်း ဖြစ်သည်။ ရွာကို ဒုက္ခပေးတော့မည်ဟုထိတ်လန့်

ebook is created by www.ShanYoma.Org

ကြောက်ရွံ့ကြပြီးလျှင် နေအိမ်များကိုပင် မဖျက်နိုင်ကြတော့ဘဲ အခြားတစ်ပါးသော ရပ်ရွာသို့ ပြောင်းရွှေ့ပြေးကြလေသည်။

ရွာသူရွာသားတို့ တစ်ယောက်မျှမရှိလျှင် ရွာလည်း တိတ်ဆိတ်သွားလေတော့၏။ သူတို့ ထင်သည့်အတိုင်းပင် သေဆုံးသူ မိန်းကလေးသည် ချစ်သူအား စောင့်မျှော်ယင်း ရွာတွင်းသို့ လှည့်လည်သွားလာနေ၏။ တစ်ခါတရံ ကိုယ်ရောင်ပြ၍ ချောက်လှန့်သည်ကို ခံကြရ၏။ ကြာသော် ထိုရွာအနီးသို့ မည်သူမျှ ကူးသန်းသွားလာဝံ့သူ မရှိတော့ချေ။

မိန်းကလေး၏ရည်းစားသည် လုလင်လည်း ကုန်ပစ္စည်းများ ရောင်းချပြီးသော် ရွာသို့ ပြန်လာလေ၏။ ချစ်သူအား တွေ့လိုဇောဖြင့် ရွာနှင့် နီးလေသော် နွားဝန်တင်များကို ခပ်သုတ်သုတ်မောင်းနှင်လေတော့၏။

နွားခလောက်သံများကိုကြားလျှင် အစိမ်းသည်မလည်း မိမိရည်းစားပြန်လာသည်ကို သိ၍ တစ်ရွာလုံး လူရှိလေဟန် အိမ်တိုင်းတွင် မီးများမွှေးထား၏။ မိမိကိုယ်တိုင်လည်း ဆံပင်ကို ဖားလျားချ၍ အိမ်ရှေ့ကြမ်းပြင်တွင် ထိုင်နေလ၏။

လုလင်လည်း နေဝင်ရီတရောအချိန်တွင် နွားဝန်တင်များကို မောင်း၍ ချစ်သူမိန်းကလေး၏ရွာလမ်းအတိုင်း သွားကာ ချစ်သူ၏ အိမ်ရှေ့မှဖြတ်၍ သွား၏။ အစိမ်းသည်မလည်း ချစ်သူလုလင်အား ပြုံးရွှင်စွာ နှုတ်ဆက်၍ အမြန်လာခဲ့ရန် မှာကြားလိုက်လေသည်။ လုလင်၏ စိတ်တွင်ကား သူ၏ချစ်သူ မိန်းကလေးမှာ ယခင်ထက် ပို၍လှနေသည်ဟု ထင်မှတ်မိလေ၏။

မိမိတို့ရွာသို့ရောက်လျှင် လုလင်လည်း နွားဝန်တင်များကို ဖြုတ်၍ မိဘအား နှုတ်ခွန်းဆက်၏။ ရေမိုးချိုး၍ ထမင်းစားပြီးလျှင် အပန်းပင် မဖြေနိုင်ဘဲ ချစ်သူရှိရာသို့ သွားရန် ပြင်ဆင်လေတော့၏။

မိဘများလည်း သား၏အခြင်းအရာကို မြင်လျှင် ချစ်သူရည်းစား သေဆုံးသည်ကို မသိသေးကြောင်း သိသဖြင့် သားအားခေါ်၍အကျိုးအကြောင်း ပြောပြကြလေ၏။ သားအား မသွားရန် တားမြစ်ကြ၏၊ ချော့မော့ပြောဆိုကြ၏။

မိဘများက မည်သို့ပင်ပြောဆိုကြသော်လည်း လုလင်ကား မယုံ၊ ယခုပင် မိမိကိုယ်တိုင် မြင်ခဲ့၍ ရွာသူရွာသွားများလည်း ထမင်းဟင်းချက်နေကြကြောင်း ပြန်ပြောလေ၏။

ဤသို့ သားဖြစ်သူတွေ့ခဲ့ရသော အခြင်းအရာများမှာ အစိမ်းမ၏လှည့်စားမှုများသာ ဖြစ်သည်၊ တစ်ရွာလုံး ကြောက်ရွံ့ထိတ်လန့်၍ ပြေးနေရသည်၊ မသွားပါလင့်ဟု သားအား အတန်တန် ချော့မော့တောင်းပန်ကြ၏။ လုလင်ကား အချစ်ဇောဖြင့် မိဘ၏စကားကို နားမထောင်ဘဲ ချစ်သူရှိရာရွာသို့ သွားလေတော့သည်။

ညဦးယံတွင်ကား ရွာ၏ အခြေအနေမှာ အခြားရွာများကဲ့သို့ပင် ဘာမျှမထူးခြားချေ။

တဖြည်းဖြည်း ညဉ့်နက်၍လာ၏။ ချစ်သူအစိမ်းမ၏ရုင်သွင်ပြင်လည်း အမူအရာ ပြောင်းလဲလာ၏။ လုလင်လည်း မိဘစကားကို သတိရပြီး ကြက်သီးမွေးညှင်းထကာ ကြောက်ရွံ့

လာ၏။ ထို့ကြောင့် ပြန်တော့မည်ဟု ဉာဏ်ဆင်၍ မိမိယူလာသော ဗူးပလွေကို ကြမ်းပေါက်မှ မ တော်တဆ ကျသွားလေဟန်ဖြင့် အောက်သို့ချလိုက်လေ၏။

လုလင်လည်း ပလွေကျသွား၍ ကောက်ပါမည်ဟု ချစ်သူအစိမ်းမအား ပြော၏။ အစိမ်းမလည်း ကြမ်းကဖြုံပြီး လျှာဖြင့် လျက်၍ ကောက်ပေးလေ၏။ လုလင်လည်း ကြောက်လှပေပြီ။ ထွက်ပြေးရန်သာ အကြံထုတ်၏။

ထို့ကြောင့် အစိမ်းမအား အခင်းကလေး သွားပါရစေဟုခွင့်တောင်း၏။ အစိမ်းမက ကောင်းပြီဟု ခွင့်ပေးလေ၏။

လုလင်လည်း ဝါးကျည်တောက်ဖြင့် ပြုလုပ်ထားသော ရေဗူးမှရေကို သစ်ရွက်ခြောက်ပေါ်တွင် အဆက်မပြတ် ကျစေ၍ ပုရွက်ဆိတ်တစ်ကောင်ကို ဖမ်းပြီး အစိမ်းမက မပြီးသေးဘူးလားဟုမေး၍ မပြီးသေးဘူးဟုပြန်ပြော၍ မှာကြားခဲ့ပြီးလျှင် ထွက်ပြေးလေတော့သည်။

အိမ်သို့ရောက်လျှင် မိဘများအား မောကြီးပန်းကြီးနှင့်တံခါးဖွင့်ပေးရန် နှိုးလေလျှင် မိဘများက ငါတို့လည်း အစိမ်းမကို ကြောက်ရသည်၊ ဤမျှ စကားနားမထောင်သော သားဖြစ်လိုရာ ဖြစ်စေဟုပြော၍ တံခါးကို ဖွင့်မပေးဘဲ နေလေ၏။

လုလင်ပျိုလည်း ကြောက်အား လန့်အားနှင့် ဆက်၍ ပြေးပြီးလျှင် ရွာလယ်ရှိ ဆီးဖြူပင်ကြီးပေါ်သို့ တက်၍နေလေတော့၏။

အစိမ်းမလည်း မိမိချစ်သူ အခင်းလေးသွားသည်မှာ ကြာလှသဖြင့် "မပြီးသေးဘူးလား"ဟု လှမ်း၍မေးလေ၏။ "မပြီးသေးဘူး"ဟုပြန်ပြောသံကြားလျှင် အစိမ်းမလည်း ငြိမ်၍နေပြန်၏။ ဝါးကျည်တောက် ရေဗူးမှရေ သစ်ရွက်ခြောက်ပေါ်သို့ကျနေသံမှာ အခင်းလေးသွားသည့်အသံနှင့်တူသဖြင့် အစိမ်းမက ယုံနေ၏။

အစိမ်းမလည်း ခဏကြာသော်"မပြီးသေးဘူးလား"ဟုမေးပြန်၏။ ပုရွက်ဆိတ်လည်း "မပြီးသေးဘူး"ဟုပြန်ပြောလေ၏။ သို့သော် ဝါးကျည်တောက်မှ ရေကုန်၍ သစ်ရွက်ခြောက်ပေါ်သို့ရေကျသံ ရပ်သွားလေပြီ။ အစိမ်းမလည်း မစောင့်နိုင်တော့သဖြင့် အပြင်သို့ထွက်ကြည့်ရာ ပုရွက်ဆိတ်တစ်ကောင်နှင့် ရေကုန်နေသောဝါးကျည်တောက်ရေဗူးကိုသာ တွေ့ရလေ၏။

ဒေါသဖြစ်လှသဖြင့် အစိမ်းမသည် ပုရွက်ဆိတ်ကို ချေပစ်လိုက်၏။ ထို့နောက် အိမ်ခန်းထဲမှ မိမိ၏ခေါင်းကို ရွက်ပြီးလျှင် ဆံပင်ကို ဖားလျားချ၍ မိမိရည်းစားကိုဖမ်းယူရန် လိုက်လေတော့၏။

အစိမ်းမလည်း မကြာမီပင် လုလင်ပျို၏ရွာသို့ ရောက်သွားပြီး လုလင်ပျို ပုန်းအောင်းနေသော ဆီးဖြူသီးပင်အောက်သို့ရောက်လျှင် ခေါင်းကြီးကို ပေါင်ပေါ်တင်ကာ ထိုင်ပြီးသန်းတုတ်နေလေ၏။

ချစ်သူအား အစိမ်းမ၏ပကတိရုပ်သွင်အတိုင်း မြင်သောအခါ လုလင်ပျိုမှာ အလွန်ကြောက်လှ၍ တစ်ကိုယ်လုံးတုန်နေတော့၏။ ဆီးဖြူသီးများလည်း အောက်သို့ကြွေကျပြီး

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

အစိမ်းမ၏ခေါင်းပေါ်သို့ကျလေ၏။ ထိုအခါ အစိမ်းမက ''ငါမောတယ်၊ ရည်စားပျောက်လို့ လိုက်ရှာရတယ် ပိုးစိမ်းတို့ရယ်၊ မစပါနဲ့ကွယ်''ဟုအပေါ်သို့မကြည့်ဘဲ ပြောလိုက်၏။

အစိမ်းမမှာ သန်းတုတ်မြဲ တုတ်နေ၏။ ဆီးဖြူပင်ပေါ်မှ လုလင်ပျိုသည်သာ၍ ကြောက်ရွံ့ပြီး တစ်ကိုယ်လုံး တုန်နေ၏။ ဆီးဖြူသီးများလည်း အများအပြား ကြွေကျလာ၏။ အစိမ်းမလည်း ဆီးဖြူပင်ပေါ်သို့ မော့၍ကြည့်ရာ ချစ်သူရည်းစားကို တွေ့လေတော့၏။

''ထွက်မပြေးပါနဲ့တော့ အစ်ကိုရယ်၊ ဒီမှာ ကျွန်မရဲ့အရိုးတွေ ခေါင်းထဲမှာရှိနေပြီလေ၊ ကျွန်မတို့နှစ်ယောက်အတွက် ခေါင်းကြီးလဲ ယူလာပြီလေ၊ မပြေးပါနဲ့တော့ အစ်ကိုရယ်''ဟု အစိမ်းမက ဆို၏။

လုလင်လည်း ပို၍ကြောက်ပြီးလျှင် ဆီးဖြူပင်ပေါ်မှ ခုန်ချ၍ ပြေးပြီးလျှင် ဘုန်းကြီး ကျောင်းပေါ်သို့ တက်လေ၏။

ဘုန်းတော်ကြီးများလည်း အကျိုးအကြောင်းကို မေး၍ သေတ္တာကြီးတစ်လုံးတွင် ဝှက်ထားလိုက်လေ၏။

အစိမ်းမလည်း ခေါင်းကိုရွက်ပြီးလျှင် လိုက်ပြန်လေ၏။ နောက်ဆုံးတွင်ကား လုလင် ပျို၏ဝိညာဉ်ကို နှုတ်ယူလိုက်သဖြင့် ကြောက်လွန်းနေသော လုလင်ပျိုလည်း သေဆုံးသွားလေ တော့သည်။

[မိဘများသည် မိမိတို့ သမီးများအား နေဝင်ရီတရောအချိန်တွင် ဆံပင်ဖားလျားချ၍ မနေရန်နှင့် ခေါင်းမဖြီးရန် ဆုံးမကြသည်။ သားယောကျ်ားများ ညဥ့်အချိန် အလည်အပတ် ကျူးလျှင်လည်း ဤပုံပြင်ကလေးကို ပြောပြပြီး ဆုံးမတတ်ကြလေသည်။]

# သားမိုက်
(ကွန်ကၢ်းအိုတ်)

ရှေးအခါက ပလောင်ရွာတစ်ရွာတွင် လင်မယားနှစ်ယောက်ရှိ၏။ ထိုလင်မယားနှစ်ယောက်၌ သားတစ်ယောက်ထွန်းကားသည်။ တစ်ဦးတည်းသောသားဖြစ်၍ မိဘများမှာ ချစ်မဝကြပေ။ မိဘများလည်း သားကို အလွန်အလိုလိုက်၏။ ချစ်ခင်ယုယ၏။ သို့ဖြင့် သားကလေးသည် တဖြည်းဖြည်း ကြီးပြင်းလာပြီး တဖြည်းဖြည်းလည်း ဆိုးသွမ်းလာလေတော့သည်။

မိဘများမှာ သားကို အလွန်ချစ်ရကား မတော်မလျော်ပြုသည်များကိုပင် ဆိုဆုံးမရန် မသိကြဘဲ အလိုလိုက်မြဲပင် လိုက်ကြလေသည်။

တစ်နေ့သောအခါ သူငယ်သည် လူသွားလမ်းပေါ်တွင် မိုးပြီးပေါက်နေသော သစ်ပင်တစ်ပင်ထက်တွင် တက်နေလေသည်။ ထိုသစ်ပင်အောက်သို့ ဖြတ်သန်းသွားမည့်သူကိုသာသူ စောင့်နေသည်။ မကြာမီ လူကြီးတစ်ယောက်သည် သစ်ပင်အောက်မှ ဖြတ်သွားလေလျှင် သူငယ်လည်း ထိုလူကြီးအပေါ်သို့ အပေါ့စွန့်ချလိုက်လေသည်။

ထိုလူကြီးကား ဒေါသကင်း၏။ ချိုပြုံးစွာပင် သူငယ်အား သစ်ပင်ပေါ်မှဆင်းစေ၍ ငွေငါးကျပ် ထုတ်ပေးလေသည်။ ထို့နောက် သူငယ်ကလေးအား "ဤသို့ပြုလုပ်သဖြင့် လူကြီးတစ်ယောက်က ငွေငါးကျပ်ပေးခဲ့ကြောင်း ညအချိန်ရောက်သောအခါ မင်းမိဘများကို ပြောပါလေ"ဟုမှာကြားပြီး ထွက်သွားလေသည်။

သူငယ်ကား ငွေငါးကျပ်ရလိုက်သဖြင့် လွန်စွာ ပျော်ရွှင်နေလေသည်။ သစ်ပင်ပေါ်တက်၍ လူကြီးအပေါ်သို့ အပေါ့စွန့်ချလိုက်ရခြင်းကိုလည်း ကျေနပ်နေလေတော့သည်။ သို့ဖြင့် ညအချိန်သို့ရောက်သောအခါ အလုပ်ခွင်မှ လူကြီးတစ်ယောက်အပေါ်သို့ အပေါ့စွန့်ချသဖြင့် လူကြီးက ငွေငါးကျပ် ပေးခဲ့ကြောင်း မိဘများအား ပြောပြလေသည်။

သားဖြစ်သူ ဤသို့ မတော်မလျော်ပြုခဲ့သည်ကို ကြားရသော်လည်း မိဘများမှာ သားကို မဆုံးမကြပေ။

တစ်နေ့သောအခါ သူငယ်လည်း ယမန်နေ့ကအတိုင်းပင် သစ်ပင်ပေါ်သို့တက်ပြန်ပြီး ဖြတ်သွားမည့်သူများကို စောင့်ပြန်သည်။ လူတစ်ယောက် သစ်ပင်အောက်မှ ဖြတ်သွားလေလျှင် သူငယ်လည်း တစ်နေ့ကကဲ့သို့ အပေါ့စွန့်လိုက်ပြန်သည်။ ထိုလူလည်း အပေါ်သို့မော်ကြည့်၍ သူငယ်ကိုတွေ့သောအခါ လွန်စွာဒေါသဖြစ်လေသည်။ ဤတစ်ကြိမ်တွင်ကား သူငယ်ကလေးမှာ ငွေငါးကျပ်မရဘဲ သစ်ပင်ပေါ်မှကျ၍ သေဆုံးရလေတော့သတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



# ရွှေသမင်မျက်လုံး

ရှေးရှေးက တိုင်းပြည်တစ်ပြည်တွင် ဘုရင့်သားတော်နှစ်ပါးသည် ခမည်းတော်ထံ ကိုယ့်အစွမ်းအစဖြင့် ခရီးလှည့်သွားလာလိုကြောင်း ခွင့်ပန်ကြလေ၏။ ဘုရင်ကြီးကလည်း ရင်သွေးအရင်းများဖြစ်ကြသဖြင့် စိုးရိမ်လှ၍ သွားခွင့်မပြုဘဲထားလေ၏။ သို့သော် မင်းသားနှစ်ပါးက မကြာခဏဆိုသလို ခွင့်ပန်နေကြသဖြင့် တစ်နေ့သော် လိုက်လျောလိုက်လေ၏။

ညီနောင် ၂ ဦး အတူတကွ တိုင်းပြည်မှထွက်လာကြရာ တောလမ်းအရောက်တွင် သေနေသော ရွှေသမင်တစ်ကောင်ကို တွေ့ကြလေ၏။ ရွှေသမင်မှာ တစ်ကောင်လုံး ရွှေအတိဖြစ်နေသော်လည်း မင်းသားနှစ်ပါးတို့သည် ရွှေကိုမယူဘဲ သမင်၏မျက်လုံးအစုံကိုသာ ဖောက်ယူခဲ့ကြသည်။ ရက်အတန်ကြာ သွားမိကြသောအခါ အခြားတိုင်းပြည်တစ်ပြည်တို့ရောက်လာကြလေ၏။ သူစိမ်းတိုင်းပြည်တွင် မင်းသားနှစ်ပါးသည် သူဆင်းရဲအဘိုးအိုလင်မယားထံတွင် တည်းခိုကြလေ၏။ အဘိုးအိုလင်မယားသည် ဥယျာဉ်တော်မှ ပန်းကို ငါးရက်တစ်ကြိမ်ခူး၍ ဘုရင်မင်းမြတ်ထံ ဆက်ပို့ရသောအလုပ်ကို လုပ်ရသူများဖြစ်ကြသည်။ မင်းသားနှစ်ပါးလည်း အိမ်ရှင်လင်မယားတို့၏ အလုပ်တွင် ဝင်ရောက်၍ ပန်းကုံးခြင်း၊ ပန်းစည်းခြင်းတို့ကို ကူညီလုပ်ကိုင်ပေးလေ၏။ မင်းသားနှစ်ပါးသည် ပန်းများကို အထူးလှပစွာ သီကုံးစည်းနှောင်ပေးသည့်အပြင် တစ်ခါတရံ လက်လုပ်ပန်းများပါ ပူးတွဲပေးသဖြင့် မိဖုရားများနှင့်နန်းတွင်းသူနန်းတွင်းသားများက အဘိုးအိုလင်မယား၏ပန်းများ ထူးခြားပုံကို သတိပြုမိကြလေ၏။

သတိပြုမိကြသည့်အလျောက် ဤပန်းများသည် အဘိုးအိုလင်မယား၏လက်ရာမဟုတ်နိုင်ကြောင်း အချင်းချင်းဝေဘန်ပြောဆိုကြလေ၏။ သို့သော် အဘိုးအိုလင်မယားက လူမင်းသားနှစ်ဦး သင်ကြားပေးသည့်အတိုင်း ဖာသာလုပ်သည်ဟူ၍သာ သံတော်ဦးတင်ကြလေ၏။ သို့သော် ဘုရင့်သမီးတော်ကမူ အဘိုးအိုလင်မယားကို မယုံဘဲ ဆက်လက်စုံစမ်းရာ အကြောင်းစုံကို သိရှိသွားလေတော့သည်။ သမီးတော်နှင့်မင်းသားအကြီးတို့သည် ဘဝအဆက်ဆက်က ရေစက်ပါလာသူများကဲ့သို့ပင် ပန်းလက်ဆောင်ဖြင့်၎င်း၊ စာဖြင့်၎င်း တစ်ဦးနှင့်တစ်ဦး ဆက်သွယ်လာကြရာ နောက်ဆုံးတွင် လက်ဆက်ကြတော့မည့်အခြေအနေသို့ဆိုက်ရောက်လာလေတော့သည်။

မင်းသားအကြီးက အဘိုးအိုလင်မယားအား ဘုရင့်ထံသို့သွားပြီး သမီးတော်နှင့်လက်ဆက်လိုကြောင်း နားဖောက်ပေးပါဟု ပြောဆိုရာ အဘိုးအိုလင်မယားက ကြောက်ရွံ့သဖြင့် မလျောက်တင်ဝံ့ကြောင်း ပြောပြလေ၏။ သို့သော် မင်းသားက ဇွတ်နားပူနားဆာ လုပ်နေသဖြင့် အဘိုးအိုလည်း အရဲစွန့်ကာ ဘုရင်ကို သံတော်ဦးတင်လေ၏။ ဘုရင်က ၎င်း၏သမီးတော်ကိုလိုချင်သူမှန်လျှင် ရွှေခုနစ်လှည်း ငွေခုနစ်လှည်း တင်နိုင်မှ ပေးစားမည်ဟု ပြန်လည်ပြောကြားလိုက်



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

လေ၏။

အဘိုးအိုလည်း ဘုရင်၏ မဖြစ်နိုင်သော တောင်းဆိုချက်ကြောင့် စိတ်ပျက်စွာဖြင့် အိမ်သို့ပြန်လာခဲ့လေ၏။ အကြောင်းစုံကိုသိရသောအခါ မင်းသားတို့က အဘိုးအိုအား စိတ်မပျက်ရန် နှစ်သိမ့်ပြောဆို၍ နက်ဖြန်နံနက်တွင် ဥယျာဉ်ထဲ၌ ဖျာခင်းပေးပါဟုပြော၏။ နောက်နေ့နံနက်ရောက်သော် ဖျာခင်းထားရာသို့သွား၍ ရွှေသမင်မျက်လုံးကို ကိုယ်စီငုံပြီး မင်းသားနှစ်ပါးတစ်ဦးကိုတစ်ဦး ကလိထိုးလျက် ရယ်မောကြရာ ပါးစပ်မှရွှေတုံးငွေတုံးများ ထွက်ကျလာလေ၏။ လှည်းခုနစ်စီးစာမျှရသောအခါ ရပ်လိုက်ကြပြီး လက်ဆောင်များကို ဘုရင့်ထံသို့ယူဆောင်သွားကြလေ၏။ ဘုရင်လည်း မိမိကတိအတိုင်း မင်းသားအကြီးနှင့်သမီးတော်ကို လက်ထပ်ခွင့်ပြုလိုက်ရသည်။ ထိမ်းမြားပြီးသည့်နောက်တွင် မင်းသားအကြီး၏ ဇာတိကို သိရှိသွားသဖြင့် ထီးနန်းကို လွှဲအပ်လိုက်လေသည်။

ညီမင်းသားလည်း ခမည်းတော်၏ အရိုက်အရာကို ဆက်ခံရန် မိမိတို့တိုင်းပြည်သို့ပြန်လေသည်။ ညီနောက် ၂ ပါး မင်းအဖြစ်သို့ရောက်သောအခါ အသက်ထက်ဆုံး နှစ်ပြည်ထောင်ရွှေလမ်းငွေလမ်းဖောက်၍ ဆက်ဆံကြလေသည်။

# တာဆူမော့နှင့်ယာဆူမော့

(တာဆူမော့ဂါရ်ယာဆူမော့)

ရှေးအခါက ပလောင်တောင်ယာတောတွင် အဘိုးအိုလင်မယားနှစ်ယောက် ရှိလေသည်။ ၎င်းတို့အမည်မှာ 'တာဆူမော့နှင့်ယာဆူမော့' ဖြစ်ကြ၏။ ထိုအဘိုးအို လင်မယား၌ အလွန်ချောမောလှပသော သမီးတစ်ယောက် ရှိလေသည်။

တာဆူမော့ ယာဆူမော့ အဘိုးအိုအဖွားအိုတို့မှာ အလွန်ဆင်းရဲလှသဖြင့် ရွာရပ်နှင့် များစွာဝေးကွာလှသောဒေသသို့ လာပြီးလျှင် တောင်ယာခုတ်ထွင်၍ လုပ်ကိုင်စားသောက်ကြရလေသည်။

တစ်နေ့သ၌ ဘုရင်သည် တောလည်လာရာ တာဆူမော့ယာဆူမော့တို့ တောင်ယာတဲသို့ ရောက်လာလေတော့၏။ ဘုရင်လည်း အလွန်ချောမောလှပသည့် တာဆူမော့ယာဆူမော့တို့၏ သမီးပျိုကို မြင်လေလျှင် ချစ်ခင်လှသဖြင့် မိဘများအား ခွင့်တောင်း၍ မိဖုရားမြှောက်ရန် ကောက်ယူသွားလေသည်။

ဘုရင်ကြီးကား တာဆူမော့ ယာဆူမော့တို့၏ သမီးကို မိဖုရားမြှောက်သော်လည်း မိဖုရားကြီးများ ရှိနေပြီး ဖြစ်၍တာဆူမော့ ယာဆူမော့တို့၏ သမီးမှာ မိဖုရားအငယ်ဆုံး ဖြစ်နေလေသည်။

သို့သော် ဘုရင်ကြီးမှာ တာဆူမော့နှင့်ယာဆူမော့တို့၏ သမီးကို လွန်စွာ ချစ်မြတ်နိုးသည်။

မိဖုရားငယ်အား ဘုရင်ကြီးက ထိုသို့ချစ်မြတ်နိုးသည်ကိုအခြား မိဖုရားကြီးများက မနာလိုကြပေ။ ဤသို့နေရာမှ မိဖုရားငယ်သည် ကိုယ်ဝန်ဆောင်၍ ရက်လစေ့သော် သားယောက်ျားကလေး မွေးဖွားလေသည်။

သားယောက်ျားကလေးကို မွေးဖွားသော်လည်း အခြားမိဖုရားများ မနာလိုသဖြင့် ကလေးငယ်ကို ကြမ်းပေါက်မှ အောက်သို့ချလိုက်လေ၏။

၎င်းသားငယ်၏နေရာတွင် ခွေးပေါက်စ'စောလိုင်'ကို အစားထည့်၍ ထားကြလေသည်။

မိဖုရားမှာကား ဤသို့ပြုလုပ်ကြသည်ကို ဘာမျှမသိလိုက်ပေ။ 'သောလိုင်'သာလျှင် သူ၏ သားဖြစ်သည်ဟု အားလုံးသော မိဖုရားများက တညီတညွတ်တည်း ပြောကြလေသည်။

သို့သော် မိဖုရားငယ်ကို ချစ်ခင်သောလူများလည်း ရှိသေးသဖြင့် ကလေးငယ်အား ကောက်ယူသွားကြပြီးလျှင် ထိုကလေးအား'ဆူမော့'ဟူ၍ အမည်မှည့်ထားကြလေသည်။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

မိဖုရားများလည်း မိဖုရားငယ်သည် ခွေးငယ်'စောလိုင်'ကို မွေးသည်ဟုဝိုင်းဝန်း၍ ဘုရင်ကြီးထံ သံတော်ဦးတင်ကြလေသည်။ ဘုရင်ကြီးလည်း ရှက်တော်မူလှသဖြင့် မိဖုရားငယ်နှင့် စောလိုင်အား မိဘရပ်ထံသို့ ပြန်စေလေသည်။

မိဖုရားလည်း စောလိုင်ကိုပင်လျှင် မိမိသားငယ် ထင်မှတ်သဖြင့် ညှိုးငယ်စွာဖြင့် စောလိုင်အားပိုက်၍ လူသူမနီးသည့်တောင်ယာတောသို့ပြန်ခဲ့လေသည်။

စောလိုင်ကိုပင်လျှင် နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့လေသည်။

သို့ဖြင့် ရက်လကြာညောင်းလေသော် ဆူမော့လည်း နုပျိုသန်စွမ်း၍ ကြီးပြင်းလာလေပြီ။ တစ်ယောက်စကား တစ်ယောက်နားမှတစ်ဆင့် ပြောကြားသဖြင့် ၎င်း၏ အဘိုးအဖွားနှင့်မိခင်တို့သည် တောင်ယာတောတွင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက် နေထိုင်ကြကြောင်းကို ဆူမော့သိလာသည်။ ဆူမော့လည်း အဘိုးအဖွားနှင့်မိခင်အား အလွန်တွေ့လိုလှသဖြင့် ၎င်းအား ကျွေးမွေးစောင့်ရှောက်ထားသော မွေးစားသည့်မိဘများထံ ခွင့်တောင်း၍ တောင်ယာတောသို့ ထွက်လာခဲ့လေ၏။

တောင်ယာတောသို့ရောက်၍ အဘိုးအဖွားနှင့်မိခင်ကို တွေ့လေလျှင် အကျိုးအကြောင်း ပြောပြ၍ မိမိသာလျှင် သားဖြစ်ကြောင်း၊ စောလိုင်မှာ သားမဟုတ်ကြောင်း ပြောပြလေ၏။

မိခင်ကမူ စောလိုင်သာလျှင် မိမိသားဖြစ်ကြောင်း ပြန်ပြော၏။

ဆူမော့ကား ဤသို့ဆိုလျှင် စောလိုင်နှင့်ကျွန်တော့်အား တံခါးပေါက်တွင် ထိုင်စေ၍ မိခင်က သစ္စာပြုပြီးလျှင် နို့ရည်ကို ညှစ်ပါဟုဆို၏။

အဘိုးအဖွားများကလည်း ဆူမော့အကြံပေးပြောဆိုသည်ကို သဘောတူကြ၏။ သို့ဖြင့် ဆူမော့၏မိခင်လည်း ဆူမော့နှင့်စောလိုင်အား တံခါးပေါက်တွင် ထိုင်စေ၍ "မိမိသားအစစ်ဖြစ်၏ခံတွင်းသို့ နို့ရည်ဝင်ပါစေသား"ဟု အဓိဋ္ဌာန်ပြုကာ နို့ကို ညှစ်လေ၏။ နို့ရည်များလည်း ဆူမော့၏ခံတွင်းသို့ တည့်မတ်စွာ ဝင်လေတော့သည်။

ဆူမော့၏ အဘိုးအဖွားနှင့်မိခင်လည်း စောလိုင်အား နန်းတော်သို့ ပြန်ပို့လိုက်ကြလေသည်။

ဆူမော့ကား နေ့စဉ်နန်းတော်သို့ သွား၍ကစား၏။ ဘုရင့်သားတော်များနှင့်ဂုံညင်းဒိုးများ ထိုးတမ်းကစား၏။နေ့စဉ်ပင် ဆူမော့က နိုင်၍ အစားအစာများ ရခဲ့လေသည်။

ဆူမော့လည်း နေ့စဉ်သွား၍ ကစားပြီးလျှင် အဘိုးအဖွားနှင့်မိခင်အတွက် အစားအစာများကို ယူခဲ့လေသည်။

မိဖုရားကြီးများက မွေးသော သားတော်များမှာ ဆူမော့ကို မနိုင်၍ မနာလိုမုန်းထားကြလေသည်။ ဆူမော့ကို သေစေလိုကြသည်အထိ ဖြစ်လာကြလေသည်။

တစ်နေ့သ၌ မင်းသားများသည် ဆူမော့သေစေရန် မြွေနဂါးကြီးရှိသောလမ်းမှ ပြန်

စေလေ၏ ။ ဆူမော့လည်း နောင်တော်မင်းသားများ စေခိုင်းသည့်လမ်းမှ ပြန်လေသော် မြွေနဂါးကြီးကို တွေ့ရလေတော့သည်။ မြွေနဂါးကြီးကလည်း ဆူမော့အား ပေါက်သတ်ရန် ပါးပြင်ထောင်လေ၏ ။ ဆူမော့ကား မကြောက်ပေ။ ၎င်းတွင်ပါလာသောဓားနှင့် မြွေနဂါးကြီးကို ထိုးသတ်လိုက်လေတော့၏ ။

နောက်တစ်နေ့တွင် မင်းသားများမှာ ဆူမော့သေပြီဟု ထင်ပြီးလျှင် ပျော်နေကြ၏ ။ သို့သော် ကစားချိန်သို့ ရောက်လျှင် ဆူမော့သည် ရောက်မြဲ ရောက်လာသဖြင့် အံ့ဩနေကြ၏ ။ ဆူမော့က မနေ့က မြွေနဂါးကြီးကို သတ်ခဲ့ပုံများကို ပြောပြလေလျှင် မင်းသားများသည် ဓားလှံများကိုဆွဲယူ၍ မြွေနဂါးကြီး သေသောနေရာသို့ သွားကြကာ ဓားလှံများကို သွေးများဖြင့် လိမ်းကြံကြ၏ ။ထို့နောက် ခမည်းတော်မင်းကြီးထံသို့ ဝင်ရောက်၍ မြွေနဂါးကြီးကို မိမိတို့ သတ်ခဲ့ကြကြောင်း လျှောက်တင်ကြလေ၏ ။

မင်းသားများလည်း ဆူမော့အား နဂါးကြီးပေါက်သတ်၍ မသေလျှင် ဘီးလူးဆိုးသောလမ်းမှ သွားစေပြန်၏ ။

ဆူမော့လည်း မင်းသားများ စေလွှတ်သောလမ်းမှသွားလေလျှင် ဘီလူးကြီးနှင့်တွေ့ပြန်၏ ။ ဘီးလူးကြီးလည်း ဆူမော့ကို စားရန် ပါးစပ်ဟလေ၏ ။ ဆူမော့လည်း ဘီလူးကြီး၏ ပါးစပ်အတွင်းသို့ဝင်၍ ဘီးလူးကြီး၏ လည်ချောင်းကို ဓားဖြင့်ထိုးပြီးလျှင် နားတွင်းမှ ထွက်ခဲ့လေ၏ ။ ဘီလူးကြီးလည်း သေဆုံးသွားပြန်လေ၏ ။

နောက်တစ်နေ့သို့ရောက်သော် မင်းသားများမှာ ဤအကြိမ်တွင်ကား ဆူမော့သေပြီဟု ထင်၍ပျော်နေကြ၏ ။ သို့သော် ကစားချိန်သို့ရောက်လျှင် ဆူမော့ရောက်လာပြန်၍ အံ့ဩရပြန်၏ ။

ဆူမော့က ဘီးလူးကြီး အား ဓားဖြင့် ထိုးသတ်ခဲ့ပြီး ဖြစ်ကြောင်းပြောလေလျှင်မင်းသားများလည်း ဓားလှံများကို အလျင်အမြန်ယူ၍ ဘီလူးကြီးသေသည့်နေရာသို့ သွားကြ၏ ။ ၎င်းတို့၏ ဓားလှံများကို ဘီးလူးကြီး၏ သွေးများဖြင့် လိမ်းကျံကြ၏ ။ ထို့နောက် ဖခမည်းတော်ထံ ဝင်ရောက်ကြပြီးလျှင် ဘီးလူးကြီးအား မိမိတို့သတ်ခဲ့ကြပြီးဖြစ်ကြောင်း လျှောက်တင်ကြလေ၏ ။ ကြွားကြလေ၏ ။

တစ်နေ့သော် ဘုရင်ကြီး၏ မယ်တော်ကို ဘီးလူးများ ဖမ်းသွားလေသည်။ ဘုရင်ကြီးမှာ မိခင်အတွက် လွန်စွာ စိတ်မကောင်းဖြစ်နေတော့၏ ။

သို့ဖြင့် ဘီလူးတို့တိုင်းပြည်သွား၍ ၎င်း၏ မိခင်အား ကယ်တင်နိုင်မည့်သူအား အိမ်ရှေ့အရာပေးမည်ဟု မောင်းကြေးနှင်းခတ်စေ၏ ။

ဤအကြောင်းကို ကြားသိလေလျှင် ဆူမော့လည်း မိမိ၏ အဖွားတော်ပင်ဖြစ်၍ သွားရောက် ကယ်တင်လိုလှ၏ ။ သို့ဖြင့် ထိုနေ့တောင်ယာတောသို့ရောက်လျှင် တာဆူမော့ ယာဆူမော့ အဘိုးအဖွားနှင့်မိခင်မာဆူမော့အား အကျိုးအကြောင်း ပြောပြ၍ သွားခွင့်ပြုပါ

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ရန်ပန်ကြားလေ၏ ။

အဘိုးအဖွားနှင့်မိခင်များက မသွားရန် တောင်းပန်ကြသည်။ သို့သော် ဆူမော့က အတန်တန် ခွင့်ပြုရန် ပြောသဖြင့် နောက်ဆုံး၌ မနေသာတော့ဘဲ ခွင့်ပြုလိုက်ကြလေသည်။

ဆူမော့၏ အဘိုးအဖွားများလည်း မြေးဖြစ်သူ ဆူမော့အား အလွန်ချစ်ခင်ရကား နှစ်ပေါင်းများစွာ ၎င်းတို့လျှို့ဝှက်စွာ သိမ်းဆည်းထားသည့် နတ်မြင်းပျံကို ပေးလိုက်ကြလေသည်။ ဆင်းလိုတက်လိုသော် မည်သို့ပြုရမည်ကိုလည်း သင်ကြားပေးလိုက်ကြသည်။ ဆူမော့လည်း အဘိုးအဖွားနှင့်မိခင်အား ကန်တော့၍ နတ်မြင်းပျံကိုစီးပြီးလျှင် ဘီလူးတို့ပြည်သို့ ရှေးရှုသွားလေတော့သည်။ အဘိုးအဖွားနှင့်မိခင်လည်း ဆူမော့သွားလျှင် ညောင်ရေအိုးတွင် သပြေပန်းများလှူ၍ ဆုတောင်းကြ၏ ။

ဘီလူးတို့တိုင်းပြည်ရောက်သော် နတ်မြင်းပျံပေါ်မှ ဆင်း၍ ၎င်း၏ အဖွားတော်ထားရာသို့ တိတ်တဆိတ်သွားရ၏ ။ ထိုအချိန်၌ ဘီလူးများမှာ အစာရှာသွားနေချိန်ဖြစ်လေသည်။

ဆူမော့လည်း အဖွားကို တွေ့လျှင် ကယ်တင်ရန် လာခဲ့ကြောင်း ပြောပြ၏ ။ အဖွား၏ လုံချည်ကိုလည်း ဝိုင်း၍အစတစ ညှပ်ယူလိုက်၏ ။

ဤသို့ပြုလုပ်နေစဉ် ဘီလူးများလည်း အစာရှာရာမှ ပြန်လာကြတော့၏ ။ ဘီလူးတို့အသံ ကြားလေလျှင် အဖွားလည်း ဆူမော့အား ဤသစ်ပင်ငယ်နှင့်ဟိုသစ်ပင်ငယ်ကို မြန်မြန်နှုတ်လိုက်၊ ဒီသစ်ပင်ငယ်က မီးကို နိုင်တယ်၊ ဟိုသစ်ပင်ငယ်က လေကို နိုင်တယ်ဟု ပြောလေ၏ ။

ဘီလူးတို့လည်း လူနံ့ရလေလျှင် ဆူဆူညံညံဖြစ်လာကြလေ၏ ။ ဆူမော့လည်း အဖွားစေခိုင်းသည့်အတိုင်း သစ်ပင်ငယ်နှစ်ပင်ကို အလျင်အမြန် နှုတ်လိုက်၍ အဖွားကိုခေါ်ပြီးလျှင် နတ်မြင်းပျံပေါ် တက်ကာ ပျံလေတော့၏ ။

ဘီလူးများလည်း လွန်စွာစိတ်ဆိုးရကား မီးများလွှတ်လေ၏ ။ ဆူမော့လည်း အဖွားပြောသည့်အတိုင်း မီးကိုနိုင်သော သစ်ပင်ဖြင့် ရမ်း၍ခံလိုက်ရာ မီးများပျောက်သွားလေ၏ ။

ထို့နောက် လေများ တိုက်စေ၍ သစ်ပင်များ ကျွတ်လာပြန်၏ ။ ဆူမော့လည်း အဖွားပြောသည့်အတိုင်း လေကိုနိုင်သော သစ်ပင်ငယ်ဖြင့် ရမ်း၍ကာလိုက်ရာ လေများငြိမ်းသွားလေ၏ ။

ဘီလူးတို့ရန်မှ ကင်းလွတ်လျှင် ဆူမော့တို့မြေးအဖွားလည်း ၎င်းတို့ဆင်းသက်မည့် မြစ်ကမ်းပါးသို့ ဆင်းသက်လာကြလေ၏ ။

ဤအချိန်၌ မိဖုရားကြီးများမှ မွေးဖွားသော နောင်တော်မင်းသားများမှာ မြစ်ကမ်း၌ အိုးစည်ပုံမောင်းတီး၍ ပွဲသဘင် ကျင်းပနေကြလေသည်။

ဆူမော့တို့ မြေပြင်သို့ရောက်လျှင် နောင်တော်တို့သည် အဖွားကို ယူဆောင်၍ ဆူမော့ကို ဝိုင်းဝန်းသတ်ကြပြီးလျှင် သဲများဖြင့် ဖုံးဖိထားလိုက်ကြလေ၏ ။

တောင်ယာတောနေ ဆူမော့၏ အဘိုးအဖွား ဖြစ်သော တာဆူမော့ ယာဆူမော့နှင့်မိ

ခင်ဖြစ်သော မာဆူမေ့ာတို့ယနေ့စိတ်နှလုံးပူပန်ကြရလေပြီ။ ဘုရားတွင် လှူထားသည့်သပြေပန်းများ ညှိုးနွမ်းခြောက်သွေ့သွားသည်ကိုမြင်ရ၍ ဆူမေ့ာတစ်ယောက်သေလေပြီဟု သူတို့တွက်ဆကြလေပြီ။ ဆူမေ့ာအတွက် ကပ်လှူထားသော ဘုရားပန်းများ ရုတ်တရက်ခြောက်ကုန်ခြင်း ဖြစ်သည်ဟုယူဆကြသည်။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့်လည်း ဆူမေ့ာမြစ်ကမ်း၌ သေပြီကိုကြားသိရလေတော့သည်။ အဘိုးအဖွားနှင့်မိခင်တို့လည်း စိတ်နှလုံးပူပန်စွာဖြင့် ငိုယို၍ မြစ်ကမ်းသို့ လိုက်သွားကြသည်။

ဆူမေ့ာ၏ အလောင်းကို တွေ့လျှင် အဘိုးအဖွားနှင့် မိခင်တို့သည် စိတ်နှလုံးပူပန်စွာဖြင့် ငိုယိုကြ၏ ။

ထိုသို့ငိုယိုနေစဉ် အဘိုးအိုတစ်ယောက် ရောက်လာပြီး မငိုကြရန် နှစ်သိမ့်ပြီးလျှင် ရေတစ်ခွက်ကို တောင်း၏ ။ အဘိုးအိုလည်း ရေခွက်မှရေကိုယူ၍ ဆူမေ့ာ၏ ကိုယ်ပေါ် သို့ ပက်ဖျန်းလေလျှင် ဆူမေ့ာသည် လှုပ်ရှားလာကာ အသက်ပြန်ရှင်လေတော့သည်။

နောင်တော်မင်းသားများလည်း အဖွားတော်ကို ၎င်းတို့ပင် ဘီးလူးတိုင်းပြည်မှ ကယ်တင်ခဲ့လေဟန် ခမည်းတော်အား လျှောက်တင်ကြလေ၏ ။

သို့သော် အဖွားအိုက ဤသူများ မဟုတ်ကြောင်း ပြောလေတော့၏ ။ နောက်ဆုံး၌ ဆူမေ့ာကို ခေါ်၍ပြရာ ဤသူပင် ကယ်တင်ကြောင်း အဖွားတော်က ပြောလေ၏ ။

ထို့ပြင် ဆူမေ့ာ ကိုက်ညှပ်ယူထားသည့်အစမှာ အဖွားတော်၏ လုံချည်အပေါက်နှင့် အံကိုက်နေသည်ကို သက်သေထင်ရှား တွေ့ကြရလေ၏ ။

ဘုရင်ကြီးလည်း ဆူမေ့ာအား အမျိုးအနွယ်ကို စစ်မေးရာ မိမိသားတော် ဖြစ်ကြောင်း သိ၍ ဆိုးသွမ်းသော မိဖုရားများနှင့်သားတော်များကို ရပ်ဝေးသို့ နှင်လိုက်လေ၏ ။

တာဆူမေ့ာ၊ ယာဆူမေ့ာနှင့်ဆူမေ့ာ၏ မိခင် မာဆူမေ့ာကိုပါ တောင်ယာတောမှနန်းတွင်းသို့ ခေါ်ပြီး မာဆူမေ့ာအား မိဖုရားကြီးအဖြစ် တင်မြှောက်၍ ဆူမေ့ာကိုလည်း အိမ်ရှေ့ပေးကာ အေးချမ်းစွာ နေထိုင်ကြလေသတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ဆားကုန်သည်များ

( အပူမ်ကုန်ဆယ်လဲယ်ဆော့ )



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## ဆားကုန်သည်များ

( အပူမ်ကုန်ဆယ်လဲယ်ဆော့ )

ရှေးအခါက တောင်ပိုင်နယ်တွင် ဆားအလွန်ရှား၏။ ကုန်သည်ငယ်ခုနစ်ဦးတို့လည်း အညီအညွတ် တိုင်ပင်ကြပြီးလျှင် ဆားအလိုငှါ မိမိတို့ဒေသထွက် လက်ဖက်ခြောက်များကို သယ်ယူ၍ သီပေါသို့ သွားကြလေ၏။

ကုန်သည်ခုနစ်ဦးတို့လည်း သီပေါမြို့သို့ရောက်လျှင် ပါလာသောလက်ဖက်ခြောက်နှင့် ဆားကို လဲလှယ်၍ ပြန်ခဲ့ကြလေ၏။ ဆားများကို နွားဝန်တင်များဖြင့် သယ်ယူလာကြရသည် ဖြစ်ရာ ခရီးမတွင်လှပေ။

တစ်ခုသောစခန်းချရာအရပ်တွင် ကုန်သည်တို့သည် ပါလာသောဆားများကို မိမိတို့ အိပ်ပျော်နေစဉ် လူခိုးမည်စိုး၍ ဝှက်ထားရန် တိုင်ပင်ကြလေ၏။

တစ်ယောက်သောကုန်သည်၏ အကြံပေးချက်ကို ကုန်သည်အားလုံးတို့သဘောတူညီ၍ ဆားအိတ်များကို မလှမ်းမကမ်းရှိ ချောင်းထဲတွင် သွားရောက်ဝှက်ထားကြလေ၏။

နံနက်မိုးသောက်အလင်းသို့ ရောက်လေလျှင် ဆားကုန်သည်တို့လည်း မိမိတို့ဆားများ ကို ယူဆောင်ရန် ရေချောင်းသို့သွားကြလေ၏။ ဆားများကား မရှိတော့ချေ။

ဆားများ မရှိတော့လျှင် ဆားကုန်သည်တို့လည်း ဆားခိုးသူကို ရေချောင်းအတိုင်းလိုက် ၍ ရှာဖွေဖမ်းဆီးကြရာ ငါးရှစ်ကောင်ကိုမိလေ၏။ ဤငါးရှစ်ကောင်ကား မိမိတို့ဆားကိုခိုးသူများ ဖြစ်ရမည်ဟုလည်း ယုံကြည်ကြလေ၏။

ဆားကုန်သည်ခုနစ်ယောက်တို့လည်း ထိုငါးရှစ်ကောင်ကို တစ်ကောင်စီဝေရာ တစ် ကောင် ပို၍နေ၏။ နှစ်ကောင်စီ ဝေပြန်ရာ လို၍နေပြန်၏။

ဆားကုန်သည်ခုနစ်ယောက်တို့လည်း ငါးရှစ်ကောင်ကို အညီအမျှ မဝေနိုင်ကြသော ကြောင့် လက်မှိုင်ချ၍နေကြလေတော့သည်။

ထိုအခိုက်မြင်းစီး၍လာသောခရီးသည်တစ်ယောက်သည်ကုန်သည်တို့ငေးမိုင်နေသည် ကိုတွေ့လျှင် အကျိုးအကြောင်း မေး၏။ ဆားကုန်သည်တို့လည်း အကြောင်းစုံကို ပြောပြကြ

လေ၏။

ဆားကုန်သည်တို့အကြောင်းကို ကြားရလေလျှင် ပညာဉာဏ်မရှိသော အဖြစ်ကိုသိ၍ မြင်းစီးယောကျ်ားလည်း ဆားကုန်သည်တို့အား တစ်ကောင်စီ ဝေငှပေးပြီး မိမိအတွက်ပါ တစ်ကောင်ထည့်၍ ဝေလေရာ အညီအမျှ ရကြလေတော့၏။

ဆားကုန်သည်တို့လည်း မြင်းစီးယောကျ်ားခရီးသည်မှာ ပညာကြီးပေစွ၊ သူ့နောက်သို့ လိုက်၍ တပည့်ခံကြအံ့ဟု တိုင်ပင်ကြပြီးလျှင် မြင်းစီးယောကျ်ားခရီးသည်အား တောင်းပန်ကြကာ နောက်မှပြေး၍ လိုက်ကြလေ၏။

မြင်းစီးယောကျ်ားလည်း မြင်းပြေးရာမှ ကျကျန်ရစ်သော ပစ္စည်းများကို သတိထား၍ ကောက်ယူခဲ့ကြရန် မှာကြားပြီးလျှင် မြင်းကိုနှင်လေ၏။

ဤသို့သွားစဉ် မြင်းလည်း ချေးပါ၍ချ၏။ ဆားကုန်သည်တို့လည်း မြင်းချေးများကို ဝိုင်း၍ ကောက်ယူကြ၏။ မြင်းစီးယောကျ်ားခရီးသည်က ဤအရာများသည် မြင်းချေးများဖြစ်၍ မကောက်ရန်၊ ပစ္စည်းတစ်စုံတစ်ခုကျမှသာ ကောက်ယူခဲ့ရန်မှာ ကြားရပြန်၏။

အိမ်သို့ရောက်သောအခါ မြင်းစီးယောကျာ်းသည် ဆားကုန်သည်လူငယ်ခုနစ်ဦးအား အလုပ်အကိုင် အပြောအဆိုအနေအထိုင် စဉ်းစားတွေးခေါ်မှုများကိုပါ ဆုံးမသွန်သင်၍ ပြန်လွှတ်လိုက်လေသတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အဘလုတ်
(မောင်ဘရှုတ်)

ရှေးအခါက ပလောင်ရွာတစ်ရွာတွင် လင်မယားနှစ်ယောက် ရှိ၏။ ထိုလင်မယားမှာ နှစ်စဉ်နှစ်တိုင်းပင် တောကို ခုတ်ထွင်၍ တောင်ယာလုပ်ကိုင်စားသောက်ကြရလေသည်။ အခြား လယ်မြေမရှိသော ရွာသူရွာသားများလည်း သူတို့ကဲ့သို့ပင် ရွာမှဝေးလံသောနေရာသို့ သွား ရောက်၍ တောကို ခုတ်ထွင်ပြီးလျှင် တောင်ယာကို လုပ်ကိုင်စားသောက်ကြရသည်။

ထိုလင်မယားမှာ တောင်ယာ ခုတ်ထွင်သည့်အချိန်မှစ၍ ရွာမှအိမ်ကို အခြားသူများ အား အပ်နှံခဲ့ပြီးလျှင် တောင်ယာတွင် တဲငယ်ထိုးကာ အသီးအနှံမှည့်၍ သိမ်းဆည်းပြီးသည့်အ ချိန်အထိ နေထိုင်ကြရလေသည်။

ဤသို့ဖြင့် နေထိုင်လာကြရာ ဤပလောင်လင်မယား၌ 'အဘလုတ်'ခေါ် သားတစ် ယောက် ရရှိလေသည်။ တစ်ဦးတည်းသောသားဖြစ်၍ အလွန်အလိုလိုက်ကာ ချစ်မဝကြပေ။

အဘလုတ်လည်း မိဘများ အလိုလိုက်မှန်းသိသဖြင့် ငယ်စဉ်ကပင် နွဲ့ဆိုးဆိုးသည်။ မိဘ များအပေါ် ဆိုးယင်း၊ နွဲ့ယင်း၊ ပေယင်း၊ တေယင်းဖြင့် လူပျိုအရွယ်သို့ ရောက်လာခဲ့လေတော့ သည်။

အရွယ်ရောက်လာပြီဖြစ်၍ အဘလုတ်လည်း ရွာမှ အခြားလူပျိုရွယ်များနည်းတူ ဖခင် အား တောင်ယာတောတွင် ကူညီလုပ်ကိုင်ရသည်။ မိခင်ကို ရွာမှာထားခဲ့၍ ဖခင်နှင့်အတူတောင် ယာတောတွင် လိုက်၍ ကူညီလုပ်ကိုင်သည်။

တစ်နေ့သောအခါ တောင်ယာတွင် ဆန်ကုန်၍ ရိက္ခာပြတ်လုနေသဖြင့် အဘလုတ်၏ ဖခင်သည် အဘလုတ်အား ရွာသို့ပြန်၍ ဆန်ယူရန် စေလွှတ်လိုက်လေသည်။ အဘလုတ်မှာ မေ့ တတ်သူလည်း ဖြစ်သည်။ ဆန်ယူခိုင်းလျှင် ဆန်ဟုဆိုသွားရလေသည်။ လမ်း၌ ချိုးကိုတွေ့လျှင် ''ချိုးချိုး''ဟုဆိုတော့သည်။ ရွာသို့ရောက်လျှင် သူငယ်ချင်းများကို ပြန်လည်တွေ့ရ၍ အဘ ဘုတ်မှာ ဝမ်းမြောက်ရွှင်လန်းနေသည်။

ညအချိန်သို့ရောက်လျှင် သူငယ်ချင်းများ လူပျိုလှည့်သည်ကိုတွေ့၍ အဘလုတ်လည်း သူငယ်ချင်းများနှင့်အတူတူ လူပျိုလှည့်လိုက်သွားလေသည်။ ဖခင်နှင့်တောင်ယာတောကိုကား သူမေ့လေပြီ။ အပျိုများ အိမ်သို့သွား၍ လူပျိုစကား ချစ်စကားကြိုက်စကားများကို ပြောဆိုနေရ၍ အလွန်သဘောတွေ့နေလေသည်။ အပျိုများကလည်း အလွန်ချွဲသည်။ အဘလုတ်သည် တောင်ယာသို့ မပြန်ချင်၊ ကာလသားဘဝ ညအချိန်ရောက်လျှင် ရေမိုးချိုး၍ ဝတ်စားဆင်ယင်ပြီးကာ အပျိုများအိမ်သို့သာ လူပျိုလှည့်သွားချင်သည်။ အပျိုများအား ဘယ်လိုစကားနိုင်အောင် ပြောရမည်ကိုသာ စဉ်းစားစိတ်ကူးနေမိသည်။

သို့သော် အဘလုတ်ကား စဉ်းစားသည်။ ယခုယူသွားရမည့်ဆန်မှာ မနည်းလှ၊ ဤဆန်ကုန်မှရွာကို ပြန်ရမည်ဆိုလျှင် တော်တော်နှင့် ပြန်ရမည်မဟုတ်၊ ဤဆန် မြန်မြန်ကုန်မှသာရွာပြန်ရမည်ဖြစ်၍ ဆန်ကို မြန်မြန်ကုန်မည့်နည်းလမ်းကို ရှာကြံလေသည်။

အဘလုတ်လည်း ဆန်ထုပ်ကို ထမ်း၍ ဖခင်ရှိရာ တောင်ယာတောသို့ပြန်ခဲ့သည်။ သို့သော်လည်း ရိုးရိုးထမ်းလာသည်ကား မဟုတ်၊ ဆန်ထုပ်ကို အပေါက်ဖေါက်၍ ထမ်းလာခြင်း ဖြစ်လေသည်။ ဆန်များမှာ လမ်းတစ်လျှောက်လုံး အပေါက်မှ ယိုဖိတ်နေသောကြောင့် တောင်ယာသို့ ရောက်သောအခါ အနည်းငယ်သာ ကျန်တော့သည်။

အဘလုတ်လည်း''အဖေ–အဖေ ကျွန်တော် ဆန်များများ ထမ်းလာပေမဲ့ လမ်းမှာ ကြွက်များ ကိုက်ဖောက်လို့ အနည်းငယ်သာ ကျန်တော့တယ်၊ ကြောင်မရှိယင် မဖြစ်''ဟု ဖခင်အား ပြောလေသည်။

အဘလုတ်ကား ရွာသို့ပြန်ရန် ဉာဏ်ဆင်လိုက်ခြင်းဖြစ်သည်။ ဖခင်လည်း အဘလုတ်၏စကားကို ယုံကြည်သဖြင့် ''ကောင်းပြီ၊ ရွာသို့ပြန်၍ ကြောင်တစ်ကောင်ယူချေ''ဟုဆိုကာ ခိုင်းလိုက်ပြန်လေသည်။ အဘလုတ်လည်း အူမြူးပြီး ရွာဆီသို့ သုတ်ခြေတင်လေတော့သည်။

ရွာသို့ရောက်လျှင် ကြောင်ကို တောင်ယာသို့ပြန်ပို့ရန်မေ့လေပြီ။ သူငယ်ချင်းများနှင့်တွေ့၍ ညချမ်းချိန်များတွင် တေးတကြော်ကြော်ဆိုကာ အပျိုအိမ်သို့ သွားလည်ကြလေပြီ။ တောင်ယာသို့ပြန်ရန်လည်း သူ သတိမရပြန်ပေ။

သို့သော် ကြာရှည်စွာ မနေနိုင်၊ မိခင်က တောင်ယာတောသို့ ပြန်ရန် တိုက်တွန်းပြန်လေပြီ။ အဘလုတ်လည်း တောင်ယာတောသို့ပြန်ခဲ့ရပြန်သည်။

တောင်ယာသို့ ရောက်သောအခါ အဘလုတ်က ''အဖေ–အဖေ အမေသေပြီ အဖေ၊ ဒါကြောင့် ကျွန်တော် ရွာမှာ ကြာနေတာ''ဟုပြောတော့သည်။

ဖခင်ဖြစ်သူလည်း များစွာစိတ်မချမ်းမသာ ဖြစ်ရလေတော့သည်။ သားဖြစ်သူက ယုံကြည်လောက်အောင် ပြောနေသောကြောင့် ဖခင်ဖြစ်သူလည်း အဘလုတ်၏စကားကို ယုံမိသည်။

''အဖေအဖေ ကျွန်တော်တော့ အမေမရှိယင် မနေတတ်ဘူး၊ ကျွန်တော်တို့ကို ဘယ်သူ

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

ချက်ပြုတ်ကျွေးမွေးမလဲ၊ အိမ်ကို ဘယ်သူကြည့်မလဲ၊ အဲဒီတော့ ကျွန်တော့အတွက် အဖေက နောက်ထပ် အမေတစ်ယောက်ယူပါ။ ကျွန်တော် ရှာပေးပါရစေ" ဟုဖခင်အား တောင်းပန်၏။

ဖခင်ဖြစ်သူလည်း သားအား လွန်စွာ ချစ်မြတ်နိုးရကား သား၏အလိုသို့လိုက်ကာ သ ဘောတူညီလိုက်လေသည်။ သို့ဖြင့် အဘလုတ်လည်း မိခင်အသစ်ရှာရန်အတွက် ရွာသို့တစ်ခေါက် ပြန်လာရပြန်သည်။ တောင်ယာမှာကား ဖခင်တစ်ဦးတည်းသာကျန်ရစ်၏။ အဘလုတ်လည်း ရွာသို့ရောက်လျှင် ပူဆွေးဝမ်းနည်းဟန်ပြု၍ "အမေ အမေ တောင်ယာမှာ အဖေဆုံးပြီ" ဟုပြောလေ၏။

မိခင်လည်း သားဖြစ်သူက ယုံကြည်လောက်အောင်ပြော၍ ယုံကြည်မိသည်၊ အဘလုတ်က "အမေ အမေ ကျွန်တော် အဖေမရှိယင် မနေတတ်ဘူးဗျ၊ အမေ ကျွန်တော်တို့တောင်ယာလုပ်ကိုင်စားသောက်ဖို့ အဖေတစ်ယောက်လိုတယ်၊ ဒါ့ကြောင့် ကျွန်တော့်အဖို့ အဖေ တစ်ယောက် ယူပါ၊ ကျွန်တော် ရှာပါရစေ"ဟုမိခင်အား ပူဆာသည်။

မိခင်လည်း သားဖြစ်သူအား ချစ်လှရကား သား၏အလိုသို့လိုက်ကာ "ကောင်းပြီ သားဖြစ်သူ ရှာလာသော အဖေကို ငါယူမည်"ဟု ကတိပေးလိုက်လေသည်။

သို့ဖြင့် အဘလုတ်လည်း ဖခင်အား"အဖေတွေ့ပြီ၊ ဒီအိမ်ကို လိုက်ခဲ့ပါ"ဟုဆို၍ လူမရှိသော အိမ်တစ်အိမ်သို့ခေါ်ဆောင်သွားလေသည်။

ထိုအိမ်သို့ရောက်လျှင် ဝတ်စားဆင်ယင်စေ၍ "အမေ အမေက အသက်နည်းနည်းကြီးပြီ၊ သိပ်မလှတော့ဘူး၊ အဲဒီတော့ ကျွန်တော်အဖေ ခေါ်လာတဲ့အခါ အိမ်ခန်းတွင်းမှာနေပြီး အဝတ်ကို ခြုံထားပါ"ဟုပြော၏။ မိခင်လည်း အဘလုတ် ပြောသည့်အတိုင်း လုပ်ပါမည်ဟု ပြောရ၏။

ထို့နောက် အဘလုတ်လည်း ဖခင်ထံသို့ သွား၍ "အဖေ၊ အဖေ ကျွန်တော်အမေ တွေ့ပြီ၊ မင်္ဂလာဆောင်ရန် လိုက်ခဲ့ပါ"ဟုပြော၍ခေါ်ခဲ့လေ၏။

သားဖြစ်သူအဘလုတ် စေခိုင်းသည့်အတိုင်းပင် မိခင်လည်း အခန်းတွင်းသို့ဝင်၍ ခြုံထည်ကို ခေါင်းမှ အုပ်ခြုံပြီးလျှင် ထိုင်နေလေ၏။

အဘလုတ်သည် ဖခင်အား အခန်းတွင်းသို့ လွှတ်လေ၏။

ဖခင် အခန်းတွင်းသို့ ရောက်လျှင် အဘလုတ်လည်း အိမ်မှဆင်း၍ ပြေးလေတော့သည်။

အဘလုတ်၏ဖခင်နှင့်မိခင်တို့မှာ အဘလုတ် ထွက်ပြေးသွားသည်ကို မသိလိုက်ကြချေ။

ထို့နောက် အဘလုတ်၏ဖခင်လည်း မိမိ၏အိမ်ထောင်ဘက်အား နှုတ်ဆက်စကားပြောလေသည်။ ခေါင်းမြီးခြုံထားသော မိခင်လည်း ပြန်၍ နှုတ်ဆက်စကားပြောသည်။

ဤသို့ နှုတ်ဆက်စကားပြောကြလေလျှင်ပင် မိခင်နှင့်ဖခင်တို့မှာ တစ်ဦး၏အသံကို

တစ်ဦးက ကျက်မိ၏။ မိခင်လည်း ခေါင်းမြီးခြုံကို ဖွင့်လေလျှင် အဘလုတ်၏ဖခင်ကိုတွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေတော့သည်။

အဘလုတ်ကို ရှာကြသောအခါ၌ အဘလုတ်မှာ မရှိတော့ချေ။ တောင်ယာသီးနှံများ လည်း မှည့်လေပြီ။ ရွာတွင် နေကြသောအပျိုများလည်း ကောက်ပဲသီးနှံများ သိမ်းချိန်တွင် တောင်ယာသို့ သွားကြပေပြီ။

သားချစ်အား အလိုလိုက်သော မိဘများလည်း ကာလသားဘာဝ လူပျိုလှည့်ချင်၍ ဥာဏ်ဆင်သည်ကို ရိပ်မိသဖြင့် သားကို ရွာတွင်ထားပြီးလျှင် မိခင်ကတောင်ယာသို့ လိုက်၍ ကူညီလေသည်။

ယခုသော်ကား ရွာရှိ အပျိုတော်တော်များများမှာ ကောက်ပဲသီးနှံများကို သိမ်းရန် တောင်ယာတော်သို့ သွားကြပြီဖြစ်၍ အဘလုတ်လည်း ရွာမှာ မနေလိုတော့ချေ။ သို့ဖြင့် အဘလုတ် သည်တောင်ယာတောသို့လာခဲ့ကာမိဘများအား ခေတ္တအိမ်ပြန်၍ အပန်းဖြေရန်ပြောလေသည်။

မိဘများလည်း ရွာသို့ခေတ္တပြန်ကြရလေသည်။

ယာတောသို့ အဘလုတ်ရောက်လေလျှင် အပျိုများရှိရာတဲများသို့လျှောက်၍ လည်လေသည်။ အပျိုများက အဘလုတ်အား လူပေါတစ်ယောက်ကဲ့သို့ သဘောထားကြသောကြောင့် သူရောက်လာသောအခါ ပျော်ကြလေသည်။

အဘလုတ်လည်း တွေ့သမျှ အပျိုများအား မိမိတောင်ယာတွင် ဗူး၊ ဖရုံ၊ သခွားများ ပေါ်များကြောင်း၊ ကောက်ပင်များ မှည့်နေပြီ ဖြစ်ကြောင်း ပြောဆို၍ တဲသို့ အလည်လာကြပါရန် ဘိတ်ကြားလေတော့သည်။

အပျိုများလည်း အဘလုတ် ဘိတ်ကြားခဲ့သည့်အတိုင်းပင် အဘလုတ်၏တဲသို့သွားကြလေသည်။

တဲသို့ရောက်လျှင် "အဘလုတ်ရယ်...ဟို အသီးလေး ပေးပါဦး၊ ဒီဟာကလေးပေးပါဦး" နှင့်တစ်ယောက်တစ်မျိုးတောင်းကြလေသည်။ မကြာခဏလာပြီး တောင်းကြ ဆွတ်ယူကြသည်။ အဘလုတ်မှာ ဝမ်းစာအတွက် မစဉ်းစား၊ အပျိုများ တောင်းတိုင်းပင် တဟဲဟဲတပြုံးပြုံးနှင့် ပေးလေသည်။

ဤသို့ အပျိုများ တောင်းတိုင်းပေးသဖြင့် မကြာမီပင် အဘလုတ်တို့တောင်ယာခင်းမှာ ကုန်လေတော့သည်။

မိဘများ ရွာမှ ပြန်လာသောအချိန်၌ တောင်ယာတွင် ဘာမျှမကျန်တော့ပေ။

(ဤပုံပြင်ကလေးမှာ ဆိုးသွမ်းသော သားသမီးများအား ဆုံးမသော ပုံပြင်ကလေး ဖြစ်လေသည်။ ပလောင်အမျိုးသားများသည် သားသမီးများကို အလိုလိုက်တတ်ကြသည်၊ သားသမီးများ ဆိုးကြလျှင် "အဘလုတ်လို မလုပ်နဲ့"ဟု ဆုံးမလေ့ရှိလေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

မောင်လူနု
(အပူမ်ဘီကွှင်)



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# မောင်လူန
## (အပူမ်ဘီကွင်)

ရှေးအခါက ပလောင်ရွာတစ်ရွာတွင် မောင်လူနခေါ် လူတစ်ယောက်ရှိ၏။ 'မောင်လူန' သည် အိမ်ရာထောင်၍ သားတစ်ယောက်ပင်ရသော်လည်း အစွမ်းအစမရှိ၊ သားကျွေးမှု၊ မယားကျွေးမှု ဥစ္စာစီးပွားရှာဖွေမှုတို့၌ ဘာတစ်ခုမျှ မစွမ်းဆောင်နိုင်သဖြင့် မယားဖြစ်သူ၏ ရှေ့ဆောင်ညွှန်ပြမှုကို ခံယူလုပ်ကိုင်နေလေသည်။

မယားဖြစ်သူမှာ လိမ်မာပါးနပ်၍ လုံ့လဝီရိယရှိ၏။ ရှေ့လာဘ်ကို ကြိုတင်မြင်သူဖြစ်၏။ ထို့ကြောင့် မယားဖြစ်သူသည် မောင်လူနအား အိမ်မှာပင် ကလေးထိန်း၊ ထမင်းချက်ထား၍ ရှာဖွေလုပ်ကိုင်ကျွေးမွေးလေသည်။

တစ်နေ့သောအခါ မောင်လူနသည် ကလေးနို့ဆာ၍ ငိုလေလျှင် အဘယ့်ကြောင့် ငိုသနည်းဟု ကြည့်ရှုလေ၏။ ကလေး၏ ငယ်ထိပ်မှ တလှုပ်လှုပ်ဖြစ်နေသည်ကို တွေ့လျှင် ကလေးမှာ ခေါင်းတွင် အနာဖြစ်၍သာ ငိုသည်အထင်နှင့် ငယ်ထိပ်ကိုဖေါက်၍ ပုခက်ထဲတွင် သိပ်ထားလိုက်လေ၏။

ညနေစောင်းသော် မယားဖြစ်သူလည်း အလုပ်ခင်းမှအိမ်သို့ ရောက်ပြန်လေ၏။ သားငယ်အား နို့တိုက်ရန် ပုခက်တွင်းမှ ကလေးကိုကြည့်လျှင် သေနေပြီကို တွေ့ရသောကြောင့် ငိုတော့၏။

မယားဖြစ်သူလည်း မောင်လူနအား ကလေး မည်သို့မည်ပုံဖြစ်သည်ကို မေးလေလျှင် မောင်လူနက "ကလေးမှာ ခေါင်းတွင် အနာဖြစ်၍ အလွန်ငိုသည်၊ ယခုအနာကို ဖေါက်လိုက်မှ ပြည်တွေ ထွက်သွားပြီး အနာပျောက်၍ အငိုတိတ်တော့သည်၊ တစ်နေ့လုံးလည်း အိပ်သည်"ဟု မယားအား ပြန်ပြောလေ၏။

မယားဖြစ်သူလည်း လင်ဖြစ်သူ မောင်လူနအား "ရှင်ဟာ နလွန်းတယ်၊ ကလေးခေါင်းမှာ လှုပ်နေတာဟာ အနာမဟုတ်ဘူး၊ ငယ်ထိပ်လို့ခေါ်တယ်၊ အခုငယ်ထိပ်ပေါက်သွားလို့ ကလေးသေပြီ"ဟု ပြောဆိုလေ၏။ မောင်လူနလည်း ထိုအခါမှ မိမိကလေး သေဆုံးပြီးကို သိလေတော့၏။

ထို့နောက် မယားဖြစ်သူသည် မောင်လူနအား တောဆပ်သွားဖူးရွက်ဖြင့် ရက်လုပ်ထားသည့် ခြုံထည်ဖြင့် ကလေး၏ အလောင်းကို ရစ်ပတ်၍ ထုတ်စေပြီးလျှင် သုသာန်သို့ သွား၍ မြှုပ်နှံစေ၏။

မောင်လူနလည်း ပေါ့ပေါ့ဆဆပင် ကလေး၏ အလောင်းကို တောဆပ်သွားဖူးရွက်ခြုံထည်ဖြင့် ထုတ်ပြီး တုတ်ဖြင့် ရှိ၍ ထမ်းယူသွားလေ၏။

လမ်းခရီးတွင် ကလေး၏ အလောင်းမှာ လှုပ်ရမ်းလှသဖြင့် အထုတ်တွင်းမှ လျှောကျခဲ့ပြီကို မသိ၊ သုသာန်သို့ရောက်သော် မြေကိုတူး၍ တောဆပ်သွားဖူးရွက် ခြုံထည်ကိုသာ မြှုပ်နှံ၍ ပြန်ခဲ့လေတော့၏ ။

အပြန်တွင် လမ်းပေါ်၌ ကလေးအလောင်းတစ်လောင်း ငယ်ထိပ်ပေါက်နေသည်ကို မောင်လူန တွေ့ရလေ၏ ။

အိမ်သို့ရောက်သောအခါ မယားဖြစ်သူအား "မင်း ငိုမနေနှင့်တော့၊ ငါ့တို့ကမှ သားသမီးကို ကောင်းမွန်စွာ မြှုပ်နှံရသေးသည်၊ ငါတို့ကလေးကဲ့သို့ ငယ်ထိပ်ပေါက်ပြီး သေဆုံးနေသော ကလေးတစ်ယောက်မှာ မြေပင်မမြှုပ်ရဘဲ လမ်းပေါ်တွင် တွေ့ခဲ့ရသည်"ဟုပြောပြလေ၏ ။

မယားဖြစ်သူလည်း လင်ဖြစ်သူ မောင်လူနအပြန်တွင် တွေ့ခဲ့သော ကလေးအလောင်းမှာ မိမိတို့ကလေးကလေးပင် ဖြစ်မည်ဟု စဉ်းစားမိပြီး လင်ဖြစ်သူမောင်လူနအား ကလေးမြှုပ်နှံသောနေရာကို ပြန်၍ကြည့်စေရာ တောဆပ်သွားဖူးခြုံထည်ကိုသာ တွေ့ရသောကြောင့် မောင်လူနသည် မိမိကလေး၏ အလောင်းကို ပြန်ကောက်ပြီး ကောင်းမွန်စွာ ပြန်၍ မြှုပ်နှံရလေသည်။

ခုနစ်ရက်လည်လျှင် မယားဖြစ်သူလည်း ရှိစုမဲ့စု ငွေတစ်မတ်ကို မောင်လူနအား ဆီမီးပူဇော်ရန် ဆီအဝယ်ခိုင်းလိုက်၏ ။ မောင်လူနလည်း ဆီသည်ထံသို့သွား၍ ဆီတစ်မတ်ဘိုးဝယ်၏ ။ ပန်းကန်က ပြည့်နေလေရာ လောဘဇောကြောင့် ဤဘက်ကိုလည်း အဆစ်ထည့်ပါဦးဟု ဆီပန်းကန်ကို မှောက်၍ ထည့်ခိုင်းလေ၏ ။

အိမ်သို့ရောက်သော် မောင်လူနလည်း မယားဖြစ်သူအား မိမိဆီ များစွာရခဲ့သည်၊ ပန်းကန်ခွက်နှစ်ဘက်လုံးမျှ ဆီထည့်ခဲ့သည်ဟု ပြောလေ၏ ။

မောင်လူနကလည်း ဤဘက်မှာသာမက တစ်ဖက်မှာလည်း ဆီရှိသေးသည်ဟု ပန်းကန်ကိုလှန်၍ ပြလေလျှင် အဆစ်အဖြစ်ပါလာသော ဆီကလေးပင် တစက်မှမကျန်အောင် ဖိတ်စင်ကုန်လေတော့၏ ။

ထိုအခါ မယားဖြစ်သူလည်း ဤမျှလောက် အနသောသူကို မတွေ့ဘူးပါဘူးဟု ငြီးတွားကာ မောင်လူနကို ကွာပစ်လေတော့သည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ရွှေယုန်နှင့် ရွှေကျား
(အယူန် ဂါရ်ရဝါယ်)

ရှေးအခါက ရွှေယုန်နှင့်ရွှေကျားတို့သည် မြက်တောတစ်ခုကို အမှီပြု၍ နေထိုင်ကြကာ တစ်နေ့သ၌ မဝေးလှသော တောတစ်တောသို့ အစာရှာသွားကြ၏။ ညချမ်းအချိန်သို့ ရောက်သော် မိမိတို့အလိုရှိရာ အစာများကိုရ၍ မိမိတို့နေထိုင်ရာ မြက်တောကြီးသို့ ပြန်ကြရန်ဖြစ်၏။

ရွှေယုန်လည်း မိမိတို့ရရှိသောအစာများကို ထမ်း၍ ပြန်ကြရမည်ဖြစ်သဖြင့် တောဆူးပင်ရှည်ကြီး(ပေတာင်ရဝါယ်)ကို ခုတ်၍ ထမ်းပိုးလုပ်လေ၏။ ရွှေယုန်မှာ ဉာဏ်များသူဖြစ်၍ မိမိထမ်းရမည့်ဘက်မှဆူးများကို အချောသတ်၍ ထား၏။ ရွှေကျားထမ်းရမည့်ဘက်တွင်ကား ဆူးများ သတ်မထားချေ။

ရွှေယုန်နှင့်ရွှေကျားလည်း မိမိတို့ရရှိသောအစာများကို ထမ်းပိုးတွင် လျှို၍ထမ်းကြလေ၏။ ရွှေကျားကား ပခုံးတွင် ဆူးလည်း စူး၊ မောလည်း မော၍ အလွန်စိတ်တိုလေ၏။ မြက်တောကြီးသို့ရောက်သောအခါ ရွှေကျားသည် အလွန်ဆာလှသဖြင့် မိမိရရှိသောအစာများကို အကုန်စားပစ်လေတော့၏။ ရွှေယုန်မှာမူကား အနည်းငယ်သာ စား၍ ကျန်သောအစာများကို ကျင်းတူးပြီးမြှုပ်ထားလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ ရွှေယုန်သည် ကျင်းပေါ်တွင် ဆောင့်ကြောင့်ထိုင်၍ကျင်းထဲသို့ နှိုက်ခါနှိုက်ခါ စားလေ၏။ ရွှေယုန် အစာစားနေသည်ကို ရွှေကျားမြင်လျှင်"အဆွေယုန် ဘာကို စားနေပါသလဲ"ဟုမေး၏။ ရွှေကျားမှာ အလွန်လည်း ဆာနေ၍ စားစရာမရှိသောကြောင့် စိတ်လည်း တိုနေ၏။

ရွှေကျား၏စကားကို ကြားလျှင် "အဆွေ အကျွန်ုပ်၏စအိုကိုနှိုက်၍ အူအသည်းကို စားပါသည်" ဟုရွှေကျားအား ပြန်ပြောလေ၏။

စိတ်တို၍ ဆာနေသော ရွှေကျားလည်း ဘာကိုမျှ မစဉ်းစားတော့ဘဲ မိမိ၏စအိုကို နှိုက်၍ အူအသည်းကို ဒေါသဖြင့် ဆွဲနှုတ်လေရာ သေဆုံးတော့၏။

ထို့ကြောင့် ပလောင်အမျိုးသားများသည် စိတ်တိုသော သားသမီးများအား "ယုန်လိုလေးနက်၍ မြန်သော ဉာဏ်ရှိရမည်၊ ကျားလို ဒေါသကြီးက မှားတတ်သည်" "လှလိုဂ်အယူန်ညန်ဖါယ်။ ကံရ်လူတ်ရဝါယ်ဒေါဆ" ဟူ၍ ဤပုံဝတ္ထုဖြင့် ပြောဆိုဆုံးမတတ်ကြလေသည်။

# မုန့်ညင်းခေါ် တူဂိုန်

ရှေးအခါက တောင်ပိုင်နယ် နမ့်ဆန်မြို့အနီး ‘ဇယ်တုန်စံ’ ခေါ် ယခုဘုရားကြီးရှိရာနေရာ၌ အလွန်ချစ်ခင်ရင်းနှီးသည့် မြန်မာလူမျိုးတစ်ယောက်နှင့်ရှမ်းလူမျိုးတစ်ယောက် နေထိုင်ကြ၏။ မြန်မာနှင့်ရှမ်းတို့မှာ အလွန်ချစ်ခင်ကြရကား ခြံယာတစ်ခုပြုလုပ်၍ အတူတကွ နေထိုင်လုပ်ကိုင်စားသောက်ကြလေသည်။ မြန်မာနှင့်ရှမ်းသည် ခြံကို မြောင်းဘောင်တစ်ခုသာခြား၍ မိမိတို့ကြိုက်နှစ်သက်ရာ သစ်သီးဝလံများကို စိုက်ပျိုးကြလေ၏။

တစ်နေ့သောအခါ ၎င်းတို့သတ်မှတ်ထားသောမြောင်းဘောင်ပေါ်၌ အပင်ငယ်တစ်ပင်ပေါက်လာ၏။ ဤအပင်ကို သူပိုင်ထိုက်သည်၊ ငါပိုင်ထိုက်သည်ဟုငြင်းခုံကြလေ၏။ ဤသို့အငြင်းအခုံဖြစ်သော စကားသည် ဇယ်တုံစံစော်ဘွားကြီးနားသို့ ပေါက်သွားလေတော့၏။

ဇယ်တုံစံစော်ဘွားကြီးလည်း အချင်းဖြစ်ရာ မြန်မာခြံနှင့်ရှမ်းခြံသို့ သွားရောက်၍ကြည့်ရှုပြီးလျှင် ဤအပင်မျိုးသည် မရှိစဘူး၊ ထူးပေသည် ‘တူဂေါင်’ဖြစ်စေဟု မိန့်ကြား၍ ပြန်သွားလေ၏။(တူဂေါင်ဆိုသောအဓိပ္ပါယ်မှာမျိုးစေ့ကိုရင့်သန်စေပြီးမှတစ်ယောက်တစ်ဝက်ခွဲဝေယူကြရန်ဟုအဓိပ္ပါယ်ရပေသည်) တူဂေါင်မှ ယခုအခါ တူဂိုန်ဟုခေါ်ကြ၏။

ရှမ်းက စကားများပြီးမှ ရသဖြင့် ‘ဖတ်ကတ်’ဟုခေါ်၏။ ဖတ်မှာ‘ဟင်း’ ကတ်မှာ ‘စကားများခြင်း’ဟုအဓိပ္ပါယ်ရသည်။

မြန်မာအနေနှင့်လည်း မုန်းအောင် ညင်းရသဖြင့် ‘မုန်းညင်း’ဟုခေါ်၍ ကာလရွေ့လျောလာသဖြင့် ‘‘မုန့်ညင်း’ဖြစ်လာရလေသည်။

ကွမ်ဟဲပလောင်များက ‘တူရိုင်အူန်’ဟုခေါ်သည်။ တူမှာ ‘ဟင်း’၊ ရိုင်အူန်မှာ ‘နေလှန်းထားခြင်း’ဟုအဓိပ္ပါယ်ရသည်။ ယခု‘တူရိုင်အူ’ဟုခေါ်သည်။

အဝတ်အနက်ကို ဝတ်ဆင်သည့်ပလောင်များက ‘တူဘရမ်း’ဟုခေါ်သည်။ (တူမှာ ‘ဟင်း’ ဘရမ်းမှာ ‘မြန်မာ’) မြန်မာထံမှရသောဟင်းဟုအဓိပ္ပါယ်ရ၏။ မိုင်ကျီပလောင်များက ‘တူသျှမ်း’ဟုခေါ်သည်။ (တူမှာ‘ဟင်း’ သျှမ်းမှာ ရှမ်း‘လူမျိုး’) ရှမ်းလူမျိုးထံမှရသောဟင်းဟု ဆိုလိုပေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အလိမ်ကောင်း မင်းလောင်းဖြစ်

ebook is created by www.ShanYoma.Org



ebook is created by www.ShanYoma.Org

# အလိမ်ကောင်းမင်းလောင်းဖြစ်

ရှေးအခါတိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါးသည် မိဖုရား၇–ပါးနှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေလေ၏။

ထိုမင်းသည် သူတစ်ပါးပြောဆိုသောစကား၊ ဂုံးချောသောစကားကို အလွယ်တကူယုံတတ်၏။ သူတစ်ဦးကို လွယ်လွယ်နှင့်အထင်ကြီးတတ်၏။ မျူးမတ်တို့က မြှောက်ပင့်လျှင် အလွန်သဘောကျလေ၏။ သို့သော် ကောက်ကျစ်လိမ်လည်သူကို အလွန်မုန်း၏။

တစ်နေ့သောအခါ တိုင်းတစ်ပါးမှ လိမ်လည်လှည့်ဖြားတတ်သည့် 'အာကဝ်'ဆိုသူတစ်ဦး မိမိနေပြည်တော်သို့ ရောက်လာသည်ဟု သတင်းကြားသောကြောင့် ၎င်းလူလိမ်ကို ရှေ့တော်သို့ ခေါ်လာစေဟု မိန့်တော်မူလေ၏။

ဘုရင်အမိန့်တော်အတိုင်း မင်းချင်းတို့က အာကဝ်ကို သွားရောက်ခေါ်ဆောင်လာ၍ ဘုရင့်ရှေ့တော်ရောက်သောအခါ ဘုရင်မင်းတရားကြီးက "အသင် အာကဝ် သင်သည် လိမ်လည်လှည့်ဖြားသော ဉာဏ်အလွန်များသူဆိုသည်မှာ မှန်ပါသလား၊ ယခု ငါ့ကို စပြီး လိမ်ပေတော့၊ သင် မလိမ်ပါက သင့်ကို သတ်ပစ်မည်" ဟုမိန့်တော်မူ၏။

အာကဝ်က"ကျွန်တော်မျိုးမှာ လူလိမ်ဟုအခေါ်ခံနေရသူဖြစ်သော်လည်း မည်သူတစ်ယောက်မှနစ်နာလောက်အောင် သေကြေပျက်စီးအောင်၊ ကျွန်တော်မျိုး မလိမ်ခဲ့ဘူးပါ၊ လိမ်လည်း မလိမ်ဝံ့ပါ၊ ပျော်ဖွယ် ရယ်ဖွယ်ရွှင်ဖွယ်အဖြစ်သာ လိမ်လည်လှည့်ဖျားဘူးကြောင်းပါ"ဟု တင်လျှောက်လေ၏။

ထိုအခါ ဘုရင်က"ကဲ အသင်လူလိမ်အာကဝ် ငါ့ကို လိမ်ပြလျှင် လိမ်ပြ၊ မလိမ်လျှင် သင့်ကို သတ်ရလိမ့်မည်" ဟုပြောဆိုမိန့်ကြား၏။ ထိုအခါ အာကဝ်က"အရှင်မင်းမြတ် ခိုင်းစေချက်အရ၊ ကျွန်တော်မျိုးကို ခွင့်ပြုလျှင် လိမ်ပြပါမည်။

"အရှင်မင်းတရားကြီး၏ ဦးထိပ်တည့်တည့်မှာ ဘိုးတော်သိကြားမင်း ဆင်းလာကြောင်းပါ"ဟု ရုတ်တရက် တင်လျှောက်လိုက်သောအခါ မင်းကြီးက မော့ကြည့်လိုက်၏။ ဘာမျှ မမြင်ပေ။ ထိုအခါ ဘုရင်က "သင်လိမ်ပြောပုံ၊ အကြောင်းအရာ တင်ပြပုံ မပြည့်စုံ၊ ပြည့်စုံ အောင် ပြန်လိမ်စမ်း"ဟု မိန့်တော်မူပြန်၏။

ထိုအခါ အာကဝ်က "အရှင်မင်းကြီး၏ဖခမည်းတော်သည် နတ်ရွာစံပြီးနောက် ဘဝ တစ်ပါး၌ အလွန်တရာအေးချမ်းသာယာသော အောက် တိုင်းပြည်တွင် မင်းတစ်ပါး ဖြစ်နေပါ သည်၊ ထိုမင်းကြီးနှင့်တွေ့၍ အသင်မင်းကြီးထံ အကြောင်းစုံလျှောက်တင်နိုင်ရန် ကျွန်တော်မျိုးကို လွှတ်လိုက်ပါသည်၊ ကျွန်တော်မျိုးကိုလည်း ကောင်းစွာ စောင့်ရှောက်ကြည့်ရှုရန် မှာကြားပါ သေးသည်"ဟုလျှောက်တင်သောအခါ မင်းကြီးက ဤအာကဝ်ကို မိမိတိုင်းပြည်တွင် ကြာ– ကြာ ထားလျှင် တိုင်းပြည်ပျက်လိမ့်မည်ဟုမိန့်ကြားပြီးလျှင် အာကဝ်ကို ရေပူချောင်းဘေးတွင် လင့်စင်ထိုးပြီးထား၊ ၇ ရက်တိတိ အစာရေစာ ပေးပို့ပြီး၊ ၇ ရက်ပြည့်မြောက်သောအခါ ချောင်းထဲသို့ မျှောချလိုက်ဟု မိန့်ကြားပြီး လူသတ်များလက်သို့ အပ်လိုက်လေသည်။

ထိုအခါ လူသတ်သမားတို့လည်း ဘုရင့်အမိန့်တော်အတိုင်း အာကဝ်ကို ရေပူချောင်း ဘေးသစ်ပင်ကြီးတစ်ပင်ပေါ်၌ လင့်စင်ထိုးပြီး တင်ထားလိုက်လေ၏။ ရိက္ခာအစာများလည်း နေ့စဉ်ပေးပို့ကြ၏။

အာကဝ်ရေပူချောင်းဘေး သစ်ပင်ပေါ်သို့လင့်စင်ထိုးပြီးထားကြောင်းကိုတိုင်းသူပြည် သားများ လာရောက်ကြည့်ကြသောအခါ အာကဝ်က "ကျွန်ုပ်မှာယားနာဝဲနာများရှိသည့်အတွက် ဤရောဂါများ ပျောက်ကင်းအောင် ရေပူချောင်းမှရေငွေ့များနှင့် ကုနေရပါသည်" ဟု ရှင်းလင်း ပြောပြလေ၏။

တစ်နေ့သောအခါ အဝေးဒေသမှလာသောမြင်းကုန်သည်တစ်ဦးသည်မြင်းသုံးကောင် ကုန်အပြည့်နှင့် လာနေသည်ကို အာကဝ်မြင်၏။ "အိုမိတ်ဆွေမြင်းကုန်သည် သင်သည် မျက်စိ ရောဂါကြီးနှင့် ဒုက္ခခံပြီး ခရီးသွားနေပါသလား၊ ရောဂါ သည့်ထက်သည်ဆိုးသွားလျှင် မခက်ပါ လား၊ ကျွန်ုပ်ကိုကြည့်ပါ၊ အစတုံးက ကျွန်ုပ်၏မျက်စိရောဂါမှာ သင်၏ရောဂါထက်ဆိုးပါသည်၊ ယခုအခါသက်သာ၍ ပျောက်သလောက်ဖြစ်နေပါပြီ၊ ကျွန်ုပ်မေတ္တာဖြင့်ပြောပါရစေ၊ သင့်မျက် စိကိုကုပြီးမှ ခရီးဆက်သင့်သည်ထင်ပါသည်"ဟု ဆိုသောအခါ မြင်းကုန်သည်လည်း အဟုတ် ထင်မှတ်၍ "ကျွန်ုပ်မျက်စိနာခြင်း၊ ကျိန်ခြင်းတို့ကို ကျွန်ုပ်မည်ကဲ့သို့ ကုစားရပါမည်နည်း၊ သင့် လင့်စင်မှာ နှစ်ယောက်နေလို့ ဖြစ်ပါမည်လား" ဟု မေး၏။ "အသင်ကုန်သည် ဘာမျှမစိုးရိမ်ပါ နှင့်၊ ကျွန်ုပ်၏ရောဂါမှာ ပျောက်ကင်းသလောက်ရှိနေပါပြီ၊ အသင်၏မြင်းနှင့်ပစ္စည်းများကို ကျွန်ုပ် ထိန်းသိမ်းစောင့်ရှောက်ပေးပါမည်၊ ဤနေရာသို့ လာပြီး၇–ရက်ခန့်နေလျှင် အသင့်မျက် စိရောဂါ ရှင်းရှင်းပျောက်သွားပါလိမ့်မည်" ဟုပြော၏။ ရောဂါပျောက်လိုလှသည့် မြင်းကုန် သည်လည်း သဘောကျ၍ အာကဝ်ကိုတုပ်နှောင်ထားသည့် ကြိုးများဖြေပေးကာ ငွေတစ်ပိသာ ထုတ်ပေးပြီးလျှင် မိမိမြင်းသုံးကောင်ကို ထိန်းကြောင်းပေးရန်နှင့် မိမိအတွက် နေ့စဉ်ထမင်းပို့ ပေးရန် မှာကြားလေ၏။

နောက်တစ်နေ့တွင် လူအများ လာရောက်၍ "အသင်သည် ဘာကြောင့် ဤသစ်ပင် ပေါ်မှ ယခုတိုင် မဆင်းဘဲနေပါသလဲ" မြင်းကုန်သည်က "ကျွန်ုပ် မျက်စိရောဂါကုသဘို့ ဤ

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

နေရာမှာ နေခြင်းဖြစ်ပါသည်၊ မျက်စိနာသက်သာမှပင် ဆင်းပါမည်''ဟု အဖြေပေးလေ၏။

အာကဝ်ကား ငွေ ၁ ပိသာ၊ မြင်းသုံးကောင်အပြည့်နှင့်ရပ်ဝေးသို့ထွက်သွားလေတော့၏။ အာကဝ်ကို သတ်ရန် ၇ ရက်စေ့သောနေ့၌ လူသတ်သမားတို့သည် ဂုင်းသစ်ပင်ကို လာရောက်လှဲသောအခါ အာကဝ်၏နေရာတွင် ရောက်နေသော မြင်းကုန်သည်က ''ကျွန်ုပ် မျက်စိနာလို့ ဤသို့ နေခြင်းဖြစ်ပါသည်၊ ကျွန်ုပ်နေသောအပင်ကို ဘာကြောင့် ခုတ်ကြမှာလဲ၊ မခုတ်ကြပါနှင့်''ဟု အမျိုးမျိုးတောင်းပန်သည်။ အာဏာသားတို့ကမူ ''သေခါနီးအချိန်မှာပင် လိမ်နေသေးတယ်၊ ကဲ သွားပေတော့'' ဟုဆိုကာ သစ်ပင်ကို ခုတ်လှဲပစ်လေတော့၏။ မြင်းကုန်သည်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ ရေပူစမ်းချောင်းတွင် ကျပြီး သေဆုံးသွားရှာလေတော့၏။

အာကဝ်သည် အရပ်တစ်ပါးသို့ရောက်လျှင် ပါလာသောငွေများ၊ မြင်းသုံးကောင်ပေါ်တင်ဆောင်လာသော ကုန်ပစ္စည်းများကို ရောင်း၍ ရသောငွေများဖြင့် မင်းသုံးနန်းသုံးပစ္စည်းများကို ဝယ်ယူပြီးလျှင် ပြန်လာခဲ့လေ၏။

ဘုရင်နေထိုင်သော နေပြည်တော်သို့ပြန်ရောက်လာသောအခါ မြင်းသုံးကောင်နှင့် ဂုင်းပစ္စည်းများကိုပါ ဘုရင့်ထံသွား၍ ဆက်သလေ၏။ ''ကျွန်တော်မျိုးကို ရေပူချောင်းလမ်းအတိုင်းမှ သွားခိုင်းခဲ့ရာ ဘုရင်မင်းမြတ်၏ ဘေးတော်နေထိုင်သော တိုင်းပြည်သို့ရောက်ခဲ့ပါသည်။ မင်းကြီး၏ ဘေးတော်က လူ့ပြည်မှာနေသော အရှင်မင်းကြီးအတွက် လက်ဆောင်များ ပါးလိုက်ပါသဖြင့် ကျွန်တော်မျိုးကြီး ယူဆောင်ခဲ့ပါသည်၊ အရှင်မင်းကြီးလည်း တစ်ခေါက်လောက်လာလည်ဘို့ အမိန့်ရှိလိုက်ပါသေးသည်'' ဟုလျှောက်တင်ယင်း မြင်းသုံးကောင်ပေါ် တင်လာသောပစ္စည်းများ တစ်ခုမကျန်အကုန်ထုတ်၍ ရိုသေစွာ ဆက်သသည့်ပြင် မြင်း၃စီးကိုပါအပ်လေ၏။ မင်းကြီးလည်း အဟုတ်ထင်မှတ်၍''အေး ငါက ငါ့ဘေးထံသို့သွားလျှင် ဘာများယူလာခိုင်းသေးသလဲ''ဟုပြန်မေးတော်မူ၏။

အာကဝ်က ''အရှင်မင်းကြီး ဘေးလောင်းတော်များထံကြွတော်မူလျှင် ခဲပိဿာ ၁၀၀ ခန့်ယူဆောင်ခဲ့ဘို့ မှာကြားလိုက်ပါတယ်'' ဟုတင်လျှောက်သောအခါ မင်းကြီးလည်း''သင်အာကဝ် ဤနေ့မှစပြီး ငါ့ဘေးတော်များထံ သွားနိုင်ရန် ၇ ရက်အတွင်း ပြင်ဆင်ပေတော့'' ဟုမိန့်တော်မူလိုက်လေ၏။

ထိုအခါ ရေပူချောင်းတွင် အလွန်နက်သော နေရာကို ရွေး၍ လင့်စင်ကို ဝါးများဖြင့် ခမ်းနားစွာ ဆောက်လုပ်ပြီးလျှင် ဖြုတ်ချလျှင် လွယ်လွယ်နှင့် ရေထဲကျသွားနိုင်အောင် ပြုလုပ်စီစဉ်ပြီးနောက် တိုင်းသူပြည်သားလူထုအများကို ဘိတ်ခေါ်၍ မင်းကြီးဘေးတော်တို့ နေသောတိုင်းပြည်သို့ အလည်သွားမည် ဖြစ်၍ တစ်အိမ်တစ်ယောက်လိုက်ပို့ကြရန် ဆင့်ခေါ်စေလေ၏။ ထိုနေ့တွင် မင်းကြီးကိုလည်း အဝတ်အစားများ ထူထူထဲထဲဆင်မြန်းစေခြင်း၊ ခြေလက်များကို ချည်နှောင်ထားခြင်း၊ ခဲများကို ကိုယ်တွင်ကပ်၍ ချည်ထားခြင်း အစီအစဉ်အားလုံး ပြုလုပ်ပြီးနောက် မင်းကြီးကို လင့်စင်ရှိရာသို့ တင်ပြီးလျှင် လင့်စင်မှ လွယ်ကူစွာ ဖြုတ်ချလိုက်လေတော့

၏။

ဘိုးတော်တိုင်းပြည်သို့ မင်းကြီးကြွမြန်းသောအစီအစဉ်များ အားလုံးပြီးသည့်အနောက် အာကဝ်သည် ဘုရင်နေသော ဟော်နန်းသို့လိုက်ပါသွားပြီး ဘုရင်မင်းတရားကြီး အလာကို စောင့်နေဟန်ဖြင့် ဣန္ဒြေသိက္ခာအပြည့်ဖြင့် နန်းတော်မှာပင် လိုက်နေလေ၏။ မိဖုရားကြီးငယ်တို့ကလည်း အာကဝ်ပေးသော လက်ဆောင်ပဏ္ဏာတို့ကို ဘုရင်၏တကဲ့ဘိုးတော် ဘေးတော်များက ပေးသည်ဟု ယုံကြည်နေကြ၏။

တစ်နေ့သော ညချမ်းအချိန်၌ အာကဝ်ထံသို့ မိဖုရားကြီးငယ်တို့ လာရောက်ပြီး "ယခုအခါ ဘုရင်မင်းတရားကြီး ဘယ်ရောက်နေပြီလဲ"ဟု မေးမြန်းကြ၏။ အာကဝ်က "ဘုရင်မင်းမြတ်သည် ငြိမ်သက်အိပ်ပျော်သော တိုင်းပြည်သို့ ရောက်နေပြီ" ဟုဖြေလေ၏။ ထိုနေ့ညမှာပင် အာကဝ်သည် အကြံတစ်ခုနှင့်မြို့ဦးညောင်ပင်ကြီးသို့ သူတကာ တိတ်ဆိတ်အိပ်ပျော်ချိန်တွင် သွားပြီး ၎င်းညောင်ပင်ကြီးကို အခေါင်းဖြစ်အောင် ထွင်းလေတော့၏။ နောက်တစ်နေ့ ညချမ်းအချိန်တွင် မိဖုရားများသည် လာရောက်၍ "မင်းကြီး ဘယ်တိုင်းပြည် ရောက်နေပြီလဲ" မေးပြန်၏။ "ယခုအခါ မင်းကြီးသည် လူတိုင်း ကိုယ်ဖောကိုယ်ရောင်ကြသောတိုင်းပြည်သို့ ရောက်နေပြီ"ဟုဖြေလေ၏။ နောက်နေ့များတွင် "ယခုအခါ မင်းကြီးသည် လူတိုင်း ကိုယ်ခန္ဓာဖောင်းပွသောတိုင်းပြည်သို့ ရောက်နေပြီ"၊ "ယခုအခါ မင်းကြီးသည် လူတို့၏ကိုယ်ခန္ဓာတိုင်းပြည်ယိုသောတိုင်းပြည် ရောက်နေပြီ" "ယခုမင်းကြီးသည် အသားကြွေ၍အရိုးသာကျန်သောတိုင်းပြည်သို့ ရောက်နေပြီ"စသည်ဖြင့် အဆင့်ဆင့်အဖြေပေးခဲ့ရာမှ မိမိကြံစည်လုပ်ကိုင်ထားသော လျှို့ဝှက်ညောင်ခေါင်းမှာ လူတစ်ယောက်စာ ဝင်နိုင်လောက်သောအချိန်သို့ ရောက်လာသောအခါ အာကဝ်က"အသင်မိဖုရားတို့ ဘုရင်မင်းမြတ်သည် ယခုအခါ ဘေးတော်တို့ တိုင်းပြည်သို့ ရောက်၍ ဤတိုင်းပြည်သို့ ပြန်မလာလိုတော့ပါ၊ နန်းတော်နှင့်တိုင်းပြည်ပါ ကျွန်ုပ်ကို လွှဲပေးစေလိုလျက် ရှိသည်ဟု အိမ်မက်ပေးပါသည်၊ ဤအိပ်မက်ကို အသင်တို့မိဖုရားနှင့်တိုင်းသူပြည်သားများက မယုံလျှင် နေပြည်တော်မြို့ဦးမှာရှိသည့် ညောင်ပင်ကြီးသို့ သွားရောက် မေးမြန်းပါဟုလည်း အိမ်မက်ထဲတွင် ပါပါသေးသည်" ဟု အဖြေပေးလေတော့၏။

ထိုအခါ မိဖုရား ၇ ဦးတို့သည် ပူပင်သောကဖြစ်ရာမှ စိတ်သက်သာရာသက်သာကြောင်းရအောင် ညောင်ပင်ကြီးရှိရာသို့ စားဘွယ်သောက်ဘွယ်များသွားရောက်တင်ကြပြီးလျှင် ညောင်ပင်စောင့်နတ်ကို မေးကြ၏။ ညောင်ပင်ကြီးအတွင်း၌ ပုန်းအောင်းနေသော အာကဝ်သည် နားထောင်၏။ မိဖုရားများက "အသင် ညောင်ပင်စောင့်နတ်ကြီး ယခုဘုရင်မင်းမြတ်သည် ဘယ်တိုင်းပြည်သို့ ရောက်နေပါသလဲ၊ သင်တော့ပြန်လာပါမည်လဲ"ဟုမေးကြ၏။ ညောင်ပင်စောင့်နတ်ကြီးက "ယခုဘုရင်မင်းမြတ်သည် ၎င်း၏မိဘတိုင်းပြည်တွင် ပျော်ပြီး မပြန်လိုသည့်တိုင်းပြည်ရောက်နေလေပြီ" ဟုပြန်ပြော၏။

ထိုအခါ မိဖုရားများက "ဘုရင်မင်းကြီး ပြန်လာ မလာကို သိလိုပါသည်"ဟုဆက်၍

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

မေးကြပြန်ရာ နတ်မင်းကြီးက. . .

"အေး . . .သင်တို့ ၇ ရက်ကြာမှလာပါ၊ အဖြေပေးမည်၊ ယခုသင်တို့မိဖုရားများပြန်ကြဦး၊ နန်းတော်မှာရှိသည့် အာကဝ်ကို ဘာတစ်ခုမှ ပြန်မပြောလေနှင့်"ဟုလည်း မှာလိုက်လေသည်။

မိဖုရားများ ပြန်လာချိန်တွင် အာကဝ်သည် ဖြတ်လမ်းမှ နန်းတော်သို့အရင်ရောက်ချိန်နှင့်အောင် ပြန်လာခဲ့လေ၏။ မိဖုရားကြီးငယ်တို့ရောက်သောအခါ အာကဝ်က "ညောင်ပင်ကြီးက ဘယ်လိုပြောပါသလဲ၊ ကျွန်ုပ်ကို ပြောပြကြပါဦး" ဟု ဆီး၍မေးလေ၏။

မိဖုရားများက မခံချင်စိတ်နှင့် "မင်းကြီး မကြာမီ ပြန်လာလိမ့်မည်" ဟုပြန်ပြောကြလေသည်။

အာကဝ်သည် ဤရက်များအတွင်း မိဖုရားများနှင့်ရင်းနှီးအောင် အကျွမ်းဝင်အောင် အမျိုးမျိုးကြိုးစားပြန်၏။ စကားချိုသာစွာ ပြော၏။ သို့နှင့် ၇ ရက်စေ့သောအခါ မိဖုရားများသည် ညောင်ပင်သို့ စားဘွယ်သောက်ဘွယ်များနှင့် သွားကြပြန်၏။ အာကဝ်လည်း ကြိုတင်ပြီးလျှင် တိုင်းသူပြည်သားများ၊ အမတ်ကြီးငယ်များအားလည်း ထိုနေ့ထိုရက်တွင် ထိုညောင်ပင်ကြီးငယ်များအားလည်း ထိုနေ့ ထိုရက်တွင် ထိုညောင်ပင်ကြီးသို့ မိဖုရားများနှင့်အတူ သွားရောက်လှူရန်၊ ပူဇော်ပသရန် နှိုးဆော်ထားသောကြောင့် မင်းပရိသတ်၊ တိုင်းသူပြည်သားပရိသတ်များစွာပင် ရောက်နေပေသည်။ မိဖုရားနှင့်တိုင်းသူပြည်သားများက ညောင်ပင်စောင့်နတ်ကြီးကို ပူဇော်ပသကြပြီးသည့်နောက် မိဖုရားကြီးက "ယခုအခါ မင်းကြီးသည် ဘယ်တိုင်းပြည်သို့ရောက်နေပါသနည်း" ဟုမေးလေ၏။

ထိုအခါ ညောင်ပင်စောင့်နတ်ကြီးက "မင်းကြီးသည် သူ၏ဘေးတော်များတိုင်းပြည်တွင် ရောက်နေပါသည်" ဟုဖြေ၏။

ထိုအခါ မိဖုရားကြီးက "မင်းကြီး ဘယ်တော့ပြန်လာပါမည်နည်း"ဟု မေးပြန်၏။

"မင်းကြီးသည် ဘေးတော်တိုင်းပြည်တွင် ပျော်နေသည့်အတွက် ပြန်မလာတော့ပါ" ဟုဖြေလေ၏။ ထိုအခါ အမတ်ကြီးတစ်ပါးက "အရှင် ညောင်စောင့်နတ်မင်း မင်းကြီးပြန်မလာလျှင် ဤတိုင်းပြည်ကို မည်သူ့အား အပ်၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေရပါမည်နည်း"ဟု ဝင်၍ မေးလိုက်လေ၏။ ထိုအခါ ညောင်ပင်စောင့်နတ်က "ဟေ အမတ်ကြီးနှင့်တကွ မိဖုရားများ တိုင်းသူပြည်သားများတို့ ငါ့ကို မင်းကြီးက မှာကြားလိုက်သည်မှာ မင်းကြီးသည် ဘေးတော်တို့တိုင်းပြည်တွင်ပျော်နေပြီဖြစ်သည့်အတွက် မိမိအားဘေးတော်တိုင်းပြည်သို့ ရောက်အောင်ပို့ပေးနိုင်သူ အာကဝ်ကိုပင် ဘုရင့်နေရာပေးပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေဟုမှာကြားလိုက်ပါသည်"ဟုဖြေကြားလေ၏။

ထိုအခါ တိုင်းသူပြည်သား လူအများနှင့် အမတ်ကြီးများက "သင့်လျော်ပါသည်" သင့်လျော်ပါသည်" "သင့်လျော်ပါသည်"ဟု သုံးကြိမ်တိုင်တိုင် အော်ဟစ်ကြလေ၏။ မိဖုရားကြီး

ကမူ မကျေနပ်ဟန်ဖြင့် ''အသင်ညောင်စောင့်နတ် စဉ်းစားပါဦး၊ အာကဝ် သွားစဉ်က ပြန်လာနိုင်ပါသည်၊ ယခုမင်းကြီးတော့ မပြန်နိုင်ဘူးဆိုသည်မှာ မဖြစ်နိုင်ပါ၊ မင်းကြီးကိုသာ စောင့်ပါဦး''ဟုတောင်းပန်လေ၏။

ထိုအခါ ညောင်စောင့်နတ်က ''အသင်မိဖုရား စဉ်းစားပါ၊ အာကဝ် သွားစဉ်က သူတို့ဘေးတိုင်းပြည်တို့ သွားခြင်းမဟုတ်သည့်အတွက် ပြန်လာနိုင်ပါသည်၊ ယခုမင်းကြီးသွားသည်မှာ သူ၏ဘေးတိုင်းပြည်ဖြစ်နေသောကြောင့် ပြန်မလာခြင်းဖြစ်ပါသည်၊ အသင်မိဖုရားကြီး ဤတိုင်းပြည်မတည်မီအချိန်အခါကတည်းက ကျွန်ုပ်ဤနေရာတွင်ရှိနေသည်၊ မိဖုရားကြီးငယ်တိုင်းသူပြည်သားတို့က အာကဝ်ကို ဘုရင် မတင်လျှင် တိုင်းပြည်ရှိလူသတ္တဝါအားလုံးဒုက္ခရောက်မည်ထားပါ၊ ကျွန်ုပ်စကားကို ငြင်းမည်ဆိုလျှင် ကျွန်ုပ်ထံ လာပြီး ယနေ့မှစ၍ မမေးကြနှင့်တော့၊ မေးလာသော်လည်း အဖြေပေးတော့မည် မဟုတ်'' ဟုဒေါသသံဖြင့် ထုတ်ဖော် ပြောကြားလိုက်လေသည်။ ထိုအခါ တိုင်းသူပြည်သားနှင့်မှူးမတ်တို့က သဘောတူကြသော်လည်း မိဖုရားကြီးငယ်တို့က သဘောမတူကြပေ။ ထိုအကြောင်းကို အာကဝ်က ကြိုတင်သိထားသည်ဖြစ်ရာ ထိုညတွင်နန်းတော်ပတ်ပတ်လည်၌ လူယုံတော် ၂ ဦး လွှတ်ထားပြီးလျှင် ခွေးလိုအူစေခြင်း၊ နန်းတော်ကိုသဲနှင့်ပက်စေခြင်း၊ တောကောင် သားကောင်လိုအော်စေခြင်းတို့ကိုပြုစေလေ၏။

မိဖုရားတို့သည် အာကဝ်ကို မင်းအဖြစ် တင်မြှောက်သော်လည်း လေးစားခြင်း၊ ခံစားခြင်း၊ အလိုလိုက်ခြင်း မပြုလုပ်ကြသည့်အတွက် အာကဝ်က ညသန်းခေါင်အချိန် ထလာပြီး''အိုမြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ညောင်စောင့်နတ်တို့၊ မိဖုရားများသည် ကျွန်ုပ်ကို မင်းအဖြစ် အသိအမှတ် မပြုလိုကြပါ''ဟု ထပ်ခါထပ်ခါ ပြောသောအခါ စီစဉ်ထားသောသူနှစ်ဦးက အသံအမျိုးမျိုးပြုလုပ်ကြပြီး နန်းတော်ကို သဲနှင့်ပက်ကြ၏။ ထိုအခါမှ မိဖုရားအားလုံး ဝိုင်းလာပြီး တောင်းပန်ကြသည်။ ယင်းအခါ အာကဝ်က ''အိုနတ်မင်းတို့ ယခုအခါ မိဖုရားများ မာန်လျှော့ပြီး ကျွန်ုပ်အား မင်းကြီးကိုပြုစုသကဲ့သို့ ပြုစုကြပါပြီ'' ဟုထပ်ကာထပ်ကာ ပြောပြီးနောက်တွင်ကားထိုမကောင်းသော အသံများသည် ပျောက်ကွယ်သွားကြလေတော့သည်။

ဥပဒေသ

(၁) လိမ်သောသူသည် အဆုံးတိုင်လိမ်တတ်၏။

(၂) သင့်ကို ပစ္စည်းပုံပေးသော်လည်း ထိုသူကို သင်မယုံနှင့်။

(၃) မာန်မာန ကြီးနေခြင်းသည် အကြံသမားကို မနိုင်နိုင်။

(၄) ရုပ်ရှိ၍ နာမ်မရှိသောအရာသည် စကားမပြောနိုင်။

× × × × ×

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ဖြူနှင့်မြွေ
(အိကိုရ် ဂါရ် ဟိင်)

ရှေးအခါက ဖြူတစ်ကောင်သည် တောအုပ်တစ်ခုကို အမှီပြု၍ နေလေ၏။ တနေ့သောအခါ ဖြူလည်း အစာရှာရန်အလို့ငှာ တောထဲ၌ လှည့်လှည်သွားလာနေစဉ် ရန်သူနှင့်တွေ့လေသည်။ ဖြူလည်း ပြေးမိပြေးရာ ပြေး၍ တွေ့ရှိသော လိုဏ်ခေါင်းတစ်ခုသို့ ဝင်လေ၏ ။

ထိုလိုဏ်ခေါင်းမှာ မြွေတစ်ကောင်နေသော လိုဏ်ခေါင်းဖြစ်၏ ။ မြွေက ဖြူးအား''အဘယ်ကြောင့် အကျွန်ုပ်၏လိုဏ်ခေါင်းအတွင်းသို့ ဝင်လာသနည်း၊ ဤလိုဏ်ခေါင်းမှာ သင်၏လိုဏ်ခေါင်း မဟုတ်၊ အကျွန်ုပ်၏လိုဏ်ခေါင်းသာဖြစ်သည်''ဟုဆို၏ ။

ဖြူလည်း''အရှင်မှန်ပါသည်၊ ဤလိုဏ်ခေါင်းမှာ အရှင်၏လိုဏ်ခေါင်းဖြစ်ပါသည်၊ အကျွန်ုပ်မှာ ရန်သူလိုက်လာ၍ အသက်ချမ်းသာရာ ရစေရန် ဝင်မိဝင်ရာဝင်ခဲ့ခြင်း ဖြစ်ပါသည်၊ အကျွန်ုပ်အား ခေတ္တမျှ နေခွင့်ပြုပါ'' ဟုတောင်းပန်လေ၏ ။ မြွေလည်း ''ကောင်းပြီ ခေတ္တနေတော့''ဟုခွင့်ပြုလေ၏ ။

အချိန်အတန်ကြာလေသော် မြွေက ''အဆွေ ရန်သူ မရှိပြီ၊ ပြန်လေတော့''ဟုဆိုလေ၏ ။

ထိုအခါ ဖြူက ''အဆွေ ဤလိုဏ်ခေါင်းမှာ နေနိုင်သောသူ နေရမည်ဖြစ်၍ မနေနိုင်သောသူသာ ဤလိုဏ်ခေါင်းမှ ထွက်သွားရန် ဖြစ်ပါသည်''ဟု မြွေအား ပြန်ပြောလေ၏ ။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ဘီလူးပြည်ပြန် မောင်ထိုက်စံ

တိုင်းပြည်တစ်ပြည်ကို အုပ်စိုးနေသော ရှင်ဘုရင်တစ်ပါးသည် နန်းစည်းစိမ်ကို ပျော်ရွှင်စွာ မခံစားနိုင်ဘဲ နှစ်အတော်ကြာ စိတ်ပူပင်သောကဖြစ်လျက် နေရရှာ၏။ အကြောင်းမှာ ဘုရင့်အစ်မတော်အရင်းကို ဘီလူးများက ဖမ်းဆီးခေါ်ဆောင်သွားသောကြောင့် ဖြစ်လေ၏။

တစ်နေ့တွင် ရှင်ဘုရင်က ၎င်း၏အစ်မတော်ကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်လျှင် ထိုက်သင့်သော ဆုလာဘ်တော်များ ပေးသနားမည်ဟု တိုင်းပြည်တွင်း၌ လှည့်လည်၍ မောင်းကြေးနင်းခတ်သံကိုကြားရသဖြင့် ရိုးသားသော လယ်သမားကလေး မောင်ထိုက်စံက မိမိသွားရောက်ရှာပါမည်ဟု ဘုရင်ကို တင်လျှောက်ပြီး ဘီလူးပြည်သို့ ထွက်ခဲ့လေ၏။

ဘီလူးတို့နေထိုင်ရာအရပ်သို့ ရောက်သောအခါ ဘီလူးများ အစာရှာသွားနေသည့်အချိန်ဖြစ်သဖြင့် ဘုရင့်အစ်မတော် နေထိုင်ရာဒေသသို့ အလွယ်တကူ ရောက်သွားလေ၏။ မောင်ထိုက်စံက မိမိသည် အစ်မတော်ကို လူ့ပြည်သို့ပြန်ခေါ်ရန် လာရောက်ရခြင်းဖြစ်ကြောင်း ပြောပြရာ အစ်မတော်ကလည်း ဝမ်းသာအားရဖြင့် လိုက်လိုကြောင်းပြောပြလေ၏။ ၎င်းတို့နှစ်ဦး ထိုသို့ပြောနေခိုက် ဘီလူးကြီးပြန်လာ၍ မောင်ထိုက်စံကို အစ်မတော်က သေတ္တာကြီးတစ်လုံးအတွင်း၌ ပုန်းနေစေလေ၏။ ဘီလူးကြီးက လူစော်နံသည်ဟု ခရီးရောက်မဆိုက်ပြောရာ အစ်မတော်က "ကျွန်မသည် လူဖြစ်၍ လူစော်နံခြင်းဖြစ်ပါသည်" ဟုလိမ်လည်နှစ်သိမ့်လိုက်ရလေ၏။ ခဏကြာသော် ဘီလူးကြီးလည်း ခရီးပန်းလာသည့်အလျောက် အိပ်ပျော်သွားလေ၏။

ဘီလူးကြီးအိပ်ပျော်သွားလျှင် အစ်မတော်က လျှို့ဝှက်စွာ သိမ်းဆည်းထားသော ဘီလူးတို့၏မိုးပျံဘိနပ်ကို ထုတ်ယူ၍ မောင်ထိုက်စံအား ပေးလေ၏။ မောင်ထိုက်စံက မိုးပျံဘိနပ်ကိုစွပ်၍ အစ်မတော်ကိုခေါ်ပြီး ကောင်းကင်ခရီးဖြင့် လူ့ပြည်သို့ အမြန်ထွက်ပြေးလေရာ ဘီလူးတို့ အနှောင့်အယှက် ကင်းစွာဖြင့် လူ့ပြည်သို့ပြန်ရောက်လာလေ၏။

လူ့ပြည်သို့ပြန်ရောက်သောအခါ မြို့ပြင်တွင် အစ်မတော်ပြန်ရောက်လာသည်ဟု ပရိသတ်တို့က အုတ်အုတ်သဲသဲ ဝိုင်းဝန်း ကြည့်ရှုကြိုဆိုကြလေ၏။ ထိုသို့ပရိသတ်တို့ အုတ်အုတ်သဲသဲ ဝိုင်းဝန်းကြည့်ရှုနေကြစဉ် ကောက်ကျစ်သော ဘုရင်၏သားတော်များက မောင်ထိုက်စံကို ခွဲထုတ်လိုက်၍ ၎င်းတို့ကိုယ်တိုင် အရီးတော်ကို ဆောင်ကြဉ်းခဲ့ဟန်ဖြင့် ခမည်းတော်ရှေ့မှောက်သို့ ဝင်ရောက်ကြလေ၏။ သို့သော် အစ်မတော်က မိမိအား ဆောင်ကြဉ်းလာသူမှာ ယခုရှိသည့် မင်းသားများထဲမှ တစ်ဦးမျှမဟုတ်၊ မိမိအား ခေါ်ဆောင်လာခဲ့သူကိုတွေ့လိုပါသည်ဟု ဘုရင်အား ပြောလေ၏။

ဘုရင်လည်း ရှာပေးပါမည်ဟု ကတိပြုလိုက်၏။ ထို့နောက် အစ်မတော် ပြန်လည်

ရောက်ရှိလာသည်ကို ဝမ်းသာသည့်အထိမ်းအမှတ်ဖြင့် နန်းတော်တွင်း၌ ၇ ရက်တိုင် ပွဲလမ်းများ ကျင်းပစေလေ၏။ မြို့ဝင်တံခါးဝ၌ လူတစ်ယောက်သာ ဝင်နိုင်သည့်အပေါက်တစ်ပေါက်ပြုလုပ် စေပြီး ဘုရင်နှင့်အစ်မတော်တို့သည် စင်မြင့်ပေါ်က စောင့်၍ကြည့်ရှုနေကြလေ၏။ ခုနစ်ရက် မြောက်သောနေ့တွင် ရိုးသားသော မောင်ထိုက်စံလည်း သူများနည်းတူ ပွဲကြည့်ရန်လာလေ၏။ မောင်ထိုက်စံဝင်လာသည်ကို တွေ့ရသောအခါ အစ်မတော်လည်း စင်မြင့်ပေါ်မှ ဆင်း၍လက်ကို ဆွဲခေါ်လာပြီးလျှင် ဘီလူးပြည်မှ ထွက်ပြေးကာနီး၌ ဤလုလင်၏လုံချည်စကို မိမိကတ်ကျေး ဖြင့်ဖြတ်ယူထားခဲ့ပါသည်ဟု ညှပ်ယူသိမ်းဆည်းထားခဲ့သော လုံချည်စကို ထိုသူငယ်ဝတ်ထား သောလုံချည်စတွင် စပ်ကြည့်ရာ အံကိုက်ဖြစ်နေသည်ကို ဘုရင်ကိုယ်တိုင် တွေ့ရလေ၏။

ဘုရင်လည်း မင်းတို့၏ထက်မြက်သောစိတ်ဖြင့် မိမိ၏ကောက်ကျစ်သောသားများ နှင့်စာလျှင် ဤရိုးသားသော လုလင်ကမှ နန်းစည်းစိမ်နှင့်သင့်တော်သေးသည်ဟု စဉ်းစားဆုံး ဖြတ်ကာ မောင်ထိုက်စံကို သမီးတော်နှင့်လက်ဆက်ပေး၍ အိမ်ရှေ့မင်းနေရာကို ပေးပြီး မင်း သားတို့ တတ်အပ်သောအတတ်ပညာများ သင်ကြားစေလေသတည်း။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ကြက်နှင့်ငါး

ရှေးအခါက မြို့သားလူပျင်းတစ်ယောက်ရှိလေသည်။ သူသည် စကားကျအောင်ပြောပြီး အခြားတပါးသော သူများအား လိမ်လည်လှည့်ပတ်၍ စားသူဖြစ်လေသည်။


ကာလကြာသော် မြို့သူမြို့သားများသည် လူပျင်း၏အကြောင်းကို သိလေတော့သည်။ လူပျင်း၏စကားများကို မည်သူမျှ မယုံကြည်ကြတော့ပေ။

မြို့သားလူပျင်းလည်း မြို့တွင် မနေနိုင်တော့သဖြင့် တောသူတောင်သားများအား လိမ်လည်ရန်အတွက် ထွက်လာခဲ့ရာ ရွာတစ်ရွာသို့ရောက်သွားသည်။

မြို့သားလူပျင်းသည် ပလောင်တို့အား သူတော်ကောင်းဟန်ဆောင်၍ ဘုရားတရားတော်များကို ဟောကြားပြီးလျှင် သက်သတ်လွတ်စားခြင်း၏အကျိုးကိုလည်း ဟောပြောလေသည်။

ဤသို့နှင့် ဟိုအိမ် သည်အိမ်ပြောင်း၍ စားသောက်နေလေသည်။ သို့သော် လူပျင်းမှာ မိမိတရားနှင့်မိမိ အခက်တွေ့ရလေ၏။ ပလောင်တို့ကား မူလကပင် ဟင်းသီးဟင်းရွက်သာအစားများ သူများဖြစ်၏။ လူပျင်းကား အသားငါးများကို အလွန်ကြိုက်သူဖြစ်လေသည်။

သို့ဖြင့် လူပျင်းသည် သူ၏ဟန်ဆောင်သက်သတ်လွတ်တရားကို ပြောပြီး ဟောရလေသည်။ သူဟောကြားသောတရားကား ''အျှရ်ဟျံင်တြာ၊ ကာ်ဟျံင်ကူင်''၊ ''ကြက်သည် တနပ်စာတာဝန်ယူသည်၊ ကြက်နှင့်ငါးများကိုလည်း စားသင့်ကြသည်''ဟူ၍ ဖြစ်သတည်း။



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အာသျှာ့

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် အုပ်ချုပ်မင်းလုပ်သော ဘုရင်မင်းတစ်ပါးသည် တိုင်းသူပြည်သားများအပေါ် အလွန်ဩဇာအာဏာကြီးသော မင်းဖြစ်လေသည်။

ထိုမင်းကြီးသည် ခွန်အားဗလကြီးခြင်း၊ ဥာဏ်ပညာထက်မြက်ခြင်းကို နှစ်သက်၍ မယ်တော်နတ်နဂါးနှင့်နေနတ်သားကို အထူးယုံကြည်သဖြင့် တိုင်းသူပြည်သားများကိုလည်း နဂါးနတ်သမီးနှင့်နေနတ်ကို ကိုးကွယ်ရမည်ဟု အမြဲမပြတ်တိုက်တွန်းလေ့ရှိလေသည်။

ထိုတိုင်းပြည်ရှိတိုင်းသူပြည်သားများသည် နေနတ်သားနှင့်နဂါးနတ်သမီးကိုသာ ကိုးကွယ်ရာဟူ၍ ကိုးကွယ်ကြကုန်၏။

ထိုမင်းကြီးသည် မိမိဝါသနာအတိုင်း မိမိခွန်အားဗလနှင့်ဥာဏ်ပညာကို အားကိုး၍ မြင်းစီးလူစွမ်းကောင်း၊ ခွန်အားဗလလူစွမ်းကောင်းများကို ရသမျှ စုဆောင်းလေတော့၏။ ထိုမင်းကြီးသည် မြင်းစီးသူရဲကောင်း၊ ခွန်အားဗလသူရဲကောင်းတစ်သိန်းစုမိပြီးနောက် လက်ရွေးစင်တစ်ထောင်ရွေးချယ်၍ မိမိနေသောတိုင်းပြည်မှ အရှေ့ဘက်မြေအဆုံးတိုင်အောင် အစွမ်းပြကြလေ၏။ အခြားတိုင်းပြည်များနှင့်ဆိုလျှင်လည်း တစ်ဦးချင်းတိုက်၊ အဖွဲ့ချင်းတိုက်၊ မြင်းစီးချင်းတိုက်၊ ဓား၊ လှံ၊ တုတ်ချင်း ထိုးခုတ် ရိုက်နှက်ခြင်းများတွင် ယှဉ်ပြိုင်စေ၏။ ဦးချသစ္စာရေသောက်တိုင်းပြည်ကို မည်ကဲ့သို့မှမလုပ်။ မိမိနှင့်ပြိုင်လိုသော တိုင်းပြည်ရှိက အချိန်မရွေး စွမ်းအင်အမျိုးမျိုးပြိုင်လေသည်။

ထိုနည်းအတိုင်း လုပ်နေသည်မှာ နှစ်ပေါင်းများစွာပင် ကြာခဲ့ပြီးဖြစ်၏။ မိမိအား မပြိုင်ဝံ့ပါဟု ပြောကာ ခေါင်းလျှိုးသော တိုင်းပြည်များကိုမူ ကျေနပ်၏။ မိမိတို့ရောက်လေရာတိုင်းပြည်များ၌ မိမိအား ညှော်ဝတ်ကျေပြွန်စွာ ကျွေးမွေးပြီး မပြိုင်ဝံ့ဆိုလျှင် မည်ကဲ့သို့မှ မလုပ်ဘဲ ပြန်ကြ၏။ ထိုကဲ့သို့ အရှေ့အနောက် တောင်မြောက်မြေအဆုံး ပင်လယ်သမုဒ်ဒရာကမ်းခြေရောက်သည်အထိ အနှံ့အပြား တိုက်ခိုက်နေသောကြောင့် အောင်ပွဲများ ခံခဲ့သော်လည်း မိမိတိုင်းပြည်၏ အကျိုးကိုကား ဘာမျှမယ်မယ်ရရ မလုပ်မိ၊ မလုပ်နိုင်ပေ။ မိမိတို့ကို ခုခံတိုက်ခိုက်သူများထံမှရရှိသော ရွှေငွေပစ္စည်းများမှာလည်း မိမိတို့၏စစ်ရေးအတွက် ကုန်ကျစရိတ်များကိုပင် မကာမိပေ။

အခြားနိုင်ငံများကမူ စီးပွားရေး၊ လူမှုရေးကို ဖိပြီးကြိုးစားနေကြသောကြောင့် အဆင့်အတန်းမြင့်မြင့်လာသည်ကို မင်းကြီးကိုယ်တိုင်တွေ့မြင်လာလေသည်။ ထိုအခါ အစွမ်းပြအနိုင်ယူမှုထက် မိမိတို့၏ တိုးတက်ရာ တိုးတက်ကြောင်းလုပ်ဘို့က ပို၍အရေးကြီးပေသည်ဟု တဖြေးဖြေး သိလာပြီးလျှင် တိုင်းပြည်တိုးတက်မှုကိုသာ ကြိုးပမ်းကြတော့သည်။ ဘုရင်နှင့်သူရဲကောင်းတို့ရောက်ခဲ့ကြသော တိုင်းပြည်အားလုံးတို့သည် ထိုအခါ ထိုတိုင်းပြည်ကို 'အာသျှာ့' ဟု ခေါ်တွင်စေလေ၏။

အာသျှာ့, အာသျှ ဆိုသော ပလောင်စကားမှာ ''ဘက်မပြိုင်လောက်သေး၊ အထင်မကြီးသင့်သေး'' ဟူ၍အဓိပ္ပါယ်ရပေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org



ebook is created by www.ShanYoma.Org

## သူဌေးဆရာ မင်းဆရာ

ရှေးရှေးအခါက တိုင်းပြည်တစ်ပြည်တွင် မင်းကြီးတစ်ပါး အုပ်စိုး မင်းလုပ်တော်မူသည်။ ထိုမင်းသည် ဗေဒင်၊ အင်းအိုင်များကို အလွန်ယုံကြည်သော မင်းဖြစ်လေသည်။

ယွန်းဂိုဏ်းဘုန်းတော်ကြီးများသည် ဗေဒင်၊ အင်းအိုင်ဘက်၌ အလွန်ထက်မြက်သည်ဟု အများက ယူဆထင်မြင်သည့် ထိုအချိန်တွင် ဉာဏ်ပညာအပြောအဆို အလွန်အကင်းပါးသော ဆင်းရဲသားတစ်ဦးရှိလေသည်။ ထိုဆင်းရဲသားသည် ယွန်းဂုဏ်းဝင်တစ်ဦးဖြစ်သော်လည်း ဗေဒင်၊ အင်းအိုင်၊ မန္တန်တို့ကို လုံးဝမတတ်ပေ။ သို့သော် ထိုအချိန်မှာ ဗေဒင်၊ အင်းအိုင်၊ မန္တန်၊ လက်ဖွဲ့စွမ်းမှ အများကြည်ညိုခြင်း၊ လေးစားခြင်းခံရပေသည်။ ထို့ကြောင့် အကြံကောင်းလျှင် မင်းလောင်း ဖြစ်နိုင်သည်ဟု ဆိုကာ ကြိတ်ပြီး ကြံနေလေသည်။

တစ်နေ့သောအခါ ယွန်းဂိုဏ်းဘုန်းကြီးရဟန်းများ၏ သင်္ကန်း၊ သပိတ် စသည်များကို ခိုးယူပြီး ရဟန်းကဲ့သို့ ဝတ်လေ၏။ မိမိအကြံအစည်အရ တောင်ယာ တဲကုတ်ဟောင်းတစ်ခုတွင် သွားရောက်နေလေ၏။ ထိုတောင်ယာတဲကုတ်သို့ နေ့အချိန်တွင် နွားကျောင်းသားများလည်း လာရောက်စတဲ ချလေ့ရှိ၏။

ယွန်းဂိုဏ်းရဟန်းတုနှင့် နွားကျောင်းသားများသည် တစတစနှင့် ခင်မင်ရင်းနှီးလာကြတော့၏။ ယွန်းကျောင်းဘုန်းကြီးသည် နွားကျောင်းသားများ နေပုံထိုင်ပုံ ပြောဆိုပုံများကို အကဲခတ်ပြီးလျှင် ၎င်းတို့၏ လက္ခဏာများကို ကြည့်ပေးခြင်း၊ မြှောက်ပင့်ဟောပြောခြင်းဖြင့် ပို၍ အရောတဝင် ဖြစ်လာကြလေ၏။ အကြံသမားဘုန်းကြီးတုသည် ရပ်ရွာထဲမှအကြောင်းများကို နွားကျောင်းသားများနှင့်အလွန်ခင်မင်ပြီး ၎င်းတို့၏စိတ်သဘောများကို သိရှိရသောအခါ "ရွာတွင် ငါ ဗေဒင်ဟောတတ်ကြောင်း ပြောသင့်သူကို ပြောပြကြ၊ ငါကောင်းစားယင် မင်းတို့ပါကောင်းစားရပါမယ်"ဟုပြောလေတော့သည်။ "မင်းတို့ သဘောတူယင် ငါ့အစီအစဉ်အတိုင်း လိုက်ကြ၊ မင်းတို့ရပ်ရွာထဲက သတင်းမျိုးစုံ၊ လူပုဂ္ဂိုလ်များအကြောင်း၊ လင်မယား ရန်ဖြစ်သည်များ၊ သူခိုး ခိုးခံရသည်များ၊ အလှူပေးသည်များကအစ ရည်စားထားသည့်ကာလသား၊ အပျိုလူပျိုတို့၏ အကြောင်းကိုပါ ငါ့ကိုပြောပြကြပါ"ဟု ဆိုလေ၏။ ကာလကြာသောအခါ အနီးအနားတစ်ဝိုက်ရွာများမှ လူများ၏ အတွင်းအပြင် အကြောင်းအရာမျိုးစုံကို ဤရဟန်းတုအကြံသမားက ကောင်းကောင်းကြီး သိနေပေတော့သည်။

ebook is created by www.ShanYoma.Org

တစ်နေ့သောအခါ ရွာကြီးတစ်ရွာမှ သူဌေးတစ်ဦး၏ နွားများကိုထိန်းကျောင်းနေသော နွားကျောင်းသားအား အကောင်းဆုံး အလှဆုံး နွားကြီး ၃ ကောင်ကို ခိုးဝှက်ထားစေ၏။ ထို့နောက် သူငယ်အား သူဌေးထံသွား၍ နွား ၃ ကောင် ပျောက်ခြင်းမလှ ပျောက်သွားကြောင်းပြောကြားစေသည်။ သူဌေးကြီးအား ပြောပြီးနောက် နွားကျောင်းသားကလေးသည် နွားများထွက်ရှာဟန်ပြုပြီး မွန်းလွဲပိုင်းတွင် ခဏပြန်လာကာ နွားပျောက် ပစ္စည်းပျောက်ကို ဗေဒင်ဟောပြောနိုင်သော ရဟန်းတစ်ပါးရှိကြောင်း သူဌေးကြီးအား ပြောကြားလေ၏။

နောက်တစ်နေ့တွင် သူဌေးသည် တောင်ယာတောရှိ ဘုန်းကြီးထံသွားရောက်၍ နွားပျောက်ကြောင်း လျှောက်ထားပြီး ဗေဒင်မေးရာ ခေတ္တမျှသာ တွက်ချက်ပြီး တိတိကျကျ ဟောလိုက်သောကြောင့် ပျောက်နေသော နွား ၃ ကောင်ကို လွယ်ကူစွာ ရှာ၍တွေ့လေသည်။

ရဟန်းတုသည် သူဌေးလှူသော စားဘွယ်သောက်ဘွယ်တို့ကို နွားကျောင်းသားများအား ချကျွေးလေ၏။

ထိုကဲ့သို့ ဆင့်ကာဆင့်ကာ အခြားနွားကျောင်းသားများကလည်း ဘုန်းကြီးတု၏ အစီအစဉ်အတိုင်း လုပ်ကြလေရာ နွားပျောက်ကို အတိအကျဟောနိုင်သော ဆရာတော်ဖြစ်လာပြီး ဗေဒင်ပါမောက္ခတစ်ဦးအဖြစ် ကျော်ကြားလာလေသည်။ တစ်နေ့သောအခါ သူဌေးတစ်ဦးပိုင် အဖိုးတန်ပစ္စည်းအချို့ကို သက်ဆိုင်ရာ နွားကျောင်းသားများအား ခိုးစေပြီးလျှင် ဝှက်ထား စေပြန်၏။ သူဌေးသည် ဆရာတော်ထံ ဗေဒင်လာမေးပြီးနောက် ဟောလိုက်သည့်နေရာတွင် သွားရှာရာ အားလုံးပြန်ရ၏။ ထို့ကြောင့် ထိုသူဌေးသည် ဆရာတော်ကို အထူးလေးစားအားထားပြီးလျှင် ၎င်း၏ ဥယျာဉ်ခြံဝင်းအတွင်း၌ ကျောင်းတစ်ဆောင်ဆောက်လုပ်ပြီး ကိုးကွယ်ထားလေသည်။

ထိုသူဌေး၏ ဆရာတော်သတင်းသည် မြို့ရွာနယ်ပယ်အတွင်းပြန့်နှံ့၍ ဘုရင်မင်းတရားကြီးနားသို့တိုင် ပေါက်ကြားသွားတော့ရာ မင်းတရားကြီးလည်း ဘုန်းတော်ကြီးကို ပင့်စေလေ၏။ ကြွရောက်လာသောအခါ မိမိအမြဲသောက်သုံး၍ မြတ်နိုးသောငွေဖလားကြီးပျောက်သွားသည်မှာ ၃ နှစ်မျှကြာရှိပေပြီ၊ ခိုးသူကို ထုတ်ဖော် နိုင်လျှင် မိမိတိုင်းပြည်တွင် မနေရ၊ ထုတ်ဖော်နိုင်လျှင် မိမိကိုယ်တော်တိုင် ကိုးကွယ်မည်ဟုလည်း မိန့်တော်မူ၏။

ဆရာတော်လည်း ၃ နှစ်ကြာက ပျောက်ခဲ့သော ငွေဖလားဖြစ်၍ ခိုးသူကို ထုတ်ဖော်ရန် ခုနစ်ရက်အချိန်ပေးပါဟုတောင်း၏။ မင်းကြီးလည်း ဘုန်းကြီးအား ခုနစ်ရက်အချိန်ပေးလိုက်၏။

ထိုနေ့မှစ၍ ဘုရားဝတ်တက်တိုင်း မိမိနာမည်ရင်းကိုဖော်၍ "အာရီ၊ အာရီ၊ မင်းဟာ မကြံကောင်းတဲ့အကြံတွေကြံသည့်အတွက် နောက်ခြောက်ရက်ကြာယင် မင်းဒုက္ခဖြစ်တော့မယ်၊ ဤဖလားကို ပေးယင်ပေး၊ မပေးယင် မင်းကောင်းကောင်း ဒုက္ခဖြစ်မယ်ဆိုတာ မှတ်ထားပါ" ဟု တတွတ်တွတ် ရွတ်နေမိလေသည်။

ဘုရင့်ဖလားကို ခိုးထားသော အာရီဆိုသည့်နာမည်တူ သူခိုးလည်း အလွန်ကျော်ကြား

သော ဆရာတော်က ဘုရင်အား မိမိနာမည်ကို ဖေါ်ထုတ်ပြီး အပ်လိုက်လေမလားဟုလန့်နေ၏ ။ ထို့ကြောင့် ဆရာတော်ကို ချောင်းချောင်းနေရာ၊ ဘုရားရှိခိုးတိုင်း ဆရာတော်ပြောရာ၌ မိမိအမည် ပါပါနေသည်ကိုကြားရပြီး ပို၍စိုးရိမ်နေလေ၏ ။

သို့နှင့် ၆ ရက်မြောက်သောနေ့တွင် ဘုရားရှိခိုးအပြီး၌ ဆရာတော်သည် "အာရီ၊ မင်းနော်...ဒါဘဲ၊ မနက်ဖြန်ကောင်းကောင်း ဒုက္ခဖြစ်မည့်နေ့ဘဲ၊ မင်း ယခုထုတ်ပေးယင် ပေးပေတော့၊ မပေးယင် မင်းကောင်းကောင်း ဘေးတွေ့ပြီသာ မှတ်တော့"ဟု ပြောဆိုညည်းတွားလေ၏ ။

ထိုအချိန်တွင် အပြင်ဘက်မှ ချောင်းနေသောသူခိုးအာရီသည် ကျောင်းပေါ်သို့ တက်လာပြီးလျှင် ဗေဒင်အကျော်ဆရာတော်အား ရှိသေစွာ ရှိခိုးကာ ဘုရင့်ငွေခွက်ကို အပ်၏ ။ မိမိအသက်ကို ကယ်ရန်လည်း တောင်းပန်၏ ။

ဟန်အလွန်ကောင်းသော ဘုန်းတော်ကြီးက "အာရီ၊ အာရီ၊ မင်းကံကောင်းလို့ပေါ့" ဟုပြောလိုက်၏ ။ သူခိုးအာရီက "ဘုန်းတော်ကြီးဘုရား တပည့်တော်ကို ခွင့်လွှတ်ပါဘုရား၊ အရှင်ဘုရား ခိုင်းသလို တပည့်တော် လုပ်ပါမည်ဘုရား"ဟုလျှောက်လေ၏ ။ ထို့နောက် ဘုန်းကြီးတုပေးသော အစီအစဉ်အတိုင်း အာရီက လုပ်ပေးလေရာ နံနက် မိုးသောက် အလင်းရောက်သောအခါ၌ ဘုန်းကြီးတုသည် ပိုးသက်န်းကို သပ်ရပ်စွာ ရုံ၍ နန်းတော်သို့ကြွသွားလေ၏ ။

ဘုရင်နှင့်အမတ်ကြီးများ လာရောက်ဝတ်ချသောအခါ အိန္ဒြေဖြင့် "အသင်မင်းကြီးပျောက်သွားသော ငွေဖလားသည် အရှင်မင်းကြီးကို စိတ်ဆင်းရဲစေလိုသူတို့က ခိုးပြီး ဤနေပြည်တော်၏ အဓိကရ ညောင်ပင်ဖြစ်သော မြို့ရှေ့ညောင်ပင်ကြီး၏ အနောက်ဖက်ကိုင်းတည့်တည့် ညောင်ပင်ရင်းနှင့်သုံးတောင်အကွာ နေရာတွင် မြှုပ်ထားသည်ဟု ဘုန်းကြီးတွက်ချက်သိရှိရပါသည်"ဟု ဘုန်းတော်ကြီးက မိန့်တော်မူလိုက်လေ၏ ။

အမတ်ကြီးများလည်း ဘုန်းတော်ကြီး၏ ဗေဒင်ဟောချက်အတိုင်း ချက်ချင်းသွားရောက်တူးဖေါ်ကြရာ ဘုရင့်ငွေဖလားကို ရကြလေတော့သည်။

ထိုအခါ မင်းကြီးသည် ဤမျှဉာဏ်ပညာထက်မြက်၍ ဗေဒင်ပညာဘက်၌ ထူးကဲတတ်ကျွမ်းသည့်ဆရာဘုန်းတော်ကြီး သီတင်းသုံးရန် မိမိ၏ နန်းဥယျာဉ်၌ ကျောင်းကြီးတစ်ဆောင်ဆောက်လုပ်လှူဒါန်းကာ ပစ္စည်းလေးပါးတကာ ခံယူကိုးကွယ်ထားလေသည်။

ထိုသတင်းကို ကြားကြလေသော မူလမိတ်ဆွေ နွားကျောင်းသားတို့က 'ငါကောင်းစားယင် မင်းတို့လဲ ကောင်းစားစေရမယ်'ဟု ကတိထားခဲ့သောဘုန်းကြီးသည် ယခု မင်းဆရာ၊ သူဌေးဆရာဘဝသို့ရောက်သော် တို့ကိုမေ့နေပြီ"ဟုဆိုကာ လူခြေတိတ်သောအချိန်တွင် ဘုရင့်ဥယျာဉ်သို့သွား၍ ဘုန်းကြီး၏ ကျောင်းသင်္ခမ်းကို မီးရှို့ပစ်လိုက်ကြလေတော့သည်။

ထိုအခါ ဘုရင့်ဆရာတော်သည် "မီးလောင်အောင်စေ"ဟုရူ၍ကြိတ်ပြီး အတိတ်ကောက်ထား၏ ။ သို့ရာတွင် ဝမ်းနည်းနေဟန်နှင့်၊ မစားနိုင် မသောက်နိုင်ဖြစ်ဟန်ဆောင်နေလေ၏ ။ ထိုသတင်းကို ဘုရင်မင်းတရားကြီးကြားလျှင် သူ့ဆရာတော်ကို နန်းတော်သို့ပင့်ပြီး "ဆရာတော်ဘု



ebook is created by www.ShanYoma.Org

ရား ဘာမျှမပူပါနှင့်၊ မီးလောင်သွားသည့်ကျောင်းထက်ကောင်းသည့်ကျောင်း အမြန်ဆောက်စေပါမည်ဘုရား''ဟု လျှောက်လေ၏။

ထိုအခါ မင်းဆရာဘုန်းတော်ကြီးက ''တကာတော်က ဒီလိုအမိန့်ရှိတာ ဝမ်းသာစရာပါဘဲ၊ ဒါပေမဲ့ ဘုန်းကြီးဝမ်းနည်းတာက ကျောင်းအတွက်၊ ပစ္စည်းအတွက် ဝမ်းနည်းနေခြင်းမဟုတ်ပါ၊ မင်းတရားကြီး တိုင်းသူပြည်သားများအတွက် ဝမ်းနည်းခြင်းသာဖြစ်ပါတယ်'' ဟု ပြန်ပြော၏။

မင်းကြီးက ''အရှင်ဘုရား အဘယ့်ကြောင့် တပည့်တော်အတွက်နှင့် တိုင်းသူပြည်သားအတွက် ဝမ်းနည်းရပါသလဲဘုရား'' ဟု လျှောက်မေးရာ ''တကာတော်၊ ဘုန်းကြီး၏ ဗေဒင်ကျမ်းဂန်အမှတ်အသားတွေအားလုံး မီးထဲပါကုန်ပြီလေ၊ အဲဒီအတွက် ဝမ်းအနည်းကြီး နည်းရတာပေါ့၊ ဘုန်းကြီးဖြင့် ခြေပြတ်လက်ပြတ်ဘဝ၊ ဆွံ့အ၊ မျက်စိမမြင်တဲ့ ဘဝမျိုးကဲ့သို့ဖြစ်သွားပြီ''ဟု အမိန့်ရှိလေသည်။

ထိုအခါ မင်းကြီးက ''ဆရာတော် ကိုယ်စိတ် ချမ်းသာစွာ သီတင်းသုံးတော်မူပါ၊ တကာတော်ကအစ တိုင်းသူပြည်သားများ ယနေ့မှစပြီး ဆရာတော်ထံ ဗေဒင်မမေးရဟုအမိန့်ထုတ်ပါမည်ဘုရား'' ဟု လျှောက်လေ၏။ ထိုနေ့မှစ၍ မင်းဆရာသည် အသက်ထက်ဆုံး ဗေဒင်မဟောရဘဲ ချမ်းချမ်းသာသာ နေတော်မူရလေတော့၏။

ebook is created by www.ShanYoma.Org



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## နေနတ်သားနှင့် နဂါးနတ်သမီး

ရှေးလွန်လေပြီးသောအခါက အလွန်တရာ တောမြိုင်ထူထပ်လှသော နေရာတစ်ခု၌ ချောင်းတစ်ချောင်းသည် ရေစီးသာယာလှ၏။ ကြာဖြူကြာညိုကြာငါးမျိုးနှင့် ပတ်ဝန်းကျင်တောတောင်တို့မှာ အလွန်သာယာလှ၏။ ထိုနေရာတွင် လူသားများ မရှိပေ။ တောတောင်ထူထပ်၍ သားရဲတိရစ္ဆာန်များပြားသောဒေသလည်း ဖြစ်ပေသည်။

တစ်နေ့သောအခါ နဂါးပြည်မှ နဂါးနတ်သမီးတစ်ပါးသည် မယ်တော်ခမည်းတော်တို့ထံ လူ့ပြည်သို့သွားရောက်လည်ပတ်ခွင့်တောင်း၍ လူ့ပြည်သို့လာလေတော့၏။ ထိုအချိန်နှင့်တချိန်တည်းတွင် အရွယ်ရောက်သော နေနတ်သားသည် နေနတ်မင်းကြီးထံ ခွင့်ပန်၍ ဖူးစာဖက်ရှာရန် ကောင်းကင်မှ လူ့ပြည်သို့ဆင်းသက်လာလေ၏။

နေနတ်သားသည် လူ့ပြည်သို့ ရောက်၍ လူ့အသွင်ဖြင့် တောအထပ်ထပ် တောင်အထပ်ထပ်တွင် လှည့်ပတ်နေသည့်အချိန်၌ အလွန်သာယာသောလှသည့် ရေချောင်းကမ်းဘေးတွင် နဂါးနတ်သမီးသည် သီချင်းတကြော်ကြော်နှင့် သာယာသောအသံဖြင့် သီဆိုနေလေ၏။ ထိုအသံရှင်ကို ရှာ၍ တွေ့ဆုံနှုတ်ဆက်ကာမျှနှင့် နေနတ်သားနှင့်နဂါးနတ်သမီးတို့သည် ဘဝအဆက်ဆက်က ရေစက်ကြောင့် တစ်ဦးနှင့်တစ်ဦး ချစ်ကျွမ်းဝင်အိမ်ထောင်ဘက် ပြုကြလေတော့၏။

နေနတ်ဘုရင်နှင့်နေနတ်မိဖုရားတို့သည် နေနတ်သား အိမ်ထောင်ဘက်ပြုသူမှာ လူသားမဟုတ်ဘဲ နဂါးဖြစ်ကြောင်း မိမိတို့သား သိစေရန် တမန်တော်လွှတ်ပြီး ခေါ်ခိုင်းလိုက်လေသည်။ သားတော်ပြန်ရောက်လျှင် နေနတ်ဘုရင်က သားတော်၏ဇနီးမှာ လူသား မဟုတ်၊ နဂါးဖြစ်သည်ဟုပြောပြ၏။ အကြောင်းစုံကို သိနိုင်ရန် ၎င်း၏ဇနီးနဂါးနတ်သမီး အိပ်ပျော်နေခိုက် နေနတ်တိုင်းပြည်မှ ဤထင်းရှူးနက်ကို မီးညှိပြီး ထိုအလင်းရောင်ဖြင့် ကြည့်လျှင် နဂါးမင်းသမီး၏ နဂိုရုပ်အတိုင်း မြင်ရလိမ့်မည်ဟု အမိန့်ရှိကာ ထင်းရှူးနက်ကိုင်းငယ် တခုကိုပေးလိုက်လေ၏။

နေနတ်သားသည် မိမိ၏ဇနီးနဂါးနတ်သမီး အိပ်မောကျအောင် အိပ်ပျော်နေသည်ကို ဘယ်အခါမှ မတွေ့ပေ။ နေနတ်သားသည် နေ့စဉ် ချောင်းမြောင်းလာရာမှ နဂါးနတ်သမီးသည် ကိုယ်ဝန်အရင့်အမာ ရှိလာပြီး တစ်နေ့သော ညတစ်ညတွင် အလွန်အိပ်မောကျသွားလေ၏။ ချောင်းနေသော နေနတ်သားလည်း မိမိယူလာသော နေနတ်တိုင်းပြည်မှ ထင်ရှူးနက်ကို မီးညှိပြီး ချောင်းကြည့်ရာ ပကတိအတိုင်း နဂါးအသွင်ပေါ်လာသောကြောင့် မိမိဇနီးသည်အား ချက်ချင်းနှိုး၍ အကြောင်းစုံမေးလေတော့၏။

နဂါးနတ်သမီးလည်း မိမိ၏ဇာတိရုပ်အစစ်အမှန်ကို ခင်ပွန်းသည်သိသွားပြီဖြစ်၍ မှန်ရာကို ဖွင့်ပြောမှ တော်တော့မည်ဟု စဉ်းစားကာ လက်အုပ်ချီပြီးလျှင် ''မောင်တော်ဘုရား မောင်တော်ဘုရားတွေ့မြင်ရသည့်အတိုင်းပါဘဲ၊ နှမတော်မှာ နဂါးစင်စစ် ဖြစ်ပါတယ် မောင်တော်ဘုရား၊ မောင်တော်ဘုရား ပေးလိုသောအပြစ်ကို နှမတော်ခံဘို့သာရှိပါတယ်''ဟု ဖွင့်ဟဝန်ခံလေ၏။ ''နှမတော်မှာ ယခင့်ယခင်အခါက အိပ်မောကျအောင် တစ်ခါဘူးမှ မအိပ်ရဲခဲ့ပါ၊ ယခုအခါ နှမတော်မှာ ကိုယ်ဝန်အရင့်အမာရှိသည့်အတွက် အိပ်အပျော်လွန်သွားသောကြောင့် နှမတော်၏ဇာတိရုပ်ပေါ်ရခြင်း ဖြစ်ပါတယ်ဘုရား''ဟုလည်း ဆက်၍ပြောပြန်သည်။

ထိုအခါ နေနတ်သားသည် နဂါးနတ်သမီးအပေါ် အပြစ်မပေးလိုသည့်အပြင် ပို၍ပြီးသနားပြန်၏။ ထို့ကြောင့် ''အေးကွယ် မောင်တော်က မသိလို့ မထင်ခဲ့လို့မေးတာပါ၊ ယခုနှမတော်မှာ လူစင်စစ် မဟုတ်ဘဲ နဂါးနတ်သမီး ဖြစ်နေခြင်းမှာ အမှန်ကို သိရပါပြီ''ဟု ပြန်ပြောလေသည်။

တစ်နေ့သောအခါ နေနတ်သားသည် မိမိ၏ဂုဏ်ကို ဖော်လို၍ နဂါးနတ်သမီးအား ''မောင်တော်ရဲ့အမျိုးအနွယ်ကော နှမတော် သိရဲ့လား'' ဟုမေးလေ၏။ ထိုအခါ နဂါးနတ်သမီးက ''မောင်တော် ဘယ်လိုပြောပါသလဲ၊ မောင်တော်မှာ နေနတ်တိုင်းပြည်က နေနတ်သားမဟုတ်ပါလား မောင်တော်။ မောင်တော်၊ နှမတော်မှာ လူ့ပြည်၌သာ လူအဖြစ် အမြဲနေလိုပါတယ်၊ ဤသားသမီးတွေကို ပြုစုပြီးနေလိုပါတယ်၊ နှမတော်နှင့်မောင်တော်၏ဇာတိကို ပယ်ပြီး လူစင်စစ်ဖြစ်နိုင်သည့်ဆေးဝါးကို နေနတ်တိုင်းပြည်မှ ယူပေးပါ''ဟုပူစာလေသည်။ ဤသို့နှင့် သားတော်နှင့်သမီးတော် ကလေးများမှာ ၇–နှစ်အရွယ်သို့ ရောက်လေတော့၏။ ထိုအခါ နဂါးနတ်သမီးနှင့်သားသမီးငယ်များကို လူသူရှိသောနေရာတွင် ထားခဲ့ပြီး နေနတ်သားမှာမူ မိမိချစ်ဇနီးထာဝရလူသားဖြစ်ရန် ဆေးဝါးရှာဘို့ နေနတ်တိုင်းပြည်သို့ ပြန်တက်သွားလေ၏။ သို့ရာတွင် နေနတ်တိုင်းပြည်သို့ ရောက်သောအခါ နေနတ်ဘုရင်၏တာဝန်များကို ထမ်းဆောင်နေရသောကြောင့် လူ့ပြည်သို့ပြန်မဆင်းနိုင်၊ သားမယားတို့ကိုကား အမြဲသတိရပြီး လွမ်းဆွတ်ပူဆွေးနေလေသည်။

တစ်နေ့သောအခါ နေနတ်သားသည် နေနတ်တိုင်းပြည်မှနေ၍ နတ်မျက်စိတန်ခိုးနှင့် လူ့ပြည်ကိုကြည့်လိုက်ရာ မိမိသားတော်နှင့်ဇနီးသည် နတ်နဂါးမင်းသမီးတို့ တိုင်းပြည်တစ်ပြည်ထူထောင်နေသည်ကို တွေ့ရှိရ၍ များစွာ ဝမ်းသာဝမ်းနည်းဖြစ်မိလေ၏။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

နေနတ်သား ဝမ်းသာသည်မှာ လူ့ပြည်တွင် မိမိ၏ အမျိုးအနွယ် ကျန်ရစ်နေပြီး ကမ္ဘာတည်သမျှ တည်နေမည်ကို သိရ၍ဖြစ်သည်။ ဝမ်းနည်းသည်မှာ မိမိသည် မလွှဲမရှောင်သာနိုင်ဘဲ နေနတ်ဘုရင်၏ တာဝန်အသီးသီးကို ထမ်းဆောင်နေရ၍ လူ့ပြည်သို့မဆင်းနိုင်ခြင်းကြောင့် ဖြစ်သည်။

ထိုအခါ နေနတ်သားသည် လူ့ပြည်၌ ကျန်ရစ်နေသည့် မိမိဇနီးနှင့်သားမြေးတို့ လိုရာတ၍ ရနိုင်ကြစေရန် နေနတ်သားတစ်ပါးကို ကျီးဖြူအသွင်ဆောင်စေ၍ ပတ္တမြားတစ်လုံးကို ကိုက်ချီကာ လူ့ပြည်ရှိ နဂါးနတ်သမီးထံ ပေးစေ၏။ ထိုအိတ်တွင် "လိုရာတ,ရစေနိုင်သည့် မနောမယပတ္တမြား"ဟု ရေးမှတ်ပေးလိုက်ပေသေးသည်။

ကျီးဖြူအသွင်ဆောင်လာသောနေနတ်သားသည်နေနတ်မင်း၏ လက်ဆောင်ပတ္တမြားကို ယူဆောင်၍ လူ့ပြည်သို့ ဆင်းလာလေ၏။ လူ့ပြည်ရောက်၍ နဂါးနတ်သမီးနေသည့်တိုင်းပြည်သို့ ရောက်လေသော် တောအုပ်အတွင်း၌ လူ့ပြည်မှ ကျီးများ သာသာယာယာ သာနေသော အသံကိုကြား၍ ထိုနေရာသို့ ဝင်ရောက်သောအခါ မုဆိုးများ အမဲသား ခွဲစိတ်နေသည်ကိုတွေ့၍ မိမိပါလာသော ပတ္တမြားအိတ်ကို သစ်ပင်တစ်ပင်တွင် ချိတ်ဆွဲပြီး အခြားလူ့ပြည်မှ ကျီးများနှင့်အတူ အစာဝင်စားလေရာ မုဆိုးများ ထောင်ထားသော ထောင်ချောက်တွင် မိလေတော့၏။ မုဆိုးများက ကျီးအသီးသီးကို ဖမ်းယူရာတွင် နေနတ်သားခိုင်းသော ကျီးဖြူသည် မည်သူ့ကိုမှဂရုမပြု၊ မိမိမှပါလာသော သစ်ပင်ပေါ်ရှိ အိတ်ကိုသာ ဂရုပြုလှမ်းကြည့်နေသောကြောင့် မုဆိုးများက သစ်ပင်ပေါ်ရှိ အိတ်ကိုသာ ဂရုပြုလှမ်းကြည့်နေသောကြောင့် မုဆိုးများက သစ်ပင်ကို လှမ်း၍ ကြည့်ရာ အိတ်တစ်ခုကို တွေ့၍ ၎င်းအိတ်ကို ယူကြည့်ရာတွင် ပတ္တမြားကိုတွေ့ကြ၏။ မုဆိုးများလည်း ထိုပတ္တမြားကိုယူထားပြီးသော် ပတ္တမြားအစားအမဲ၏ အစာအိတ်မှအစာဟောင်းများကို ထည့်ပြီး ၎င်းကျီးထားခဲ့သည့်သစ်ပင်ပေါ်မှ နေရာတွင် ပြန်ထားလိုက်လေ၏။ ထို့နောက် ထိုကျီးဖြူကို လွှတ်လိုက်ကြ၏။

နေနတ်မင်းခိုင်းသောကျီးသည် လွှတ်သည်နှင့် တပြိုင်နက် မိမိအိတ်ကို ယူဆောင်၍ နဂါးနတ်သမီးရှိရာသို့ပြန်သွားသည်။ နဂါးနတ်သမီးကိုတွေ့လေလျှင် နေနတ်သား၏ လက်ဆောင်ကိုပေးလေ၏။ နဂါးနတ်သမီးမှာ များစွာအားရဝမ်းသာ၍ ယခုမှစပြီး ငါ့သားသမီးများနှင့်အတူ လူစင်စစ်ဘဝဖြင့် စိတ်ချစွာ နေရတော့မည်ဟု ဝမ်းသာမဆုံးတော့ပေ။ ၎င်းနောက် အိတ်ကို ဖွင့်ကြည့်ရာ စာတမ်းတစ်ခုကို တွေ့ရ၏။ "ဤပတ္တမြားသည် လိုရာတ,၍ ရနိုင်သော မနောမယပတ္တမြားဖြစ်ပေသည်၊ လူသားအလိုကို ပြည့်စုံအောင်ပေးနိုင်ပေ၏"ဟုပါရှိသည်။ ထိုအခါ နဂါးနတ်သမီးသည် ပိုပြီးဝမ်းသာလေ၏။ အိတ်ကို ဖွင့်ကြည့်လိုက်သောအခါတွင်ကား အမဲမစင်ကိုသာ တွေ့ရသောကြောင့် အထူးဝမ်းနည်းသွားလေ၏။ နဂါးနတ်သမီးသည် မိမိဇာတိရုပ်ကို မိမိသားသမီးများ သိမည်စိုးရိမ်၍ ဒေါသမထွက်မိအောင် သတိထားပြီး "ဩော်. . .ငါ့ကို လူ့ပြည်မှာ ပစ်ထားပြီး နေနတ်တိုင်းပြည်ရောက်တော့ အချစ်ပိုမလာဘဲ အနှိပ်စက်သာ ပိုလာပါကလား"

ဟုဆိုကာ ဝမ်းနည်းပြီး မျက်ရည်များ ကျလေသည်။

နဂါးနတ်သမီးသည် ဝမ်းနည်းပူဆွေးသော်လည်း မည်ကဲ့သို့မှ ကြံ၍မရသည့်အပြင် နေနတ်သားပို့လိုက်သည်ဆိုသော ပတ္တမြားဆိုသည်ကို စဉ်းစားမိတိုင်း ပိုပြီး ဝမ်းနည်းနာကြည်း၍သာနေလေသည်။

ထိုကဲ့သို့နေ့စဉ်နှင့်အမျှ ဝမ်းနည်းနေချိန်မှာ နဂါးပြည်မှ တမန်တော်များရောက်လာပြီး ပြန်ချိန်တန်ပြီဟု အကြောင်းကြားသည့်အတွက် မိမိ၏ သားသမီးချွေးမ မြေးတို့ကို စုရုံးရောက်စေပြီးလျှင် မိမိမှာ လူ့ပြည်မှခွဲရတော့မည် ဖြစ်သည့်အကြောင်း ပြောပြ၏။ မိမိတိုတို့၏ ဘဝဇာတ်ကြောင်းကို နှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့သော်လည်း ယခုအခါ ဖွင့်ပြောရမည့်အချိန်သို့ ရောက်ပေပြီဟုဆိုကာ ဇာတ်ကြောင်းကိုအစမှ အဆုံးပြန်လည်ပြောပြလေသည်။

သား၊ သမီး၊ ချွေးမ၊ မြေးတို့အား မိမိမှာ နဂါးပြည် နတ်နဂါးမျိုးမှ နဂါးမင်းကြီး၏ သမီးဖြစ်သည်၊ မြေးတို့အဘိုး၊ သားတို့သမီးတို့ ဖခင်ကမူ နေနတ်သားဖြစ်သည်ဟု အစချီကာ တစ်ညလုံးမအိပ်ဘဲ ပြောပြပြီးနောက် "သားများက အဝတ်စတစ်ခုယူပြီး ခေါင်းပေါ် ရစ်ပတ်ထားပါ၊ မိန်းကလေးများက အဝတ်အစား အစင်းစင်းဝတ်ပြီး ခေါင်းပေါ်မှာ တစ်ခုခု တင်ထားကြပါ"ဟုပြောလေသည်။ အမိနဂါးမ၏ အမောက်အထိမ်းအမှတ်အဖြစ် ထားကြရန် မှာကြားသည်များ ဖြစ်လေသည်။

နောက်တစ်နေ့နံနက် မိုးသောက်အလင်းသို့ ရောက်သောအခါ ကြာမျိုးငါးပါးနှင့် ပြည့်စုံပြီး အလွန် သာယာလှပသည့် ရေချောင်းရှိရာသို့ နဂါးမင်းသမီးသည် မိမိသားသမီးချွေးမနှင့် မြေးတို့ကို ခေါ်ဆောင်သွားလေ၏။ ရေချောင်းသို့ရောက်သော် မယ်တော်နဂါးသမီးက "ယခုမှစပြီး ငါမှာကြားလိုသည်မှာ ငါတို့ရဲ့အမျိုးအနွယ်များသည် ယောကျ်ားမှန်လျှင် အမိကို သတိရပြီး ခေါင်းပေါ်မှအဝတ်ပတ်ကာ ပန်းပွားအဖြစ် ထုတ်ထားပါ၊ (ပန်းပွားသည် နေနတ်သားကိုဆိုလို၏) မိန်းမများကမူ အစင်းအစင်းပါသောအဝတ်ကို ဝတ်ပြီး ခေါင်းပေါ်မှာ အဝတ်တစ်ခုကို တင်ထားပါ၊ ထို့ပြင် ယခုအချိန်မှစပြီး သားတို့သမီးတို့ မြေးတို့ မြင်သည့်အတိုင်းမှတ်သားပြီး အမျိုးသမီးများက ဝတ်ဆင်ကြပါ"ဟုဆိုကာ ရေသို့ငုံ့လျှိုး၍ ဦးခေါင်းကို သုံးခါဖော်ပြီးနောက် ပျောက်ကွယ်သွားပေသည်။

၁။ ခေါင်းပေါင်းခြင်းသည် နဂါးခွေ၏ အဓိပ္ပါယ်။
၂။ ပန်းပွားသည် နေနတ်သား၏ အဆက်အနွယ်ဆိုသော အဓိပ္ပါယ်။
၃။ အဝတ်အစင်းစင်းအနီရောင်သည် နဂါး၏ အကြေး။
၄။ ခေါင်းပေါ် အဝတ်တင်ခြင်းသည် နဂါးခွေနှင့်အမောက်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

## ဒိုးပိုင်ရှင်



ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ဒိုးပိုင်ရှင်

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ရှင်ဘုရင်၏ အဂ္ဂမဟေသီမိဖုရားခေါင်ကြီး ကိုယ်ဝန်အရင့်အမာ ရှိလာသောအခါ မီးရှူးသန့်စင်ရာ၌ ကူညီစောင့်ရှောက်ရန် မိဖုရားငယ် ၆ ဦးအား တာဝန်ပေးလိုက်လေသည်။

အချိန်တိုင်သောအခါ အဂ္ဂမဟေသီမိဖုရားကြီးသည် လုပထွားကြိုင်းသော သားယောကျ်ားတစ်ဦး ဖွားမြင်လေ၏။ မိဖုရားကြီး၏ သားကို မြင်သောအခါ ကောက်ကျစ်စဉ်းလဲသော မိဖုရားငယ် ၆–ဦးတို့က ''ဤသတိုးသားငယ် ကြီးပြင်းလာလျှင် ထီးနန်းကိုရပြီး ၎င်းတို့၏ သားများ ထီးနန်းနှင့်ဝေးမည်''ဟုတိုင်ပင်ကြကာ ကလေးငယ်ကို ကြမ်းပေါက်မှ ချပစ်လိုက်လေ၏ ။

မိဖုရားခေါင်ကြီး သတိရလာသောအခါ မိမိမွေးသည်မှာ သားလော သမီးလောဟုမေးမြန်းလေလျှင် ကောက်ကျစ်သော မိဖုရားများက ''သားလည်း မဟုတ်၊ သမီးလည်း မဟုတ်သားတစ်ကိုသာ ဖွားမြင်ပါသည်''ဟု လိမ်လည်ပြောကြသည့်ပြင် ရှင်ဘုရင်အားလည်း မိဖုရားခေါင်ကြီး သားတစ်သာ ဖွားမြင်ကြောင်း ဝိုင်းဝန်း လျှောက်တင်ကြရာ ဘုရင်ကြီးက မိဖုရားခေါင်းကြီးဖြစ်လျက်နှင့် ဤသို့ဖြစ်ရသလေဟု အရှက်တော်ရ၍ မိဖုရားကြီးအား တိုင်းပြည်မှနှင်ထုတ်လိုက်လေ၏။ မိဖုရားကြီးလည်း ဝမ်းနည်းပူဆွေးစွာဖြင့် တိုင်းပြည်မှ ထွက်လာရပြီးလျှင် ဥယျာဉ်လုပ်စားသူ အဘိုးအိုလင်မယားထံ ဝင်ရောက်တည်းခိုလေ၏။ အဘိုးအိုလင်မယားကလည်း မိမိတို့၌ သားသမီး မရှိသဖြင့် မိဖုရားကို ဝမ်းမြောက်ဝမ်းသာ မွေးစားထားကြလေ၏။

ကြမ်းပေါက်မှပစ်ချလိုက်သော မိဖုရားခေါင်ကြီး၏ သားငယ်ကို နတ်များက ကောက်ယူမွေးစားထား၍ ၇–နှစ်မျှ ကြာသောအခါ လုပဝိုင်းစက်သော ဂုံးညင်းဒိုးတစ်လုံး ပေးလိုက်ပြီး မိခင်ထံသို့ ပြန်ပို့ပေးကြလေသည်။

မိခင်ထံရောက်သောအခါ နတ်များ သင်ပေးလိုက်သည့်အတိုင်း မိမိမှာ မိဖုရားခေါင်ကြီး၏ သားဖြစ်ကြောင်း ပြောပြ၏ ။ မိဖုရားခေါင်ကြီးက မိမိမှာ သားသမီး မဖွားမြင်ဘဲ သားတစ်သာ ဖွားမြင်သောကြောင့် တိုင်းပြည်ကပင် ထွက်ခဲ့ရကြောင်း အတန်တန် ပြောဆိုရှင်းပြလေ၏ ။ ဤတွင် သတိုးသားငယ်က သားအရင်းမှန်လျှင် မိမိ၏ နို့ရည်များအားလုံး တစ်ပေါက်မကျန် ပါးစပ်ထဲဝင်ပါစေသားဟု ဓိဋ္ဌာန်သဖြင့် မိဖုရားခေါင်ကြီးက နို့ကိုညစ်လိုက်ရာ အားလုံးသောနို့ရည်များသည် ကလေး၏ ပါးစပ်အတွင်းသို့ ဝင်လေ၏ ။ ဤတွင် မိဖုရားကြီးလည်း သားအရင်းကို ပြန်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ကလေးငယ်အား ဖက်ထားလေသည်။

သတို့သားငယ်က ဥယျာဉ်သမားအဘိုးအိုလင်မယားနှင့်မိခင်ဖြစ်သူအား ပင်ပန်းစွာ အလုပ်မလုပ်ကြပါနှင့်ဟုပြောဆိုပြီး နတ်များ ပေးလိုက်သော ဒိုးဖြင့် နန်းတော်သို့ဝင်လေ၏ ။ နန်းတွင်းတွင် ယခင်က မိဖုရားခေါင်ကြီးအပေါ် ကောက်ကျစ်စဉ်းလဲခဲ့သော မိဖုရားငယ်များ၏ သားများနှင့်ဒိုးကစားကြရာ ၎င်းကချည်း အနိုင်ရရှိလေ၏ ။ ၎င်း၏ နတ်ဒိုးကို လိုချင်ကြသော မင်းသားငယ်များ၏ ရွှေဒိုးငွေဒိုးများကို နေ့စဉ်နှင့်အမျှ အနိုင်ရရှိလာသဖြင့် မိခင်နှင့်အဖိုးအဘွားတို့က ကောက်ကျစ်သောမိဖုရားငယ်များ၏ သားများထံ မသွားရန် တားမြစ်ပြောဆိုကြလေ၏ ။ သို့သော် မင်းသားငယ်က''မစိုးရိမ်ပါလင့်''ဟု ပြောကာ နေ့စဉ်သွားရောက်ကစား၍ အနိုင်ရရှိသော ရွှေဒိုးငွေဒိုးများဖြင့် မိခင်နှင့်အဖိုးအို အဖွားအိုတို့အား လုပ်ကျွေးရာ ချမ်းသာစွာနေကြလေ၏ ။

မင်းသားကလေး ၁၀–နှစ်သားအရွယ်သို့ရောက်လာသောအခါ 'မင်းနားတစ်ထောင်' ဆိုသည့်အတိုင်း မိဖုရားကြီးနှင့်သားတော်ကလေး၏ သတင်းကို ဘုရင်ကြီး ကြားလေသော် သားအမိကို စောင့်ရှောက်ထားသော အဘိုးအိုလင်မယားနှင့်အတူ မိဖုရားကြီးနှင့်နတ်ဒိုးပိုင်ရှင်သားကလေးကို နန်းတော်သို့ခေါ်ယူပြီးလျှင် ချမ်းသာစွာ ထားလေသည်။ ကောက်ကျစ်သော မိဖုရား ၆–ပါးကိုကား သားတော် သမီးတော်များ၏ မျက်နှာကို ထောက်ထား၍ ပြည်နှင်ဒဏ်မျှသာပေးလိုက်လေသတည်း။

× × × × × × × ×

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# ဘိုးမြန်မာနှင့်ဘိုးပလောင်

ရှေးလွန်လေပြီးသောအခါက မုဆိုးအတတ်တွင် အလွန်ကျွမ်းကျင်သော 'ကာဘရာန်' ခေါ် မြန်မာတစ်ဦးသည် ပလောင်တို့ ရွာတစ်ရွာတွင် လာရောက်နေထိုင်ပြီး တာရှူမိုင်နှင့် အလွန်အကျွမ်းဝင်၍ မကြာမကြာ တောလည်လေ့ရှိကြ၏။

တစ်နေ့သောအခါ တာဘရာနှင့်တာရှူမိုင်တို့သည် နှစ်ယောက်တည်း တောလည်သွားကြရာ တာဘရာန်သည် ပလောင်စကား အလွန်တတ်လိုလှ၍ တွေ့သမျှ သစ်ပင်ပန်းပင် လူအင်္ဂါ အစိတ်အပိုင်းတို့၏ အခေါ်တို့ကို မေးပြီး မှတ်သားသော်လည်း ပလောင်အမျိုးသားကမူ မမှတ်သား၊ တခွန်းတလေသာ မေးပြီး ပြောကြည့်၏။ မြန်မာစကားက ခက်သည်ဆိုကာ မမေးဘဲနေခြင်းဖြစ်လေသည်။

သူတို့နှစ်ဦးသည် တစ်နံနက်လုံး သွားလာနေကြသော်လည်း မည်သည့်သားကောင်ကျေးငှက်တို့ကိုမှ မရသေးပေ။ ထို့ကြောင့် ဆာသောအခါ ဟင်းသီးဟင်းရွက်များခူးကာ ထမင်းဟင်းချက်ပြုတ်စားကြလေ၏။ ဝါးလုံးကို ခုတ်ပြီး အိုးလုပ်ကာ ထမင်း၊ ဟင်း၊ ရေနွေးအိုးတည်ကြရလေသည်။ တာရှူမိုင်က ဝါးကျည်တောက်နှင့် ရေခပ်ရန် ပြင်ဆင်၏။ တာဘရာန်က ထမင်းဟင်းချက်ရန် ဝါးကျည်ထောက်ကို ပြင်ဆင်ပြန်၏။

ထိုအခါ တာမူမိုင် ရေတစ်ခေါက် ခပ်လာပြီး တာဘရာန် (မြန်မာ)က ထမင်းချက်နေရာ တာရှူမိုင် နောက်တစ်ခေါက်သွားခပ်နေချိန် တာဘရာန် ဟင်းချက်သော ဝါးကျည်တောက်သည် ကွဲ၍ ရေများစင်ပြီး "ဟေ့ အိုးယိုတယ်၊ အိုးယိုတယ်" ဟုပြောသောအခါ ရေထမ်းလာသော ဝါးကျည်တောက်ရေဘူးကို တအားကုန်ပစ်ချပြီး ပြေးလေတော့၏။

ထိုအခါ တာဘရာန်သည် မိမိတို့ ပစ္စည်းများကို တစ်ခုမကျန် သိမ်းဆည်းပြီး လိုက်လာရလေ၏။ တာဘရာန်က "ဟေ့ အိုးယိုတယ်ဆိုတာနဲ့ ဘာ့ကြောင့် ပြေးရသလဲ"ဟု အော်၍ မေးလေလေ တာရှူမိုင်က ပြေးလေလေဖြစ်လေသည်။

တာဘရာန်သည် နောက်ယောင်ခံပြီး လိုက်လာယင်းနှင့် ဟိုဟိုဒီဒီ ကြည့်ရာ သစ်ပင်တစ်ပင်ပေါ်၌ နားနေသော ဒေါင်းတစ်ကောင်ကို တွေ့၍ မိမိတွင် အသင့်ပါလာသော လေးဖြင့်ပစ်ခွင်းလိုက်ရာ ဒေါင်းကျလာတော့သည်။

တာဘရာန်သည် ဒေါင်းတစ်ကောင်ကို ရသောအခါ ဝမ်းသာအားရစွာနှင့် "ဟေး..ဟေးဟော ဒေါင်း၊ ဒေါင်းတစ်ကောင်ရပြီ ဟေ့"ဟု အော်၍ ပြောပြန်၏။ ထိုအသံကို တာရှူမိုင်ကြား

သောအခါ ''ဒေါင်း–ဒေါင်း''ဆိုသော အသံကြောင့် ဆက်ပြီး ဘာမှမပြောဘဲ ပြေးပြန်၏။

ထိုအခါ သူတို့ ၂ ယောက်သည် ရွာနှင့်မနီးမဝေး ရေမြောင်းကို ဖြတ်ကူးရန် တံတားတစ်ခုပေါ်မှ တာရှုမိုင်က စောင့်နေ၍ တာဘရာန် မီလေတော့၏။ တာဘရာန်သည် တာရှုမိုင်အနီး၌ ထိုင်ချလိုက်ပြီး အမောဖြေလေ၏။ တာရှုမိုင်ကား ဘာမှမမေးတော့၊ တာဘရာန်က ''အိုးယိုတယ် ဆိုလဲ ပြေးတာဘဲ၊ ဒေါင်းဆိုလဲ ပြေးတာဘဲ၊ ဘာကြောင့် ပြေးရတာလဲ''ဟုတွေးယင်းနှင့် မေးလေ၏။ ထိုအခါ ''အိုယိုဟာမေ့လေ့. . .ဒေါင်းလဲ'' ''ဒေါင်းမှ့ဒေါင်း''ဟု တာရှုမိုင်က ပြောပြန်၏။

တာဘရာန်က ''အေး စကား မပေါက်တော့ ခက်တာဘဲ၊ ခက်တာဘဲ'' ဟု ဆို၏။ တာရှုမိုင်က ''အေးခရက် . . . ခရက်'' ဟုဆိုပြီး ထပြန်၏။ ထိုအခါ တာဘရန်က ''ဒီချောင်းရေ မနက်ဘူးနော်'' ဟုဆိုရာ တာရှုမိုင်က မြန်မြန်သွားသောအခါ တာဘရာန်လည်း မြန်မြန်လိုက်ရပြန်လေတော့၏။

နောက်တစ်နေ့ မိုးသောက်သောအခါ တာဘရာန်သည် တာရှုမိုင်ကို ခေါ်ပြီး မြန်မာစကားနှင့်ပလောင်စကား ကောင်းစွာ ပြောတတ်သော ဘုန်းတော်ကြီးတစ်ပါးထံ သွားရောက်၍ မိမိတို့၏ အဖြစ်အပျက်ကို ပြောပြသောအခါ စကားမပေါက်၍ ဖြစ်ပျက်ရပုံအလုံးစုံကို ရှင်းရှင်းသိကြရလေတော့သတည်း။

| ပလောင် | အသံထွက် | အဓိပ္ပါယ် |
|---|---|---|
| တာဘြာန် | တာဘရာန် | မြန်မာ အဘိုး၊ ဘိုးမြန်မာ။ |
| တာရှုမယ် | တာရှုမိုင် | ရှမိုင်းရွာ ပလောင်။ |
| အောယော | အိုယို | ကျွန်တော်ကြောက်တယ်။ |
| ဒါစ်=ဒူး | ဒေါင်း | ပြေးသည်။ ပြေးပါ။ |
| ခြီဂ် | ခရက် | သတိ–လျင်မြန်ရမည်။ |
| မာယ်နဲဂ် | မိုင်နက် | နေပါဦး။ |

(ဤပုံပြင်၏ ရှေ့ပိုင်းသည် စာမျက်နှာ ၃၅ တွင် ဖော်ပြထားသော'အိုးယိုတယ်'နှင့် တစ်ကွက် တူသည်။ သို့ရာတွင် ဤပုံပြင်က အကြောင်းအရာများ ပို၍ပြည့်စုံပါသည်။)

× × × × × × × × ×

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

# အီကရှုလွေ၏ ဖူးစာစစ်

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်တစ်ပါး၌ သားတော်တစ်ပါးမှ မထွန်းကားဘဲ သမီးတော်များသာ ထွန်းကားလေ၏။ သမီးတော်များသာ ဆင့်ကာဆင့်ကာ မိဖုရားကြီးက မွေးဖွားလေရာ ခုနစ်ပါးတိတိ ရှိနေပြီဖြစ်၏။

အရွယ်သို့ရောက်သောအခါ သမီးတော်တို့ကို တစ်ဦးပြီးတစ်ဦး သူဌေးသား သူကြွယ်သားတို့နှင့် ပေးစားလိုက်လေ၏။

တစ်နေ့သောအခါ သမီးထွေး အငယ်ဆုံး အီကရှုလွေသည် မိမိ၏ အစ်မများကဲ့သို့ အိမ်ထောင်ဘက်မရှာဘဲ မိမိ၏ဘဝကုသိုလ် ဖူးစာစစ်ဖူးစာမှန်ရှာရန် မိမိရှေးဘဝကုသိုလ်ရေစက်ကိုယုံကြည်၍ မိမိ၏ အထိန်းတော်များကိုခေါ်ပြီး ရွာမှအမျိုးသမီးများ ဝတ်စားသကဲ့သို့ ဝတ်စားဆင်ယင်ပြီးလျှင် ရွာတစ်ရွာအတွင်းသို့ လှည့်လည်သွားလာလေ၏။ ရွာအပြင်ဘက်သို့ရောက်သောအခါ ကျွဲနွားထိန်းကောင်းနေသော မုဆိုးမ၏ သား အာရီကို တွေ့ဆုံ၍ ရှေးဘဝ ကုသိုလ်ကံရေစက်ကြောင့် တစ်ဦးနှင့်တစ်ဦး တွေ့တွေ့ချင်း အချစ်မေတ္တာထားကာ ချစ်ခင်မိကြလေ၏။

ဘုရင့်သမီးထွေးနှင့်ကျွဲနွားထိန်းကျောင်းသူမုဆိုးမ၏ သားအာရီတို့တစ်ဦးအပေါ် တစ်ဦး ချစ်ကျွမ်းဝင်လာရာနောက်ဆုံး၌ အာရီသည် ဘုရင်၏သမီးထွေး အီကရှုလွေနှင့်ချစ်နေမိကြောင်း မိမိ၏ မိခင်ကြီးနှင့် တိုင်ပင်ပြောဆိုလေတော့၏။ မိခင်ကြီးကား ကြံရာမရ၊ မိမိမှာ ငွေအား ပစ္စည်းအား တတ်နိုင်သူမဟုတ်ကြောင်း မိမိသားအား အကြောင်းစုံပြောပြ၏။ သို့သော် "ဘုရင့်သမီးထွေး အီကရှုလွေသည် သားနှင့်ဘဝရေစက်က ဖူးစာဘက်ဖြစ်ခဲ့လျှင် ကား အားလုံး အဆင်ပြေကောင်းပါသည်၊ ခိုးယူပါ"ဟု သားအား အကြံပေးလေ၏။

ထိုအခါ အာရီသည် အီကရှုလွေထံသို့သွား၍ မိမိကို ချစ်လျှင် မိမိအစီအစဉ်လုပ်သည့်အတိုင်း လိုက်ပါဟု ပြောသောအခါ အီကရှုလွေလည်း အစစအရာရာ လိုက်နာပါမည်ဟု ဝန်ခံ၏။ ထိုအခါ အာရီက ခိုးရာသို့ လိုက်ရန် ပြောလေတော့၏။ မင်းသမီးကလည်း လိုက်ပါမည်ဟု ကတိပြု၏။

တစ်နေ့သောအခါ အာရီနှင့်အီကရှုလွေတို့သည် နှစ်ဦးသဘောတူ ထွက်ပြေးကြကာ အာရီကျွဲနွားကျောင်းရာ စားကျက်တင်းကုတ်၌ ပုန်းအောင်းနေကြလေတော့၏။ အမိဖြစ်သူမုဆိုးမသည် ဘုရင်ကို အလွန်တရာမှ ကြောက်ရွံ့သောကြောင့် မိမိ၏ သားသည် ဘုရင့်သမီးထွေးကို ခိုးပြေးကြောင်း မိမိအိမ်နီးနားချင်းများအား ပြောပြပြီး အရပ်လူကြီး ၂–ဦးအား ဘုရင့်ထံ အကြောင်းစုံ လျှောက်တင်ပေးရန် တောင်းပန်လေတော့သည်။

မုဆိုးမကို ကူညီရန်အတွက် ရွာသား အဘိုး ၂ ဦးသည် ဘုရင့်ထံသို့သွားရောက်၍ အာရီနှင့်အီကရူလေ့တို့၏ အကျိုးအကြောင်းများကို လျှောက်တင်ကြလေ၏။ ဘုရင်မင်းတရားကြီးသည် ရာဇအိန္ဒြေကို ဆင်ခြင်၍ ငါ့မှာ သမီးတော် ၇–ပါးရှိသည့်အနက် ဤသမီးထွေးသည် ကျွဲနွားထိန်းကျောင်းနေသည့်မုဆိုးမ၏ သားနှင့်မှဖူးစာဖက်သည့်အတွက် ငါအရှင် ကိုယ်တော်မြတ်အလွန်ဝမ်းနည်းသည်၊ သို့သော် ရှေးဘဝက ကုသိုလ်ရေစက်ကိုယုံကြည်သည့် မိမိသမီးက မိမိမေတ္တာရှိသူကို ပေါင်းသင်းလိုခြင်းသည် အပြစ်ဆိုစရာမဟုတ်ဟု မိန့်ကြားပြီးလျှင် မိမိကိုယူသည့် ဆင်းရဲသားအာရီသည် ငွေသားတစ်ကပ်လပ်ပြည့်တင်ရန် ပြောကြားလေတော့၏။ ဘုရင့်အမိန့်ကိုကြားနာရပြီးသော ရွာသားနှစ်ဦးတို့သည် နန်းတော်မှခွာပြီး ရွာသို့ပြန်လာခဲ့ကြလေ၏။

မုဆိုးမထံသို့ရောက်သောအခါ ရွာသား ၂–ဦးလည်း အကြောင်းစုံကိုပြောပြလေ၏။ မိမိ၌ ငွေသားနှစ်ကျပ်ခွဲသားသာရှိသော မုဆိုးမသည် အကြံတစ်ခုယူပြီးလျှင် ကလပ်တစ်ခုတွင် သောက်ဆေးအပြည့်ထည့်ပြီး မိမိငွေသား နှစ်ကျပ်ခွဲကို ၎င်းသောက်ဆေးပေါ်တင်၍ ထိုရွာသားတို့ကို သွားရောက်ဆက်သစေပြန်၏။

ထိုအခါ ရွာသားအဘိုးနှစ်ဦးတို့သည်လည်း မိမိတို့၏ အမျိုးချင်းအနွယ်ချင်း အိမ်နီးချင်းတာဝန်အရ နန်းတော်သို့သွားကြရပြန်လေ၏။ ဘုရင့်ရှေ့တော်သို့ပြန်ရောက်ကြသောအခါ သတိုးသားသည် ကျွဲနွားထိန်းကျောင်းသူသာဖြစ်ကြောင်း ၊ အမိဖြစ်သူမှာလည်း ဆင်းရဲသူဖြစ်ကြောင်း၊ သို့သော် ဘုရင်မင်းမြတ်၏ အမိန့်တော်ကို မလွန်ဆန်ဝံ့ကြောင်း၊ ဘုရင်မင်းမြတ်ပေးသည့်အမိန့်တာဝန်အရ မိမိတို့လည်း တစ်ခုမကျန်ပြန်၍ ရှင်းလင်းပြောပြကြောင်း၊ ထိုလက်ဆောင်ပဏ္ဏာသာ မိမိတို့ ယူခဲ့နိုင်ပါကြောင်း လျှောက်တင်ကာ ပါလာကြသည့်အတိုင်း ကလပ်တစ်ခုတွင် ဆေးလိပ်လိပ်သောက်ရန် သောက်ဆေးတစ်ကလပ်အပြည့်နှင့် ငွေသား နှစ်ကျပ်ခွဲသားတင်၍ ဘုရင်ကို တင်ဆက်လေ၏။

ထိုအခါ ဘုရင်သည်လည်း အကြောင်းစုံကို သိရသဖြင့် မိမိ၏ သမက်လောင်းသည် ဆင်းရဲသူဖြစ်သော်လည်း ပညာဉာဏ်ရှိသူ၊ မိမိကို အလွန်ရိုသေသူဖြစ်သည်ဟု ယုံကြည်ယူမှတ်ကာ သမီးထွေးနှင့်အာရီအား လက်ထပ်ထိမ်းမြားပေးလိုက်လေသတည်း။

၁။ သတို့သားအတွက် တောင်းရမ်းခြင်းကိစ္စရှိလျှင် မိမိတို့၏ အရင်းနှီးဆုံးသူနှစ်ဦး သွားတောင်းခြင်း၊ တောင်းပန်ခြင်း ပြုပေးရ၏။

၂။ မင်္ဂလာကိစ္စတွင် သောက်ဆေးမပါလျှင် ပလောင်မင်္ဂလာမပြီးနိုင်ပေ။ အချို့ယခုခေတ် လက်ဖက်သုံး၏။ အများက ဆေးသုံး၏။

၃။ အမိနို့ဘိုးငွေသား ၂၊ ပြား၅ဝ သည် ယခုတိုင် မင်္ဂလာပြုပြီး အမိကို ကန်တော့ရန်သုံးကြ၏။

ဂုဏ်ပကာသနကို တော်လှန်၍ အချစ်စစ်အချစ်မှန်ရှာခြင်းကို ယခုတိုင်ပလောင်အမျိုးသားတို့ လေးစားကြပြီး ထိုထုံးကို လိုက်နာလျက်ရှိကြပေသည်။

ebook is created by www.ShanYoma.Org

ebook is created by www.ShanYoma.Org

